အင်တာနက်ဂျာနယ်

အတွဲ (၁၄)၊ အမှတ် (၂၇) ကြာသပတေးနေ့၊ ဇူလိုင် (၁၈) ရက်၊ ၂၀၁၃ ခုနှစ်

INTERNET journal

www.myanmarinternetjournal.com

မတိုဘဏ်ခွင့်ပြုလျှင်
Mobile Banking အသုံးပြုခွင့်ပေးမည်
Page 6

PCO ဆိုင်များ ဝိတ်သိမ်းသွားမည်မဟုတ်
Page 4

PCWorld မဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေမှုရပ်ဆိုင်း
Page 80

Touch-sensing နည်းပညာသစ်ကို NTU မိတ်ဆက်ပြသခဲ့
Page 82

မြန်မာ့အသံနှင့် ဂုပ်မြင်သံကြားတို့
မိုဘိုင်းဖုန်းပေါ်မှ ကြည့်ရှုနိုင်မည်
"Android အသုံးပြုသည့် မိုဘိုင်းဖုန်းများအတွက် Application ကို စတင်ထုတ်ဝေခြင်းဖြစ်ပြီး နောက်ပိုင်း၌ iOS အတွက်ပါ Application ထုတ်ပေးသွားရန်ရှိ"
Page 6

နှစ်တစ်သန်းကျော်အထိ အချက်အလက်များကို
သိမ်းဆည်းထားနိုင်မည့် 360TB Disc
Page 80

iOS နှင့် Android အတွက် PC Suite Software များ:

GSM မိုဘိုင်းဖုန်းကို ၁၅၀၀ ကျပ်ဖြင့် စတင်ရောင်းချမည်
Page 4

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

Today's Technology

မိုဘိုင်းဖုန်းပြုပြင်ခြင်းဆိုင်ရာသင်တန်းကျောင်း

မြန်မာပြည်တွင်ပထမဦးဆုံး
နိုင်ငံခြားမှပညာရှင်များ၏ပံ့ပိုးမှုဖြင့်ဝါရင့်
ကျွမ်းကျင်ပညာရှင်များသင်ကြားပေးမည့်
သင်တန်းဖြစ်ပါသည်။

အမှတ်(၁၅/၁၇)၊ Moon Bakery အပေါ်ထပ်(၅)လွှာ (A) ၊အင်းစိန်လမ်းမ၊လှည်းတန်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
Ph: 09 4217 34888,09 4217 34999 (ဓါတ်လှေကားတွင်(၅)ကို နှိပ်ပါ)

Mobile Phone Software ပြုပြင်ခြင်းဆိုင်ရာသင်တန်း

iPhone,i Pad , Nokia, Sony Erincsson, LG
Blackberry, HTC, Huawei, Samsung, Motorolla,

IOS, Android OS , Java, Maemo, Meego, Symbian, Windows Mobile, Blackberry OS

- History of OS Version
- Architecture of OS
- Phone Setting Configuration
- Software Installation & Applying
- System Error Reparing
- Cracking Apps & Game
- Hacking , Rooting , Jailbreaking
- Firmware Upgrade & Downgrade
- Network & User Unlocked
- Create Custom Firmware
- System Restore & Backup
- Secret Coad & firmwaer Downlaod
- Bootloder Unlock , S on / S off
- Flashing (using Tool Box)
- ATF Box ,SE Tools box ,HWK Box
- Cyclone Box ,Speiderman Box
- GPG Dragon Box ,HTC Clip Box
- Flashing (without Tool Box)
- SD Card Flashing ,USB Flashing
- Flashing Tool , Odin ,JAF

CDMA 450 Course

- Firmware Backup & Restore
- Systemerror Repairing
- Flashing QST & Other Tools

Mobile Phone Hardware ပြုပြင်ခြင်းဆိုင်ရာသင်တန်း

- Basic Electronic
- Introduction of Components
- Using Multimeter , Digitalmeter
- Soldering / Desoldering
- Mainboad Tracing & Trouble Shooting
- IC & Parts Testing & Replacing
- Using Soldering Machin ,
- Power Supply, Heat Gun
- Reading Schematic Diagram

Mobile Phone ပြုပြင်သည့်နည်းပြဆရာဖြစ်သင်တန်း

- မိမိကိုယ်တိုင် သင်တန်းကျောင်းဖွင့်နိုင်ရန်အထိပံ့ပိုးကူညီပေးခြင်း
- Professional ဆန်သော Technician နည်းပြဆရာကောင်းဖြစ်ရန် အာမခံဖြင့် သင်ကြားပေးခြင်း

➤ ရည်ရွယ်ချက်။ ။ Professional နည်းပြဆရာများနည်းပါးလာခြင်း နှင့် Professional နည်းပညာ မြင့်သင်တန်းကျောင်းများ တိုးပွားလာစေခြင်းကြောင့် သင်တန်းပေးဖွင့်လှစ်ရခြင်းဖြစ်သည်။

Special Free Course

➤ ဖုန်းဆိုင်တစ်ဆိုင်ဖွင့်မည်သူများအတွက် Business Management Course
➤ ဖုန်းဆိုင်တစ်ဆိုင်ဖွင့်ရန်စိစဉ်သူများအတွက် Business Plan Course

Time Table

Software Training	Hardware Training
9 :30 - 11 :30	9 :00 - 12 :00
12 :30 - 2 :30	12 :30 - 3 :30
4 :00 - 6 :00	4 :00 - 7 :00
Mon to Sat	Mon to Sat

14.8.2013 သင်တန်းခွဲစမည်။

သင်တန်းမှပံ့ပိုးပေးသောဝန်ဆောင်မှုများ

- နယ်မှသင်တန်းသားများအတွက်အဆောင်အဝယ်စီစဉ်ပေးခြင်း
- သင်တန်းပြီးဆုံးပြီးနောက်အသစ်ထွက်သောနည်းပညာများအတွက် မွမ်းမံသင်တန်းများထပ်မံဖွင့်လှစ်ပေးခြင်း
- တစ်ဦးလျှင် Laptop တစ်လုံးစီဖြင့်သင်ကြားပေးခြင်း
- Model မြင့် Handset များကိုအသုံးပြုသင်ကြားပေးခြင်း
- Unlimited internet Line များဖြင့် Internet အခြိန်ပြည့် သုံးနိုင်ရန် စီစဉ်ပေးခြင်း
- Update Application,Firmware,Games များကိုစဉ်ဆက် မပြတ်ပံ့ပိုးပေးခြင်း
- Full Aircon သင်တန်းခန်းမတွင် 24 hrs electricity ဖြင့်စီစဉ်ပေးထားခြင်း
- ဝါရင့်ကျွမ်းကျင်ပညာရှင်များဖြင့် သင်ကြားပေးခြင်း
- Firmware,Application,Game - Data 640 Gb Free
- Today's Bussiness Group ၏ Member အဖွဲ့အစည်းရရှိခြင်း
- Today's Technology website တွင် Updata data များကို lifetime အခမဲ့ရယူခွင့်
- Software, Hardware ပိုင်းဆိုင်ရာဆက်စပ်ပစ္စည်းများကိုသင်တန်းခမ်းမတွင် အခမဲ့လာရောက်အသုံးပြုခွင့်

➤ Today's Mobile အရောင်းဆိုင်များတွင် Onjob Training (၁) လပံ့ပိုးပေးခြင်း၊
➤ Professional အဖြစ်အသက်မွေးဝမ်းကျောင်းသူများအတွက် အလုပ်ရှာပေးခြင်း၊
➤ လုပ်ငန်းခွင် ဝင်ရန် Interview guid line ညွှန်ကြားပေးခြင်း၊
➤ ဖုန်းဆိုင်တစ်ဆိုင်ဖွင့်လှစ်လိုသော သင်တန်းသားများအတွက် Location ရွေးချယ်ခြင်း၊
➤ Interior decoration ပြင်ဆင်ခြင်း၊ Distributer များနှင့်ဆက်သွယ်ပေးခြင်း၊
➤ အရောင်းစာရေးများအားသင်တန်းပေးခြင်း၊ လစျေပ် နှစ်ချုပ်စာရင်းများပြုစု၍ အသားတင် အရှုံးအမြတ်တွက်ချက်ခြင်း၊ စသည်ဝန်ဆောင်မှုများအား အခမဲ့အကြံဉာဏ်ရယူခွင့်

နည်းပညာနှင့်ပတ်သက်သောအကြောင်းအရာများကို ပေးမြန်းလိုပါက (24)Hrs Online Service ဖြင့်ကျေညီပံ့ပိုးပေးခြင်း

Mobile ဖုန်းဆိုင်များမှလိုအပ်နေသော Technician Service ဝန်ထမ်းများကို အာမခံဖြင့် (အခမဲ့) ဝန်ဆောင်မှုပြုလုပ်ပေးနေပါသည်။

Today's Technology Mobile Phone ပြုပြင်ခြင်းဆိုင်ရာနည်းပညာသင်တန်းကျောင်းကို အကြွင်းမဲ့ ယုံကြည် အားကိုးမှုဖြင့် ခန်းလှုပ်မြည်တက်ရောက်ခဲ့သော သင်တန်းသူ / သား များကို အထူးပင်ကျေးဇူးတင်ရှိပါသည်။
ဤသင်တန်းတက်ရောက်နိုင်ရန် ထောက်ပံ့ပိုးပေးခဲ့သော မိဘ ဆွေမျိုးအပေါင်းတို့ကို ကျေးဇူးဆပ်ဆပ် နိုင်သော ကျွမ်းကျင်ပညာရှင် တစ်ဦးဖြစ်စေအောင် မွေးထုတ်ပေးခြင်းဖြင့် Today's Technology မှ ကတိသစ္စာပြုအပ်ပါသည်။

4-12-2012 နှင့် 17-1-2013 အပတ်စဉ်များတွင်တက်ရောက်ခဲ့သော သင်တန်းသား(၈၅၀)ဦး အတွက် Firmware, Software Data (100)GB, Schematic diagram PDF များနှင့် Video Tutorial(20)GB များကိုလာရောက်ထုတ်ယူနိုင်ပါသည်။

Software, Heardware မွမ်းမံသင်တန်းများကိုတက်ရောက်လိုသော သင်တန်းသားဟောင်းများ

စာရင်းပေးသွင်းနိုင်ပါပြီ။

(17.6.2013) မှ(20.7.2013) စာရင်းပေးသွင်းပါက
Software Training - 20% discount
Hardware Training - 20% discount

သင်တန်းသားစတင်လက်ခံနေပါသည်။

➤ Today's Mobile လှိုင်မြို့နယ်။Ph : 09-73033966
➤ Today's Mobile သာယာမြို့နယ်။Ph : 09 421744111
➤ Today's Mobile တာမွေမြို့နယ်။ Ph : 09 43204749
➤ Today's Special Mobile လှိုင်မြို့နယ်။Ph : 09-421 744000

MRG YANGON mobile repairing group

Mobile Repairing Group

GSM, CDMA, (Software, Hardware) မိုဘိုင်းဖုန်း အထူးပြုပြင်နည်းသင်တန်း

အမှတ် (၁၅/၁၇,2B ထပ်ခိုး), ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်း မှတ်တိုင်ဝင်ရှေ့, ကအက္ခရာပြိုင်နယ်၊ ရန်ကုန်မြို့။ ဖုန်း- 09 5502144 , 09 732111388 , 09 42000 1144 , 09 732 45944

Software Training Course

Apple iOS Course

iOS အသုံးပြုထားသော Apple Devices များကို

1.Using iTunes, iTools and iFunbox
2.Games and Application Installation
3.System Backup and Restore
4.Firmware Upgrade and Downgrade
5.System Error Repairing
6.Jailbreaking Techniques
7.Software Installation and Configuration
8.Custom Firmware Installation
9.Network and User Unlocked
10.Apple Account Creating
11.Online/ Offline deb installation

Android OS Course

Android OS အသုံးပြုထားသော Samsung, Sony, HTC, Huawei, ZTE စသော Smart phone များကို

1.Using Android PC Suites, ADB Command
2.Games and Applications Installation
3.System Backup and Restore
4.Firmware Upgrade and Downgrade
5.System Error Repairing
6.Root for All Devices
7.Custom ROM Installation
8.Network and User Unlocked
9.Bootloader Unlock S ON /OFF
10.Myanmar Font/Keyboard Installation

Other OS Course

Java,Symbian, Blackberry, Windows 7 အသုံးပြုထားသော Phone များကို

1.Game and Application Installation
2.System Backup and Restore
3.Firmware Upgrade and Downgrade
4.Hacking , Rooting
5.Software Error Repairing
6.Tool Boxs (SE-LG Tool, Turbo Box, Spider
7.Man Box,GPG Dragon,HTC Clip,Unlocking
8.CDMA 450 Firmwar Repairing
9.Firmware Backup and Restore
10.Flashing (without Tool Box)
11.Flashing (using Tool Box)

8.8.2013 တွင်သင်တန်းအပတ်စဉ် (38) ဖွင့်မည်...

Hardware Training Course

GSM, CDMA-800/450 Handset များနှင့် Fixedphone များကို Hardware ပိုင်းဆိုင်ရာ ပြုပြင်ခြင်းအား

1. Electronic အခြေခံမူစတင်၍ သင်ကြားပေးခြင်း။
2. Analouge, Digital Meter, Soldering, Heat-Gun, Power Supply အသုံးပြုနည်း။
3. IC နှင့်အခြေခံပစ္စည်းများကို Hardware ပိုင်းဆိုင်ရာ ပြစ်ချက် ရှာဖွေခြင်း ဖြုတ်တပ်ခြင်း။
4. GSM, CDMA-800/450 MHZ Handset and Fixed Phone Schematic Curcit Diagram Reading
5. PCB Board ပြား၌ IC များအားခွဲခြားနည်း၊ Layout Diagram တွင်ရှာဖွေခြင်း။
6. Teradown step by step Video Tutorial များပြသပေးခြင်း။
7. Theory နှင့် Pratical ပိုင်းကိုစတွေ့.လက်တွေ့.မျှတအောင် သင်ကြားပေးခြင်း။
8. Theory နှင့် Pratical ပိုင်းဆိုင်ရာကို လက်တွေ့.လုပ်ငန်းခွင် ဝင်နိုင်သည်အထိ သင်ကြားပေးခြင်း။
9. Volt ပိုင်းဆိုင်ရာနှင့် IC များကို Jumper ကျော်ခြင်း။
10. China Handset များ၏ Hardware ပိုင်းဆိုင်ရာ ပြစ်ချက်များကို ရှာဖွေပေးခြင်း၊ ပြန်လည်ပြုပြင်နိုင်စေရန် လွယ်ကူရှင်းလင်းစွာ သင်ကြားပေးခြင်း။

MRG သင်တန်းအကျောင်းမှ အပြည့်အစုံ ပံ့ပိုးပေးမည့် ဝန်ဆောင်မှုများ

- သင်တန်းသားတစ်ဦးလျှင် model မြင့် laptop,device တစ်လုံးစီဖြင့် စာတွေ့ လက်တွေ့ သင်ကြားပေးခြင်း။
- သင်တန်းသားတိုင်းကို လိုအပ်သော firmware, games နှင့် applications များကို 700 GB အခမဲ့ ပေးခြင်း။
- သင်တန်းပြီးဆုံးပါက on job training ဆင်းနိုင်ရန် အပြည့်အဝ ကူညီပေးပြီးအလုပ်အကိုင် ရှာဖွေပေးခြင်း။
- Phone ဆိုင်ဖွင့်လိုသူများအတွက် distributer များနှင့် ချိတ်ဆက်ပေးခြင်း။
- သင်တန်းပြီးနောက် Update ဖြစ်သော data များကို သင်တန်းတွင် အခမဲ့လာရောက်ထုတ်ယူခြင်းနှင့် လိုအပ်သည်များကို အသုံးပြုခွင့် ပေးခြင်း။
- နယ်မှသင်တန်းသားများအတွက် ရေ၊ မီး ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်သော အဆောင်အခမဲ့ စီစဉ်ပေးခြင်း။
- အသစ်-အသစ် ထွက်ရှိနေသော နည်းပညာသစ်များအတွက် စဉ်ဆက်မပြတ် ဆက်လက်ပံ့ပိုးပေးခြင်း။
- မိုဘိုင်းဖုန်းဆိုင်များအတွက် လိုအပ်သော Techanicians ဝန်ထမ်းများကို MRG မှစိတ်တိုင်းကျသည်အထိ အခမဲ့ပန်ဆောင်မှုပေးခြင်း။
- Service Techanicians အဖြစ်လုပ်ကိုင်လိုသူများအတွက် Mobile Phone အရောင်းဆိုင်များတွင် အလုပ်သွင်းပေးခြင်း ။

24.6.2013 မှ 15.7.2013 အတွင်းလာရောက်အပ်နှံပါက software 20 %, hardware 20 %

သင်တန်းသားများစတင်လက်ခံနေပါပြီ။

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

GSM မိုဘိုင်းဖုန်းကို ၁၅၀၀ ကျပ်ဖြင့် စတင်ရောင်းချမည်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဇူလိုင် ၁၂

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဇူလိုင်လ ၂၅ ရက်နေ့၌ GSM ဖုန်းလိုင်းအရေအတွက် ၂ သိန်းကို ငွေကျပ် ၁၅၀၀ ဖြင့် ပထမဦးဆုံးအကြိမ် စတင်ရောင်းချပေးသွားမည်ဟု ဆက်သွယ်ရေးသင်တန်း ကျောင်းအုပ်ကြီး ဦးကျော်စိုးက ပြောသည်။

"ဘယ်နေရာမှာအရေအတွက် ဘယ်လောက်ဆိုတာမျိုးက ထပ်ပြီးတော့အသေးစိတ်ကြေညာပါလိမ့်မယ်။ ရောင်းတာကတော့ စေ့မပြောင်းဘူး။ ၁၅၀၀ ကျပ်ပဲ" ဟု ဦးကျော်စိုးကဆိုသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့်ပူးပေါင်း၍ CDMA 800 မိုဘိုင်းဖုန်းလိုင်းများကို ငွေကျပ် ၁၅၀၀ ဖြင့် ဇူလိုင်အတွင်း စတင်ရောင်းချပေးခဲ့သည်။

CDMA ဖုန်းလိုင်းအသုံးမပြုနိုင်သည့် နေရာဒေသတချို့၌ WCDMA ဖုန်းလိုင်းအနည်းငယ်ကို ယခင်ကရောင်းချပေးခဲ့သည်။ "GSM က အရေအတွက် ၂ သိန်း၊ CDMA က အရေအတွက် ၁ သိန်း ခွဲရောင်းမှာ" ဟု ဦးကျော်စိုးကပြောသည်။ အစီအစဉ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုဘိုင်းဖုန်းလိုင်းကို ခွဲတမ်းအနေဖြင့် ရောင်းချပေးနေခြင်းဖြစ်ပြီး လစဉ်လတိုင်းအရေအတွက် ၃ သိန်း ခွဲကို ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

လိုင်းအရေအတွက် ၁၀ သိန်းကျော် ချထားပေးပြီးဖြစ်သည့် MEC ၏ CDMA 800 မိုဘိုင်းဖုန်းလိုင်းကွန်ရက်သည် လက်ရှိအချိန်၌ ပြည့်ကျပ်မှုဖြစ်ပေါ်လာကြောင်း၊ ဆက်လက်တိုးချဲ့နေသည့် မိုဘိုင်းကွန်ရက်များမှာ 3G စနစ် အသုံးပြုသည့် GSM မိုဘိုင်းဖုန်းလိုင်း ကွန်ရက်များသာဖြစ်ကြောင်း၊ ထို့ကြောင့် ချထားပေးမည့် မိုဘိုင်းဖုန်းလိုင်းများမှာ GSM များသာဖြစ်လာနိုင်ကြောင်း မိုဘိုင်းအင်ဂျင်နီယာမှူးတစ်ဦးက ပြောသည်။

နိုင်ငံတကာအဆင့်အတန်းမီသည့် GSM ဖုန်းလိုင်းများကိုသာ အသုံးပြုသူများအနေဖြင့် အသုံးပြုလိုကြသော်လည်း လက်ရှိအချိန်၌ MEC ၏ CDMA ဖုန်းလိုင်းများကို သာရောင်းချပေးနေသည့်အတွက် အသုံးပြုသူများမှာရရှိရာဖုန်းလိုင်းကိုသာ အသုံးပြုကြရသည်ဟု မိုဘိုင်းဖုန်းဆိုင်တချို့က ပြောသည်။ "GSM ချထားပေးမယ်ဆိုကောင်းတာပေါ့။ အားလုံးကလည်း ဒါကိုပဲ မျှော်နေကြတာပါ။ စေ့ကွက်က သိပ်ပြီးပြောင်းလဲသွားမယ်မထင်ဘူး။ ဆိုင်တွေကလည်း များတယ်။ ထွက်တဲ့ကတ်ကလည်း နည်းတယ်။ သူမိတ်နဲ့သူနဲ့ပဲသွားမယ်ထင်တယ်။ အရင်လို CDMA 800 ဖုန်းတွေလိုပဲ ဖြစ်မယ်ထင်တယ်" ဟု ACE ဟန်းဆက်အရောင်းဆိုင်မှဦးသန်းထိုက်ကပြောသည်။

PCO ဆိုင်များ ပိတ်သိမ်းသွားမည်မဟုတ်

ထွန်းထွန်း
ရန်ကုန်၊ ဇူလိုင် ၁၂

မိုဘိုင်းဖုန်းများ များပြားလာသည့်အတွက်ကြောင့် PCO ဆိုင်များမှ ခေါ်ဆိုခြင်းလျော့ကျသွားသော်လည်း အဆိုပါဆိုင်များကို ပိတ်သိမ်းသွားမည်မဟုတ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း PCO ဌာနမှ တာဝန်ရှိသူက ပြောသည်။

"လောလောဆယ် ပိတ်သိမ်းသွားမှာမဟုတ်ပါဘူး။ နောက်ပိုင်းတော့မပြောဆတ်ဘူး။ ခေါ်ဆိုမှုကတော့ အရင်ကထက် လျော့နည်းသွားတယ်" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။ ယခင်ရှိပြီး သား PCO ဆိုင်အရေအတွက်ကိုလည်း လျော့ချထားခြင်းမရှိဘဲ ယခင်အတိုင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အစိုးရ အများပြည်သူသုံးတယ်လီဖုန်းဆိုင်ပေါင်း တစ်ထောင်ကျော်ရှိကြောင်း သိရသည်။ PCO ဝန်ထမ်းတစ်ယောက်အနေဖြင့် ယခင်က တစ်နေ့တာဝင်ငွေသောင်းဂဏန်းအထိရှိခဲ့ပြီး ယခု ထောင်ဂဏန်းသာရှိတော့ကြောင်း၊ ရန်ကုန်မြို့အတွင်းရှိ အများပြည်သူဖုန်းဆိုင်များအနေဖြင့် တစ်မိနစ်လျှင် ငါးဆယ်ကျပ်ကောက်ခံလျက်ရှိကြောင်း PCO ဝန်ထမ်းတစ်ဦးထံမှ သိရသည်။

လက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုများအနက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းများထုတ်ပြန်ထားသည့်အထဲတွင် PCO လုပ်ငန်းလည်း ပါဝင်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုများအနက် အော်တိုဖုန်းလုပ်ငန်းကိုလည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ အဆိုပါ အော်တိုဖုန်းလုပ်ငန်းတွင် PCO လုပ်ငန်းဆောင်ရွက်ခြင်းအပြင် အော်တိုအိတ်ချိန်းသစ်များ တိုးချဲ့တပ်ဆင်ခြင်း၊ Call Center လုပ်ငန်းဆောင်ရွက်ခြင်း တို့ပါဝင်သည်။ ၎င်းအပြင် လက်ရှိအော်တို တယ်လီဖုန်းလိုင်းများအား အိတ်ချိန်းနယ်မြေအလိုက် ပြုပြင်ထိန်းသိမ်းခြင်း၊ လက်ရှိအိတ်ချိန်းများလိုင်းအင်အားတိုးချဲ့ခြင်း၊ Value Added Service လုပ်ငန်းဆောင်ရွက်ခြင်း တို့လည်း ပါဝင်သည်။

Metro Network လုပ်ငန်းဆောင်ရွက်ခြင်း၊ FTTH ဖိုင်ဘာလုပ်ငန်းများဆောင်ရွက်ခြင်း တို့ကိုလည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု သိရသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုများအနက် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများကိုထုတ်ပြန်ခဲ့ရာ PCO လုပ်ငန်းဆောင်ရွက်ခြင်းလည်း ပါဝင်ခဲ့ခြင်းဖြစ်သည်။ ၎င်းလုပ်ငန်းအပြင် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်းဖြစ်သော နိုင်ငံတကာ ပင်လယ်ရေအောက် ဆက်ကြောင်းသစ် တည်ဆောက်ခြင်း၊ မြန်မာနိုင်ငံအတွင်း ကုန်းတွင်းပိုင်း၊ ပင်လယ်ရေအောက် Cable ဆက်ကြောင်း ပြုပြင်ထိန်းသိမ်းခြင်း၊ နိုင်ငံတကာနှင့် တယ်လီဖုန်းအဝင်အထွက် ခေါ်ဆိုမှုများ ဆက်သွယ်ပေးခြင်း အစရှိသည့် လုပ်ငန်းများလည်း ပါဝင်သည်ကို တွေ့ရသည်။

အီးမေးလ်တစ်စောင် ၅၀၀ ကျပ်ဖြင့် ဘဏ်ငွေစာရင်းရှင်းတမ်းကို ကြည့်ရှုနိုင်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဇူလိုင် ၁၂

နေ့စဉ်အဝင်၊ အထွက်ပြုလုပ်ဆောင်ရွက်ခဲ့သည့် ဘဏ်အကောင့် စာရင်းရှင်းတမ်းကို အီးမေးလ်ဖြင့် လွယ်ကူစွာရယူကြည့်ရှုနိုင်ကြောင်း အသုံးပြုခအနေဖြင့် အီးမေးလ်တစ်စောင်ကို ၅၀၀ ကျပ်အဖြစ်သတ်မှတ်ထားကြောင်း CB ဘဏ် နည်းပညာဌာနမှ လက်ထောက်အထွေထွေမန်နေဂျာက ပြောသည်။

CB ဘဏ်သည် ဘဏ်ခွဲငှ၈ ခုရှိသည့်အနက် ဘဏ်ခွဲ ၂၂ ဘဏ်ကို Core Banking ကွန်ရက်ချိတ်ဆက်ဖိုင်ခဲ့ကြောင်း၊ အဆိုပါ ကွန်ရက်ချိတ်ဆက်ထားသည့် ဘဏ်များ၌ အကောင့်ဖွင့်လှစ်ထားသူများသည် အီးမေးလ်စနစ်ငွေစာရင်းရှင်းတမ်းကို အသုံးပြုနိုင်ကြောင်း သိရသည်။

"လုပ်ငန်းရှင်တွေအတွက် ပိုအဆင်ပြေတာပေါ့။ နေ့စဉ်အဝင်အထွက်များတဲ့ အကောင့်လိုမျိုး၊ ဒါတွေကိုစာရင်းဇယားအနေနဲ့နေ့စဉ်အတွက်ညနေပိုင်းမှာကြည့်နိုင်အောင်လုပ်ထားတာ" ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။ Core Banking ဆိုသည်မှာ ဘဏ်ခွဲများ၏ ဒေတာအချက်အလက်များကို တစ်နေရာတည်း၌ စုစည်းထားခြင်းဖြစ်ပြီး CB ဘဏ်သည် Exchange Center ၂၀ ခန့်ဖွင့်လှစ်ရန် ကွန်ရက်ကို ချိတ်ဆက်ထားနိုင်ခဲ့သည်ဟု သိရသည်။

ဘဏ် များ အား လုံး အနက် Core Banking ကွန်ရက်ကို အပြည့် အဝချိတ်ဆက်ပြီးစီးခဲ့သည်မှာ ဇရာဝတီဘဏ်ဖြစ်ပြီး ဘဏ်ခွဲပေါင်း ၄၂ ခုကို တစ်နေရာတည်း၌ အချက်အလက်ဒေတာများ သိုမှီးထားနိုင်ခဲ့သည်ဟု သိရသည်။ "အကျိုးကျေးဇူးက အများကြီးပဲ။ ဥပမာ - မန္တလေးဘဏ်မှာ အကောင့်ဖွင့် ထားသူက အဲဒီဘဏ်မှာပဲ စာရင်းရှိတယ်။ ဒီလိုပဲအခြားမြို့တွေမှာဆိုရင်လည်း အချက်အလက်တွေက တစ်နေရာစီမှာရှိနေကြတာ။ အခုကတော့ ဘယ်နေရာကဘဏ်ကိုပဲ ရောက်ရောက် ဒေတာတွေကို တစ်နေရာတည်းထားတဲ့အတွက် ကြိုက်တဲ့နေရာက Access လုပ်လို့ရသွားတယ်" ဟု Core Banking နှင့်ပတ်သက်၍ ဇရာဝတီဘဏ် အိုင်တီဌာနမှလက်ထောက်အထွေထွေမန်နေဂျာ ဦးမင်းဝင်းဦးက ပြောသည်။

Core Banking ကွန်ရက်ကို အခြားသောဘဏ်များ၌လည်း တည်ဆောက်အသုံးပြုရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကွန်ရက်တည်ဆောက်ပြီးသည့် ဘဏ်၌ အီးမေးလ်စနစ်ဖြင့် စာရင်းရှင်းတမ်းရယူလိုပါက လျှောက်ထားရယူနိုင်ကြောင်း သိရသည်။ CB ဘဏ်၌ အဆိုပါစနစ် အသုံးပြုသူ ၃ ထောင် ကျော်ရှိသည်ဟု ဆိုသည်။

Y Talk ဖုန်းခေါ်ဆိုမှုအား ပြည်ပမှပြည်တွင်းသို့ ခေါ်ဆိုရရှိနိုင်စေရန် စီစဉ်

ထွန်းထွန်း
ရန်ကုန်၊ ဇူလိုင် ၁၁

လက်ရှိပြည်တွင်းမှပြည်ပကိုသာခေါ်ဆိုနိုင်သေးသည့် Y Talk ဖုန်းခေါ်ဆိုမှုအားပြည်ပမှပြည်တွင်းသို့ခေါ်ဆို၍ရရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း VM G Telecom ၏ အထွေထွေမန်နေဂျာ ဦးအောင်မင်းသိန်းကပြောကြားသည်။

အဆိုပါဆောင်ရွက်ချက်အတွက် သက်ဆိုင်ရာနှင့်တိုင်ပင်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ "နိုင်ငံတကာမှာရှိနေတဲ့ ခရီးသွားလုပ်လုပ်နေကြတဲ့ မြန်မာနိုင်ငံသားတွေ အခြားစေ့ကြိုးတဲ့ဖုန်းကတ်တွေကို ဝယ်ပြီးတော့ မြန်မာနိုင်ငံကိုဆက်သွယ်နေရပါတယ်။ ဥပမာ UAE ဘက်မှာဆိုလို့ရှိရင်မြန်မာနိုင်ငံကိုခေါ်ရင် တစ်မိနစ်ကို ကျပ် ၁၅၀၀လောက် ကျပါတယ်" ဟုဦးအောင်မြင့်သိန်းကပြောသည်။ လက်ရှိ Y Talk ဝန်ဆောင်မှုများအားရုံးအသီးသီး၊ ကုမ္ပဏီများတွင်နိုင်ငံတကာခေါ်ဆိုမှုအတွက် လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်းသိရသည်။ အကယ်၍ Y Talk ဖုန်းခေါ်ဆိုမှုအားပြည်ပမှပြည်တွင်းသို့ခေါ်ဆိုနိုင်ပါက လက်ရှိစေ့နှုန်းထက်များစွာသက်သာမည်ဟု သိရသည်။

"တကယ်လို့သာ ကျွန်တော်တို့က လုပ်ခွင့်ရခဲ့မယ်ဆိုလို့ရှိရင် Y Talk နဲ့သာ ဆက်မယ်ဆိုလို့ရှိရင် (UAE ဘက်ကို တစ်မိနစ်လျှင်) ဒွစ်ရာကျပ်ကျော်လောက်နဲ့ ဆက်လို့ရပါတယ်။ သက်ဆိုင်ရာလူကြီးတွေနဲ့တိုင်ပင်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ဆက်လက်ပြောကြားသည်။ Y Talk စနစ်မှာ ကြိုးဖုန်း၊ မိုဘိုင်းဖုန်းတို့ဖြင့် နိုင်ငံတကာသို့ အွန်လိုင်းမှဖုန်းခေါ်ဆိုနိုင်မည့်စနစ်ဖြစ်သည်။ ပုံမှန်အားဖြင့် ပြည်တွင်းမှပြည်ပသို့ခေါ်ဆိုပါက မိနစ်ချင်းနိုင်ငံသို့ တစ်မိနစ်လျှင် ၂၅ ကျပ်နှင့် ၅၁ ကျပ်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ Y Talk ကတ်အသုံးပြုပြီး ခေါ်ဆိုမည်ဆိုပါက တစ်မိနစ်လျှင် ၂၅ ကျပ် ကျသင့်မည်ဖြစ်ကာကတ်အသုံးမပြုဘဲ Y Talk Calling Center များတွင်သွားရောက်ခေါ်ဆိုမည်ဆိုပါက တစ်မိနစ်လျှင် ၅၁ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

Editor-in-Chief: Thaung Su Nyein. Executive Editors: Myint Zaw Oo, Sithu Hein Myat, Aung Thu. Assistant Editors: Thyu Naung, Kyaw Myo Oo, Soe Myint Tun, Thet Ko Ko. Senior Reporters: Kyaw Win, Thiha Zaw, Ye Htut Win, Khin Thandar Aung, Tun Tun Aung. Reporters: Moe Thu, Sai Kyaw Swar Wai, Kyi Hein Nyunt, Aye Phyu Phyu, Wai Wai Myint. Mandalay Reporter: Kaung Myat Tun. Translator: Haymar Win. Cartoonists: Soe Thawdar, Hla Htut Oo. Logo: HeinThu. Layout: Kaung Thu, Nay Min Khine, Thet Paing Moe, Thant Zin. DTP: Ei Mon Hlaing, Swe Swe Thae, Nilar Linn, Khine Thet Hein. Marketing: Cho Cho Aung, Cho Nge Lwin, Zayyar Tun, Khine Zar Linn, Ei The Aung, Phyu Hnin Aye, Hnin Htet Htet Naing, Ei Thazin. Distribution : Me Me Thein, Win Kyaw Myo, Aung Kyaw Myint. Production: Wunna, Tun Myint Oo, Aung Kyaw Zin. Film : Sunn Scangraphics. Circulation: 1,000. Price: 500 Ks. Publisher: U Myo Hlaing Aung (04426) Room (G-12), Ground Floor, Building (B), Diamond Centre, No- 497, Pyay Road, Kamaryut Tsp, Yangon. Printer: Hnit Thit Oo (Temp: - 4363), Nawaday Cinema Compound, Mayangone Tsp, Yangon. Internet Journal (Yangon) Room (G-12), Ground Floor, Building (B), Diamond Centre, No- 497, Pyay Road, Kamaryut Tsp, Yangon. Phone: 01- 512887, 01- 513515~9. Fax : 01- 513519. Internet Journal (Mandalay) Room No.(4), Ground Floor, Hotel Mandalay, 78th Street, Between 37th × 38th Street, Mandalay. Phone 09-4301 0747
Editorial Email : ijeditorial@informationmatrix.com, Marketing Email : marketing@informationmatrix.com, Web : www.myanmarinternetjournal.com. Facebook: www.facebook.com/Internetjournal

HotLine - [Editorial 09-73032928 | Marketing - 09-49214245 | Journal Subscription - 09-73053320]

အစာမကြေးလား?

ENZYPLEX®

အစားအသောက်တွေကလည်း စုံစုံလင်လင်၊
တင်ဆက်မှုကလည်း ပီပီပြင်ပြင်နဲ့ဆိုတော့
ရိုက်ကူးရေးဟာ အသက်ဝင်နေတယ်။

အရသာတွေကို မြည်းစမ်းတင်ဆက်ရင်း
ဝိုက်ထဲမှာ ပြည့်အင့်လာတယ်၊
ဝိုက်အင့်ပြီး မအီမသာဖြစ်လာတော့မှ
အစာမကြေဖြစ်ပြီ ဆိုတာ
သတိထားမိတော့တယ်၊

ဝိုက်ပြည့်ပြီး မအီမသာဖြစ်လာတတ်တာ
ကျွန်တော့်အတွက် မထူးဆန်းပါဘူး။
အင်ဇိုင်းပလက်(စ်) ကို ချက်ချင်း
သောက်လိုက်ပါတယ်။

"စိုးက်ကွင်းတဲမှာပဲ အစိုးကြောင့်
ပီပြင်တဲ့တင်ဆက်မှုတွေကြောင့်
ကျွေးတော်ကိုက်တဲ့အခါ ပြည့်အင့်လာတော့တယ်။
အဲဒီလို ပြည့်အင့်မှုတွေမှာ
Enzyplex နဲ့ စတွေ့ရင် လုံးဝပျောက်ကင်းသွားတော့တာပဲ။
ကျွန်တော်ရဲ့ ပီပြင်တဲ့တင်ဆက်မှုနောက်ကွယ်မှာ
Enzyplex က အသင့်ရှိနေပါတယ်"

ခံကောင်းဆက်တော်
(ပခုံးဆစ်ပိုတင်ဆက်သူ)

ကြေခဲတဲ့ အစားအစာတွေကို စားမိတဲ့အခါ၊ ပုံမှန်ထက်ပိုမိုစားသောက်မိတဲ့အခါ၊ အသက်ကြီးသူတွေမှာ
အစာခြေအင်ဇိုင်းထွက်ရှိမှု လျော့နည်းလာတဲ့အခါ အစာမကြေဖြစ်တတ်ပါတယ်။

အင်ဇိုင်းပလက်(စ်) မှာ ● အစာကြေစေသော အစာခြေအင်ဇိုင်းများ ● ဗီတာမင် ဘီ ဓာတ်ပေါင်းစုများနှင့်
● လေပွလေထခြင်းကို သက်သာပျောက်ကင်းစေသော Dimethylpolysiloxane ပါဝင်တာကြောင့်
အစာမကြေခြင်းမှ ကင်းဝေးစေပြီး ခန္ဓာကိုယ်ပေါ်ပါးသွက်လက်ကာ အစဉ်ကျန်းမာစေပါတယ်။

အစာကြေဖို့အတွက် ... အင်ဇိုင်းပလက်(စ်)

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

ဗဟိုဘဏ်ခွင့်ပြုလျှင် Mobile Banking အသုံးပြုခွင့်ပေးမည်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဇူလိုင် ၁၂

ဗဟိုဘဏ်ခွင့်ပြုချက်ရရှိခဲ့ပါက ဘြဂုတ် လလယ်ပိုင်းတွင် Mobile Banking ကိုစတင်အသုံးပြုခွင့်ပေးသွားမည်ဟု CB ဘဏ်၏ နည်းပညာဌာနမှ လက်ထောက်အထွေထွေမန်နေဂျာက ပြောသည်။

"လောလောဆယ်မှာတော့ ခွင့်ပြုတာ၊ မပြုတာထက် အသုံးပြုနေစဉ်မှာ ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်တွေကာကွယ်ဖို့ Law မရှိသေးတာလည်း စဉ်းစားနေရသေးတယ်" ဟု ဌေးကဆိုသည်။မိတ်ဆက်၍ အသုံးပြုခွင့်ပေးမည့် Bobile Banking ဆိုသည်မှာ မိုဘိုင်းဖုန်းမှတစ်ဆင့် ငွေကြေးလွှဲပြောင်း ရယူနိုင်သည်ထက် ပိုမိုသာလွန်သော လုပ်ငန်းပိုင်းဆိုင်ရာများ ပါရှိသည်ဟု သိရသည်။

"လုပ်ထားတာတော့ အစုံပေါ့။ ဗဟိုဘဏ်က ဘယ်ဟာကိုခွင့်ပြုမယ်။ဘယ်ဟာကိုတော့ခွင့်မပြုဘူးဆိုရင်တော့ခွင့်မပြုတာဖြတ်လိုက်ရုံပေါ့။ လောလောဆယ်မှာတော့ မိုဘိုင်းဖုန်းကနေ Balance Checking လုပ်တာတွေHistoryကြည့်တာတွေတော့လုပ်လို့ရနိုင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ Mobile Banking အသုံးပြုမှုကို Android လမ်းကြောင်းပေါ်၌ ဖန်တီးထားခြင်းဖြစ်ပြီး အင်တာနက်ပေါ်မှသော်လည်းကောင်း၊ မိုဘိုင်း SMS စနစ်ဖြင့်သော်လည်းကောင်း အသုံးပြုနိုင်မည်ဟု သိရသည်။

လက်ရှိကာလ၌ ဗဟိုဘဏ်သည် လုံခြုံစိတ်ချရ၍ လမ်းကြောင်းမှန်၌ စနစ်တကျအသုံးပြုနိုင်သည့် ကိစ္စရပ်များကို အများအားဖြင့်ခွင့်ပြုပေးနေသည်ဟု ဧရာဝတီဘဏ်၏ အိုင်တီဌာနမှ လက်ထောက်အထွေထွေမန်နေဂျာဦးမင်းဝင်းဦးက သုံးသပ်သည်။ "Mobile Banking က အသင့်အနေအထားမှာ ရှိတာပါ။ စမယ်ဆိုရင် ကျွန်တော်တို့စလို့ရနေပြီ။ ဒါပေမဲ့ ကျွန်တော်တို့က Internet Banking ကို ဦးစားပေးတယ်။ အဲဒီမှာက ငွေကြေးလွှဲပြောင်းတာတွေက အစပေါလာတယ်" ဟု ဦးမင်းဝင်းဦးကဆိုသည်။

SEA Game လာရောက်သော အာဆီယံအားကစားသမားများအတွက် Y Talk မှ အခမဲ့ဖုန်းခေါ်ဆိုနိုင်စေရန် ဆောင်ရွက်ပေးမည်

ထွန်းထွန်း
ရန်ကုန်၊ ဇူလိုင် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လာရောက်ကြမည့် အာဆီယံအားကစားသမားများအတွက် Y Talk မှ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း VMG Telecome ၏ အထွေထွေမန်နေဂျာ ဦးအောင်မင်းသိန်းကပြောသည်။

အဆိုပါဆောင်ရွက်ချက်မှာ ယခင်အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌ မပြုလုပ်သေးဖူးသော အစီအစဉ်ဖြစ်သည်ဟုဆိုသည်။ "မကြာမီ အိမ်ရှင်အဖြစ် ကျင်းပတော့မယ့် ဆီးဂိမ်းပြုလုပ်မယ့်နေရာတိုင်းမှာ လာရောက်ကစားကြမယ့်အာဆီယံနိုင်ငံအသီးသီးကအားကစားသမားတွေအတွက်သူတို့ရဲ့ နိုင်ငံကိုဆက်သွယ်ဖို့လွယ်ကူစေရန်အတွက် အားကစားရုံတို့၊ အားကစားကွင်းတို့မှာ Y Talk International Call Boot လေးတွေကိုထားပေးမှာဖြစ်ပါတယ်" ဟုပြောကြားသည်။ခေါ်ဆိုမှုကိုအခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတကာကိုအခမဲ့ခေါ်ဆိုလို့ရတယ်ဆိုတာတစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။ဒီလိုဝန်ဆောင်မှုကိုပေးဖို့အတွက်ကျွန်တော်တို့သက်ဆိုင်ရာကိုလည်း အကြောင်းကြားတဝါပြုတောင်း ခံထားပါတယ်" ဟု ဆက်လက်ပြောကြားသည်။အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ Visa Card အကောင့်ဖွင့်ခြင်း အားဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်းပြည်တွင်းဘဏ်အသိုင်းအဝိုင်းမှ သိရသည်။ လက်ရှိပြည်တွင်း ဘဏ်အတော်များများ၌ Visa Card များအသုံးပြု၍ ရနိုင်သော်လည်း အကောင့်ဖွင့်ခြင်းအားရနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကိုနေပြည်တော်၊ ရန်ကုန်၊ ငွေဆောင်စသည့်မြို့များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးဥပဒေကြမ်းကို အကြံပြုပွေးငွေးနွေးရန် ဖိတ်ခေါ်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဇူလိုင် ၁၂

ပြည်သူ့လွှတ်တော်၌ဆွေးနွေးလျက်ရှိသည့်ဆက်သွယ်ရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးရိုင်ကြောင်း လူကိုယ်တိုင်လာရောက်၍ အကြံပြုဆွေးနွေးရိုင်ကြောင်း ပြည်သူ့လွှတ်တော်ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီက ထုတ်ပြန်ကြေညာသည်။

ဇူလိုင်လ ၁၅ ရက်နေ့အထိ အကြံပြုဆွေးနွေးရန် ဖိတ်ခေါ်ထားခြင်းဖြစ်ပြီး နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ဥပဒေကြမ်းကော်မတီရေးရာဆောင်သို့ လူကိုယ်တိုင်သွားရောက်အကြံပြုဆွေးနွေးရမည် ဖြစ်သည်။ နေ့စဉ် ၁ နာရီမှ ၆ နာရီ အထိအကြံပြုဆွေးနွေးရိုင်ကြောင်း ထုတ်ပြန်ချက်၌ ပါဝင်သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ တင်သွင်းထား ရှိသည့် ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆက်လက်ဆွေးနွေးနေခဲ့ကြောင်း၊ လာမည့် လွှတ်တော်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်၌ ဆက်သွယ်ရေးဥပဒေကို အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် အခန်း ၂၀ ပါဝင်သော ဆက်သွယ်ရေးဥပဒေကြမ်းကို ဧပြီ ၀၈ ရက်အထိ ပြင်ဆင်ပြီးစီးခဲ့သည်။ ဥပဒေကြမ်းထွက်ပေါ်လာသည့်နောက် နည်းပညာနယ်ပယ်အတွင်း၌ ခေတ်မမီသော ဥပဒေဟူ၍ လည်းကောင်း၊ အမျိုးမျိုးသော ဝေဖန်မှုများ ပေါ်ပေါက်လာခဲ့သည်။

အခန်း ၁၉(ပြစ်မှုနှင့်ပြစ်ဒဏ်များ)နှင့် ပတ်သက်၍ ဝေဖန်မှုအများဆုံးခံခဲ့ရသည့် ဆက်သွယ်ရေးဥပဒေကြမ်းကို ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ကြောင်း၊ ဥပဒေသည် ယှဉ်ပြိုင်ဝင်ဆောင်မှုကို အဓိကဦးစားပေးရေးဆွဲထားကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှထုတ်ပြန်ခဲ့သည်။ ဥပဒေရေးဆွဲအပြီး နှစ်ဝက်ကျော်ကြာမြင့်လာသည့်နောက်ပိုင်း အတည်ပြုပြဋ္ဌာန်းရိုင်တော့မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို မိုဘိုင်းဖုန်းပေါ်မှ ကြည့်ရှုနိုင်မည်

မြင့်ကျော်လှိုင်
ရန်ကုန်၊ ဇူလိုင် ၁၂

ယခုလ ၁၅ ရက်နေ့မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်ကို မိုဘိုင်းဖုန်းပေါ်မှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး ဦးမိုးမြင့်အောင်က ပြောသည်။

အင်တာနက်နှင့်ချိတ်ဆက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်ကြည့်ရှုနိုင်မည့် Application ကို Google Play ၌ တင်ဆောင်ပေးမည်ဖြစ်ကြောင်း၊ အလားတူ ရုပ်မြင်သံကြားအစီအစဉ်အတွက်သာမက ရေဒီယိုအစီအစဉ်အတွက်ပါမိုဘိုင်း Application ကို ဖန်တီးထားရှိကြောင်း ဦးမိုးမြင့်အောင်က ဆိုသည်။

Android အသုံးပြုသည့် မိုဘိုင်းဖုန်းများအတွက် Application ကို စတင်ထုတ်ဝေခြင်းဖြစ်ပြီး နောက်ပိုင်း၌ iOS အသုံးပြုသည့် မိုဘိုင်းဖုန်းများအတွက်ပါ Application ထုတ်လုပ်ပေးသွားရန်ရှိကြောင်း၊ ထုတ်လွှင့်မှုများသည် အဓိကအားဖြင့် သတင်းပိုင်းကို ဦးစားပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းကာလများ၌ အစီအစဉ်အားလုံးပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

၁၉၃၇ ခုနှစ်၌ စတင်စဖွင့်သော် အသံလွှင့်ခဲ့သည့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၁၃ ခုနှစ်တွင်း အသွင်သစ်နှင့်ပြောင်းလဲတင်ဆက်မှုများကိုပြုလုပ်ခဲ့ကြောင်း၊ သတင်းထုတ်လွှင့်မှုများကို ဝက်ဘ်ဆိုက်စာမျက်နှာမှတဆင့်ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် လက်ရှိကာလ၌လည်း မိုဘိုင်းဖုန်းမှတဆင့် အသုံးပြုနိုင်စေရန်စီစဉ်ခဲ့သည်ဟု သိရသည်။

တတိယအကြိမ်အဖြစ် ထိခိုက် တိုက်ကြကားများအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း

ရန်ကုန်၊ ဇူလိုင် ၁၀

ပြည်ပမှတင်သွင်းလာသော ပျက်စီးမှုများသော ထိခိုက်တိုက်ကြေကားများအား တတိယအကြိမ်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ထိခိုက်တိုက်ကြေကားများအား တတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်ဇွန်လ ၂၈ ရက်နေ့ကပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရာ မော်တော်ယာဉ် (၃၃) စီး ဖြစ်ကြောင်းသိရသည်။ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သောပြည်ပမှတင်သွင်းလာသော ပျက်စီးမှုများသည့် ထိခိုက်တိုက်ကြေကားများမှာ ၂၀၁၃ ခုနှစ်မေလ ၁၄ ရက်နေ့တွင် ၄၂ စီး၊ မေလ ၃၁ ရက်နေ့တွင် ၄၂ စီး၊ ယခု(၃၃)စီးဖြစ်၍ စုစုပေါင်း (၁၀၂) စီးဖြစ်ကြောင်းသိရသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နောက်ပိုင်းတွင် တိုက်ကြေပျက်စီးကားများ တင်သွင်းလာမှုများ ရှိလာခဲ့ကြောင်း၊ တိုက်ကြေပျက်စီးကားများ၏ အနေအထားအရ သုံးစွဲသူများအတွက် လုံခြုံမှုစိတ်မချရသော အန္တရာယ်ဖြစ်စေနိုင်သော ယာဉ်များဖြစ်ကြောင်း တွေ့ရှိရသည်ဟု သိရသည်။

MEDIA Round Up

-မြန်မာကျော်လွှင်စု စုစည်းတင်ပြသည်

ဖင်လန်ဆက်သွယ်ရေးကုမ္ပဏီ မြန်မာတွင် စတင်ရင်းနှီးမြှုပ်နှံ

ဆက်သွယ်ရေးကွန်ရက်တည်ဆောက်ခြင်းနှင့် Telecom Equipment Vendor လုပ်ငန်းများလုပ်ကိုင်နေသည့် ဖင်လန်နိုင်ငံအခြေစိုက် Nokia Siemens သည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ စတင်လုပ်ကိုင်နေပြီဟု သိရသည်။ Vendor များအနက် Huawei ပြီးသည့်နှင့် ၃ တိယမြောက် နံပါတ်အဖွင့်လှစ်လုပ်ကိုင်သည့် ကုမ္ပဏီလည်းဖြစ်သည်။ ဆက်သွယ်ရေးဆိုင်ရာအခွင့်အလမ်းများကြောင့် အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ကိုးကား - **The Voice Weekly** (အတွဲ ၉ အမှတ် ၂၇)

ဖုန်းခေါ်ဆိုခ ၂၅ ကျပ် နှုန်း ၄၅ ကျပ်

တင်ဒါစနစ်ဖြင့် Telenor နှင့် Ooredoo ကို ဆက်သွယ်ရေးအော်ပရေတာအဖြစ်ရွေးချယ်ခဲ့သည်။ Telenor သည် မိုဘိုင်းဖုန်းခေါ်ဆိုခကို ၂၅ ဖြင့် သက်မှတ်ကောက်ခံမည်ဟုပြောဆိုပြီး Ooredoo သည် ၄၅ ကျပ်ဖြင့် ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါအော်ပရေတာနှစ်ခုသည် ပြည်ပမှ အသစ်ရွေးချယ်လိုက်သည့်အော်ပရေတာဖြစ်ပြီး ပြည်တွင်းမှမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီဖုန်းကုမ္ပဏီကို အော်ပရေတာအဖြစ်ရွေးချယ်ထားသည်။

ကိုးကား - **The Voice Daily** (ဇူလိုင် ၁၁)

BarCamp TU (MDY) ကျင်းပပြုလုပ်မည်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၂

နည်းပညာတက္ကသိုလ်(မန္တလေး)မှ BarCamp TU (MDY) အမည်ဖြင့် နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲတစ်ခုကို ၂၀၁၃ ဇူလိုင် ၁၈ ရက်နေ့,နံနက် ၉ နာရီမှ ညနေ ၄ နာရီ နည်းပညာတက္ကသိုလ်(မန္တလေး) ပင်မဆောင်၊မြေညီထပ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

BarCamp TU (MDY) တွင် မေကျရပ်ဆိုင်ရာနည်းပညာများအပြင် စာပေ၊ အားကစား၊ အရပညာ၊ အလုပ်အကိုင်အခွင့်အလမ်း၊ IT နည်းပညာ၊ Youth's Development အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နည်းပညာများအစရှိသည့် ကဏ္ဍအစုံအလင်ကိုပြင်ပမှစီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ စာရေးဆရာများနှင့် သက်ဆိုင်ရာနယ်ပယ်များမှ ကျွမ်းကျင်သူများမှလာရောက် ဆွေးနွေးဖလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပြည်တွင်းတက္ကသိုလ်ကျောင်းမှ ပထမဆုံးအကြိမ် BarCamp တစ်ခုအနေဖြင့်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ မေကျရပ်ဆိုင်ရာနယ်ပယ်စုံမှ အင်ဂျင်နီယာများ၊ နည်းပြဆရာများနှင့် စာပေနယ်ပယ်မှ ဆရာဇော်ခိုင်ဦး၊ ဆရာသင့်နော်၊ ဆရာညီပုလေး၊ ဆရာအော်ပီကျယ်နှင့် အခြားဖိတ်ကြားထားသော ဆရာများ၊ ဒိုင်တိုနည်းပညာနယ်ပယ်မှ ပညာရှင်၊ လုပ်ငန်းရှင်များ၊ အလုပ်အကိုင်အခွင့်အလမ်း Company တစ်ခု(သို့)နှစ်ခု ကျန်းမာရေးဆိုင်ရာဟောပြောရန် ဆရာဝန်များ၊ လူငယ်ရေးရာ Self-development ဆိုင်ရာဟောပြောမည့်ဆရာများ တက်ရောက်သွားမည်ဖြစ်ကြောင်း စီစဉ်ပြုလုပ်သည့် Future Youth Association မှ သိရသည်။ Future Youth Association မှာ နည်းပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများ ဈေးပေါင်းကာ ထူထောင်ထားသည့်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

Samsung Galaxy SIII Mini Clone ဟန်းဆက်ဝင်ရောက်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၃

မန်းစျေးကွက်ထဲကို ကျပ် ၅၈,၀၀၀ကျော်တန်တရုတ်နိုင်ငံလုပ် Samsung Galaxy SIII Mini အမည်ဖြင့် Android စနစ်သုံး Clone ဟန်းဆက်တစ်မျိုးဝင်ရောက်လာပါတယ်။ စကရင်က ၄.၀ လက်မအရွယ် Touch အမျိုးအစားဖြစ်ပြီး GSM + WCDMA နှစ်ကတ်စိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကင်မရာလည်း ပါဝင်ပါတယ်။ Android အထောက်အပံ့ပြုဂိမ်းများ၊ Application များထည့်သွင်းနိုင်မှာဖြစ်ပြီး မြန်မာဖောင့်လည်း အဆင်ပြေစေမယ်လို့သိရပါတယ်။ မှတ်ဉာဏ်ပမာဏအတွက် Micro SD ကတ်ဖြင့် 16GB အထိတိုးမြှင့် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်မယ်လို့သိရပါတယ်။ Bluetooth, Wi-Fi စနစ်များအထောက်အပံ့ပေးပါတယ်။ အဆိုပါဟန်းဆက်ကို အဖြူ၊ အမည်း အရောင်နှစ်မျိုးဖြင့် Yuzana Electronic စင္ကပူလမ်း၊ ၃၂×၃၃ကြား၊ ဖုန်း-၀၉-၉၁၀၀၆၃၅၅၉၂သို့ဆက်သွယ်စုံစမ်းကာ လက်လီလက်ကား ဝယ်ယူနိုင်ပါတယ်။

ဆေးငယ်ကျစ်လျစ်တဲ့ ရွှေရောင်ဟန်းဆက်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၃

အရွယ်အစားသေးငယ်ကျစ်လျစ်တဲ့ ရွှေရောင်ဟန်းဆက်တစ်မျိုးမန်းစျေးကွက်ထဲသို့ဝင်ရောက်လာပါတယ်။ GSM/ WCDMA လိုင်းကတ်ထည့်သွင်းပြောဆိုနိုင်မှာဖြစ်ပါတယ်။ MP3, MP4, Camera, FM, Bluetooth စနစ်များကို အထောက်အပံ့ပေးတယ်လို့သိရပါတယ်။ ခလုတ်နှိပ်ကီးပတ်အမျိုးအစားဖြစ်ကာ သာမန်ဖုန်းဟန်းဆက်များကဲ့သို့ ဖန်ရှင်စုံလင်ပါတယ်။ အသုံးပြုလိုသူများအနေဖြင့် SPY Camera & Fancy (မန္တလေး)ဖုန်း-၀၉-၄၃၀၆၈၄၀၃၈ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

TCL အမှတ်တံဆိပ် LCD/ LED တီဗွီ ဝယ်ယူသူများအတွက် အထူးပရိုမိုးရှင်းပြုလုပ်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၃

အရည်အသွေးကောင်းမွန်သော တီဗွီအမျိုးအစားတစ်ခုဖြစ်တဲ့ TCL အမှတ်တံဆိပ် ၃၂ လက်မအရွယ် LED STL 328B1350 မော်ဒယ်အမျိုးအစား၀ယ်ယူသူများနှင့် ၃၀ လက်မအရွယ်အစားမော်ဒယ် STL 308B330 အမျိုးအစား၀ယ်ယူသူများကို အထူးပရိုမိုးရှင်းအနေဖြင့် အခမဲ့ဒီဇိုင်းတယ်ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်မည့် Nakita အမှတ်တံဆိပ် Digital ရုပ်သံဖမ်းစက်တစ်ခုအား လက်ဆောင်အနေဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း MT Electronic မှသိရသည်။ TCL အမှတ်တံဆိပ် LCD/LED တီဗွီများအား အာမခံစနစ်အနေဖြင့် တစ်နှစ်အတွင်း ပျက်စီးမှုအတွက် ပစ္စည်းဖိုး + ပြုပြင်စရိတ်အခမဲ့နှင့် TCL အမှတ်တံဆိပ်သုံးခွဲနေစဉ်ကာလအတွင်း ပြုပြင်စရိတ်အား တစ်သက်တာအခမဲ့စနစ်များဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ MT Electronic (မန္တလေး) ဖုန်း-၀၂-၃၅၅၃၃၂ နှင့် (ရန်ကုန်)ဖုန်း-၀၁-၃၉၈၅၀၇သို့ဆက်သွယ်စုံစမ်းဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သည်။

Anycall Mobile မှ ဆည်းဆာအလှနှင့် မန္တလေးညအလှ ဓါတ်ပုံပြိုင်ပွဲပြုလုပ်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၃

Anycall Mobile မှ၎င်းတို့၏ Facebook Page တွင် ဆည်းဆာအလှနှင့် မန္တလေးညအလှ ဓါတ်ပုံပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ မန္တလေးမြို့၏ ဆည်းဆာအချိန်နှင့် မန္တလေးညအလှကိုရိုက်ကူးထားသောဓါတ်ပုံများကို anycallmobile1122@gmail.com သို့ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်တစ်ဦးကို ဓါတ်ပုံတစ်ပုံဖြင့်သာဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဓါတ်ပုံပေးပို့ရာတွင် မိမိအသုံးပြုလိုသောအမည်နှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်ကို Mail တွင်ထည့်ပေးပြီးပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ဇူလိုင် ၁၀ ရက်မှ ၂၅ ရက်အထိ ပြိုင်ပွဲကာလကို သတ်မှတ်ထားသည်။ Anycall Mobile ၏ Facebook စာမျက်နှာတွင် Like အများဆုံးရရှိသည့် ဓါတ်ပုံကို ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ပေးအပ်ချီးမြှင့်မည့်ဆုမှာ BT218wireless (Bluetooth) Speaker ဖြစ်သည်။

ပါးလွှာတဲ့ဒီဇိုင်းနဲ့ GSM/ WCDMA စနစ်သုံး Huawei Ascend P6 ဟန်းဆက်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၂

မန်းစျေးကွက်ထဲကို GSM/ WCDMA စနစ်သုံး Huawei Ascend P6 မော်ဒယ်ဟန်းဆက်တစ်မျိုး ဝင်ရောက်လာပါတယ်။ စကရင်က ၄.၇ လက်မအရွယ်အစားဖြစ်ပြီး Touch စနစ်သွက်လက်ကောင်းမွန်တယ်လို့သိရပါတယ်။ Android 4.2.2 ဗားရှင်းထည့်သွင်းထားပြီး CPU- 1.5GHz Quad-Core CPU K3V2E နှင့် RAM 2GB အသုံးပြုထားပါတယ်။ ဖုန်းတွင်းမှတ်ဉာဏ် ပမာဏ 2G ပါဝင်ပါတယ်။ ရှေ့ကင်မရာက 5.0MP ရှိပြီး နောက်ကင်မရာက 8.0 Mega-pixel ရှိပါတယ်။ အဖြူ၊ အမည်းစတဲ့ အရောင်တွေနဲ့ရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာဖောင့်ထည့်သွင်းနိုင်မယ်လို့သိရပါတယ်။ အသုံးပြုလိုသူများအနေဖြင့် Mobile star စာ၁×၃၄ လမ်း၊ ဖုန်း-၀၉-၇၃၉၀၃၇၀၀-သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မယ်လို့သိရပါတယ်။

Samsung Galaxy Note II LTE

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၄

SAMSUNG Galaxy Note II LTE ဟန်းဆက်ဖြစ်ပါတယ်။ ၅.၅ လက်မအရွယ် 16M Color HD Super Amoled 16:9 Full Touch Display စကရင်အမျိုးအစားဖြစ်ပြီး Resolution 1280×720 Pixel ရှိပါတယ်။ နောက်ကင်မရာက 8.0 MegaPixel Auto Focus အမျိုးအစားဖြစ်ပြီး Power LED Flash ပါဝင်ကာ ရှေ့ကင်မရာက 1.9 MegaPixel ရှိတယ်လို့သိရပါတယ်။ Android Version 4.1 (Jelly Bean) ထည့်သွင်း အသုံးပြုထားပြီး CPU အနေနဲ့ 1.6 GHz Quad-Core Processor နဲ့ RAM 2 GB ကို အသုံးပြုထားပါတယ်။ Built in Memory 16GB ပါဝင်ပြီး မလောက်ငေးဘူးဆိုရင် Micro SD ကတ်ဖြင့် 16 GB အထိထပ်မံတိုးမြှင့် အသုံးပြုနိုင်မယ်လို့သိရပါတယ်။ Take Photos Using Voice စနစ်၊ Wi-Fi: IEEE 802.11 a/b/g/n, Wi-Fi Channel Bonding (HT40) စနစ်၊ Wi-Fi Direct စနစ်၊ Bluetooth v4.0 (aptX) စနစ်၊ NFC စနစ် USB 2.0 စနစ်၊ GPS (Support A-GPS, GLONASS) များ အထောက်အပံ့ပေးပြီး စျေးနှုန်းကတော့သိန်း ၇ သောင်း၀နှစ်ကျော်ဖြစ်ပါတယ်။ Anycall Mobile ၇၈ လမ်း၊ ၂၇×၂၈ ကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၈၈၈၆၊ ၀၂-၆၄၇၀၆၊ ၀၂-၇၁၁၂၂ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Apache RTR 160 ဆိုင်ကယ် အရောင် ၃ မျိုးဖြင့် ထပ်မံဝင်ရောက်

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၅

မန်းမော်တော်ဆိုင်ကယ်စျေးကွက်ထဲကို လူကြိုက်များ ပစ္စည်းပြတ်လပ်နေတဲ့ အိန္ဒိယနိုင်ငံထုတ် ဟိုက်တာဘီး(ပြိုင်ဘီး) အမျိုးအစား Apache RTR 160 မော်ဒယ်ဆိုင်ကယ် Red/Black, Yellow/Black, Green/ Black အရောင်များနဲ့ ထပ်မံဝင်ရောက်လာတယ်လို့ သိရပါတယ်။ အင်ဂျင်ပါဝါ 160CC အမျိုးအစားဖြစ်ပြီး ပီစတင်မှာ Short Storke အမျိုးအစားဖြစ်တာကြောင့် သာမန် 4-Stroke အင်ဂျင်များထက် ပိုမိုလျင်မြန်စွာ အလုပ်လုပ်ပေးနိုင်တယ်လို့ဆိုပါတယ်။ ၁၅. ၂မြင်းကောင်ရေအားရှိပြီး ၀. ၆၀ ကီလိုမီတာအကွာအဝေးကို ၄၈ စက္ကန့်အတွင်း ရောက်ရှိနိုင်တဲ့အထိ လျင်မြန်မှုအသားပေးတည်ဆောက်ထားတာကြောင့် သာမန်စီးနင်းရံသာမက ပြိုင်ပွဲဝင်နိုင်မယ့် အရည်အသွေးရှိတယ်လို့သိရပါတယ်။ အကြမ်းတမ်းဆုံးခံနိုင်တဲ့ ကာဗာများဖြင့် ပြုလုပ်ထားပြီး ရှေ့ဘီးကာဗာများပေါ် တက်ကာ ခုန်ပေါက်မှုခံနိုင်အားရှိတယ်လို့သိရပါတယ်။ ဆီစားနှုန်းသက်သာအောင် ထုတ်လုပ်ထားပါတယ်။ ဆိုင်ကယ်မှာပါဝင်တဲ့ မီးလုံးတွေကလည်း Halogen Headlamp များဖြစ်ပါတယ်။ LED Day Light မီးစနစ်လည်းပါဝင်တယ်လို့ဆိုပါတယ်။ ရိုးရိုးဒိုင်ခွက်နဲ့အတူ Digital Meter ဒိုင်ခွက်မှာ တစ်မိနစ်လျှင် ဆိုင်ကယ်အသွားနှုန်း၊ ကီလိုမီတာထိ အသေးစိတ်ဖော်ပြပေးနိုင်တယ်လို့သိရပါတယ်။ အပို Original ပစ္စည်းများလည်း ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။ အင်ဂျင်ကို (၂) နှစ်အာမခံပေးထားပါတယ်။ အသေးစိတ်အချက်အလက်များကို TVS အိန္ဒိယမော်တော်ဆိုင်ကယ်အရောင်းပြခန်း (မန္တလေး) ၃၄ လမ်း၊ ၇၇×၇၈ကြား၊ ဖုန်း-၀၂-၆၅၃၃၄၄၊ ၀၉-၄၂၅၂၉၉၀၂၉၃သို့ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

SKY Vega R3 ဟန်းဆက်

ကျော်ဇေယျ
ရန်ကုန်၊ ဇူလိုင် ၈

နေပြည်တော် မိုဘိုင်းစနေ့ကွက်ထဲသို့ ကိုရီးယားဟန်းဆက်စနေ့ကွက်မှာ ဒုတိယလိုက်နေတဲ့ SKY အမှတ်တံဆိပ် Vega R3 (IM-A850 S/KIL) မော်ဒယ်ဟန်းဆက်ဝင်ရောက်လာပါတယ်။ ဟန်းဆက်ရဲ့ Display က ၅. ၃ လက်မအရွယ်ရှိပြီး ရုပ်ထွက်အလွန်ကောင်းမွန်သလိုဟန်းဆက်နဲ့ အင်တာနက်သုံးလိုသူများ အတွက် အဆင်ပြေစေမှာဖြစ်တယ်လို့သိရပါတယ်။ CPU အနေနဲ့ 1.5GHz Quad Core, RAM 2GB နဲ့ ROM 16GB ပါဝင်ပါတယ်။ Android Version 4.0 ကိုအသုံးပြုထားပါတယ်။ ကင်မရာပိုင်းအနေနဲ့ 13 Megapixel ရှိတဲ့နောက်ကင်မရာနဲ့ 2 Megapixel ရှိတဲ့ ရှေ့ကင်မရာတွေပါဝင်ပါတယ်။

3G အမျိုးအစားဖြစ်တဲ့အတွက် GSM, WCDMA SIM Card များထည့်သွင်းအသုံးပြုနိုင်ပါတယ်။ Special Promotion ကာလအတွင်း ဝယ်ယူတဲ့သူတွေကို အထူးစနေ့နှုန်းဖြင့်ရောင်းချနေသွားမယ်လို့ သိရပါတယ်။IT LAND Computer & Mobile ဖုန်း-၀၉၄၂၀၇၅၂၁၀ သို့ဆက်သွယ်စုံစမ်းကာလက်လီလက်ကားဝယ်ယူနိုင်ပါတယ်။

ES-Totalstation ES-105N

ကျော်ဇေယျ
ရန်ကုန်၊ ဇူလိုင်

နေပြည်တော်စနေ့ကွက်ထဲသို့ Constructions, Topographic Survey နဲ့ တခြို့သောတိုင်းထွာရေးတွေမှာ အသုံးတည့်စေမယ့် ES-Totalstation တစ်မျိုးဝင်ရောက်လာပါတယ်။ Topcon အမျိုးအစားမော်ဒယ် ES-105N ဖြစ်ပါတယ်။Record ပိုင်းမှာ Built-in အနေနဲ့ ပို့ခ် ၁၀,၀၀၀ မှတ်သားထားနိုင်ပါတယ်။ Prism EDM Raing နဲ့ ဖတ်မယ်ဆိုရင် 1 Prism ကို အကွာအဝေး 4000m ဖတ်နိုင်ပါတယ်။ Non Prism အသုံးပြုမယ်ဆိုရင် လေဆာနဲ့ ဖတ်ပေးတာဖြစ်တဲ့အတွက် 500m အကွာအဝေးကို ဖတ်နိုင်ပါတယ်။ တစ်ခုတိုင်းထွာရင် Measuring Time က 0.9Sec ပဲကြာမြင့်တာမို့ Measuring Time မြန်ဆန်ပါတယ်။ ချိတ်ဆက်မှု Type အနေနဲ့ က USB ရောCable နဲ့ပါရပါတယ်။ ဘက်ထရီကို အားပြည့်အောင်သွင်းမယ်ဆိုရင်အချိန် ၂ နာရီကြာမြင့်ပြီးအားပြည့်သွားပြီဆိုရင်တော့ ၃၆ နာရီကြာဆက်တိုက် အသုံးပြုနိုင်ပါတယ်။ တိုင်းတာမှုကို ပြုလုပ်တဲ့အခါမှာ Prism နဲ့ပဲတိုင်းတိုင်း Non Prism အသုံးပြုပြီး လေဆာနဲ့တိုင်းတိုင်းအများဆုံးကွာဟမှု Accuracy က 2mm ပဲရှိနိုင်မယ်လို့ သိရပါတယ်။ Option အနေနဲ့ Controller သီးသန့် ဝယ်ပြီးချိတ်ဆက်ဖို့ Bluetooth စနစ်ပါဝင်ပါတယ်။ အသုံးပြုလိုသူများအနေဖြင့် ConcordiaInternational Co., Ltd. နေပြည်တော်သိရိမင်္ဂလာအဆင့်မြင့် စနေ့ဖုန်း ၀၉၄၉၂၀၀၉၄၇ နှင့် ၀၉၄၄၄၅၅၄ ၃၈၅ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

ပညာရေးဆိုင်ရာသင်တန်းကျောင်းသစ်ဖွင့်လှစ်

ကျော်ဇေယျ
ရန်ကုန်၊ ဇူလိုင်

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ်(၉၁၅၆) တွင် LCCI, ACCA အပါအဝင် အခြားပညာရပ်များသင်ကြားပို့ချပေးမည့် GMC (Gold Medalist Choice) LCCI & ACCA Center သင်တန်းကျောင်းသစ်အား ထပ်မံဖွင့်လှစ်လိုက်ပြီး တက်ရောက်လိုသော သင်တန်းသူ/သင်တန်းများအနေဖြင့်တန်းခွဲသစ်များတက်ရောက်ရန်အတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်းတွင် LCCI Level 1,2,3 ACCA & Autocount သာမက ကွန်ပျူတာစာရင်းကိုင်ပညာဖြစ်သည့် MYOB ပါထည့်သွင်းသင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း - ၀၉ ၄၉၃၀၉၅၅၂ နှင့် ၀၉၄၃၂၂၅၅၉၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

နေပြည်တော်တွင် မိုဘိုင်းဖုန်းသင်တန်းများ လူဝင်ရောက်မှုနည်းပါးလာ

ကျော်ဇေယျ
ရန်ကုန်၊ ဇူလိုင် ၈

နေပြည်တော်ဒေသရှိမိုဘိုင်းဖုန်းပတ်သက်သောသင်တန်းများ တွင်သင်တန်းသားအသစ်တက်ရောက်မှု နည်းပါးလာပြီဖြစ်ကြောင်း သင်တန်းကျောင်းများမှသိရသည်။

"ငါးသိန်းတန်ဖုန်းလိုင်းကတ်တွေစပေါ်တုန်းက မိုဘိုင်းဖုန်းသင်တန်းကျောင်းဆိုရင် ရန်ကုန်အထိသွားပြီး သင်တန်းတက်ရတယ်။ နှစ်သိန်းတန်လိုင်းကတ်တွေထွက်ပေါ်လာတော့ သင်တန်းတက်ရောက်လိုသူတွေများလာတဲ့အတွက်နေပြည်တော်မှာပဲတက်ရောက်လို့ရတဲ့သင်တန်းတွေအဖွင့်များလာပါတယ်" ဟုသင်တန်းကျောင်းတစ်ခုမှတာဝန်ရှိသူတစ်ဦးကပြောသည်။

မိုဘိုင်းစနေ့ကွက်အတွင်း ကျပ် ၁၅၀၀ တန်လိုင်းကတ်များထွက်ပေါ်လာမည်ဟုသတင်းများထွက်ပေါ်လာပြီးနောက် နေပြည်တော်ဒေသတွင် မိုဘိုင်းဖုန်းဆိုင်များအဖွင့်များလာခဲ့ပြီး သင်တန်းကျောင်းများအနေဖြင့်အလုပ်ဖြစ်ခဲ့သော်လည်း အမှန်တကယ်ရောင်းချနေသည့်အခါတွင် ကျပ် ၁၅၀၀ တန်လိုင်းကတ်ကိုအရေအတွက်အကန့်အသတ်ဖြင့်သာထိန်းသိမ်းရောင်းချနေသောကြောင့်နောင်ဖွင့်ရန် အလားအလာရှိသာမိုဘိုင်းဖုန်းဆိုင်များမှာ ထပ်မံမဖွင့်တော့သလိုမိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းကျောင်းများတွင်လည်း သင်တန်းတက်ရောက်သူအရေအတွက်နည်းလာကြောင်းသိရသည်။

"နာမည်ကြီးသင်တန်းတွေတောင် လူရှိရင်တစ်ယောက်စနှစ်ယောက်စပဲရှိတော့တယ်။ အဓိကချနေတဲ့လိုင်းကတ်အရေအတွက်နဲ့ ဆိုင်တယ်လို့ထင်တယ်။ ကတ်များများချပေးရင် ဟန်းဆက်များများရောင်းရမှာမို့ ဆိုင်တွေလည်းများများဖွင့်လိမ့်မယ်။ ဒါဆိုရင် ကျွမ်းကျင်လုပ်သားလိုအပ်လာလို့ မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းတွေမှာလည်း သင်တန်းသားတွေများလာမှာပါ။ နောင်လာမယ့် ၂၀၁၄ခုနှစ်ကတော့ မမျှော်မှန်းရဲပေမယ့် အခုထက်စာရင်တော့ ပိုပြီးအလုပ်ဖြစ်မယ်ထင်ပါတယ်" ဟု နေပြည်တော်စနေ့ကွက်အတွင်းမှ နာမည်ရမိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းကျောင်းတစ်ကျောင်းကတာဝန်ရှိသူကပြောသည်။

INTERNET journal

Mobile

Vol. 14, No. 27• Thursday • July 18, 2013

News

ကားဖြင့်လှည့်လည်၍ မလေးရှားသို့ပုန်းခေါ်ဆိုပေးမည့်အစီအစဉ် ရက်သတ်မှတ်

စာ(၁၀)

User Guide

Android OS ဖုန်းအသုံးပြုသူတွေ မရှိမဖြစ် အသုံးပြုတဲ့ App Killer စနစ်အတွက် Clean Master ဆိုတဲ့ ဆော့ဖ်ဝဲလေးကို အသုံးပြုကြည့်ကြမယ်

စာ(၁၆)

Mobile Review

Samsung Galaxy SIV Zoom

စာ(၂၃)

Nokia Lumia 1020

Nokia ကုမ္ပဏီက ၎င်းရဲ့နောက်ဆုံးပေါ် Windows Phone အမျိုးအစား Lumia 1020 ကိုမိတ်ဆက်ခဲ့ပါတယ်။ ကုမ္ပဏီရဲ့ PureView ကင်မရာနည်းပညာပါဝင်ပြီး 41-megapixel sensor တပ်ဆင်ထားပါတယ်။ 41-megapixel PureView ကင်မရာအပြင် Lumia 1020 ဟာ ယခင်ဖုန်းတွေထက် အလေးချိန်ပိုမိုပေါ့ပါးသလို ကိုယ်ထည်လည်းပိုပြီးပါလှတာတွေ့ရပါတယ်။ အဖြူ၊ အဝါနဲ့ အနက် အရောင်သုံးမျိုး နဲ့ထုတ်လုပ်ထားပြီး accessory တွေအနေနဲ့ wireless charging back cover နဲ့ camera grip တို့ထည့်သွင်းပေးထားပါတယ်။ Nokia Lumia 1020 ကို အမေရိကန်ဈေးကွက်မှာ AT&T ကွန်ရက်မှတစ်ဆင့် စတင်ရောင်းချမှာဖြစ်ပြီး တရုတ်နဲ့ အခြားကဲ့ရောပဈေးကွက်တွေကို ဆက်လက်တင်ပို့မယ်လို့လည်းသိရပါတယ်။ အရွယ်အစားအနေနဲ့အလျား ၁၃၀. ၄ မီလီမီတာ၊ အနံ ၇၁. ၄ မီလီမီတာ နဲ့ ကိုယ်ထည်အထူ ၁၀. ၄ မီလီမီတာရှိပြီး အလေးချိန် ၁၅၈ ဂရမ်ရှိပါတယ်။ ၄. ၅ လက်မအရွယ် display ကို 768x1280-pixel resolution နဲ့အသုံးပြုနိုင်မှာဖြစ်ပြီး 1.5GHz dual-core Krait ပရိုဆက်ဆာတပ်ဆင်ထားပါတယ်။ RAM 2GB ပါဝင်ပြီး internal memory ကိုတော့ 32 GB နဲ့ 64GB နှစ်မျိုးရွေးချယ်နိုင်ပါတယ်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

ကားဖြင့်လှည့်လည်၍ မလေးရှားသို့ဖုန်းခေါ်ဆိုပေးမည့်အစီအစဉ် ရက်သတ်မှတ်

ရန်ကုန်၊ ဇူလိုင် ၁၂

ကားဖြင့်လှည့်လည်၍ မလေးရှားနိုင်ငံသို့ ဖုန်းခေါ်ဆိုပေးသည့် အစီအစဉ်ကိုဩဂုတ်လ ၈ ရက်နေ့အထိ သတ်မှတ်လိုက်ကြောင်း အဆိုပါအစီအစဉ်မှတာဝန်ရှိသူကပြောသည်။

အဆိုပါ Ytalk on the road အစီအစဉ်ကို ရန်ကုန်မြို့အတွင်း ကားဖြင့်လှည့်လည်၍ဆောင်ရွက်ပေးမည်ဖြစ်သည်။ "ဒီအစီအစဉ်ကို ဇွန်လ ၃၀ ရက်နေ့အထိခေါ်ဆိုခွင့်ပေးထားပေမယ့် စိုးရိမ်ပူပန်သောကြောင့် သူတို့နေထိုင်တဲ့နေရာတွေမှာ ဒီလိုခေါ်ဆိုလို့ရရင်ကောင်းမှာပဲဆိုတဲ့စကားလေးတွေကြားခဲ့ရပါတယ်။ အဲ့ဒီအတွက်ကြောင့် Ytalk on the road အစီအစဉ်ကို အကောင်အထည်ဖော်လိုက်ခြင်းဖြစ်ပါတယ်" ဟု ၎င်းတာဝန်ရှိသူကပြောသည်။ ဇူလိုင်လ ၉ ရက်နေ့မှစတင်ကာ ဩဂုတ်လ ၈ ရက်နေ့အထိ Ytalk on the road ကားရောက်ရှိမည့်နေရာတိုင်းတွင် မလေးရှားနိုင်ငံသို့ အခမဲ့ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်သည်။

အဆိုပါကားရောက်ရှိမည့်နေရာများကို www.facebook.com/vmgtelecoms တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး Ytalk ၏ Customer Service ကိုလည်းဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ "အဓိကိုင်မှာတော့ ရန်ကုန်ဧရိယာကိုပဲ တစ်လတိတိလည်လည်ပေးမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ နယ်မြို့များမှာသွားဖို့အစီအစဉ်လည်းရှိပါတယ်" ဟုအဆိုတင်ပြသည်။

ထို့ပြင် ကားပေါ်တွင် ဝန်ထမ်းများ၏ ကိုယ်ပိုင်ဖုန်းများဖြင့် ခေါ်ဆိုခွင့်ပြုထားသည့်အပြင် ကားပေါ်တွင် ဖုန်းအားသွင်းနိုင်ရန် ဆော့ကက်များ ပြင်ဆင်ထားသည်။ Ytalk မှာ ကြိုးဖုန်း၊ မိုဘိုင်းဖုန်းတို့ဖြင့် နိုင်ငံတကာသို့ အခမဲ့လိုင်းမှဖုန်းခေါ်ဆိုနိုင်မည့်စနစ်ဖြစ်သည်။

Ytalk မှတစ်ဆင့် မလေးရှားနိုင်ငံသို့ဖုန်းခေါ်ဆိုမည်ဆိုပါက Ytalk ကတ်အသုံးပြု၍သော်လည်းကောင်း၊ သတ်မှတ် Ytalk Calling Center များတွင်လည်းကောင်း ခေါ်ဆိုနိုင်မည်ဖြစ်သည်။ Ytalk ကတ်အသုံးပြုပြီးခေါ်ဆိုပါက မလေးရှားနိုင်ငံသို့ တစ်မိနစ်လျှင် ၂၅ကျပ်ကျသင့်မည်ဖြစ်ကာ Ytalk Calling Center များတွင်သွားရောက်ခေါ်ဆိုမည်ဆိုပါက တစ်မိနစ်လျှင် ၅၁ ကျပ် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစနစ်ကို လက်ရှိတွင်ပြည်တွင်း မှပြည်ပနိုင်ငံများသို့သာခေါ်ဆို၍ ရရှိနိုင်ဦးမည်မဟုတ်ကြောင်း သိရသည်။

Huawei Ascend P6 ဖုန်း မိတ်ဆက်ရောင်းချမည်

၀၆၀

ရန်ကုန်၊ ဇူလိုင် ၁၂

အပါးလွှာဆုံးဖုန်းဖြစ်သည့် Huawei Ascend P6 ဖုန်းကို မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့၌ Huawei ၏ ၁ တိုယာမြောက် showroom ဖွင့်ပွဲတွင် မိတ်ဆက်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဖုန်း၏ ကိုယ်ထည်ကို ချောမွေ့တောက်ပြောင်သည့် သတ္တုနှင့် ပြုလုပ်ထားပြီး အထူမှာ ၆.၈၈ မီလီမီတာ အလေးချိန် 120 g သာရှိမည်ဖြစ်သည်။ ဖုန်း၏ စကရင်အရွယ်အစားမှာ ၄.၇ လက်မရှိပြီး Video ရိုက်ကူးရာတွင်လည်း 1080P Full HD အနေဖြင့် အသုံးပြုရိုက်ကူးနိုင်သလို ဓာတ်ပုံရိုက်ကူးရာတွင်လည်း ရှေ့ကင်မရာကို 5MP, နောက်ကင်မရာကို 8MP အနေနဲ့ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ညအမှောင်ဓာတ်ပုံရိုက်ရာတွင် camera ကို night mode သို့ပြောင်းရန်မလိုဘဲ Auto adjust လုပ်ပေးနိုင်ပြီး ၄ စင်တီမီတာအကွာမှရိုက်ကူးရာတွင်လည်း ကြည်လင်ပြတ်သားသောရုပ်ပုံကို ရိုက်ကူးနိုင်မည်ဖြစ်ကြောင်းသိရသည်။ Processor အနေဖြင့် 1.5GHz quad-core K3V2E ကိုအသုံးပြုထားပြီး ဂိမ်းများကိုအခြံနိုတိုတွင်း download ပြုလုပ်နိုင်မည်ဖြစ်သည်။

Huawei Ascend P6 အား အမည်းရောင်၊ ပန်းရောင်နှင့် အဖြူရောင်ဟူ၍ အရောင်သုံးမျိုးဝယ်ယူနိုင်မှာဖြစ်ပြီး တာမွေမြို့ နယ်တွင် ဖွင့်လှစ်မည့် Huawei Showroom တွင်ဇူလိုင် ၂၈ ရက်နေ့၌စတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

တန်ဖိုးနည်း GSM ဟန်းဆက်ဝင်ရောက်

၀၆၀

ရန်ကုန်၊ ဇူလိုင် ၃

ဗီယက်နိုင်ငံထုတ် Kangaroo အမှတ်တံဆိပ်လိုင်းဆွဲအားကောင်းမွန်တဲ့ တန်ဖိုးနည်း GSM ဟန်းဆက်တစ်ခု ပြည်တွင်းဈေးကွက်အတွင်းဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါဖုန်းမှာစကရင်အရွယ်အစား ၂.၀ လက်မ QVGA အမျိုးအစားကိုအသုံးပြုထားကြောင်းသိရသည်။ ကွန်ရက်စနစ်မှာလည်း GSM ကွန်ရက်စနစ်သုံးဖြစ်ပြီး GSM Dual Sim ဖုန်းအမျိုးအစားဖြစ်ကာ 2G, 3G ကွန်ရက်အမျိုးအစားများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ MP3, MP4, FM, TF Card slot, Bluetooth, Camera 0.3MP စတဲ့ Function တွေပါဝင်မည်ဖြစ်သည်။ ဘက်ထရီအနေဖြင့် Nokia 4C 800mAh ကိုအသုံးပြုထားသည်။ အရောင်အနေဖြင့် အမည်း၊ အဖြူ အနီ အရောင် ၃ရောင်ရရှိမည်ဖြစ်ပြီး ဈေးနှုန်း ၂၇,၀၀၀ ကျပ်ရှိမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် Kangaroo International Yangon Office ဖုန်း-၀၆၁၀၄၅၄ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မည်ဖြစ်သည်။

ကျပ် ၁၅၀၀ တန်လိုင်းကတ်များအတွက် ၁ သိန်း၀ နှင့်ကျင်ရှိ Touch Screen Handset များကိုအသုံးပြုမှု ပိုမိုမြင့်မားလာ

မိုးသူ

ရန်ကုန်၊ ဇွန် ၁၃

၁၅၀၀ တန် SIM Card များအားအသုံးပြုခွင့်ပေးခဲ့ရာတွင် အဆိုပါလိုင်းကတ်များအား စတင်ချထားပေးစဉ်အချိန်က အသုံးပြုသူများသည်တန်ဖိုးနည်းဟန်းဆက်များကိုသာအသုံးပြုခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင်ကျပ်တစ်သိန်း၀နှင့်ကျင်ရှိ Touch Screen Handset များအားပိုမိုအသုံးပြုခဲ့ကြောင်းသိရသည်။ ယခင်စတင်ထွက်ရှိချိန်တွင် ၀ယ်ယူသူများမှ တန်ဖိုးနည်းဟန်းဆက်များအတွင်းစမ်းသပ်သုံးစွဲခြင်းသာ ပိုမိုများပြားခဲ့ပြီး တန်ဖိုးနည်းဖုန်းအတွက်တန်ဖိုးနည်းဟန်းဆက်ငယ်များကိုသာအသုံးပြုခဲ့ကြကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။ ယခုနောက်ပိုင်းတွင် အဆိုပါ ကျပ် ၁၅၀၀ တန် တန်ဖိုးနည်းလိုင်းကတ်များအတွက် အင်တာနက်အသုံးပြုခွင့်ရှိပြီး သည့်အချိန်တွင် အင်တာနက်အသုံးပြုရန်အဆင်ပြေလွယ်ကူသော Touch Screen Handset များကို ပိုမိုဝယ်ယူကြကြောင်းသိရသည်။

"လက်ရှိဝယ်ယူသူတွေထဲမှာ Dual SIM လဲဖြစ်တဲ့ Huawei Y210C ကိုဝယ်ယူမှုများကြပါတယ်။ Feature Headset ထဲမှာဆိုရင် Huawei 5700, Huawei 5736 စတာတွေကို လာရောက်ဝယ်ယူတာများပါတယ်" ဟု Try Call Mobile မှတာဝန်ရှိသူကပြောပြသည်။ "Touch Screen မှာ Y210C ကို ဝယ်ယူကြတယ်။ နောက်တစ်ခုက Galaxy Grand, Huawei 8813C စတဲ့မော်ဒယ်တွေကိုလည်း ဝယ်ယူကြပါတယ်။ Galaxy Grand ယခုနောက်ပိုင်းဟန်းဆက်နဲ့ Huawei ဟန်းဆက်ထဲက Internet သုံးလို့လည်းအဆင်ပြေပါတယ်" ဟု My Mobile မှလည်းပြောပြသည်။

"Huawei တံဆိပ်ထဲကဖြစ်တဲ့ Y210C ကစတာ့ရောင်းအားကောင်းပါတယ်။ သူပြီးရင်တော့ Huawei 8813D/8813 တို့က ရောင်းအားကောင်းပါတယ်။ လက်တလောဆရောင်းအားကောင်းနေတာက Sadar အမျိုးအစားပါ။ ဈေးနှုန်းကလည်း နှစ်သောင်း၀နှင့်ကျင်မှာရှိပါတယ်" ဟု Shwe Mobile မှပြောပြသည်။ "ဈေးကွက်ထဲမှာ ဝယ်ယူသူတော်တော်များများက ဈေးနှုန်းခုနှစ်သောင်းကျပ်ကနေ တစ်သိန်း၀နှင့်ကျင်ဖုန်းအမျိုးအစားတွေကို ဝယ်ယူကြပါတယ်။ လက်ရှိရန်ကုန်ဈေးကွက်အနေနဲ့လည်း သုံးလို့အဆင်ပြေတဲ့ဖုန်းအမျိုးအစား၊ နည်းပညာပိုင်း၊ ဈေးနှုန်းချင့်ချိန်မှုအမျိုးမျိုးဆုံးဖြတ်ပြီး ဝယ်ယူကြပါတယ်။ Feature နဲ့ Touch Screen ဝယ်ယူသူကခြေပြားပေမယ့် Touch Screen အသုံးပြုမှုနဲ့ဈေးနှုန်းခုနစ်သောင်းကျပ်ကနေတစ်သိန်း၀နှင့်ကျင်ဟန်းဆက်ဝယ်ယူမှုကတော့ အများဆုံးဖြစ်ပါတယ်" ဟု KMD Mobile မှတာဝန်ရှိသူကရှင်းပြသည်။

အဆိုပါကျပ်၁၅၀၀ တန်လိုင်းကတ်များအတွက် ယခင်က ကျပ် ၁၅,၀၀၀ နှင့် ကျပ် ၃၀,၀၀၀ ဝန်းကျင်ရှိတန်ဖိုးနည်းဖုန်းများကိုသာအသုံးပြုခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် ကျပ်၇၀,၀၀၀ မှ ၁၀၀,၀၀၀ ဝန်းကျင်အတွင်းရှိ အင်တာနက်အသုံးပြုနိုင်သော Touch Screen ဖုန်းများ ပိုမိုရောင်းအားသွက်လာကြောင်းသိရသည်။

မိုဘိုင်းဖုန်း Hardware & Software သင်တန်းဖွင့်လှစ်

မိုးသူ

ရန်ကုန်၊ ဇွန် ၁၀

မိုဘိုင်းဖုန်းပြုပြင်ခြင်းသင်တန်းတက်လိုသူများအတွက် မိုဘိုင်းဖုန်းပြုပြင်နည်း Mobile Hardware & Software သင်တန်းဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။ သင်တန်းတွင် Hardware ပြုပြင်ခြင်းနှင့် Software ပြုပြင်ခြင်းစသည်နှစ်မျိုးခွဲခြားမည်ဖြစ်သည်။ Hardware ပြုပြင်ခြင်းတွင် မိုဘိုင်းဖုန်းများအတွင်းရှိ Chipset များအကြောင်းနှင့် ၎င်းတို့အားပြန်လည်ပြင်ဆင်ခြင်းများကို အသေးစိတ်သင်ကြားပေးမည်ဖြစ်သည်။

"Software ပိုင်းမှာတော့ OS ထည့်သွင်းတာနဲ့ Software ထည့်သွင်းတာတွေအပြင် Hardware ပစ္စည်းဖြုတ်တပ်ခြင်းနှင့် လဲလှယ်ခြင်းတွေကိုပါ ထည့်သွင်းသင်ကြားပေးသွားမှာပါ။ On Job Training လိုမျိုးတွေကိုလည်းထည့်သွင်းပေးထားပါတယ်" ဟု အဆိုပါမိုဘိုင်းသင်တန်းမှ တာဝန်ရှိသူကရှင်းပြသည်။ သင်တန်းသားဦးရေ တစ်တန်းလျှင် ၆ဦး သတ်မှတ်ထားပြီး သင်တန်းကာလ ၂လကြာမြင့်မည်ဖြစ်သည်။ နယ်မြို့များမှလာရောက်သင်ကြားသူများအတွက် အခမဲ့အဆောင်ကိုပါ ထားရှိပေးထားကြောင်းသိရသည်။ သင်တန်းကြေးမှာ Software, Hardware တစ်ခုချင်းစီအတွက် ကျပ် ၃သိန်းစီရှိမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသူများအနေဖြင့် Mobile Logic ဖုန်း ၀၉၅၄၁၄၀၈၄, ၀၉၃၁၁၂၂၂၇၃ သို့ဆက်သွယ်နိုင်မည်ဖြစ်သည်။

တင်ဒါခေါ်အောင်မြင်ခဲ့သည့် အော်ပရေတာနှစ်ခုအနေဖြင့် အရှေ့တောင်အာရှတွင် အတွေ့အကြုံများရှိပြီးဖြစ်ဟုဆို

ရန်ကုန်၊ ဇူလိုင် ၁၂

မြန်မာနိုင်ငံတစ်ဝှမ်း ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ လုပ်ကိုင်ခွင့်တင်ဒါခေါ်အောင်မြင်ခဲ့သည့် အော်ပရေတာနှစ်ခုအနေဖြင့် အရှေ့တောင်အာရှတွင် အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှဇူလိုင်လ ၁၀ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။

အဆိုပါတင်ဒါခေါ်အောင်မြင်သည့်အော်ပရေတာနှစ်ခုအနေဖြင့်မြန်မာနိုင်ငံအတွင်း တယ်လီကွန်း ဆိုင်ရာကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းကို လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ အဆိုပါ ၂ခေါ်အော်ပရေတာနှစ်ခုအနေဖြင့် အခြားအော်ပရေတာနှစ်ခုနှင့်ယှဉ်ပြိုင်ကာမြန်မာနိုင်ငံအတွင်းရှိ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများအား ယှဉ်ပြိုင်လုပ်ကိုင်ရမည်ဖြစ်သည်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် Telenor နှင့် Ooredoo အားရွေးချယ်ခဲ့ပြီး အရန်အော်ပရေတာအနေဖြင့် Orange and Marubeni Corporation အားရွေးချယ်ထားသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲနေအစီအစဉ်အရဖြစ်ပေါ်လာမည့် ဆက်သွယ်ရေးကဏ္ဍဝန်ဆောင်မှုပုံစံတွင် တယ်လီကွန်း၀နှင့်ဆောင်မှုဖြစ်သည့် မိုဘိုင်း၊ ကြိုးဖုန်း၊ IT နှင့် အင်တာနက်ဝန်ဆောင်မှုတို့ကိုကုမ္ပဏီ ၄ ခုတို့က ယှဉ်ပြိုင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

Guide

-သီဟ

Windows Phone ပေါ်မှာ App တွေ နောက်ကွယ်မှာ Run မနေစေရန်ပြုလုပ်ခြင်း



သီဟ

မိုဘိုင်းဖုန်းအသုံးပြုသူတွေအနေနဲ့ သင်တို့အသုံးပြုတဲ့မိုဘိုင်းဖုန်းရဲ့နောက်ကွယ်မှာ Application တွေဟာ အမြဲတမ်း Run နေတတ်ပါတယ်။ ဒီလို Run နေတာဟာ သင်တို့ဖွင့်လိုက်တဲ့ Application တွေကို Back Key နဲ့ ပြန်ထွက်တာပဲဖြစ်ဖြစ် Home Key နှိပ်ပြီးထွက်တဲ့အခါမှာပဲဖြစ်ဖြစ် နောက်ကွယ်မှာအလုပ်လုပ်ဆောင်လျက်ရှိနေပါသေးတယ်။ Background မှာ Application တွေ Run နေတယ်ဆိုရင် သင့်ရဲ့ဖုန်းဟာလုပ်ဆောင်လျက်ရှိနေပါသေးတယ်။ Background မှာ Application တွေ Run နေတယ်ဆိုရင်သင့်ရဲ့ဖုန်းဟာ ပုံမှန်ထက်ပိုမိုပြီးစနစ်ကြိုးလေးလာတာမျိုးနဲ့ သက်ထရီကုန်မြန်တာမျိုးတွေကို ဖြစ်စေမှာဖြစ်ပါတယ်။ Windwos Phone OS ကိုအသုံးပြုတဲ့သူတွေအနေနဲ့လည်း သင်အသုံးပြုတဲ့မိုဘိုင်းဖုန်းရဲ့ နောက်ကွယ်မှာ Run နေတဲ့ App တွေကိုအပြီးသတ်ပိတ်ပစ်ဖို့နဲ့ ဆက်လက်အလုပ်မလုပ်စေဖို့အတွက်ပြုလုပ်ရိုင်မှာဖြစ်ပါတယ်။

Windwos Phone 8 ရဲ့ Multitasking Panel မှာသင်ဖွင့်ထားတဲ့ App တွေအများအပြားနဲ့ အခြားအရာတွေကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ Background မှာ App တွေနဲ့အခြားအရာတွေ Run မနေစေဖို့အတွက် Start Menu က Settings ကိုသွားရမှာဖြစ်ပါတယ်။ Settings ထဲကိုရောက်ပြီဆိုရင်တော့ Application အောက်က Background Task အောက်ကိုသွားရပါမယ်။ အဲဒီအောက်မှာမှ Power Planer ဆိုတာကိုရွေးချယ်ပေးရပါမယ်။ Power Planer အထဲမှာမှ Block Button ကိုနှိပ်ပေးထားလိုက်တယ်ဆိုရင် သင်ဖွင့်တဲ့ App တွေနဲ့အခြားသော Multitasking Panel မှာကျန်ခဲ့မယ့် ဖွင့်ထားတဲ့ Cache တွေဟာ Back Key နှိပ်ပြန်ထွက်လိုက်တဲ့အခါတိုင်းမှာ အကုန်လုံးပြန်ပိတ်ပေးခဲ့မှာဖြစ်ပါတယ်။

Software

TeamViewer

သီဟ

နိုင်ငံတကာတွင် Professional Developer အဖြစ် အသက်မွေးမ်းမံကျောင်းပြမည်. Web Developer များ IT ဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု Developer လက်မှတ် ရယူလိုသူများအတွက် ကမ္ဘာပေါ်တွင်အသုံးအများဆုံး Language များဖြစ်သည်. Asp.Net,PHP,Java တို့.ကို နိုင်ငံတကာ သင်ရိုးများအတိုင်း သင်ယူရမည်ဖြစ်ပြီး Drupal,Wordpress,Joomla အစရှိသည်. CMSများဖြင့် Dynamic Site ပေါင်းများစွာကို ကိုယ်တိုင်ပြုလုပ်၍ လက်တွေ့လုပ်ငန်းခွင် သို့. Professional Developerအဖြစ်စတင်ဂင်ရောက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။မိုတိုင်းဗုန်းဖြင့် onlineတွင်သာမက offline တွင် ပါအလွယ်တကူ ဖတ်ရှုနိုင်သော ဂျာနယ်website များဖန်တီးခြင်း စသည့် mobile web developer course ကို ပါတွဲဖက်သင်ကြားရမည်ဖြစ်ကာသင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် နံနက်(၉)နာရီမှညနေ(၄)နာရီအထိ အချိန်ပြည့်. (၃)လတက်ရောက်ရ မည်ဖြစ်ပြီး အခြေခံမရှိသူများလည်း တက်ရောက်နိုင်ပါသည်။သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်သို့.တိုက်ရိုက်ဂင်ရောက်နိုင်မည်ဖြစ်ပြီး နယ်ကျောင်းသားများအတွက် အဆောင်စီစဉ်ထားပါသည်။

Cisco Boot Camp
CCNA+CCNP(Route)
100% PASS4SURE

CCNP လက်မှတ်ရဆရာကိုယ်တိုင်သင်ကြားပြီးCCNP ကိုတနေ့ရာတည်းတွင်သင်ယူနိုင်သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍကျယ်ပြန့်လာသည်နှင့်အမျှ Network Industryတွင်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လာသော Cisco နည်းပညာများကို စနစ်တကျသင်ယူနိုင်စေရန်၊ကမ္ဘာလုံးဆိုင်ရာ Network ကွန်ယက်တွင် မဖြစ် မနေအသုံးပြုရသော Cisco Device များကိုကျွမ်းကျင်စွာအသုံးပြုနိုင်ရန်၊ Cisco Certified Network Professional (CCNP) တဦးအဖြစ်ပြည်တွင်းပြည်ပတွင်ရရှိတည်နိုင်ရန်နှင့် ICT Industry အတွက်လိုအပ်သောလူစွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ဖွင့်လှစ်သောCiscoBootCamp ဖြစ်ပါသည်။CCNAနှင့်CCNP (Route)တို့.ကိုနိုင်ငံတကာသင်ရိုးအတိုင်းသင်ကြားကာအဆင့်မြင့်Cisco Router များ၊ Switch များဖြင့် မနက်၉နာရီ မှညနေ၄နာရီထိ (၃)လသင်ကြားရမည်ဖြစ်သည်။Theory နှင့် Projectများကိုကျွမ်းကျင်ပိုင်နိုင်မှသာCisco Exam ကိုဂင်ရောက်ဖြေဆိုရသောကြောင့် Exam အောင်မြင်မှု 100% ရရှိထားပါသည်။

Service+ Engineering

Professional A+
CompTIA Network+
CCTV & Wan IP Camera
Windows-8 (MCP)
Wireless Technology
Online Server Configuration

လက်တွေ့ လုပ်ငန်းခွင်သို့ တိုက်ရိုက် ဝင်ရောက်ရမည့် လုပ်ငန်းခွင် အကြိုသင်တန်းဖြစ်သည်။ A+,N+ တို့.ကို CompTIA ၏ နိုင်ငံတကာသင်ရိုးဖြင့်သင်ကြားကာWindows 8ဘာသာရပ်ကို ထပ်မံသင်ယူရမည်ဖြစ်ပြီး Exam အောင်မြင်ပါက Microsoft မှဒီးပြုသည်. MCP လက်မှတ်ရရှိမည်ဖြစ်သည်။အဆိုပါသင်တန်းပြီးဆုံးပါက နိုင်ငံခြား ကုမ္ပဏီများ ပြည်တွင်းကုမ္ပဏီများတွင် ဒီဇိုင်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်ဖြင့် IT ပညာရှင်နယ်ပယ်တွင် Professional Service Engineer အဖြစ် စတင်ဂင်ရောက်လုပ်ကိုင်နိုင်မည့်တစ်ခုတည်းသော လုပ်ငန်းခွင် လက်တွေ့အသုံးချသင်တန်းဖြစ်ပါသည်။ သင်တန်းမှာ ၁၀၀% Lab Base ဖြစ်သောကြောင့် လက်တွေ့အနေဖြင့် Touch Screen Computerများဖြင့် WanIpCameraများ၊ OnlineIP-Serverများ၊ Cisco Router,Firewall, များစ သည့်သင်ထောက်ကူပစ္စည်းများစုံလင်စွာဖြင့်နေ့စဉ်နံနက်(၉)နာရီမှညနေ(၄)နာရီအထိအချိန်ပြည့် (၃လ)တက်ရောက်ရမည်ဖြစ်သည်။အခြေခံမရှိသူများလည်းတက် ရောက်နိုင်ပါသည်။

သင်တန်းပြီးပါက IT Company များတွင်အလုပ်ရရှိရန် စီစဉ်ထားပါသည်

အမှတ်-၂၁/၂၃၊ ဒုတိယထပ်ယာ၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်။ ၀၁-၅၁၁၄၉၄၄ ၊ ၀၉-၇၃၀၂၅၅၄၄၅ ၊ ၀၉ ၄၅၀၀၁၁၆၀၄၀ နယ်ကျောင်းသားများအတွက် အဆောင်စီစဉ်ထားသည်။

EC-Council
သင်ဘီပါသလား

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော
သတင်းအချက်အလက် နှင့် ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ
C|EH Certified Ethical Hacker
နိုင်ငံတကာအသိအမှတ်ပြု EC-Council သင်တန်းကျောင်း

- ယနေ့ ကမ္ဘာပေါ်တွင် Demand အလွှဲအလယ်းအများဆုံး နှင့် လစာအမြင့်ဆုံး Professional လက်မှတ်တစ်ခု
- နိုင်ငံတကာနှင့်ပုံစံတူသင်ကြားမှုစနစ်၊ အလွှဲအရေး၊ Courseware Original နှင့် အသက်သာဆုံး ကုန်ကျစရိတ်
- မြန်မာနိုင်ငံ၏ E-business, E-process Banking အစရှိသည်တို့အတွက် မဖြစ်မနေ လိုအပ်နေသော Skill Certification

- Original Courseware/Kit
- Exam Voucher
- Effective Training (CEH)
- Free I-Lab (USD 300)
- 20% off/ Latest New Version

Discount 20%

သင်တန်းပြီးဆုံးပါက Ethical Hacker [Security Admin] များအဖြစ်ရရှိတည်နိုင်ပါပဲ

EC-Council (Myanmar) No. 184, BoAungKyaw Rd., Botahtaung Township.
Phone 392165, 392983, 09-5126108

A reputable International School in Yangon is seeking the candidates for the following posts.

1. Technical/Systems Coordinator (TSC) (M aged between 28 and 45)
   – Must have a degree in IT and be able to manage the local area network, server functions and organization, and user systems, the installation of all front-end (user) and back-end (infrastructure) school-wide technology systems, peripherals, apparatus, and software. At least a 4 year experience in the field is required.
2. Receptionist (M/F aged between 22 and 30): Must have good and friendly looking personality, good English speaking skills. Experience in front office operation or customer service field will be an advantage.

Qualified and interested persons in the posts may send their CV forms to Ms. Thin Thin Htay at thinthin@yismyanmar.com or call 0973044271 and 01 578171 by July 23, 2013.

idol
be qualified, be idolized

IDOL TRAINING PROVIDER

ဧရိယမ်းရန် 097 320 9966 / 097 320 4613 / 094 211 22773

No(221), Botataung Pagoda Road, Pazundaung Township, Yangon.

A+ Start at 22 - July (Mon - Tue) 9:00 ~ 11:00
Computer တစ်လုံးကိုတွန်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်နိုင်သိမ်းနိုင်မည့်အပြင် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် သိသင့်သည်များကို အထောက်အကူပြုစေမည့် သင်တန်းဖြစ်ပါသည်။
Theroy/Practical/Troubleshooting/ General Knowledge/Project များလုပ်ဆောင်ရမည်။

APPLIED ICT Start at 27 - July (Sat - Sun) 9:00 ~ 11:00
တတ္တသိုလ်ဝင်တန်းဆောင်ပြင်ပြီးသူများနှင့် ကွန်ပျူတာကို အခြေခံမရှိ ရေလာရွှင်သူများ အတွက် အခြေခံအသုံးပြုနည်းများ။ Word၊ Excel၊ PowerPoint၊ Internet-Email အစရှိသည်တို့ကို သင်ကြားပေးမည့် သင်တန်းဖြစ်ပါသည်။

Network+ Network Engineering Start at 22 - July (Mon-Tue-Wed) 5:00 ~ 8:00 / Start at 20- July (Sat-Sun) 4:00 ~ 8:00
Network Engineering Level တွင် မသိမဖြစ် Networking Concept များ၊ Devices၊ Security၊ Wireless၊ IPv4/IPv6 အစရှိသည်တို့အပြင် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် အထောက်အကူပြု ဖေမည့် Cyber Cafe Management/ Structured Cabling/ Security Concept/ Firewall တို့ကိုပါ သင်ကြားပေးမည့် သင်တန်းဖြစ်ပါသည်။
CompTIA N+ ကိုအခြေခံ၍ သင်ကြားပေးပါသည်။

Advanced System Engineering Start at 20- July (Sat-Sun) 1:00 ~ 3:00
Server 2008R2/2012 တို့ကိုအခြေခံ၍ လက်ရှိလုပ်ငန်းခွင်တွင် အသုံးအများဆုံး Service များဖြစ်သော AD/ACLs/DHCP/Web Name Server/Mail (Exchange 2010)/FTMG/Proxy Server အစရှိသည်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ တိုးသိမ်းနိုင်မည်ဖြစ်သည်။ INGO/NGO/Banking System တို့တွင်လည်း System Engineer အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

Microsoft CERTIFIED MCSA/MCSE Start at 21- July Sunday 10:00 ~ 01:00
Microsoft Certification Package MCSA/MCSE တန်းခွဲသစ် 70-687 (Windows 8 Configuration) 70-410 (Installing and Configuring Windows Server 2012)

လုပ်ငန်းခွင်တွင် မဖြစ်မနေ လိုအပ်သည့် International Certified

PROFIT Computer Training Centre 30 % Off
ဆင်တန်းကိုဆင်တန်းလို သင်တာထက် တကယ့်လုပ်ငန်းခွင်အတိုင်း လက်တွေ့လုပ်ထက်အောင် သင်တာပါ

Practical A+ Special Course

Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များ အပြင် စနစ်တကျ ပြုပြင်တပ်ဆင်ခြင်း ၊
Windows XP, 7, 8, Driver, Software, Game Installation,
DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security ,Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ .....
Networkingအခြေခံကိုလည်းကောင်းသွင်းသင်ကြား ပေးပါသည်။
ACER နှင့် MSI မှ Computer Technician များမှ Laptop များအကြောင်း ကူညီပံ့ပိုး သင်ကြားပေးမည် ဖြစ်ပါသည်။
Mon to Thur 1:00 to 3:00 3:00 to 5:00 PM
Sat & Sun 1:00 to 3:00 PM
ရုံးချိန်ဖြင့်မ Mon to Thurs 6:00 to 8:00 PM

Networking Special Course

CompTIA Network+ ကို သင်ရိုးအဖြစ်ထားရှိပြီး Networking ကို အခြေခံမှ စ၍ Network Engineer တစ်ဦးအဖြစ် ရပ်တည်နိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်သည် Modem, Switches, Routers, CPE, Omini စသော Network Device များကိုကျွမ်းကျင်စွာ ကိုင်တွယ်နိုင်အောင် လေ့ကျင့်သင်ကြားပေးမည့် အပြင် Server Based Network Configuration, DHCP Server, DNS Server, IP V4, IP V6, Port Filter, MAC Filtering, Firewall, Network Administration, Wireless Indoor/ Outdoor Configuration & Security များကို စာတွေ့./လက်တွေ့.ပေါင်းများစွာဖြင့် သင်ကြားပေးပါမည်။

Graphic Design Course + Project

ဓါတ်ပုံ အသစ် /အဟောင်းများ ပြုပြင်ခြင်း ၊ ကြော်ငြာဒီဇိုင်း၊ ဗီဒီယို၊ ပြက္ခဒိန်၊ မွေးနေ့ကဒ်၊ Visiting Card , Wedding Card ၊ Phamplet, Logo Design, CD Sticker Design, Voucher Design, Background Design များဖန်တီးခြင်း၊ လှပဆန်းပြားသော စာလုံးပုံဗိုလ်ဒီဇိုင်းများ ဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ ကုန်ပစ္စည်း ဇာတ်ပိုးမွှားခွဲဒီဇိုင်းများ၊ စာအုပ်မျက်နှာဖုံး ဒီဇိုင်းများ ဖန်တီးခြင်း၊ Layout ချခြင်း၊ စာအုပ် စာစောင်ပို့ခြင်း စသည်တို့ကို ပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျ လေ့ကျင့် သင်ကြားပေးပါသည်။ ကိုယ်တိုင် Projectများ လေ့ကျင့် ပြုလုပ်ရမည်။

Adobe Photoshop. Illustrator , InDesign CS5

Mon to Thur 11:00 to 1:00, Mon-Thur 3:00 to 5:00PM
Sat & Sun 9:00 to 11:00 Sat & Sun 1:00 to 3:00 PM
ရုံးချိန်ဖြင့်မ Mon to Thurs 6:00 to 8:00 PM

Video Editing & Animation Course

ရုပ်ထဲ၊ ဗီဒီယာ လောကတွင် တည်ဖြတ်ပညာရှင်အဖြစ် လုပ်ကိုင် လိုသူများ အလှူ-မင်္ဂလာဆောင်အခွေ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဒီဇိုဂို တော်ကာအခွေများ တည်ဖြတ်ခြင်း၊ ကာရာအိုကေ တေးသီချင်းများ၊ စာတန်းထိုးခြင်းများကို လုပ်ကိုင်လိုသူများအတွက် – ဂိုက်ကူးရေး အယူအဆများအပြင် **Vedio-Editing**(ရုပ်-သံတည်ဖြတ်ခြင်း) **Title Effect** စာတန်းများ လှပစွာထိုးခြင်း၊ လှပသော **Transition** များ ထည့်ခြင်း၊ **Croma** စာခြင်း **VCD/ Karaoke** စာတန်းထိုးခြင်း **DVD Menu** ပြုလုပ်ခြင်း **Format** ပြောင်းခြင်း **Subtitle** ခွဲခြင်း **Premier**နှင့် **AfterEffect** ဆိုက်ဆက်အသုံးပြုခြင်း တို့ကို အခြေခံမှစ၍ လုပ်ငန်းခွင်လုံး **Project** များဖြင့် နေ့စဉ်တကျ လေ့ကျင့်သင်ကြားပေးပါသည်။

Adobe Premiere CS5 ,Adobe After Effect CS5 Adobe Encore CS5, TMPEG

Other Application Courses DTP I-Office Advanced Excel

Professional Service Course (Special Camp)

CompTIA A+, Network+ စာအုပ်များကို သင်ရိုးမှန်စွာ ထား၍ သင်ကြားပေးမည့် အခြင် Computer (Hardware & System) ပိုင်များနှင့် Network (Wire / Wireless) ချိတ်ဆက်ခြင်းကို စနစ်တကျ ကျွမ်းကျင်အောင် သင်ကြား ပေးမည်ဖြစ်ပါသည်။ Mcrosoft Exam အတွက် အထောက်အကူပြုစေရန် နှင့် လုပ်ငန်းခွင်တွင် ပိုမိုကျွမ်းကျင်စေရန် Windows 7 နှင့် 8 ကိုလည်းထည့်သွင်း သင်ကြားပေးမည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက Professional Sercive Technician တစ်ဦးဖြစ်အောင် Camp သွင်း၍ စာတွေ့, လက်တွေ့, စနစ်တကျ သင်ကြားပေးသော တန်းခွဲဖြစ်ပါသည်။

- Professional A+
- Networking
- Microsoft Windows 7, 8
- CCTV & IP Camera

Mon to Fri 9:00 to 12:00 12:00 to 3:00 PM
ရုံးချိန်ပြင်ပ Mon to Sat 6:00 to 8:00 PM

18 (D-5), ဦးထွန်းလင်းခြံလမ်း၊ သပြေညို (၁) လှည်းတန်း၊ ကမာရွတ်။ Phone: 09-73084751, 09-420160229 မဲ့မှန်တန်းခွဲများနှင့် ရုံးချိန်ဖြင့်မ (7:00 - 8:30AM, 6:00 - 8:00 PM)တန်းခွဲများဖွင့်လှစ်ထားပါသည်။

အဆင့်မြင့် အင်တာနက်အသုံးပြုနည်း Website များရေးတင်နည်း ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း

Advance Guide to Using Internet
အဆင့်မြင့်အင်တာနက်အသုံးပြုနည်း
မျိုးသူရ

Download အမြန်ဆုံးရယူနည်း။
Upload ပြုလုပ်ပြီး Data File သိမ်းဆည်းနည်း။
Post များ၊ Blog များ ပြောင်းလဲပြုပြင်ပြီးတင်နည်း။
စသည်ဖြင့် အဆင့်မြင့်အသုံးပြုနည်း မျိုးစုံပါဝင်သည်။

အစမဲ့
Websiteများရေးတင်နည်း
မျိုးသူရ

ကိုယ်ပိုင်Domainအမည်ဖြင့်Emailအသုံးပြုနည်း

Joomla ဖြင့်ရေးနည်း Dreamweaver ဖြင့်ရေးနည်း

Web-sites ရေးဖွဲ့ရန် အခြေခံသိမှတ်စရာများနှင့် Software များ၊

PC Hardware A+
ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း
မျိုးသူရ

ကွန်ပျူတာစတင်တပ်ဆင်အသုံးပြုသူများအတွက်.....
ကွန်ပျူတာစတင်တည်ဆောက်တပ်ဆင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊
ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်း တစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်ခုစီကို အစားထိုး လည်းလှယ်နည်းနှင့် Troubleshooting
ကွန်ပျူတာ အစိတ်အပိုင်းတစ်ခုနှင့် တစ်ခု ဆက်စပ်လုပ်ဆောင်နေကြပုံ၊
ကွန်ပျူတာ၏အစိတ်အပိုင်းတစ်ခုချင်းစီရဲ့ အခြေခံသိရှိရှိ သဘောတရားနှင့် upgrading
ပိမိနှင့် သင့်တော်မည့် ကွန်ပျူတာတစ်လုံး ရွေးချယ်ဝယ်ယူတော့မည်ဆိုရင်

ထွက်ပြီ မျက်မှန်စာပေ – မုန်း–၀၉–၇၃၀၀ ၂၉၆၅ ၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

တရုတ်စာလေ့လာလိုသူများအတွက် လေ့လာနိုင်မည့် ဝက်ဘ်ဆိုက်

http://www.loecsen.com/travel/0-en-67-2-18-free-lessons-chinese.html



တရုတ်စာကို အခြေခံကနေ စတင်လေ့လာလိုသူများအတွက် တရုတ်ဘာသာစကားကို လေ့လာနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာတရုတ်စာများအပြင် အသံတွက်ကို အင်္ဂလိပ်စာလုံးဖြင့် ဖတ်ရှုပုံတို့ကိုပါ ဖော်ပြပေးထားသလို တရုတ်မူရင်းအသံကိုပါအသံဖိုင်နဲ့ဖော်ပြပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဒီဝက်ဘ်ဆိုက်မှာ တရုတ်စာနေ့စဉ်သုံးစကားဖြစ်သောအကြောင်းအရာများကို တစ်ခုချင်းစီ တင်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နေ့စဉ်သုံးဖြစ်တဲ့လူတစ်ဦးနဲ့တစ်ဦးတွေ့ဆုံရှုတ်ဆက်ပုံလမ်းခွဲရှုတ်ဆက်တဲ့အချိန်မှာပြောဆိုသုံးနှုန်းများကိုဖော်ပြပေးထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ တရုတ်အသံတွက်နဲ့ပြောဆို တဲ့စကားလုံးများရဲ့ အဓိပ္ပာယ်တွေကို အင်္ဂလိပ်ဘာသာစကားနဲ့ပြန်လည်ရှင်းလင်း ဖော်ပြပေးထားတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ရှုတ်ခွန်းဆက်စကားလုံးများသုံးရှုန်းပြီးတဲ့နောက်မှာတော့ လူတစ်ဦးနဲ့တစ်ဦး စကားပြောဆိုတဲ့စကားပြောလေ့ကျင့်ခန်းကို လေ့လာရင်ဖို့အတွက် တင်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ သင်ခန်းစာအမျိုးအစားပေါင်း ၁၇ ခန်းထားရှိပြီး သင်ခန်းစာတစ်ခုချင်းစီမှာစကားပြောဆိုပုံတွေကို အသံဖိုင်နဲ့တကွ လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်။ အသံဖိုင်တွေကို Download လုပ်ယူလိုသူများအတွက်လည်း Download Link ကို ပေးထားမှာဖြစ်ပါတယ်။

ပြောဆို သင်ကြားပေးသွားတဲ့ သင်ခန်းစာတွေရဲ့ အဓိပ္ပာယ်ကို အင်္ဂလိပ်လိုမဖတ်ချင်သူများအတွက် Thai အပါအဝင် အခြားဘာသာစကား ၁၇ မျိုးနဲ့ အဓိပ္ပာယ်တွေကို ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ နေ့စဉ်သုံး တရုတ်စကားပြောကို အလျင်အမြန် တတ်ချင်သူများအတွက် အရေးပေါ်အသုံးပြုနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်ပါတယ်။ လေ့ကျင့်ခန်းများစွာကို အဆင့်လိုက်တစ်ခုပြီးတစ်ခု လေ့လာသင်ယူသွားနိုင်သလို လေ့ကျင့်နိုင်မှာဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်ဟာ သွားလေရာမှာ လေ့ကျင့်ရတာ အဆင်ပြေစေဖို့အတွက် Tablet Version ကိုလည်း အထောက်အပံ့ပေးထားမှာ ဖြစ်ပါတယ်။

တရုတ်ဘာသာစကားပြောကို လေ့ကျင့်သင်ကြားလိုသူများအတွက် အသုံးဝင်ပြီး အလွယ်တကူ လေ့လာသင်ယူနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။

Education Q&A

Q *ဆေးတွေ့ကျောင်းဝင်ခွင့်နဲ့ ပတ်သတ်ပြီး ကြေးမုံသတင်းစာမှာ နိုင်ငံခြားတ MBBS နဲ့ညီတဲ့ Qualification တွေကို မြန်မာနိုင်ငံဆေးကောင်စီက စာမေးပွဲဖြေပြီး အရည်အချင်းပြည့်မီသူတွေကို ဆေးကုသခွင့်အတွက်ခွင့်ပြုမယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံတွေမှာ MBBS ဘွဲ့ရပြီး မြန်မာနိုင်ငံမှာ ပြန်လည် လုပ်ကိုင်လို့ ရနိုင်ပါ့မလား သိလိုပါတယ်။*

A နိုင်ငံတကာမှာ ဆေးပညာဘွဲ့သင်ယူခြင်းနဲ့ ပတ်သက်ပြီး အရေးအကြီးဆုံးလိုအပ်ချက်ကသက်ဆိုင်ရာနိုင်ငံဆေးပညာကောင်စီက (တရုတ်နိုင်ငံ သို့မဟုတ် မလေးရှားနိုင်ငံ သို့မဟုတ် မိမိတက်ရောက်မယ့်နိုင်ငံ) ထုတ်ပေးမယ့်ဆေးကုသခွင့်လိုင်စင်က အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒါကြောင့် မည်သည့်နိုင်ငံမှာ MBBS ကိုတက်ရောက်သည်ဖြစ်စေ၊ အဲဒီတက္ကသိုလ်က ဆေးကုသခွင့်လိုင်စင်ထုတ်ပေးသည့်အထိ တာဝန်ယူနိုင်၊ မယူနိုင် တိတိကျကျမေးမြန်းစုံစမ်းဖို့လိုအပ်ပါတယ်။

ဇူလိုင်လဒရက်ထုတ်ကြေးမုံသတင်းစာပါကြေညာချက်နဲ့ပတ်သက်ပြီး၊ အပိုဒ် ၁ အပိုဒ်ခွဲ ၊ ပါဖော်ပြချက် အရသက်ဆိုင်ရာနိုင်ငံဆေးကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့် အထောက်အထားဆိုတဲ့အချက်ပါပါတယ်။ အဲဒီအချက်နဲ့ပြည့်စုံမှုဒီမှာ ဖြေဆိုခွင့်ရနိုင်မှာဖြစ်တယ်လို့ယူဆနိုင်ပါကြောင်း ဖြေကြားလိုက်ရပါတယ်။

Q *ဝင်တာမှာရှိတဲ့ Yong Loo Lin School of Medicine အကြောင်း သိချင်ပါတယ်ခင်ဗျာ၊ မြန်မာတွေကျောင်းသားတွေ တတ်လို့ရပါသလား။ အသတ်တန့်သတ်ချက်ရှိပါသလား။ တတ်လို့ရရင် မြည်တွင်းမှာ ဘာတွေ လေ့လာ ပြင်ဆင်သွားရမယ်ဆိုတာတို့ ပြောပြပေးပါခင်ဗျာ၊*

A Yong Loo Lin School of Medicine ဟာ စင်ကာပူအမျိုးသားတက္ကသိုလ်မှ ဝင်ခွင့်အခက်ခဲဆုံး ဘာသာရပ်ဖြစ်ပါတယ်။ ပြည်တွင်းမှာသီးသန့်လေ့လာပြင်ဆင်သွားလို့မရနိုင်ပါ။ ကျောင်းဝင်ခွင့်သတ်မှတ်ချက်များကိုအကြမ်းအားဖြင့် နားလည်ဖို့လိုပါတယ်။ ယေဘုယျအားဖြင့် ရှင်းပြရမယ်ဆိုရင်တော့ Yong Loo Chin School of Medicine ဝင်ခွင့်အတွက် အမှတ်ခန့်မှန်းပေါ်မှာမူတည်ပြီးဝင်ခွင့်စဉ်းစားလေ့ရှိပါတယ်။ တက္ကသိုလ်ဘက်ကပေးတဲ့ရမှတ်နဲ့ (University Score) နဲ့ဌာနဘက်ကပေးတဲ့ (Faculty Score) ဆိုပြီးရှိပါတယ်။ တက္ကသိုလ်ဘက်ကပေးတဲ့ရမှတ်ဆိုတာ University of Admission ကနေပြီး လျှောက်ထားတဲ့ကျောင်းသားတွေရဲ့ပညာရေးဆိုင်ရာထူးချွန်မှုမှတ်တမ်းတွေကိုစစ်ဆေးတာဖြစ်ပြီး၊ ၅၀ ရာခိုင်နှုန်းအမှတ်နဲ့ Faculty Score ကိုတော့ School of Medicine ဘက်က Focused Skills Assessment (FSA), Situational Judgement Test (SJT) နဲ့ Portfolio Review တွေပေါ်မှာ ၅၀ ရာခိုင်နှုန်းပေးတာဖြစ်ပါတယ်။

CROWN Education မှ တူညီဖြေကြားသည်။

Myanmar SoftCom Technology

Professional Mobile Training Center

Mobile service ကိုစိတ်ဝင်စားသူများနှင့် **Mobile Phone** ဆိုင်ဖွင့်လိုသူများအတွက် တန်းခွဲသစ် (Mon-Fri/Sat-Sun) 22.7.2013 ၊12.8.2013 ၊10.8.2013

Only 5 Persons per class (Limited Seat)

Special Fees 200000 ks

Professional Mobile Technician Course

Mobile Phone Software Configuration — Mobile Phone ပြုပြင်ခြင်းနယ်ပယ်တွင် စနစ်ကျော် အတွေ့အကြုံရှိဆရာများကိုတိုင်သင်ကြားပေးမည် — Mobile Phone Hardware Replacing

iOS
- History And Version
- Crack game and App installation
- System restore and backup
- Software installation & Config
- Jailbreaking Techniques
- Firmware upgrade & downgrade
- Cracking official Application
- Network unlock(soft/hard)
- Software error protect system
- Online/Offline deb installation
- Creating Custom Firmware
- iPhone buying guide
- iTunes Error Checking
- Using Mutitunes

Android OS
- History and Version
- System backup and restore
- Software Installation & Config
- Root for all Devices
- S-ON/OFF, Bootloader Unlock
- Firmware upgrade/downgrade
- Downgrade Hboot Version
- Custom ROM installation
- Using ADB Command
- Install Myanmar Font
- Install driver for all devices
- Network Unlocking
- Convert Android to Windows

Symbian OS
- History of Symbiam
- Model & Version
- Firmware upgrade & Restore
- Application installation
- Hacking Techniques
- Software Error Repair
- Convert Symbian to Android
- Unlocking(SL1/Sl2/SL3)
- Installing Myanmar Font

Other Courses
- Windows Phone
- Blackberry Phone
- China Phone
- CDMA 450/800
  * Firmware backup & restore
  * Flashing firmware
- Dead boot Repairing for Android

** သင်ကြားသော သင်ရိုးညွှန်းတမ်းတွင် ကျမ်းကျင်ပိုင်နိုင်မှုမရှိပါက သင်တန်းကြေး ပြန်ပေးမည်။ **

Special Promotion [Software+Hardware=350000]

Hardware
- Basic Electronic
- Error checking & Detect
- iPhone hardware replacing
- Symbian phones hardware replace
- iPhone phones hardware replace
- Windows phones hardware replace
- Blackberry phones hardware replace

Phone Tools Box

*SETool 3	*SELG Fusion
*Best Key	*XTC Clip
*Spider Man	*Volcano
*ATF	*HWK
*Riff	*JTag Pro
* Octopus	*Z3X

*** တစ်ခြားသင်တန်းများနှင့်မတူညီသော အားသာချက် (၁၃) ချက် ***

1.Software နှင့် Hardware နှစ်ခုလုံးကို လူတိုင်းတက်နိုင်ရန် ဈေးနှုန်းချိုသာစွာ ဖွင့်လှစ်ပေးခြင်း။2.သင်တန်းတက်လျှင် ကြိုက်နှစ်သက်ရာ Box ကိုရွေးချယ်ပါသင်ကြားပေးပါမည်။သင်တန်းသားတိုင်း Box ကို ကျမ်းကျင်စွာသုံးတတ်စေရမည်။3.Hboot Downgrade ဆင်းပုံကို စနစ်တကျသင်ကြားပေးမည်။4.တစ်သက်တာနည်းပညာ အခမဲ့ထောက်ပံ့ပေးခြင်း။5.SSH Services ကိုသေချာနားလည်စေရမည်။6.ကြိုးစားသူများကို iOS/Android Developing တွင်ဝင်ရောက်ရေးသားနိုင်ရန် MST မှ ကူညီပြီး Cydia Source များကို မိမိကိုယ်တိုင် တည်ဆောက်နိုင်သည်အထိApple ၏ iOS Developer ကိုယ်တိုင်သင်ကြားပေးမည်။7. သင်တန်းကာလအတွင်းမှ service phone တွေကိုလက်တွေ့ပြင်ရမည်။8.သင်တန်းပြီးလျှင်လည်း လိုအပ်သည့် data များကိုပေးခြင်းအပြင် မိမိဖုန်းဆိုင်ရှိပါက ဖုန်းဆိုင်မှ service အလုံးများကိုပါလက်ခမဲ့ပြင်ပေးခြင်း။9.Mobile Basic သင်တန်းကိုအခမဲ့သင်ကြားပေးခြင်း။10.သင်တန်းပြီးလို့ မကျမ်းကျင်သေးရင် free အနေနဲ့ နောက်တစ်တန်းလိုက်တက်နိုင်ခြင်း။ 11.Software/Hardware မွမ်းမံသင်တန်းများကိုအခမဲ့သင်ကြားပေးခြင်း။12.သင်တန်းပြန်လည်ဖွင့်လှစ်မည့် သင်တန်းသားများကိုနည်းပညာကူညီပေးခြင်း။13.Phone သင်တန်းများတက်ပြီး ဘာမှမသိသူများအတွက် အထူးမွမ်းမံသင်တန်းများပို့ချပေးခြင်း။[လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်]

Ph: 09-5401040,09-428130197,09-450058374, Address:Building 6/Room 65/Hlaing Yadanar Housing /Hlaing Township/Yangon

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

Gusto
IT Professional Institute

Think ICT Pro . . . . .

Join Gusto

Design Pattern Course For Working Professionals

နိုင်ငံတကာရှိ IT လုပ်ငန်းခွင်တွင် အောင်မြင်သော Programmer တစ်ဦးအဖြစ် ရေရှည်ရပ်တည်လိုသူတိုင်း လေ့လာထားသင့်သော ပညာရပ်ဖြစ်ပါသည်။

Design Pattern များကို ကျွမ်းကျင်စွာ နားလည်သဘောပေါက်ထားခြင်း အားဖြင့် မိမိကိုယ်တိုင် ရေးသားမည့် Software တစ်ခုကို Architecture ကောင်းကောင်းဖြင့် ရေးသားနိုင်မည်ဖြစ်ပြီး၊ နောင်အသစ်အသစ် ထွက်ပေါ်လာသော နည်းပညာများကိုလည်း မိမိကိုယ်တိုင် အလွယ်တကူ လေ့လာနိုင်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် အသုံးအများဆုံးသော GoF Design Pattern အယူအဆ များကို JAVA နှင့် C#.Net Language (၂) မျိုးကို အသုံးပြု၍ လက်တွေ့ဥပမာများနှင့်တကွ လေ့လာရမည်ဖြစ်သည်။

No.26, 14th Street, Lanmadaw Tsp., Yangon. Ph: 01-224496, 09-73031302

Green River Community College

Green River COMMUNITY COLLEGE

Admission Requirenents

- Completed International Student Application
- Financial statement
- $50 non-refundable application fee
- Applicants must be at least 16 Years old

Housing Selection and Fees as applicable
-$300 placment fee for Campus Corner Apartments or Homestay

- Transcript From last school attended sealed by school (reconnended)
- Copy of passport

TOEFL/IELTS Requirenents

TOEFL 61/173 /500 ,IELTS5.5 all bonds 5.0+
=Admisson to Academic

Costs	Quarter (3 months)	Academic Year (9 months)
Total Cost	$5,995	$ 17,985
Tuition	$ 3,200	$9,600
Extimated Expenses	$2,795	$ 8,385
Living	$ 2,446	$7,338
Fees	$ 149	$447
Books	$200	$600

" Free Seminar "

DATE : JULY 21, 2013 (SUNDAY)
TIME : 10:00 (AM) TO 01:00 (PM)
VENUE: SUMIT PARK VIEW HOTEL (PINYA HALL)

PLEASE CONTACT: GOLDEN SILVER STAR
Ph: 0973060024
EMAIL: peterwai219@gmail.com

One-to-One Counseling

qibt

In association with
Griffith UNIVERSITY
Queensland, Australia

Study at QIBT, Griffith University (Queensland, Australia)

Study at an **Australian University** famous for **Medical Sciences** and has one of the **Top Business Programs** in the world.

Guest Speaker: "Mr. Ben Tinsley"

Date : 23. July. 2013.
Time : 1pm - 4pm
Place : YIUS Office

YIUS
Pre-University Level Studies

Contact us at 01-652311, 01-652297 or
visit us at Building (7), Room (4), MICT Park, Yangon .

Find us on Facebook

MIC
Myanmar Imperial College

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

- **Diploma in Business (HND)**
- **Diploma in Media (HND)**
- **Bachelor of Business**

edexcel
Approved Centre

တက္ကသိုလ်ဘွဲ့ရများအတွက်

MBA

THE UNIVERSITY OF NORTHAMPTON

+ MIC တွင် တက်ရောက်နိုင်သော Diploma (HND) ကို UK မှ တိုက်ရိုက်ပေးအပ်သြား Diploma ရရှိပြီးပါက Bachelor Degree ကို MIC တွင်ဖြစ်စေ၊ SG, UK, US, AUS အစရှိသော နိုင်ငံများတွင် ဖြစ်စေ အချိန်ကာလ (၁)နှစ် အတွင်း ဆက်လက်သင်ကြားနိုင်ပါသည်။

+ အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ရယူလိုသော တက္ကသိုလ်ဘွဲ့ရများ အနေဖြင့်လည်း The University of Northampton မှ တိုက်ရိုက်ပေးအပ်သော UK စီးပွားရေးမဟာဘွဲ့ MBA ကို အချိန်ကာလ (၁)နှစ်ခွဲအတွင်း ရယူနိုင်ပါသည်။

Enroll Now! 09 73210001/ 01 537562 အမှတ်(၆၂)(C) အင်းလျားလမ်း၊ ရန်ကုန်၊ www.mic-education.com

Internet Journal
Vol.14, No.27| Thursday, July 18, 2013

LCCI Level 3 ဖြေဆိုအောင်မြင်ပြီးသူများ Bachelor Degree ရယူနိုင်မည်

သန္ဓာ
ရန်ကုန်၊ ဇူလိုင် ၁၁

မြန်မာနိုင်ငံမှ LCCI Level 3 ဖြေဆိုအောင်မြင်ပြီးသူ ကျောင်းသူ ကျောင်းသားများအနေဖြင့် အင်္ဂလိပ်စာလိုအပ်ချက် IELTS မလိုဘဲနှင့် University College Dublin, Ireland မှပေးအပ်မည့် Bachelor Degree ကို ၁၈ လတာကာလရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာရေးဆိုင်ရာဘွဲ့များကို အခိုက်တိုအတွင်း ရယူလိုသည့်ကျောင်းသူကျောင်းသားများအနေနှင့် စင်ကာပူနိုင်ငံရှိ Kaplan Higher Education Academy တွင်အောက်တိုဘာလ ကျောင်းဖွင့်ချိန်အမီ STUDY ABROAD မှတစ်ဆင့်ကျောင်းလျှောက်ထားနိုင်မည်ဖြစ်သည်။ Bachelor of Science (HOns) ဘွဲ့ကိုရယူနိုင်မည်ဖြစ်ပြီး မေဂျာဘာသာရပ်များအနေနှင့် Banking & Wealth Management, Finance, Human Resource Management, Logistics, Management, Marketing ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ် သည်။

Kaplan သို့ကျောင်းလျှောက်ထားလိုသူများအနေဖြင့် စင်ကာပူပညာရေးကို ရယူလိုသည့် ကျောင်းသူ ကျောင်းသားများအတွက် အထူးကူညီဆောင်ရွက်ပေးသည့် STUDY ABROAD မှတစ်ဆင့်လျှောက်ထားနိုင်ပြီး STUDY ABROAD ၏ Welcome Pack ကိုလည်း ရယူနိုင်မည်ဖြစ်သည်။ အသေးစိတ်စုံစမ်း သိရှိလိုသည်များရှိပါက STUDY ABROAD Information Centre တိုက်အေ၊ ၁၁လွှာ၊ အခန်းအမှတ် ၁၁၀၃၊ ပြည်လမ်း၊ (မေတ္တာဦးဆောခန်းအနီး) ကမာရွတ်မြို့နယ်၊ ဖုန်း - ၀၉-၅၁၅ ၁၀၀၈၊ ၀၉-၇၃၂၄၂၀၄ သို့ဆက်သွယ်နိုင်မည်ဖြစ်သည်။

Liverpool Jonh Moores University သို့ နွေရာသီသင်ကြားရေးအစီအစဉ်အဖြစ် ၁၅ ပတ်ကြာ သွားရောက်သင်ကြားနိုင်

အေးဖြူ
ရန်ကုန်၊ ဇူလိုင် ၁၁

စင်ကာပူနိုင်ငံတွင် ကျောင်းတက်ရောက်ခြင်းဖြင့် အင်္ဂလန်နိုင်ငံ၏ Liverpool Jonh Moores University သို့ နွေရာသီ သင်ကြားရေး အစီအစဉ်အဖြစ် ၁၅ ပတ်ကြာသွားရောက်သင်ကြားနိုင်ကြောင်း Wissen Education မှ သိရသည်။

နွေရာသီသင်ကြားရေး အစီအစဉ်များ ပါဝင်သည့် B.A (Hons), Mass Communication (လူထု ဆက်ဆံရေးဘွဲ့) နှင့် B.A (Hons) Tourism, Leisure & Hospitality (ဟိုတယ်) နှင့် ခရီးသွားလာရေး စီမံခန့်ခွဲမှုဘွဲ့) များအတွက် ပုံမှန်သင်ကြားပေးခြင်း၊ ဆွေးနွေးပွဲများ ဟောပြောပို့ချချက်များ သင်ကြားပေးခြင်း၊ အတန်းချိန်ပြင်ပလေ့လာမှုများကိုပြုလုပ်စေခြင်း စသည့် သင်ကြားမှုပုံစံများ ထည့်သွင်းပေးထားပြီး စင်ကာပူနိုင်ငံ၏ TMC Academy သည် Edu Trust လက်မှတ် ၄ နှစ်ရ ထိပ်တန်း ပုဂ္ဂလိက ကျောင်းကြီး၌လည်း အဆင့်မြင့်ဒီပလိုမာတန်းကိုတက်ရောက်ပြီး ၉ လသာ ကြာမြင့်မည့် ဘွဲ့ဒီဂရီတန်းများကို TMC Academy တွင် တက်ရောက်မည့် သူများအတွက် အင်္ဂလန်၏ LJMU သို့ ၁၅ ပတ်ကြာတိုက်ရိုက်သွားရောက် သင်ကြားရမည့် နွေရာသီသင်ကြားရေး အစီအစဉ်အဖြစ်လည်း ထည့်သွင်း ပေးထားသည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ JMC ၏ Cambridge University မှပေးသော အဆင့်မြင့် ဒီပလိုမာတန်းများကို တက်ရောက်နိုင်ပြီး Top-up Degree Programme ကိုတိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ်စက်တင်ဘာဝင်ခွင့်အတွက်လျှောက်ထားလိုသူများ အနေဖြင့် Wissen Education ဖုန်း- ၂၂၀ ၉၀၅၊ ၀၉၆၅၀၂၆၁၉ သို့ စုံစမ်းမေးမြန်းနိုင်သည်။

စင်ကာပူနိုင်ငံနိုအန်းပိုလီတက္ကနစ်ပြုလုပ်ကျောင်းဖွင့်ချိန် အတွက် ဝင်ခွင့်စာမေးပွဲရန်ကုန်မြို့တွင် လာရောက်စစ်ဆေးမည်

သန္ဓာ
ရန်ကုန်၊ ဇူလိုင် ၁၁

Ngee Ann Polytechnic (NP) ၏ ၂၀၁၄ ခုနှစ် ဇူလိုင်ကျောင်းဖွင့် ချိန်အတွက် ဝင်ခွင့်စာမေးပွဲကိုစက်တင်ဘာလ ၂ ရက်တွင် ရန်ကုန်မြို့၌ လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်ခွင့်စာမေးပွဲ ဖြေဆိုလိုသူများအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် မှ စတင်ကာ RVi CENTER YANGON မှတစ်ဆင့် လျှောက်ထားနိုင်မည်ဖြစ်သည်။

ပိုလီတက္ကနစ်များတွင် သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အနည်းဆုံး အင်္ဂလိပ်စာ ၆၀ ရာခိုင်နှုန်း၊ သခ်ၤာနှင့်သင့်တော်သောဘာသာရပ်များကို ၇၅ ရာခိုင်နှုန်း နှင့် စုစုပေါင်း ပျမ်းမျှအမှတ် ၇၀ ရာခိုင်နှုန်းဖြင့် အောင်မြင်ရမည် ဖြစ်သည်။ ပထမအဆင့်တွင်ရွေးချယ်ခံရသောကျောင်းသား၊ ကျောင်းသူများသည် ပိုလီမှ လာရောက်စစ်ဆေးသော ရေးဖြေစာမေးပွဲ (သို့) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲများကို ကျောင်း၏ လိုအပ်ချက်ပေါ်မူတည်၍ ဖြေဆိုရမည် ဖြစ်ပြီး စင် ကာပူအစိုးရမှပညာသင်ထောက်ပံ့ကြေးချီးမြှင့်သည့်အတွက် ယှဉ်ပြိုင်မှုအားဖြင့်မြင့်မားသောကြောင့် စိတ်ဝင်စားသော မြန်မာကျောင်းသား၊ သူများအနေဖြင့် အကောင်းဆုံးဖြစ်အောင်ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရန် လိုအပ်မည်ဖြစ်သည်။

နိုအန်းပိုလီတက္ကနစ်တွင် Aerospace Electronics, Audio-Visual Technology, Chemical & Biomolecular Engineering, Electronic & Computer Engineering, Environmental & Water Technology, International Logistics & Supply Chain Management, Hotel & Leisure Facilities Management, Health Sciences (Nursing), Marine & Offshore Technology, Network Systems & Security, Product Design & Innovation, Real Estate Business ဘာသာရပ်များကို သင်ယူနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက RVi CENTRE YANGON (Study Studio @ Latha) ဖုန်း-၀၁-၂၄၂၄၁၀၊ ၀၁-၂၅၃၅၃၈၊ ၀၁-၂၄၆၅၆၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

Web Development Foundation အမှတ်စဉ် ၂ သင်တန်းဖွင့်လှစ်မည်

ကိုဇေအောင်
ရန်ကုန်၊ ဇူလိုင် ၁၂

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှကြီးမှူး၍ Web Development Foundation အမှတ်စဉ် ၂ သင်တန်းကို ဇူလိုင် ၁၈ ရက်၌ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသွားရောက်မည့် ကျောင်းသားများ၊ ကွန်ပျူတာ ကျောင်းဆင်းပြီး မကြာခင် လုပ်ငန်းခွင်ဝင်မည့် သူများ၊ ဘဲလော့ခ်များ ပိုင်ဆိုင်ပြီး၊ ပြင်ဆင်မွမ်းမံသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး သူများ မဖြစ်မနေတက်ရောက် သင့်သော သင်တန်းဖြစ်ကြောင်း သိရသည်။ သမားရိုးကျနည်းလမ်းများထက် Problem Solving, Mind mapping and Planning အစရှိသော နည်းလမ်းများဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာပရောဂျက်များလက်တွေ့ ရေးသားနေသော ကိုဝိန်း@ကိုဝေလင်းထွန်းမှ သင်ကြားမည် ဖြစ်ကြောင်းသိရသည်။ သင်တန်းပြီးဆုံးပါကခေတ်စားနေသော PHP, ASP.Net, J2EE အစရှိသော နည်းပညာများကို ထောက်ကူပေးနိုင်မည် ဖြစ်ကြောင်း၊ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် အလေ့အကျင့်ကောင်းများလည်း ရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် Introduction to Web Technologies, HTML, CSS, Basic Photoshop, Introduction to HTML5 Introduction to PHP Programming စသည့် အကြောင်းအရာများကို သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာဇူလိုင် ၁၈ ရက်မှ စက်တင်ဘာ ၂၀ ရက် အထိဖြစ်ပြီး သင်တန်းခိုန်မှာညနေ ၅ နာရီမှ ၇ နာရီ (ကြာသပတေး၊ သောကြာ) ဖြစ်သည်။ သင်တန်းကြေး ၁၀၀,၀၀၀ကျပ်ဖြစ်ပြီး MCPA Member များ ကို ၅၀,၀၀၀ ကျပ်ဖြင့် လက်ခံသင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းသားဦးရေ ၁၂ ဦး လက်ခံပေးသွားမည် ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီနောက်ဆုံးထားကာ MCPA ရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

Business English (Communication Class) ဒုတိယအကြိမ်ဖွင့်လှစ်မည်

သန္ဓာ
ရန်ကုန်၊ ဇူလိုင် ၁၁

Business English (Communication Class) ကို ဇူလိုင်လ တတိယပတ် တွင် F.A.M.E မှ ဒုတိယအကြိမ် ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။

Business English တွင် English 4 skills အပြင်၊ နိုင်ငံတကာနှင့် ဆက်ဆံသည့်အခါ အထူးအရေးပါသည့် Business Writing, Report, Feedback, meeting plan and Formal Email/ Office Use Writing အဖြစ် (Leave Letter, Report, Resume, Business article and research) တို့အပြင် နိုင်ငံတကာနှင့်အညီ ပြောဆို ဆက်ဆံနိုင်ရန်အတွက် (Presentation Skills for Office Style) ဖြင့်လည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး လုပ်ငန်းခွင်မှ ကျောင်းသားများ အတွက်အထူးအသုံးဝင်သော Group Discussion ဆရာနှင့် တပည့်တိုင်ပင်ဆွေးနွေး သင်ကြားသော ပုံစံ ကျောင်းသား ဗဟိုပြု Student Centered သင်ကြားနည်းဖြင့် အပြန်အလှန်ဆွေးနွေးသင်ကြားသွားမည်ဖြစ် သည်။ Knowledge Sharing သင်ကြားရာတွင်လည်း နိုင်ငံတကာမှ ဘွဲ့ရရှိထားသော အတွေ့အကြုံရှိဆရာဖြစ်သော ဆရာမင်းချမ်းမွန်(ငြိမ်း)မှ သင်ကြားပေးသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်ဘွဲ့ရများ တက်ရောက်နိုင်မည်ဖြစ်ပြီး လုပ်ငန်းခွင်မှGroup လိုက်တက်ရောက်လိုသောကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းသား ၄ ဦးမှ ၅ ဦးအတွင်း တက်ရောက်ပါက ၅ ရာခိုင်နှုန်း Discount ပေးအပ်သွားမည်ဖြစ်သည်။ လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြသော ကျောင်းသားများနှင့် Business ဘာသာရပ်ကို လေ့လာနေကြသောကျောင်းသား၊ကျောင်းသူများအတွက် အထူးသင့်လျော်သောသင်တန်းဖြစ်ပြီး တက်ရောက်လိုပါက အမှတ် ၁၂၄၊ ၁- ဘီ၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ဖုန်း - ၀၉-၇၃၀၈ ၁၁၃၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်မည်ဖြစ်သည်။

Cisco မှအသစ်ဖြင့်ဆင်ဖြေဌာန်းလိုက်သည့် CCNA Routing and Switching (200-120) နှင့်ပတ်သက်သောအလုပ်အကိုင်အခွင့်အလမ်းများ

CCNA ဆိုသောစကားလုံးနှင့် Cisco Exam များသည် IT နယ်ပယ်အတွင်း လျှောက်လှမ်းကြမည့်လူငယ်များအတွက် လက်သုံးတောင်ဝှေးတစ်ခုပမာ အားပြုစရာတစ်ခုအဖြစ် အင်အားကြီးစွာရပ်တည်လျက်ရှိသည်။ ထိုကဲ့သို့ရပ်တည်နိုင်ရန်အတွက် Cisco System မှစစ်မေးသောစာမေးပွဲများမှာလည်း တစ်ကမ္ဘာလုံးက အသိအမှတ်ပြုအလေးထားကြရသော International Exam ဖြစ်ခဲ့သည်။ ယခုအချိန်အထိ Cisco System မှ သတ်မှတ်စစ်ဆေးလျက်ရှိသောစာမေးပွဲလမ်းကြောင်းများအနက် CCNA Exam ဆိုသည်မှာ Cisco Exam လမ်းကြောင်းပေါ်သို့ စတင်ခြေချသည့်အနေနှင့်ဖြေဆိုရသည့် စာမေးပွဲတစ်ခုဖြစ်နေခဲ့သည်။ Level အလိုက် ဖြေဆိုရသော Cisco စာမေးပွဲများအတွက် CCNA အောင်မြင်ပြီးမှသာ ရှေ့ဆက်လေ့လာဖြေဆိုခွင့်ရမည် ဖြစ်သည်။ ထို့ကြောင့်လည်း IT ခေတ်နှင့်အပြိုင်တိုးတက်ရှင်သန်လျက်ရှိသော Cisco Exam များတွင် Cisco အတွက်အခြေခံအဆင့်မှသာဖြစ်နေခဲ့သော CCNA ဘာသာရပ်သည် ယနေ့လူငယ်များကို အနာဂတ်အတွက် လွှမ်းမိုး ချုပ်ကိုင်လျက်ရှိနေခဲ့သည်။ ယနေ့ခေတ်တွင် CCNA ဘာသာရပ်ကို မတတ်မဖြစ်တက်ရောက်သင့်သည့် သင်တန်းတစ်ခုအဖြစ် လက်ခံလာကြကာပိုမိုတက်ရောက်လာကြသည်။

တစ်ကမ္ဘာလုံးအသိအမှတ်ပြုကာ International Exam ဖြစ်သည်နှင့်အညီ Cisco System ကလည်း ၎င်းကို စစ်မေးလျက်ရှိသောစာမေးပွဲများကိုကမ္ဘာ့အဆင့်မီဖြစ်စေရန်၊ တိုးတက်လာသောနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများအတွက် အမြဲတမ်း update ဖြစ်စေရန် Cisco မှ ထုတ်လုပ်သော Version အသစ်များအတွက် လေ့လာသူများကို Knowledge အသစ်များဖြင့် အမြဲထိတွေ့စေရန်အတွက် ဘာသာရပ်အလိုက် ပြဋ္ဌာန်းထားသော Exam No များကိုလည်း Update Version အဖြစ် စဉ်ဆက်မပြတ်ပြင်ဆင်ပြောင်းလဲစစ်မေးလျက်ရှိသည်။

ယခုအခါတွင်လည်း CCNA ဘာသာရပ်အတွက်သတ်မှတ်ထားသော Exam No နှင့် Module များကို အသစ်ပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ မူလက CCNA Exam အတွက် CCNA (640-802) ဘာသာရပ်ကိုလေ့လာဖြေဆိုခဲ့ကြရသော်လည်း ယခုအခါအဆိုပါ Exam No အစား CCNA (640-802) ဘာသာရပ်ကို လေ့လာဖြေဆိုခဲ့ကြရသော်လည်း ယခုအခါအဆိုပါ Exam No အစား CCNA Routing and Switching 200- 120 အဖြစ် ပြောင်းလဲဖြေဆိုရတော့မည် ဖြစ်သည်။ အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ဘာသာရပ်ဖြစ်သော CCNA Version 2 Exam ဖြစ်သည့် CCNA Routing And Swithcing (200-120) သည် မူလက Cisco မှဖြေဆိုခွင့်ပြုခဲ့သော CCNA (640-802) စာမေးပွဲအောင်မြင်စေရန်အတွက် ဖြေဆိုရသည့် ICND 1 (640- 802) နှင့် ICND 2 (640-810) ဘာသာရပ်နှစ်ခုစား CCNA (200-120) စာမေးပွဲအဖြစ် ICND 1 (100-101) နှင့် ICND 2 (200-101) ဘာသာရပ်များကိုပြောင်းလဲလေ့လာဖြေဆိုရမည် ဖြစ်သည်။

CCNA Exam ၏ သဘောမှာလေ့လာရန် CCNA (200-120) အတွင်း ပါရှိသည့် ဘာသာရပ်များဖြစ်သော ICND 1 (100-101) နှင့် ICND 2 (200-101) တို့အနက် ICND 1 တစ်ခုတည်းသာဖြေဆိုထားလျှင် CCENT Certificate သာ ရရှိမည် ဖြစ်ပြီး ICND, ရော ICND 2 ပါ နှစ်ခုစလုံးဖြေဆိုအောင်မြင်ပြီးမှသာ CCNA Certificate ကို ရရှိမည် ဖြစ်သည်။ သို့မဟုတ် ICND 1 နှင့် ICND 2 Module နှစ်ခုစလုံးတွင် ပါဝင်သော Theory, Practical များကို ပေါင်းစပ်လေ့လာကာ CCNA 200-120 Exam ကိုတိုက်ရိုက်ဝင်ရောက်၍ လည်းဖြေဆိုနိုင်သည်။ ထို့ကြောင့်လည်း ယခုအခါလေ့လာကြသူများအနေဖြင့် ဘာသာရပ်နှစ်ခုကို ခွဲခြားမဖြေဆိုကြတော့ဘဲ CCNA Exam No 200-120 ကိုသာတစ်ကြိမ်တည်းဖြေဆိုကြသည်ကများသည်။

CCNA (640-802) စာမေးပွဲမှာ စက်တင်ဘာလကုန်အထိ ဖြေဆိုခွင့်ရှိတော့မည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက ထိုနေရာတွင် CCNA (640-802) အစား CCNA Routing & Switching (200-120) ကို သာဖြေဆိုကြရတော့မည် ဖြစ်သည်။ ယခုအချိန်တွင်မူ CCNA (640-802) ရော CCNA Routing & Switching (200-120) ကိုသာဖြေဆိုကြရတော့မည် ဖြစ်သည်။ ယခုအချိန်တွင်မူ CCNA (640-802) ရော CCNA Routing & Switching (200-120) ရောဖြေဆိုနိုင်ခွင့် ရှိနေသေးသည်ဖြစ်ရာမိမိနှစ်သက်ရာကိုဖြေဆိုနိုင်ဦးမည် ဖြစ်သည်။ CCNA လေ့လာဖြေဆိုကြမည့် သူများအနေဖြင့် အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် CCNA (200-120) နှင့် CCNA (640-802) ၏ ကွာခြားမှု မပြောင်းလဲသွားမှုများကိုလည်း မျက်ခြေမပြတ်သိရှိထားသင့်သည်။

CCNA Version အသစ်ဖြစ်သည့် (200-120) ဘာသာရပ်သည် ယခင် Version အဟောင်းဖြစ်သည့် (640-802) နှင့် နှိုင်းယှဉ်ကြည့်လျှင် Routing & Swithcing အခြေခံသီအိုရီအားလုံးမှာအတူတူပင်ဖြစ်သည်။ သို့သော် ယခု Version အသစ်တွင် LAN, WAN စသည့်သင်ခန်းစာများအတွက် နည်းပညာအသစ်များ၊ Protocol အသစ်များ ထပ်မံဖြည့်စွက်ပါဝင်လာခဲ့သည်။ အချို့သော နည်းပညာအဟောင်းများကိုလည်းဖြုတ်ထားပစ်ခဲ့သည်။ CCNA (640-802) နှင့် (200-120) ၏ အဓိကကွာခြားချက်အပိုင်းများတွင် Switching အပိုင်းများတွင် များများစားစားကွာခြားမှုမရှိပေ။ ကွာခြားချက်အနေဖြင့် CCNP Switching Course ထဲမှ Gateway Redunacy သင်ခန်းစာတစ်ခုလုံးကိုမူယခု Version အသစ်ထဲတွင်ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ Routing ပိုင်းတွင်မူ RIP Protocol ပိုင်း မပါဝင်တော့ဘဲ EIGRP နှင့် OSPF Routing Protocol နှစ်ခုကို ပိုမိုကောင်းမွန်ပြည့်စုံအောင် ထပ်မံဖြည့်စွက်ထားသည်ကိုတွေ့ရှိရသည်။ EIGRP နှင့် OSPF Protocol နှစ်ခုစလုံးကို Version အဟောင်းနှင့် IPV 6 ကို အဓိက အထောက်အပံ့ပေးနိုင်မည့် Version အသစ်များကို ထည့်သွင်းသင်ကြားရမည် ဖြစ်သည်။

IP Addressing ပိုင်းတွင်လည်း IP Version ကိုလည်း Chapter ၃ ခုအဖြစ် ဖြည့်စွက်ထည့်သွင်းပေးထားသည်။ IPV6 ကို သီအိုရီပိုင်းအပြင် Practical Configuration ပိုင်း သင်ခန်းစာများစွာပါဝင်လာသည်ကို တွေ့ရှိရသည်။ ထိုသို့ထည့်သွင်းထားခြင်းမှာလည်း IPV4 ၏နေရာတွင် IPV 6 ကမဖြစ်မနေ အစားထိုးဝင်ရောက်လာမှုဖြစ်သည့် အတွက်ထည့်သွင်းပေးထားခြင်း ဖြစ်သည်။ WAN Technology ပိုင်းတွင်လည်း PPP, HDEC, Frame Relay စသည့် အပိုင်းများပြန်ပါလာသည့်အပြင် WAN အခြေခံပိုင်းအနေဖြင့် Metro Ethernel, VSAT Satellite, Cellular 3G, 4G ကွန်ရက်များ၊ အကြောင်း MPLS, T1-E1, ISON, DSL, Cable Modem, PPOE စသည့် အကြောင်းအရာများကိုလည်း ဖြည့်စွက်အနေနှင့် ထည့်သွင်းထားသည်။

နည်းပညာရပ်ဆိုသည်မှာလေ့လာရန် မကုန်ဆုံးနိုင်သော အရာတစ်ခုပင်ဖြစ်သည်။ နည်းစနစ်များ အသစ်အသစ်ထွက်ရှိပေါ်ထွန်းလာမှုနှင့်အတူထိုနည်းစနစ်အသစ်များကို ထပ်မံသိရှိရန်လည်း စဉ်ဆက်မပြတ် လေ့လာနေရမည်သာဖြစ်သည်။ တစ်နည်းအားဖြင့် ခေတ်ကို အမီလိုက်နိုင်ဖို့အတွက် နည်းစနစ်များကို မျက်ခြည်မပြတ်စေဖို့ အရေးကြီးသည်။ တိုးတက်လာသော ICT ခေတ်တွင် Cisco အသိအမှတ်ပြု CCNA အောင်လက်မှတ်ဆိုသည်မှာ အခြေခံအဆင့် မျှသာ ရှိနေသေးသည်။ ထို့ထက်ပို၍ Network Professional တစ်ဦးအဖြစ် အချိန်တိုတွင်း ရပ်တည်လုပ်ကိုင်သွားနိုင်ရန် CCNA Security, CCNP အစရှိသော လမ်းကြောင်းများစွာလည်း လျှောက်လှမ်းရန် ရှိနေသေးသည်။ မိမိတို့လျှောက်လှမ်းလိုသော လမ်းကြောင်းပေါ်တွင် အတိုင်းအတာတစ်ခုအထိ လျှောက်လှမ်းပြီးမြောက်ကြသူတိုင်းလည်း ရရှိလာသော အလုပ်အကိုင်အခွင့်အလမ်းများကို ထိုက်ထိုက်တန်တန် ရယူလျက်ရှိနေကြသည်။

ပြည်တွင်းမှာသာမကပြည်ပတွင်ပါအသုံးတည့်၍ အလုပ်မရှားသော ပညာရပ်တစ်ခုဖြစ်သည့်အတွက် အချိန်တိုအတွင်း ထိရောက်သောလေ့လာခြင်းမူများဖြင့် CCNA ဘာသာရပ်ကို ကြိုးစားဖြေဆိုထားသင့်သည်။ ယခုအခါပြည်တွင်းရှိ အလုပ်ခေါ်ဆိုမှုနှုန်းထားနှင့် IT သမားလိုအပ်မှုနှုန်းထားများမှလည်း အဆမတန်တိုးမြှင့်လာခဲ့သည်ဖြစ်ရာအလုပ်အကိုင်အခွင့်အလမ်းများကို လက်မလွတ်စေဖို့အတွက် CCNA Certificate ကို အမြန်ဆုံး ရရှိထားနိုင်အောင် ပြင်ဆင်ထားသင့်သည်။ ထို့ထက်ပို၍ မြန်မာနိုင်ငံအတွင်းရှိ လုပ်ငန်းခွင်များတွင် လုပ်ငန်းလိုအပ်ချက်များအရ CCNA ခေတ်မှ Security ခေတ်သို့တစ်စတစ်စကူးပြောင်းကာလုပ်ငန်းခွင်အတွင်း ဝင်ရောက်ကြသူများ၏ Requirements များကို တိုးမြှင့်လျက်ရှိနေပြီဖြစ်ရာ CCNA ခြေလှမ်းအစမှတစ်ဆင့် CCNA Security, CCNP အစရှိသည့် Cisco Exam လှေကားထစ်များကို တိုးမြှင့်လျှောက်လှမ်းထားမှသာအနာဂတ်အတွက်ပိုမိုခိုင်မာသောဘဝအာမခံချက်ဖြင့်ပြီးပြည့်စုံမည်ဖြစ်ကြောင်း တိုက်တွန်းအပ်ပါသည်။

ACH Computer Training Center မှ ပံ့ပိုးကူညီသည်။

စင်ကာပူအမျိုးသားတက္ကသိုလ်တွင်လေ့လာသင်ယူနိုင်မည့် Graduate Diploma In System Analysis ဝင်ခွင့်အကြောင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်၊ ဇူလိုင် ၁၁

စင်ကာပူအမျိုးသားတက္ကသိုလ်တွင်လေ့လာသင်ယူနိုင်မည့် Graduate Diploma In System Analysis ဝင်ခွင့်အကြောင်းဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ CROWN Education Learning Centre တွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စင်ကာပူအမျိုးသားတက္ကသိုလ် National University of Singapore (NUS) ၏ Institute of System Sciences ဘွဲ့လွန်ဒီပလိုမာသင်တန်း ဝင်ခွင့်နှင့် စင်ကာပူနိုင်ငံတွင်လိုအပ်လျက်ရှိသည့် IT Industry အကြောင်းတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

လူဦးရေကန့်သတ်ထားသဖြင့် ဆွေးနွေးပွဲတက်ရောက်လိုသူများ CROWN Education Learning Centre အမှတ် ၂၇၀၊ ပထမထပ်၊ အခန်း 1B၊ မြေနီကုန်း၊ ဖုန်း -၀၉-၇၃၂၂၇၇ နှင့် ၀၁-၅၂၂၇၈၈ သို့ ကြိုတင်စာရင်းပေး တက်ရောက်နိုင်သည်။

Mobile Web Development သင်တန်းဖွင့်လှစ်မည်

၀၄၀

ရန်ကုန်၊ ဇူလိုင် ၄

မိုဘိုင်းဖုန်း သင်တန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းအများဆုံးဖြစ်သည့် Mobile Site နှင့် Applications များကို အလွယ်တကူ ရေးသားနိုင်စေရန် နှင့် Intro to Mobile Web, Pages and Dialogs, Content Formatting, Form elements and list views, Mobile Apps Panels, Responsive web design (RWD), Mobile Theme Development, Mobile Website Project စသည့် ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများ အနေဖြင့် Myanmarweb develop.com တွင် online registration လုပ်နိုင်ပြီး ဖုန်း-၀၉-၄၃၀၂၉၃၃၊ ၀၁-၅၂၇၈၂၅ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

Android, iOS, Windows Phone နှင့် Symbian တို့ထည့်သွင်းထားသည့် Smart Phone, Tablet နှင့် Desktop ကွန်ပျူတာများတွင် Mobile Site နှင့် Apps များကို

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

INTI International University မှ ပေးအပ်မည့်ပညာသင်ထောက်ပံ့ကြေးများ

INTI International University မှထူးချွန်သောနိုင်ငံတကာကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ အသီးသီး ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ပညာသင်ထောက်ပံ့ကြေးများကို INTI International Merit Award, INTI International Sports X- Cellence Scholarship နှင့် INTI International Leadership X-Cellence Scholarship ဟူ၍ အမျိုးအစား ၃ မျိုး သတ်မှတ်ထားသည်။

INTI International Merit Award

INTI International Merit Award သည် ပညာရေးတွင် ထူးချွန်ထက်မြက်သောကျောင်းသားများအတွက်သာဖြစ်သည်။ကျောင်းသားများသည် INTI ၏ ပထမနှစ်သို့ Diploma တန်းတက်ခွင့်ရပါက အောက်ဖော်ပြပါ Scholarship ကိုခံစားခွင့်ရမည်။ပထမနှစ်ပြီး၍ နောက်နှစ်များအတွက် Scholarship ထပ်မံလျှောက်ထားလိုပါက ပထမနှစ်၏ ဘာသာရပ်တိုင်းသည် ပျမ်းမျှ GP အဆင့် 3.30 သို့မဟုတ် ၇၀ ရာခိုင်နှုန်းရှိရမည်။

မလေးရှား ရင်းဂစ်၉,၀၀၀ပေးအပ်မည့် INTI International Merit Award ကို GCE 'A' Level တွင် A ရသူ(သို့မဟုတ်) အထက်တန်းအောင်အမှတ်စာရင်းတွင် ပျမ်းမျှ ၉၀ ရာခိုင်နှုန်း (၅ ဘာသာ)(သို့) ၎င်း အရည်အချင်းနှင့်ညီမျှသောအမှတ်INTI ၏ Foundation Program သို့Diploma တွင်Minimum GP 3.75 ရရှိသူ(သို့မဟုတ်)တခြားကျောင်းများမှFoundation (သို့) Diploma ရရှိပြီးထားသူများ လျှောက်ထားနိုင်သည်။

မလေးရှား ရင်းဂစ်၇,၀၀၀ပေးအပ်မည့် INTI International Merit Award ကို GCE 'A' Level တွင်Minimum 1 B ရရှိသူ(သို့) အထက်တန်းတွင် ပျမ်းမျှ၅၅ ရာခိုင်နှုန်း (၅ ဘာသာ သို့ဟုတ် ၎င်းအရည်အချင်းနှင့် ညီမျှသော အမှတ် INTI Foundation Program (သို့မဟုတ်) Diploma တွင် GP 3.50 ရရှိသူ(သို့မဟုတ်)တခြားကျောင်းများမှFoundation(သို့မဟုတ်)Diplma ရရှိထားပြီးသူများ လျှောက်ထားနိုင်မည်။

မလေးရှား ရင်းဂစ်၇,၀၀၀ပေးအပ်မည့် INTI International Merit Award ကို GCE 'A' Level တွင်Minimum အဆင့် 2Bs ရရှိသူ(သို့မဟုတ်) အထက်တန်းတွင် ပျမ်းမျှ၈၀ ရာခိုင်နှုန်း (၅ ဘာသာ)(သို့မဟုတ်)၎င်း အရည်အချင်းနှင့်ညီမျှသောအမှတ်INTI Foundation Program သို့မဟုတ် Diploma တွင် GP အဆင့် 3.25 ရရှိသူ(သို့မဟုတ်) တခြားကျောင်းများမှ Foundation (သို့မဟုတ်)Diploma ပြီးသူများ လျှောက်ထားနိုင်သည်။

INTI International Sports X- CEllente Scholarship

အဆိုပါပညာသင်ဆုသည်INTI ၏ အားကစားကိုကိုယ်စားပြုသူများအဖြစ်ရည်ရွယ်သည်။ ပထမနှစ်တွင် Scholar ရသူများသည် ဒုတိယနှစ်တွင်ဘာသာရပ်အားလုံးအောင်၍ ပျမ်းမျှGP အဆင့် 2.5(သို့မဟုတ်)ပျမ်းမျှအမှတ်စာရင်း ၅၅ရာခိုင်နှုန်း ရရှိရန်INTI ရှိ အားကစားယှဉ်ပြိုင်မှုအပိုင်းတစ်ခုခုတွင် ကိုယ်စားပြုသူဖြစ်ပါက ဒုတိယနှစ်အတွက် Scholarship ထပ်မံရရှိမည်ဖြစ်သည်။ တိုင်းအဆင့်ဆင့်အားကစားယှဉ်ပြိုင်မှုတွင် ပါဝင်သူအနေဖြင့် မလေးရှားရင်းဂစ်၇,၀၀၀ပြည်နယ်အဆင့်အားကစားယှဉ်ပြိုင်ပါဝင်မှု တွင် ပါဝင်သူ အနေဖြင့် မလေးရှား ရင်းဂစ် ၅,၀၀၀ ရရှိနိုင်သည်။

INTI International Leadership X-Cellence Scholarship

အဆိုပါပညာသင်ဆုကို လျှောက်ထားသူ ကျောင်းသူကျောင်းသားများမှ ခေါင်းဆောင်အရည်အချင်းတွင် မှတ်တမ်းရှိသူသည် ၎င်း၏ပညာရေးအပြင်အခြားအပိုင်းတွင်ပါအောင်မြင်မှုရရှိထားခြင်းမှတ်တမ်းများရှိပါက လျှောက်ထားနိုင်ပြီး INTI ကျောင်း၏ လုပ်ဆောင်မှုအပိုင်းများတွင်ခေါင်းဆောင်လုပ်နိုင်မည့်သူများကိုသာ ရည်ရွယ်၍ပေးခြင်းဖြစ်သည်။ လျှောက်ထားသူသည် Scholarship ရရှိပါက ပထမနှစ်အတွက် အထက်ဖော်ပြပါပညာသင်ဆုရရှိမည်ဖြစ်သော်လည်း နောက်နှစ်များတွင် ပညာသင်ဆုထပ်မံလျှောက်ထားပါက ဘာသာရပ်တိုင်း အောင်ရန် ပျမ်းမျှ GP အဆင့် 2.5 (သို့မဟုတ်) ပျမ်းမျှ ၅၅ ရာခိုင်နှုန်းနှင့် INTI ၏ လုပ်ဆောင်မှုအပိုင်းများတွင် တက်ကြွစွာပါဝင်ထားနိုင်သူဖြစ်ရမည်။ ကျောင်းများတွင် ခေါင်းဆောင်ပိုင်းအဖြစ် ပါဝင်ထားကြောင်း သက်သေပြနိုင်ရမည်။ ဥပမာ အတန်းခေါင်းဆောင်၊ Club, Society ခေါင်းဆောင်၊ စကားရည်လုအသင်းခေါင်းဆောင်စသည်၊ ကိုယ်ပိုင်အရည်အသွေးတစ်ခုခုတွင် ထူးချွန်သူ ဥပမာ- သီချင်းဆိုခြင်း၊ ကခြင်း စသည်ဖြင့် ပါဝင်မည်။ ရရှိနိုင်မည့် ပညာသင်ဆုမှာ မလေးရှား ရင်းဂစ် ၅,၀၀၀ ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားနိုင်မည့်လိပ်စာ

Grace Education Services

အမှတ် ၁၉၈၊ ပထမထပ်၊ ၂၈ လမ်း (အပေါ်ဘလောက်)
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၃၇၂၂ ၃၅၇၇ ၀၉-၅၁၄၀၈၀၂

KBU International College

KBU Interantional College ကို ၁၉၉၀ ခုနှစ်ကစတင်ကာ ကိုယ်ပိုင်အဆင့်မြင့်ကျောင်းအဖြစ် First Nationwide Group ကနေစတင်တည်ထောင်ခဲ့သောကောလိပ်တစ်ခုဖြစ်သည်။ KBU ကောလိပ်၏ တည်နေရာမှာ မလေးရှားနိုင်ငံ ဆီတ်ဒြိမ်ရပ်ကွက် Bander Utama တွင်တည်ရှိသည်။ KBU သည်နိုင်ငံတကာအပြည်ပြည်ဆိုင်ရာ ကျောင်းသားအများစုနှင့်ဖွဲ့စည်းထားပြီးကျောင်းသား၊ကျောင်းသူများကို စနစ်တကျစိစစ်မွေးထုတ်ကာ အသိပညာ၊ အတတ်ပညာ၊ ကိုယ်ပိုင်အရည်အချင်းများကို ကျောင်းသားတစ်ဦးစီ ရရှိအောင် ပြုစုပို့ဆောင်ပေးသောနည်းလမ်းတွေနဲ့သင်ကြားပေးတဲ့ ကောလိပ်တစ်ခုဖြစ်သည်။ KBU ၏ ပညာရေးအရည်အသွေးကို Agensi Kelayakan Malaysia Qualification Agency (MQA) ၏ လိုအပ်ချက်များနှင့်လိုက်လျောညီထွေစွာလုပ်ဆောင်ထားပြီး ကောလိပ်၏ (Quality Assurance Department) အရည်အသွေးအာမခံချက်ဌာနနှင့်ပြည်ပတက္ကသိုလ်မိတ်ဖက်များနှင့် စဉ်ဆက်မပြတ်ပညာရေးအရည်အသွေးမြှင့်တင်ဆောင်လျက်ရှိသည်။KBU တွင်UK ရှိနာမည် ကြီးတက္ကသိုလ်များဖြစ်သော Sheffield Hallam University, Nottingham Trent University, Anglia Ruskin University as well as Hotel and Tourism Management Institute Switzerland (HTMI) တို့မှသင်ရိုးညွှန်းတမ်းများအတိုင်း တိုက်ရိုက်သင်ကြားပေးမည်ဖြစ်သည်။

သင်ကြားနိုင်သောအဓိကဘာသာရပ်များ

Master of Business Administration (MBA)
Pre-University Programme
Graphic Design
Furniture & Product Design
Interior Architecture & Design
Accounting & Finance
Marketing (Business Management)
Mass Communication
Hospitality & Tourism Management
Software Engineering
(Information & Communicatio Technology)
Electrical & Electronic Engineering
Computer & Network Engineering

ဝင်ခွင့်လိုအပ်ချက်များ

နိုင်ငံတကာကျောင်းသားများ၏ ဝင်ခွင့်သတ်မှတ်ချက်သည်သတ်မှတ်ပေးထားသောအဆင့်များနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ပညာရေးအဆင့်အတန်းများပေါ်တွင်အခြေခံ၍ တက်ရောက်လိုသောသင်တန်းများကိုဝင်ခွင့်ပြုမည်ဖြစ်သည်။ကောလိပ်သို့ မလေးရှား SPM (GCE 'O' Level) နှင့် STPM (GCE 'A' Level) နှင့် ခံုးဖြတ်၍ သင့်လျော်သောအတန်းသို့ဝင်ခွင့်ရမည်ဖြစ်သည်။ GCE 'O' Level နှင့်ကိုက်ညီသောသူများသည် Pre-University Programme သင်တန်းများနှင့် Basic Foundation သင်တန်းများကို ဒီဂရီဘွဲ့သင်တန်းမတက်မီကြိုတင် တက်ရောက်ရမည်ဖြစ်ပြီး GCE 'A' Level နှင့်ကိုက်ညီသော အရည်အချင်းရှိသူများသည် ဒီဂရီသင်တန်းသို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။ အနုပညာနှင့်ဒီဇိုင်းသင်တန်းအတွက်ကျောင်းသားများသည် အခြေခံအနုပညာဒီဇိုင်းသင်တန်းကို အရင်ကြိုတင်တက်ရောက်ရမည်ဖြစ်သည်။

ကျောင်းအကြောင်းစုံစမ်းနိုင်မည့် လိပ်စာ

JENKO Group Of Educare Services

အမှတ် ၄၄၉ (ဘီ)၊ အခန်း L-5, တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆ ၂၈၉၁။

INTERNET journal

Electronics

Vol. 14, No. 27• Thursday • July 18, 2013

Terminator ဇာတ်ကားက Atlas စက်ရုပ်ကို DARPA ဖိတ်ခေါ်





Boston Dynamics မှဖန်တီးထုတ်လုပ်ထားပြီး အလွန်ကြီးမားသည့် ပေအရွယ် Atlas စက်ရုပ်ကို DARPA မှပွဲထုတ်မိတ်ဆက်ခဲ့သည်။ ၃၃၀ ပေါင်အလေးချိန်ရှိပြီး Atlas ကို သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန်ရည်ရွယ်ထားသည်။ လူသားနှင့်အနီးစပ်ဆုံးတူညီအောင် ဖန်တီးထုတ်လုပ်ထားပြီး ဓာတုကာကွယ်ရေးဝတ်စုံများစမ်းသပ်ရန်လည်း ရည်ရွယ်ထားသည်။ ၎င်းတွင်ပါဝင်သည့် လက်နှင့်ခြေများဖြင့် လမ်းလျှောက်ခြင်း၊ ပစ္စည်းသယ်ခြင်းများပြုလုပ်နိုင်ရုံသာမက ကြမ်းတမ်းသည့်မြေပြင်ပေါ်တွင်လမ်းလျှောက်ခြင်း၊ လှေကားတက်ခြင်းများလည်းပြုလုပ်နိုင်သည်။ Atlas တွင်ရေအားဖြင့်အသုံးပြုနိုင်သည့် လွတ်လပ်သည့်အစိတ်အပိုင်း ၂၈ ခုပါဝင်ပြီး၊ လက်နှစ်ဖက်၊ လက်မောင်းနှစ်ခု၊ ခြေနှစ်ချောင်း၊ ခြေဖဝါးနှစ်ခုနှင့် ရင်အုပ်ပိုင်းတစ်ခုတို့ပါဝင်သည်။ ထို့ပြင် ဦးခေါင်းပိုင်းတွင် stereo ကင်မရာများနှင့် laser range finder များတပ်ဆင်ထားပြီး လှုပ်စစ်စွမ်းအင်ဖြင့်လည်းအသုံးပြုနိုင်မည်ဖြစ်သည်။ Atlas ကို သဘာဝဘေးအန္တရာယ်ကျရောက်နေသည့်နေရာများနှင့် နျူကလီးယားစက်ရုံမတော်တဆမှုများကဲ့သို့အန္တရာယ်များသည့်ပတ်ဝန်းကျင်များတွင် ကယ်ဆယ်ရေးများပြုလုပ်ရာ၌ အသုံးပြုရန်ရည်ရွယ်ထားသည်။

-ဟေမာ (Ref: CNET)

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

ARCHOS 97b Titanium HD Tablet

ရန်ကုန်၊ ဇူလိုင် ၈

ARCHOS အမှတ်တံဆိပ် မော်ဒယ် 97b Titanium HD ဖြင့် Tablet တစ်မျိုးဝင်ရောက်လာပါတယ်။ Android 4.1 Jelly Bean ကိုအသုံးပြုထားပါတယ်။ စကရင်က ၉.၇ လက်မ (1600x1200,up to 2048x1560, Multi touch screen) ဖြစ်ပါတယ်။1.6 GHz,Dual Core CPU နဲ့ 4-Core GPU ကိုတပ်ဆင်အသုံးပြုထားပါတယ်။Flash Memory 8GB ပါဝင်ပြီး မလောက်သေးဘူးဆိုရင် Micro SD ဖြင့် 32GB အထိထပ်မံတိုးမြှင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။Ram ကတော့ 1GB ပါဝင်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်မှုအတွက် Wifi, Blue-tooth စနစ်စတာတွေကိုအသုံးပြုနိုင်မှာဖြစ်ပါတယ်။ 2MP ရှိတဲ့ ရှေ့၊ နောက်ကင်မရာတွေပါဝင်ပါတယ်။ ဈေးနှုန်းက USD 255 ဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Micro Computer Co.,Ltd. ဖုန်း- ၂၀၂၄၇၅၃၊ ၂၉၄၅၅၆၊ ၃၉၈၈၆၇ သို့ဆက်သွယ်စုံစမ်းဝယ်ယူအသုံးပြုနိုင်ပါတယ်။

Card Reader

ဝဝဝ

ရန်ကုန်၊ ဇူလိုင် ၁၀

ELECOM အမှတ်တံဆိပ် MR-K010BK မော်ဒယ် Card Reader တစ်မျိုးဝင်ရောက်လာပါတယ်။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး ဒီဇိုင်းပုံစံကလှပသေသပ်သလို အလွယ်တကူသယ်ဆောင်နိုင်တဲ့အတွက် သွားလေရာကိုယူဆောင်နိုင်မှာဖြစ်ပါတယ်။ SD, SDHC, MiniSD, Mini SDHC, Micro SD, Micro SDHC, Memory Stick, Memory Stick Micro, Compact Flash, Micro Drive စတာတွေကို ချိတ်ဆက်ကာ အသုံးပြုနိုင်ပါတယ်။ အရည်အသွေးကောင်းမွန်သလို အကြမ်းလည်းခံနိုင်မှာဖြစ်တယ်လို့သိရပါတယ်။ဈေးနှုန်း ၈,၅၀၀ ကျပ်ဖြင့် Cyber Plus ဖုန်း- ၂၂၁၇၉၂ ၂၂၇၅၉၃ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Shinco Digital MP3 Recording Pen

အေးဖြူ

ရန်ကုန်၊ ဇူလိုင် ၁၁

ဈေးကွက်အတွင်းအသစ်ထွက်ရှိလာတဲ့ Shinco Recorder မှာ built in memory 8GB ပါဝင်ပြီး pen type အရွယ်အစားဖြစ်တာကြောင့် မိမိသွားလေရာကို အလွယ်တကူသယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အသံအရည်အသွေးကို high quality (HQ), Low quality (LQ) ဖြင့် မိမိစိတ်ကြိုက်ဖမ်းယူနိုင်မှာဖြစ်ပါတယ်။ ခွဲခြားကောင်းမွန်တဲ့ Built in MIC နဲ့ အသံတွေကိုကြည်လင်စွာနဲ့ Recording ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ MP3 အနေနဲ့လည်းသုံးနိုင်တဲ့အတွက် သီချင်းများကိုလည်းထည့်သွင်းပြီး နားဆင်နိုင်မှာဖြစ်ပါတယ်။ 3.5 mm Jack port ပါဝင်တဲ့အတွက် Earphone များနဲ့လည်းတွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ AC/DC ဖြင့်အားပြန်သွင်းပြီးအသုံးပြုနိုင်မှာဖြစ်ပါတယ်။ဈေးနှုန်း ၃,၅၅၀ ကျပ်ဖြင့် ဖုန်း-၃၉၉၃၅၇ ဝ၂-၆၉၃၉၉၃ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Panasonic 50" Plasma TV

အေးဖြူ

ရန်ကုန်၊ ဇူလိုင် ၁၀

Panasonic မှထုတ်လုပ်သော ၂၀၁၃ မော်ဒယ်သစ် TH-P50x 60T ဖြင့် လက်မ ၅၀ အရွယ်အစား Plasma TV ဖြစ်ပါတယ်။ 600Hz Subfield Motion နည်းပညာအသုံးပြုထားတာကြောင့် ချောမွေ့တဲ့ရုပ်ထွက်နဲ့ HD Quality ကိုကြည့်ရှုခံစားနိုင်မှာဖြစ်တယ်လို့သိရပါတယ်။USB input ပါရှိသောကြောင့် ရုပ်ရှင်၊ ဓာတ်ပုံသီချင်းအစရှိသည့် entertainment များကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Smart Viera Engine ကိုအသုံးပြုထားပြီး Dot Noise Reduction နည်းပညာဖြင့်ဖွဲ့စည်းထားပါတယ်။HDMI Port ခုစံချပါဝင်မှာဖြစ်ပါတယ်။ဈေးနှုန်း ၆၅၀,၀၀၀ ကျပ်ဖြင့် Multi Generation Electronics Wholesales Centre ဖုန်း-၀၉၇၃ ၂၄၀၁ ၂၃ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

ကိုရီးယားနိုင်ငံထုတ် Dehumidifier လေသန့်စင်စက်

သူရ

ရန်ကုန်၊ ဇူလိုင် ၁၂

ကိုးရီးယားနိုင်ငံထုတ် Dehumidifier တံဆိပ် CHDH-200A မော်ဒယ် လေသန့်စင်စက်ဖြစ်ပါတယ်။ Rotary Type Compre-ssor ကိုထည့်သွင်းအသုံးပြုထားပြီး power consumption 400W ရှိပါတယ်။ ပတ်ဝန်းကျင်လေထုထဲမှ မလိုအပ်တဲ့ရေနှိုးရေငွေ့မှရောဂါပိုးပေါက်ဖွားခြင်း၊ မိုများပေါက်ပွားခြင်းမရှိစေရန် ထိန်းသိမ်းသန့်စင်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလေသန့်စက်က မိုးရာသီနှင့် ဆောင်းရာသီတွေမှာဖြစ်တတ်တဲ့ မို့၊ အမှုန်အမွှားများနှင့် ရေခိုးရေငွေ့ပေါင်းစပ်မှုကြောင့် ဓာတ်မတည့်မှု၊ ပန်း နာရင်ကြပ်နှင့် အရေပြားရောဂါပိုးတို့ပိုမိုပေါက်ဖွားစိုထိပြီး မိုနှင့်ရေခိုးရေငွေ့ကြောင့် အိပ်ယာခန်း ဆီးလိုက်ကာ၊ ကော်ဇော၊ စားပွဲ၊ ထိုင်ခုံ၊ ဘီဒိုနှင့်အဝတ်အစားများတွင် မှိုထွန်းခြင်း၊ မှိုထင်းခြင်း၊ အရိုပြန်ခြင်း၊ အနံ့အသက်မကောင်းခြင်းစသည်တို့မဖြစ်ပေါ်နိုင်စေဖို့အတွက် လေထုကိုကောင်းစွာသန့်စင်ပေးနိုင်တယ်လို့သိရပါတယ်။ ရုံးခန်း၊ ဧည့်ခန်း၊ မီးဖိုချောင်နှင့် ရေခိုးခန်းများတွင် အသုံးပြုနိုင်မည့်အပြင် အိမ်တွင်းကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများအတွက် အထောက်အကူပြုပေးနိုင်တယ်လို့သိရပါတယ်။ အလေးချိန် ၁၂. ၆ကီလိုဂရမ်ရှိတဲ့ဒီလေသန့်စင်စက်ရဲ့ တန်ဖိုးကတော့ ကန်ဒေါ်လာ ၃၀၀ နှင့်ညီမျှသောမြန်မာကျပ်ငွေဖြစ်ပြီး စိတ်ပါဝင်စားသူတွေအနေနဲ့ ၀၉၇၃၂၂၁၁၁၁ ၀၉၄၂၀၁၆၆၅၅၅ သို့ဆက်သွယ်စုံစမ်းလေ့လာဝယ်ယူနိုင်မှာဖြစ်ပါတယ်။

Video Intercom

အောင်အောင်

ရန်ကုန်၊ ဇူလိုင် ၈

အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး ဘက်စုံအသုံးပြုနိုင်တဲ့ Video Intercom တစ်မျိုး Asia Best Link မှာဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ အိမ်ခန်း၊ ရုံးခန်း လှိုချဲ့ရေးအတွက်အထူးစိတ်ချရတဲ့ နည်းပညာသုံး အဆင့်မြင့်ပစ္စည်းတစ်မျိုးဖြစ်ပါတယ်။ ကိုယ်ပိုင်ဆိုင်မှုနယ်မြေရဲ့ သီးသန့်လှိုချဲ့ရေးအတွက် ကိုယ်မသိတဲ့သူ မဝင်စေချင်သူတွေဝင်ရောက်မလာနိုင်အောင် လှိုချဲ့စိတ်ချရတဲ့အတွင်းပိုင်းကနေ အပြင်ဘက်မှာဘယ်သူရောက်နေလဲ အလွယ်တကူသိစေနိုင်မယ့် Video Camera ပါဝင်တဲ့စနစ်တစ်ခုဖြစ်ပါတယ်။ တံခါးပြင်ပမှာ ကင်မရာတပ်ဆင်ထားရုံပဲလိုအပ်ပါတယ်။ ညဘက်တွေ အလင်းရောင်အားနည်းတဲ့နေရာတွေမှာပါ သုံးနိုင်မယ့် Infrared ရောင်ခြည်သုံး High Definition ကင်မရာနဲ့စကားပြောဖို့ microphone ပါဝင်ပါတယ်။ အတွင်းအပြင်မီတာ ၂၀၀ အကွာအထိ အသုံးပြုနိုင်ပါတယ်။ Indoor unit မှာ Video Phone တစ်လုံးပါဝင်ပြီး ၄ လက်မအရွယ်ရှိ Colour LCD နဲ့ပြင်ပကိုကြည့်နိုင်ပါတယ်။ Video Intercom အဖြစ်မသုံးဘဲ Outdoor CCTV Camera အဖြစ်ပါသုံးနိုင်ပါတယ်။ Indoor Unit ကနေ ပြင်ပကိုရုပ်ပုံလှမ်းကြည့်တာ၊ စကားပြန်ပြောတာအပြင် တံခါးဖွင့်ပေးခြင်းကိုပါ ပြုလုပ်နိုင်ပါတယ်။ နံရံကပ်ပစ္စည်း၊ ဆက်စပ်ပစ္စည်းတွေလည်း အစုံအလင်ပါဝင်ပါတယ်။ လိုအပ်ရင်ဖုန်း- ၃၉၉၁၂၂၉၊ ၀၉၅၁၀၀၉၄၄၂ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Tech Point

Micro Dimming Ultimate Technology

သူရ

ဒီနည်းပညာက Samsung ရဲ့နောက်ဆုံးထွက်မော်ဒယ်မြင့် TV တွေမှာထည့်သွင်းအသုံးပြုလာတဲ့နည်းပညာတစ်ခုဖြစ်ပါတယ်။ ဒီ Micro Dimming နည်းပညာကပုံရိပ်တွေရဲ့ အလင်းနဲ့အမှောင်ကြားထဲက contrast ကို အမြင့်ဆုံးအနေအထားထိရရှိအောင်မြင့်တင်ပေးတာဖြစ်ပါတယ်။ အဲဒီလိုမြင့်တင်ပေးတဲ့အတွက် ရုပ်ထွက်ကို တကယ့်အစစ်အမှန်အတိုင်း မြင်တွေ့ခံစားရစေတာဖြစ်ပါတယ်။ အခုလိုဆန်းသစ်တီထွင်ထားတဲ့နည်းပညာသစ်က ပုံရိပ်တွေကိုစကင်လုပ်ပြီး ပုံရိပ်ရဲ့ brightness ကိုချိန်ညှိကာ ပိုမိုနက်ရှိုင်းတဲ့ dark tones နဲ့ ပိုမိုတောက်ပတဲ့ white tones တွေနဲ့ပြန်လည်ဖေါ်ပြပေးတာဖြစ်ပါတယ်။ နောက်ပြီးပုံရိပ်တွေမှာဖြစ်ပေါ်တတ်တဲ့ ခွဲခြားစိတာ (distortion) မှုန်တွေကိုမမြင်အောင်လည်းထိန်းညှိပေးပါသေးတယ်။ Ultimat နည်းပညာကတော့ ပုံရိပ်တွေကို 2x အမြင့်နှုန်းနဲ့ စကင်ဖတ်ပေးနိုင်တာဖြစ်ပြီး အရည်အသွေးမြင့်မားကောင်းမွန်ကာ ကြည်လင်တဲ့ တောက်ပတဲ့ (crystal-clear) ရုပ်ထွက်ကိုပြန်လည်ဖော်ဆောင်ပေးတာဖြစ်တဲ့အတွက် ပုံရိပ်တွေကို တကယ်အစစ်အမှန်အလား ကာလာပိုင်းနဲ့ကြည်လင်ပြတ်သားမှုပိုင်းတွေကိုခံစားရမှာဖြစ်ပါတယ်။

AKAI Rice Cooker

၀၀၀

ရန်ကုန်၊ ဇူလိုင် ၁၀

AKAI အမှတ်တံဆိပ် အရည်အသွေးမြင့်လျှပ်စစ်ထမင်းပေါင်းအိုး (၂) မျိုးပြည်တွင်းစျေးကွက်အတွင်းဝင်ရောက်လာပါတယ်။ ဒီဇိုင်းပုံစံအနေဖြင့် လှပသေသပ်မှုရှိပါတယ်။ 3D Heating စနစ်ဖြင့်ပြုလုပ်ထားတာကြောင့် ထမင်းမှာပေါင်းအိုးအတွင်း အချိန်ကြာမြင့်စွာပူနွေးနေတဲ့အတွက် သုံးစွဲသူများအဆင်ပြေစေမှာဖြစ်တယ်လို့သိရပါတယ်။ အတွင်းပေါင်းအိုးသားမှာထူထပ်ပြီး Non Stick Coated Inner Pot နှင့် Stainless steel Inner Pot ဟူ၍ ၂ မျိုးရှိမှာဖြစ်ပါတယ်။ ပစ္စည်းကောင်းကြိုက်နှစ်သက်သူများအတွက် အထူးသင့်လျော်မှာဖြစ်တယ်လို့သိရပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် Golden Drizzle Trading Co.,Ltd. Show Room & Service Center ဖုန်း- ၂၁၅၁၁၅၅ ၂၃၀၀၁၉၉ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Prolink Sonority

အေးဖြူ

ရန်ကုန်၊ ဇူလိုင် ၁၁

စပီကာထားဖို့နေရာအခက်အခဲရှိသူများ အဆင်ပြေစေမယ့် Prolink တံဆိပ်မော်ဒယ် PSB 8601E ဖြင့် bluetooth speaker တစ်မျိုးဝင်ရောက်လာပါတယ်။ စပီကာအရည်အသွေးကိုမထိခိုက်စေဘဲ သေးငယ်အောင်စီမံထားရသည့် Class D စံသတ်မှတ်ချက်ကိုလိုက်နာသော စပီကာအမျိုးအစားဖြစ်တာကြောင့် အလေးချိန်ပေါ့ပါးပြီး အပူထွက်နှုန်းလည်းနည်းပါးမှာဖြစ်တယ်လို့သိရပါတယ်။ ပါဝါသုံးစွဲမှုကို အစွမ်းကုန်လျှော့ချထားတဲ့အတွက် ဘက်ထရီသက်တမ်းကြာရှည်ခံမှာဖြစ်တယ်။ Bluetooth နည်းပညာကို စပီကာတွင်တစ်ပေါင်းတည်းထည့်ထားသဖြင့် မည်သည့်ကြိုးမဲ့ပစ္စည်းမဆို တွဲဖက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပေ ၃၀ အကွာအဝေးအထိကြည်ကြည်လင်လင်ကြားနိုင်မှာဖြစ်တယ်။ အသုံးပြုလိုသူများအနေဖြင့် KMD, MRS, DCD ကွန်ပျူတာအရောင်းဆိုင် ဖုန်း- ၀၁- ၂၄၅၂၈၈၊ ၃၈၅၁၇၇ သို့ဆက်သွယ်စုံစမ်းယူနိုင်ပါတယ်။

Mitsubishi Split Type Air Con

အေးဖြူ

ရန်ကုန်၊ ဇူလိုင် ၁၁

Mitsubishi Heavy Industries Ltd. မှထုတ်လုပ်တဲ့ Split type aircon မော်ဒယ်သစ် (Compact Design) အမျိုးအစားဖြစ်တယ်။ မီးပျက်ပြီး မီးပြန်လာပါက စက်ကိုအလိုအလျောက်ပြန်လည်ပတ်စေသော Auto restart စနစ်ပါရှိမှာဖြစ်တယ်။ Air Flow မှာ 7M အထိရောက်အောင်ဖြန့်ပေးနိုင်ပြီး HI Power Function ပါဝင်သဖြင့် ခလုတ်စဖွင့်တဲ့အချိန်မှစ၍ အခန်းတစ်ခုလုံးကိုလျင်မြန်စွာအေးပျံနှံ့စေမှာဖြစ်ပါတယ်။ လေအေးပေးစက်စနစ်ကို အထက်အောက်အလိုအလျောက် (သို့) မိမိထားလိုသောနေရာတွင်မှတ်သားထားနိုင်မှာဖြစ်တယ်။ ၂၄ နာရီ အဖွင့်၊ အပိတ်အတွက် Timer ပေးထားနိုင်ပါတယ်။ Economy နှင့် Auto Sleep Function များလည်းပါဝင်မှာဖြစ်ပါတယ်။ အရွယ်ငယ်ပြီးစွမ်းအားကောင်းတဲ့ Indoor Unit ဒီဇိုင်းဖြင့်ဖွဲ့စည်းထားတာကြောင့် နေရာစားအထူးသက်သာစေမှာဖြစ်ပါတယ်။ အာမခံ ၁ နှစ်ပါရှိပြီး အခမဲ့တပ်ဆင်ပေးမှာဖြစ်ပါတယ်။ ပြင်းကောင်ရတစ်ကောင်အား ကို ၂၄၀,၀၀၀ ကျပ်ဖြင့် Multi Generation Electronics Wholesales Centre ဖုန်း-၀၉၇၃၂ ၂၄၀၁ ၂၃ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Breath Alcohol Tester with Timer

အေးဖြူ

ရန်ကုန်၊ ဇူလိုင် ၁၁

အရာရာကို Safe ဖြစ်အောင်လုပ်ဆောင်နေသူတွေအတွက် ရှိသင့်တဲ့ Alcohol Tester ဖြစ်ပါတယ်။ လိုအပ်ပါက ၁၀ စက္ကန့်ဆိုတဲ့အချိန်တိုတွင်းမှာ Alcohol သုံးစွဲမှု Result ကို သိရှိနိုင်တာမို့လုပ်ငန်းခွင်တွေမှာလည်း လွယ်ကူစွာနဲ့အသုံးပြုစစ်ဆေးနိုင်မှာဖြစ်ပါတယ်။ တိုင်းတာမှု Result ကိုတော့ အရောင်သုံးရောင်နဲ့ခွဲခြားပြီး သိရှိနိုင်မှာဖြစ်ပါတယ်။ Normal အခြေအနေဆိုအစိမ်းရောင်၊ Caution အခြေအနေမှာဆိုရင် အဝါရောင်နဲ့ Danger အခြေအနေရောက်ပြီဆိုရင် အနီရောင်နဲ့ ပြသပေးမှာဖြစ်ပါတယ်။ ရရှိလာတဲ့ Result ကို ရာခိုင်နှုန်းနဲ့တွေ့မြင်နိုင်မှာဖြစ်လို့ တိကျပြီးအသုံးဝင်စေမှာဖြစ်ပါတယ်။ အချိန်ကိုမှတ်သားထားနိုင်တဲ့ Timer clock ပါဝင်ပါတယ်။ ဒါ့အပြင် Timer အနေနဲ့လည်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Super bright orange LED flashlight လည်းပါဝင်မှာဖြစ်ပါတယ်။ AA ဓာတ်ခဲနှစ်လုံးကိုထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ အလွယ်တကူသယ်ဆောင်သွားနိုင်တဲ့ Keychain ပုံစံလေးနဲ့ဖြစ်ပါတယ်။ ဈေးနှုန်း ၅,၅၀၀ ကျပ်ဖြင့် F@X computer ဖုန်း- ၃၈၉၃၅၅၇ ၀၂-၆၉၃၈၉ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

Android အတွက် ဂိမ်းအသစ်များထွက်ရှိ

ကိုအောင်
မန္တလေး၊ ဇူလိုင် ၈

Android OS သုံး Smart Phone, Tablet များအတွက် Game အသစ်များထွက်ရှိလာတယ်လို့သိရပါတယ်။ Dead City, Tom & Jerry, Sniper Gold 2, Mini Golf 3D နဲ့ Candy Crush Hacked Version တွေဖြစ်တယ်လို့ သိရပါတယ်။ အဆိုပါဂိမ်းတွေထဲမှ Candy Crush ဟာ လူကြိုက်အလွန်များတဲ့ဂိမ်းလေးဖြစ်တယ်လို့သိရပါတယ်။ ယခုထွက်ရှိတဲ့ Hack Version ဟာ အကောင်မကုန်အခန်းပေါင်း ၂၅၀ ထိ အကူအညီမလိုဘဲ ရောက်ရှိနိုင်မယ်လို့သိရပါတယ်။ Android သုံးဂိမ်းတွေကိုအွန်လိုင်းမှ Free ရရှိနိုင်သလို Account ဖြင့်ဝယ်ယူမှုကစားနိုင်တာတွေလည်း ရှိတယ်လို့သိရပါတယ်။ Android ဂိမ်းအသစ်များကိုတစ်ဂိမ်းလျင် ၂၀၀ ကျပ်နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိတယ်လို့ သိရပါတယ်။ ဂိမ်းထည့်သွင်း လိုပါက PHYO IT Plaza (Mobile, Camera, Game) ဖုန်း ၀၂-၃၃၄၃၁ သို့ဆက်သွယ်နိုင်ပါတယ်။

Wii စက်များကို Special Package ဖြင့် ရောင်းချပေးမည်

ကိုအောင်
မန္တလေး၊ ဇူလိုင် ၈

Wii ဂိမ်းစက်များကို Special Package ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"Nintendo မထုတ်သော Wii ဟာ ကမ္ဘာပေါ်မှာ ရောင်းအားအကောင်းဆုံး Console ဖြစ်ပါတယ်။ PS3 ရဲ့ Move နဲ့ Xbox 360 ရဲ့ Kinect မထွက်ရှိမီ ၂ နှစ်လောက် ကကြိုပြီး Motion Game အဖြစ် စတင်ထွက်ရှိထားပြီးဖြစ်ပါတယ်။ PS3 နှင့် Xbox 360 ကဲ့သို့ ဇာတ်လမ်းဇာတ်အိမ်ကြီးကြီး ရုပ်ထွက်ကောင်းကောင်းဖြင့် ကစားရတာမဟုတ်ဘဲ Real Home Entertainment ပုံစံဖြင့် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ စားခုတ်ဂိမ်း၊ ပင်ဘောင်ရိုက်ဂိမ်း၊ ကြက်တောင်ရိုက်ဂိမ်း၊ အကဂိမ်း၊ သေနတ်ပစ်ဂိမ်းတွေကို ကိုယ်ဟန်အမူအရာတွေနဲ့ ကစားရမှာဖြစ်ပါတယ်။ အခြို့ဂိမ်းဟာ စနစ်တကျ အမှန်တကယ်ကစားရင် ဝသူကိုပိန်စေပါတယ်။ ကစားသူရဲ့အလေးချိန်၊ အရပ်အမောင်း၊ ကျား၊ မ အသက်စတာတွေကိုဖြည့်ပြီးကွန်ပျူတာမှတွက်ချက်ပြီး လိုအပ်သော ကစားနည်းများ၊ စားရမယ့် အစားအစာများကို Guide လုပ်ပေးပါတယ်။ Package HDD ထဲမှာပါဝင်တဲ့ဂိမ်းအများအစားတွေကတော့ ဝသူကိုပိန်စေနိုင် တဲ့ Biggest Looser, Wii Fit, Mario Game, Call of Duty သေနတ်ပစ် Game, Sport Game များအပြင် အခြားသော ဂိမ်းများလည်း ပါဝင်ပါတယ်။ Special Package အတွင်း Wii System တစ်ခု၊ Balance Board တစ်ခုအပြင်ဂိမ်း ခွေအစုံပါ HDD တစ်လုံးပါဝင်ပါတယ်" ဟု PHYO IT PlAZA (Mobile, Camera, Game) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝယ်ယူအသုံးပြုလိုပါက PHYO IT PlAZA (Mobile, Camera, Game) ဖုန်း-၀၂-၃၃၄၃၁ သို့ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

Version 16202 မြှင့်နိုင်သည့် Xbox 360 Slim ဂိမ်းစက်သစ်များဝင်ရောက်

ကိုအောင်
ရန်ကုန်၊ ဇူလိုင် ၁၁

Version 16202 မြင့်နိုင်သည့် Xbox 360 Slim ဂိမ်းစက်သစ်များ ဝင်ရောက်လာကြောင်း Game Hive မှသိရသည်။

"Injustice, FUSE နှင့် Dead pool အစရှိသော Xbox 360 ဂိမ်းသစ်တွေမှာ 16202 version အသစ်ပါဝင်လာတဲ့အတွက်ကြောင့် hard disk နဲ့တွဲဖက်ကစားရန်အတွက် modify ပြုလုပ်ပြီး Xbox 360 စက်များကို update ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ update ပြုလုပ်ပြီးပြီဆိုရင် Xbox 360 ဂိမ်းသစ်များနှင့်အတူ Call of Juarez- Gunslinger နှင့် State of Decay အစရှိသော Xbox LIVE ဂိမ်းသစ်များကိုပါထည့်သွင်းကစားနိုင်မှာဖြစ်ပါတယ်" ဟု Game Hive မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

Internal hard disk သို့မဟုတ် external hard-disk တို့ဖြင့် စိတ်ကြိုက်ဂိမ်းများကို ထည့်သွင်းကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကိုယ်တိုင်ဂိမ်းထည့်သွင်းကစားလိုသူများ သို့မဟုတ် backup ထားလိုသူများအတွက်လည်း လိုအပ်သည့် software များကိုပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Xbox 360 Slim ဂိမ်းစက်သစ်များနှင့် update service များအတွက် အသေးစိတ်အချက်အလက်များကို Game Hive ဖုန်း-၀၉-၇၃၁၁၈၅၅၀ နှင့် ၀၉-၄၅၀၀၃၅၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

Plants vs. Zombies 2 ကိုဩစတြေးလျားတွင် စတင်စမ်းသပ်ဖြန့်ချိ

PopCap ကုမ္ပဏီမှ ဖန်တီးဖြန့်ချိသည့် Plants vs. Zombies 2 ဂိမ်းသစ်ကို ဩစတြေးလျားနှင့် နယူးဇီလန်တို့တွင် စတင်၍ စမ်းသပ်ဖြန့်ချိလိုက်ကြောင်း သိရသည်။

Plants vs. Zombies 2 ကိုလူလိုင်လ ၁၈ ရက်တွင် တစ်ကမ္ဘာလုံးသို့ဖြန့်ချိရန်စီစဉ်ထားသော်လည်း နောင့်နှေးမှုများရှိနေပြီး နွေရာသီနှောင်းပိုင်းမှသာ ဖြန့်ချိတော့မည်ဖြစ်ကြောင်း ကုမ္ပဏီမှ ကြေညာခဲ့သည်။ Developer များက ထပ်မံစမ်းသပ်ရန်အတွက် အချိန်ပို၍ လိုအပ်သောကြောင့် ယခုကဲ့သို့ နောင့်နှေးရခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ အကြီးတန်းထုတ်လုပ်ရေးမှူး Allen Murray ကဆိုသည်။ ယခင် Plants vs. Zombies ကို offline ကစားနိုင်သော်လည်း ယခု Plants vs. Zombies 2 တွင် နည်းပညာသစ်များပိုမိုပါဝင်လာကြောင်း သိရသည်။ အင်တာနက်ဖြင့်ချိတ်ပြီး ကစားသည့်အခါတွင် ကစားသူများ၏ progress ကိုသိမ်းဆည်းထားနိုင်ပြီး၎င်းကို device အမျိုးမျိုးပေါ်တွင် account များဝေမျှကာပြန်လည်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ၎င်းစနစ်ကို ပိုမိုစမ်းသပ်နိုင်ရန်အတွက် ဩစတြေးလျားနှင့် နယူးဇီလန်တို့ကဲ့သို့ စေးကွက်ငယ်များတွင် စတင်ဖြန့်ချိခြင်းဖြစ်ကြောင်း Murray က ပြောကြားခဲ့သည်။

-ဟေမာ (Ref: Computer and Video Games)

Blizzard က World of Warcraft in-game store ကိုမိတ်ဆက်

World of Warcraft အတွက် in-game store ကိုမိတ်ဆက်ပေးရန်စီစဉ်ထားကြောင်း Blizzard မှ အတည်ပြုပြောကြားခဲ့သည်။

ကုမ္ပဏီအနေဖြင့် ၎င်း store ကို အခမဲ့ဂေးမများတွင် စတင်စမ်းသပ်ဖြန့်ချိရန်ရည်ရွယ်ထားသည်။ အဆိုပါ in-game store တွင် ကစားသူများသည် buff ကဲ့သို့သော convenience-oriented item သစ်များကို ဝယ်ယူကစားနိုင်မည်ဖြစ်သည်။ ထို့ပြင် ကစားနေစဉ်အဆင်ပြေစွာဝယ်ယူနိုင်ရန်အတွက် micro transactions စနစ်ကိုအသုံးပြုထားပြီးကမ္ဘာတစ်ဝှမ်းမှ ကစားသမားများအားလုံး အသုံးပြုနိုင်စေရန်ရည်ရွယ်ထားသည်။ In-game store တွင် item သစ်များစွာကို ထပ်မံထည့်သွင်းပေးထားပြီး အခမဲ့ဂေးသမှ ကစားသူများ၏ တိုးပြန်မှုပေါ်မူတည်၍ အဆင်ပြေအောင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း Blizzard မှပြောကြားခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ပထမသုံးလပတ်အတွင်း World of Warcraft ကစားသူဦးရေ ၁.၃ သန်းခန့်လျော့နည်းသွားကြောင်း Blizzard ၏အဆိုအရသိရပြီး ထပ်မံ၍လည်း လျော့ကျဖွယ်ရှိကာ အားလပ်ရက်ရာသီ ရောက်မှသာပြန်လည်တက်လာနိုင်မည်ဖြစ်သည်။

-ဟေမာ
(Ref: Computer and Video Games)

Strategy ဂိမ်းသစ် Civilization V: Brave New World ထွက်ရှိ

ကိုအောင်
ရန်ကုန်၊ ဇူလိုင် ၁၁

Publisher 2K Game မှဖြန့်ချိပြီး Firaxis Games မှရေးဆွဲထားသော Strategy ဂိမ်းသစ် Civilization V ၏ ဒုတိယမြောက် expansion ဖြစ်သော Civilization V : Brave New World ကို PC တွင် ကစားနိုင်ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံနှင့် လူမျိုးစုများ တည်ထောင်အုပ်ချုပ်ရသည့် Civilization V : Brave New World ဂိမ်းသစ်တွင် မူရင်း Civilization နှင့် ပထမ expansion ဖြစ်သော Gods & Kings တို့ပါတွဲဖက်ပါဝင်လာပြီး feature အသစ်များအနေဖြင့် civilizations အသစ်ကိုးမျိုး၊ gameplay စနစ်အသစ်များနှင့် units အသစ်များပါဝင်လာသည်။ အချိန်ကြာမြင့် စွာကစားနိုင်မည့် Campaign scenario အသစ်နှစ်ခုအဖြစ် American ပြည်တွင်း စစ်ကာလ နှင့် Scramble for Africa အမည်ရ Africa တိုက်အတွင်း နယ်မြေသစ်ရှာဖွေရမည့် အခန်းသစ်များ ပါဝင်လာသည်။

Game Hive ဖုန်း ၀၉-၇၃၁၁၈၅၅၀ နှင့် ၀၉-၄၅၀၀၃၅၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

PlayStation 2 မော်ဒယ် 77006 (Japan) ဂိမ်းစက်အား အထူးအစီအစဉ်တစ်ရပ်ဖြင့် ရောင်းချပေးမည်

ကိုအောင်
ရန်ကုန်၊ ဇူလိုင် ၁၀

PlayStation 2 မော်ဒယ် 77006 (Japan) ဂိမ်းစက်တစ်မျိုးကို အထူးအစီအစဉ်တစ်ရပ်ဖြင့် ရောင်းချပေးသွားမယ်လို့ သိရပါတယ်။ အခွေဖြင့်ကစားနိုင်သလို Hard disk ချိတ်ဆက်ပြီးတော့လည်း အသုံးပြုကစားနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ဂိမ်းစက်ဝယ်ယူတဲ့အခါမှာတော့ PS2 memory Card (8MB), Converter, DVD remote control, Vertical Stand, Component Cable အစရှိတာတွေကို လက်ဆောင်အဖြစ် ပေးသွားမယ်လို့ သိရပါတယ်။ အာမခံအနေဖြင့် ၆ လပစ္စည်းနှင့် လက်ခအခမဲ့နှင့် ၆လလက်ခအခမဲ့စုစုပေါင်း ၁ နှစ်ဖြစ်တယ်လို့ဆိုပါတယ်။ ရောင်းချမယ့်စျေးနှုန်းက ၂၀၀,၀၀၀ ကျပ်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဘီရိုးဂိမ်းစက်ပြုပြင်ရေးနှင့် ဂိမ်းစက်ပစ္စည်းအရောင်းဆိုင်ဖုန်း- ၂၅၄၃၇သို့ဆက်သွယ်စုံစမ်းဝယ်ယူအသုံးပြုနိုင်ပါတယ်။

ဒေါ်လာအတုအစစ်ခွဲခြားစစ်ဆေးပေးနိုင်သော Money Detector

ကောင်းမြတ်ထွန်း
မန္တလေး၊ ဇူလိုင် ၁၂

ပြည်တွင်းသို့အမေရိကန်ဒေါ်လာအတုနှင့် အစစ်ခွဲခြားရေးတွက် ဖေးနိုင်မယ့် Money Detector စက်ဝင်ရောက်လာပါတယ်။ ငွေစက္ကူရဲ့ Size, RGB, IR, Ultra Violet, Magnetic, Indection of Rejection များကိုအဓိကထားကာ အလိုအလျောက်စစ်ဆေးပေးတာဖြစ်ပြီး စက်ထဲကိုထည့်သွင်းလိုက်တာနဲ့ ငွေစက္ကူမှာ ပုံမှန်မဟုတ်ပါက Error ပြပြီး သတိပေးပြန်လည်စစ်ဆေးခိုင်းနိုင်မယ်လို့ သိရပါတယ်။ အမေရိကန်ဒေါ်လာ(USD) သာမကဘဲ Euro, GBD, JPY, CNY အစရှိတဲ့ငွေစက္ကူများကို စစ်ဆေးပေးနိုင်တယ်လို့သိရပါတယ်။ ဘက်ထရီအားသွင်းစနစ်လည်းပါဝင်ပါတယ်။ အာမခံ(၁)နှစ်စျေးနှုန်း ၁၉၉,၀၀၀ ကျပ်ဖြင့် မျိုးသိန်းအီလက်ထရောနစ်၊ (မန္တလေး) ဖုန်း- ၀၂-၃၅၃၃၃၂ နှင့် (ရန်ကုန်) ဖုန်း -၀၁-၃၉၈၅၀၇သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Bluetooth Headset

အေးဖြူ
ရန်ကုန်၊ ဇူလိုင် ၁၀

Samsung SIII Mini အသုံးပြုသူများ အကြိုက်တွေ့စေမယ့် Bluetooth headset ဖြစ်ပါတယ်။သေးငယ်လှပပြီးပေါ့ပါးတာကြောင့်နားရွက်ကိုမနာကျင်စေသူလို့သိရပါတယ်။ ဖုန်းပြောရင်းဖြစ်စေ၊ သီချင်းနားထောင်ရင်းဖြစ်စေ အသုံးပြုနိုင်မှာဖြစ်ပါတယ်။Bluetoothစနစ်ပါဝင်သောLaptops၊ ဖုန်းများအပြင် iDevice များနဲ့ပါ ချိတ်ဆက်အသုံးပြုနိုင်တာကြောင့် အသုံးပြုသူတွေအနေနဲ့ အကြိုက်တွေ့စေမှာဖြစ်ပါတယ်။ အားသွင်းချိန် ၂ နာရီခန့်ဘာလို အပ်ပြီး ၆ နာရီကြာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဖြူ၊ အမည်းဆိုပြီး အရောင်နှစ်မျိုးရှိမှာ ဖြစ်ပါတယ်။ စျေးနှုန်း ၂၀,၀၀၀ ကျပ်ဖြင့် SCS compuer ဖုန်း- ၂၉၀၃၈၄၊ ၀၉-၇၃၀၀၀၁၀၁၀ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Video Door Phone

အေးဖြူ
ရန်ကုန်၊ ဇူလိုင် ၁၀

မိုး၊ အိမ်စတဲ့မည်သည့်တံခါးမဆို တပ်ဆင်အသုံးပြုနိုင်သော Video Door Phone ဖြစ်ပါတယ်။ Monitor နဲ့ Outdoor Camera ပါရှိပါတယ်။ Monitor ရဲ့ မျက်နှာပြင်အချယ်အစားက ၇ လက်မရှိပြီး ထင်ရှားပြတ်သားတဲ့ ပုံရိပ်တွေကိုကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ Monitor ကို အတွင်းမှာတပ်ဆင်ရမှာဖြစ်ပြီး Outdoor Camera ကိုတော့ အပြင်မှာထားရှိရမှာဖြစ်ပါတယ်။ Outdoor Camera ဘေးမှာ လူခေါ်လိုရမယ့် Bell တစ်ခုပါရှိပါတယ်။ အပြင်ကနေလူခေါ်ရင်ဘယ်သူဘယ်ဝါ Bell တီးလဲဆိုတာကို Monitor ကနေမြင်တွေ့နိုင်မှာဖြစ်ပါတယ်။ စျေးနှုန်း ၁၄၀,၀၀၀ ကျပ်ဖြင့် Everytume ဖုန်း- ၀၉၄၉၄၄၂၄၀၉ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

OKer Speaker

အေးဖြူ
ရန်ကုန်၊ ဇူလိုင် ၁၀

Oker အမှတ်တံဆိပ်SP 6635 မော်ဒယ်ဖြင့် စပီကာတစ်မျိုးဝင်ရောက်လာပါတယ်။450 w ရှိတာကြောင့် အသံထွက် အားကောင်းပြီး ကြည်လင်ပြတ်သားမှုရှိပါတယ်။ USB အမျိုးအစားဖြစ်တာကြောင့် Tablet, iPhone, iPod, MP3, MP4, CD, DVD, VCD စတဲ့ပစ္စည်းများနဲ့တွဲဖက်အသုံး ပြုနိုင်မှာဖြစ်ပါတယ်။ အရောင်အနေဖြင့် ပန်း၊ အပြာ၊ အနက်ဆိုပြီး ၃ ရောင်ရှိမှာဖြစ်တယ်။ အာမခံအနေဖြင့် ၁ နှစ်ပေးထားပြီး အသုံးပြုချင်တယ် ဆိုရင်တော့ Golden Phoenix Technology (GPT) ဖုန်း-၃၉၂၅၇၆သို့ဆက်သွယ်စုံစမ်းဝယ်ယူ နိုင်ပါတယ်။

လိုင်စင်မဲ့မော်တော်ယာဉ်များကိုထိန်းချုပ်ဟန့်တားနိုင်မည့် ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဆွေးနွေး

ရန်ကုန်၊ ဇူလိုင် ၁၀

လိုင်စင်မဲ့မော်တော်ယာဉ်များကို ထိန်းချုပ်ဟန့်တားနိုင်မည့် ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန် အစီအစဉ်ရှိမရှိနှင့် (၁) နှစ် အာမခံလိုင်စင်(ဒီးတက်) များသည် မည်သူတို့ထံမှ ထွက်ရှိအသုံးပြုနေသည်၊ ဖမ်းဆီးအရေးယူမှုမည်မျှရှိ၍ မည်ကဲ့သို့ထိရောက်စွာအရေးယူဆောင်ရွက်သည်နှင့် စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးကမေးမြန်းခဲ့ခြင်းဖြစ်သည်။

ယခုအခါမော်တော်ယာဉ်တင်သွင်းမှုများကို ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် နယ်စပ်ဂိတ်နှင့် ပြည်တွင်းဂိတ်အသီးသီးတို့ကို နည်းမျိုးစုံဖြင့် ဖြတ်သန်း လျက် နိုင်ငံတော်အတွင်း တရားမဝင် မော်တော်ယာဉ်များ သယ်ယူနေကြကာရန်ကုန်-မန္တလေးမြို့ကြီးများအပါအဝင် နယ်စပ်ဒေသမြို့များ၌ လိုင်စင်မဲ့မော်တော်ယာဉ်များကို (၁) နှစ်အာမခံသည်ဆိုသော ဝိုးတက်များဖြင့် တရားဝင်လိုင်စင်ကဲ့သို့ အသုံးပြုမောင်းနှင်နေကြသည်ကို ကြားသိနေရကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို ယခုထက်ပိုမိုထိရောက်သော ထိန်းချုပ်ဆောင်ရွက်မှုများဖြင့်ဆောင်ရွက်ရန် အစီအစဉ်ရှိမရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်မည်နှင့် တရားဝင်လိုင်စင်ကဲ့သို့အသုံးပြုနေသောလိုင်စင်များသည် မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) မည်သူတို့ထံက ထွက်ရှိအသုံးပြုနေသည် အစရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါမေးမြန်းချက်နှင့်ပတ်သက်၍ ရဲချုပ်ကျောက်ကျဉ်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန) က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော လိုင်စင်မဲ့ မော်တော်ယာဉ်များသည်နယ်စပ်ဒေသရှိ လုံခြုံရေးစိုးမိုးမှုအားနည်းသော လမ်းကြောင်းများနှင့် ရှောင်ကွင်းတောလမ်းခရီးများမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး တရားဝင်ဖွင့်လှစ်ထားသည့် ဂိတ်များမှ ဝင်ရောက်ခြင်းမရှိကြောင်း၊ ထိုကဲ့သို့ ဝင်ရောက်မှုများကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် တာဝန်ရှိအဖွဲ့အစည်းများစောင့်ကြည့်စီစစ်ပိတ်ဆို့ဖမ်းဆီးလျက်ရှိရာ ၂၀၁၁ ခုနှစ် မှ ၂၀၁၃ ခုနှစ်အထိ လိုင်စင်မဲ့မော်တော်ယာဉ်စုစုပေါင်း(၁၂၄၂)စီးကို ဖမ်းဆီးအရေးယူနိုင် ခဲ့ကြောင်း အစရှိသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းသို့ တရားဝင်မဝင်လိုင်စင်မဲ့မော်တော်ယာဉ်များမှ ဝင်ရောက်မှုမရှိစေရေးနှင့် ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် နယ်စပ်ချစ်ကြည်ရေးတံတားနှင့် နယ်စပ်ဂိတ်များမှလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှိမောင်တောင်၊ ထီးခိုးနယ်စပ်ကုန်သွယ်ရေးဂိတ်များမှလည်းကောင်း ကောသောင်းမြို့နယ်ရှိတရားမဝင်လမ်းကြောင်းများမှလည်းကောင်း၊ ရေဖြူမြို့နယ် မလွဲတောင်ဒေသတွင်လည်းကောင်း၊ မြို့ဝင်မြို့ထွက်များ၌လည်းကောင်း ကြပ်မတ်စစ်ဆေးခြင်းများကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစရှိသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ ၎င်းအပြင် မသမာနည်းဖြင့် ယာဉ်သက်သေခံလက်မှတ်အတုနှင့် ယာဉ်မှတ်ပုံတင်စာအုပ်အတုများ အသုံးပြုဆောင်ရွက်နေခြင်းကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း အစရှိသည်ဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ဝိုးတက်အတုများ ဖမ်းဆီးရရှိ မှုများရှိပါကလည်း အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အတု ရောင်းချသူ၊ ပြုလုပ်သူ၊ ကိုင်ဆောင်သူများတွေ့ရှိပါက သတင်းပေးတိုင်ကြားနိုင်ရန် တယ်လီဖုန်းနံပါတ်များထုတ်ပြန်ထားရှိပြီး ဖြစ်ကြောင်းသိရသည်။

DLink Cloud IP Camera (Day & Night) Wireless

အေးဖြူ
ရန်ကုန်၊ ဇူလိုင် ၁၀

DLink အမျိုးအစား Cloud IP camera ဖြစ်ပါတယ်။ ယခင် IP camera များနဲ့မတူတဲ့အချက်တွေကနေမှာသာမကညတွင်ပါကြည့်ရှုရနိုင်သော infrared ပါရှိခြင်းနဲ့ wireless စနစ်အသုံးပြုနိုင်ခြင်းတို့ဖြစ်ပါတယ်။ အင်တာနက်နှင့် Network ရှိသောမည်သည့်နေရာတွင်မဆို လွယ်ကူစွာတပ်ဆင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အရုပ်သာမက အသံပါ ကြားနိုင်သော IP camera ဖြစ်ပါတယ်။ တပ်ဆင်ထားသောကင်မရာများမှတစ်လုံးချင်းစီကို ပြန်၍ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ကွန်ပျူတာ၊ tablet, mobile phone များဖြင့် လည်း ခိုက်ဆက်အသုံးပြု ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ စျေးနှုန်း ၈၅,၀၀၀ ကျပ်ဖြင့် Matrix II ဖုန်း- ၂၅၀ ၀၈၄၊ ၀၂-၆၈၁၈၂ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

ဆိုင်များတွင်အသုံးပြုနိုင်သည့် Showcase Freezer

မိုးသူ
ရန်ကုန်၊ ဇွန် ၁၀

ဆိုင်များတွင် အသုံးပြုရာ၌ ပိုမိုအဆင်ပြေနိုင်မယ့် Showcase Freezer တစ်မျိုးဖြစ်ပါတယ်။ မော်ဒယ် QSC/SD (W) 317 ဖြစ်ပြီး 400 Liter Volume အထိထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။

Light Box ပါဝင်တဲ့အတွက် မိမိဈေးသက်ရာစာတမ်းများကိုကပ်ထားနိုင်ပြီးနောက်ခံမီးအလင်းထိုးပေးမှာဖြစ်ပါတယ်။ အရည်၄ပေရှိမှာဖြစ်ပြီး 3Basket ပါဝင်မှာဖြစ်ပါတယ်။ မိမိအေးခဲစေလိုသည်များကို လျင်မြန်စွာအေးခဲနိုင်စွမ်းရှိတဲ့အပြင် Keylock ပါဝင်တဲ့အတွက် Lock လုပ်ထားလိုသူများအကြိုက်တွေ့ဈေးသက်ကြမှာဖြစ်ပါတယ်။ ဆူညံမှုနည်းပါးပြီး အခိုန်တိုအတွင်း အေးထုတ်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အထောက်အကူပြုနိုင်သည့် R 134a Gass ကိုအသုံးပြုထားတယ်လို့သိရပါတယ်။ အသုံးပြုလိုသူများအနေဖြင့် Q.one ဖုန်း ၂၅၆၉၄၇၊ ၀၉-၇၃၀၇ ၄ ၇၂၆၃ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

၂၂လက်မအရွယ်အစား Commax TFT LCD Monitor

သူရ
ရန်ကုန်၊ ဇူလိုင် ၁၂

ကိုးရီးယားနိုင်ငံထုတ် Commax တံဆိပ် CLM-220W မော်ဒယ် LCD Monitor ဖြစ်ပါတယ်။ မြင်ကွင်းအကျယ် ၂၂လက်မရှိပြီး TFT LCD panel အမျိုးအစားဖြစ်ပါတယ်။ Monitor ရဲ့ Contrast Ratio 5,000,000:1 ရှိပြီး Resolution 1920x1080 ထိထောက်ပံ့ပေးနိုင်တဲ့အတွက် ကြည်လင်ကောင်းမွန်တဲ့ ရုပ်ထွက်အရည်အသွေးကိုရရှိနိုင်မှာဖြစ်ပါတယ်။ Response speed 2ms ရှိပါတယ်။ D-Sub, DVI, Audio စနစ်တွေထောက်ပံ့ပါဝင်ပါတယ်။ ဒီ Commax Monitor ရဲ့ တန်ဖိုးကတော့ ကန်ဒေါ်လာ ၃၃၀. ၂၇ နဲ့ညီမျှတဲ့ မြန်မာကျပ်ငွေဖြစ်ပြီး စိတ်ပါဝင်စားသူတွေအနေနဲ့ Alpha Power Engineering Co., Ltd ဖုန်း-၅၅၂ ၆၈၉၀၉ ၇၃၀ ၇၃၀၂၂၇၈၉ သို့ဆက်သွယ်စုံစမ်းလေ့လာဝယ်ယူနိုင်မှာဖြစ်ပါတယ်။

A-Control 4CH IR Boat

သူရ
ရန်ကုန်၊ ဇူလိုင် ၁၂

ကြိုးမဲ့ထိန်းချုပ်မောင်းနှင် နိုင်တဲ့ မော်တော်ဘုတ်ဖြစ်ပါတယ်။ Android နဲ့ iOS စနစ်နှစ်မျိုးလုံးနဲ့အသုံးပြုနိုင်တဲ့အတွက် iDevices နဲ့ Android Devices တွေနဲ့ ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီမော်တော်ဘုတ်နဲ့အတူတွဲဖက်ပါဝင်တဲ့ Transmitter ကို တပ်ဆင်မောင်းနှင်ရမှာဖြစ်ပါတယ်။ မော်တော်ဘုတ်ထဲကို AA အရွယ်အစား ဓာတ်ခဲလေးလုံး ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ Transmitter ကို အားအပြည့် သွင်းထားပယ်ဆိုရင်တော့ ဂုမိနစ်ခန့်မောင်းနှင်နိုင်မှာဖြစ်ပြီး အကွာအဝေး ၁၀ မီတာခန့်အထိ မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ မော်တော်ဘုတ်ရဲ့ အရွယ်အစား ၁၃. ၅×၄. ၅×၅ စင်တီမီတာရှိပါတယ်။ ဒီမော်တော်ဘုတ်ရဲ့ တန်ဖိုးကတော့ ၃၂,၁၀၀ ကျပ်ဖြစ်ပြီး စိတ်ပါဝင်စားသူတွေအနေနဲ့ Gadget Ocean ဖုန်း-၂၅၅ ၅၅၆ ၀၉ ၄၅၀၀၁၆၉၀၅ သို့ဆက်သွယ်စုံစမ်းလေ့လာဝယ်ယူနိုင်မှာဖြစ်ပါတယ်။

Full HD Car Camcorder HCR 1400 CCTV

၀၀၀
ရန်ကုန်၊ ဇူလိုင် ၉

မော်တော်ကားများတွင် တပ်ဆင်အသုံးပြုနိုင်ပြီး ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပွားအောင် ကာကွယ်နိုင်မယ့် Hyundai အမှတ်တံဆိပ် HCR 1400 မော်ဒယ် Full HD Car Camcorder CCTV တစ်မျိုးဖြစ်ပါတယ်။ စကရင်အရွယ်အစား ၁. ၅ လက်မအရွယ် TFT LCD ဖြစ်ပါတယ်။ ကင်မရာ Resolution ကို 720P အထိအထောက်အပံ့ပေးထားသလိုဗီဒီယိုကို 60FPS ဖြင့် ရိုက်ကူးပေးနိုင်မှာဖြစ်ပါတယ်။ 1/3" HD Sensor နည်းပညာကို အသုံးပြုထားပါတယ်။ 3 Megapixels ရှိမှာဖြစ်ပြီး 120 ဒီဂရီအထိလှည့်လည်ကြည့်ရှုနိုင်မယ့်မြင်ကွင်းကျယ်အမျိုးအစားဖြစ်ပါတယ်။ HDMI 1.3a interface, SD card slot, USB 2.0 စတာတွေပါဝင်ပါတယ်။ Built in lithium battery ပါဝင်ပါတယ်။ ဈေးနှုန်းက ၆၅,၀၀၀ ကျပ် ဖြစ်ပါတယ်။ စိတ်ပါဝင်စားသူများအနေဖြင့် T-Land IT, Digital, Mobile ဖုန်း-၀၉၂၈၆၆၊ ၀၉၉၈၃၄၃၃၂ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Professional
1. Supply, Return, Exhaust Grille
2. Slot grille
3. Damper
4. 16mm special UPVC Drain pipe 5. quick fit Wall plug
6. Metal Trunking 7. duct
8. Walk-in Freezer and Chiller
Green Air Professional Engineering Group
Pls.Contact : 01 552292, 01 710054, 09 73225183

LUCKY WARE TRADING CO.,LTD.
U.S.A မှ ဝယ်လိုပါသလား ?
10% - 20% Depend On Amount
amazon.com
Fry's ELECTRONICS
www.amazon.com နှင့် www.frys.com မှ လူသုံးကုန်ပစ္စည်းများ၊
Electronic ပစ္စည်းများ၊ ဆေးဝါးများနှင့် အဝတ်အထည်များ
တိုက်ရိုက် ရွေးချယ် ဝယ်ယူနိုင်ပါသည်။
Head Office : ဗြိုအတိ-၀၈၇၊ ဗီဒိုဗီလင်း၊ ဘာမွေတား၊ ရန်ကုန်မြို့ (ပလဲဒန်ဆိုးစက်ရုံ)
Ph : 01-549417, 01-549403, 01-544721, 09-73096465, 09-5105247 Email : info@luckywaretrading.com

SHWE LUNNPYAN
ELECTRONICS ZONE
JXD P1000
WCDMA 3G to Surf the Internet, 2G/3G Calling + SMS
Support WCDMA + GSM dual-card dual standby
A9 Dual Core 1.2 GHz CPU
DDR3 1GB RAM & 8GB Rom
7-inch Capacitive Screen, Resolution 1024 x 600
Bluetooth 4.0, Convenient and Fast
The Lastest GPS
Andriod 4.1 Jelly Bean
CUSTOMER SERVICE HOTLINE
242 530
388 529
No.(226/228), Maharbandoola Gardan St (upper block), Kyauktada Tsp., Yangon.

ZECUF*
ချောင်းဆိုးဖျောက်ဆေးရည် နှင့် ဝဲဆေးပြား
Relieves cough. Soothes throat.
ဧကန်(စ်)
ချိုမှဲသော ပျားရည်ဓာတ်ပါဝင်သည်
ဝက်သစ်သီး အရသာ
ကိုးနွေး အရသာ
ဆေးစိမ်းသီး အရသာ
ပူတာသီးတုံး အရသာ
ချောင်းဆိုးခြင်းနှင့်လည်ချောင်းနာခြင်းအတွက် ဧကန်(စ်)
HAN IDEAL TRADING LIMITED

PlayStation 2ဂိမ်းဆိုင်သုံး USBUtil v2.00ဆော့ဖ်ဝဲလ်အသုံးပြုနည်း

Sony PS2 ဂိမ်းတွင် ဂိမ်းခွေများအား Data အဖြစ် ပြောင်းလဲခြင်း၊ Device များထဲသို့ကူးယူပြောင်းထည့်ခြင်းများပြုလုပ်ရန်အတွက် ကြားခံအသုံးပြုရတဲ့ USB Util v2.0 ဆော့ဖ်ဝဲလ်ဖြစ်ပါတယ်။ Sony PS2 ဂိမ်းဆိုင်ဖွင့်လုစ်ထားသူများအလွယ်တကူအသုံးပြုနိုင်ရန်အတွက်ဖြစ်ပါတယ်။ယခုဖော်ပြပေးမှာက CD ခွေမှ Device အတွင်းသို့ကူးပြောင်းခြင်း Device to Device ကူးပြောင်းယူခြင်းနှင့် Recover လုပ်ခြင်းတို့ဖြစ်ပါတယ်။

ပထမဦးစွာ ကွန်ပျူတာ screen ပေါ်ရှိ USBUtil v2.0 ကို ဖွင့်လိုက်ပါက အောက်ဖော်ပြပါပုံအတိုင်းမြင်တွေ့ရမှာဖြစ်ပါတယ်။(ပုံ-၁)

(ပုံ-၁)

Open game list မှာ DVD ဂိမ်းခွေမှ ပြောင်းလဲကူးယူထားပြီးသော .cfg ဖိုင်များကို အခြား device တစ်ခုသို့ ကူးယူပြောင်းထည့်ရန်ဖြစ်ပါတယ်။ Open ISO to သည်ISO ဖိုင်များအဖြစ်ပြောင်းလဲထားသည့် ဂိမ်းခွေများအား ထပ်မံပြင်ဆင်တည်းဖြတ်ရန်အစရှိသည်ဖြင့်ဖော်ပြထားပါတယ်။ဂိမ်းခွေမှနေ၍ PS2 ဂိမ်းစက်မှ သိရှိအသုံးပြုနိုင်သည့် ul ဖိုင်များ အဖြစ်ပြောင်းလဲနိုင်ရန်အတွက် Create (Game/ISO) from CD/DVD ကိုကလစ်နှိပ်လိုက်ပါကအောက်ပါစာမျက်နှာကိုမြင်တွေ့ရမှာဖြစ်ပါတယ်။(ပုံ-၂)

ယခုအပိုင်းမှာ သတိပြုစရာအချက်တွေကစတင်ပြုလုပ်တော့မယ့် ဂိမ်းဖိုင်တွေအတွက် သီးသန့် folder တစ်ခု(သို့)Device တစ်ခုကို သတ်မှတ်ပေးလိုက်ခြင်းဖြစ်ပါတယ်။ထို့နောက်မှာတော့ Destination စာသားအောက်ရှိ box တွင်မိမိသိမ်းဆည်းမယ့်နေရာကိုညွှန်ပြရမှာဖြစ်ပါတယ်။ဂိမ်းခွေနာမည်ရေးသားရန် အတွက်ကတော့ Name-Game နေရာရေးရမှာပါ။Extract as မှာတော့ ISO ဖြစ်နေပါက Game နေရာမှာ မှတ်ပေးရမှာဖြစ်ပါတယ်။ အားလုံးသတ်မှတ် ပြီးစီးလို့ Create ကိုကလစ်နှိပ်ပါက CD ခွေအားသတ်မှတ်ထား

(ပုံ-၂)

တဲ့ folder တွင်းသို့ data ပြောင်းလဲ ကူးယူလိုက်မှာဖြစ်ပါတယ်။ ပြောင်းလဲကူးယူနေခြင်းကို ၁၀၀ ရာခိုင်နှုန်းရောက်သည်အထိစောင့်ဆိုင်းပြီးရင် ပိတ်လိုက်ပါ။ ပိတ်လိုက်ပြီးရင်တော့ PS2 ဂိမ်းစက်အတွက် အသုံးပြုနိုင်မယ့်ဂိမ်းဖိုင်တစ်ခုရရှိနေမှာဖြစ်ပါတယ်။ပြောင်းလဲထားသောဂိမ်း data တွေကို folder တစ်ခုတည်းမှာပင်သိမ်းဆည်းနိုင်ပါတယ်။အခုဆိုရင် ဂိမ်း data ပြောင်းလဲခြင်းပြီးဆုံးပြီဖြစ်ပါတယ်။

ဂိမ်း data များကို device တစ်ခုမှ အခြားတစ်ခုအတွင်းသို့ ပြောင်းလဲရတဲ့အခါသတိထားရန် လိုအပ်သည်မှာကွန်ပျူတာများတွင် ကူးပြောင်းနည်းအတိုင်း Copy/ Paste ဖြင့် ကူးယူ၍ မရနိုင်တာပါ။ Device တစ်ခုအတွင်းရှိနှင့်ပြီးဖြစ် တဲ့ဂိမ်းခွေများအပြင် ထပ်မံထည့်သွင်းလိုလျှင်လဲ ယခုဆော့ဖ် ဝဲနှင့်ပင်အသုံးပြုရမှာဖြစ်ပါတယ်။ အခြားနည်းဖြင့်ကူးယူပြောင်းထည့်ခြင်းကိုလက် ခံမှာမဟုတ်ပါဘူး။ ဒီလိုဖြစ်ရခြင်းကလည်း ဂိမ်း data များနှင့်အတူ ul.CFG ဖိုင်တစ်ခုကို ဆော့ဖ်ဝဲမှနေ၍ Device အတွင်း တည်ဆောက်ပေးထားပြီး ဂိမ်းအမည်ပြောင်းခြင်း၊ ကူးယူခြင်း၊ ထပ်မံဖြည့်တင်းခြင်း၊ ဖျက်သိမ်းခြင်းများကို ၎င်းမှ ထိန်းချုပ်ထားတာကြောင့်ဖြစ်ပါတယ်။ဂိမ်း data များ ကူးရန်အတွက် ဦးစွာအပေါ်ဘက်ရှိ file မှနေ၍ open game list ကိုဖွင့်ပါ။ ထိုအခါ c:/ အတွင်းရှိဖိုင်များကို မြင်တွေ့ရလေ့ရှိမှာဖြစ်ပါတယ်။အဲဒီနောက် မိမိသိမ်းဆည်းထားခဲ့သော Folder(သို့)Device ကို Directory အောက်ရှိ Box မှ နေ၍ ညွှန်ပြရမှာဖြစ်ပါတယ်။ မိမိပြသော အညွှန်းမှန်ကန်ပါက ဘေးဘက်ရှိ file to load (box) တွင် ul.cfg ဖိုင်တစ်ခုကိုမြင်တွေ့ရမှာဖြစ်ပါတယ်။အဲဒီဖိုင်ကိုကလစ်နှိပ်ပြီး Load ပြုလုပ်လိုက်မယ်ဆိုရင် မိမိသွင်းယူထားခဲ့တဲ့ဂိမ်းတွေကိုအမည်များနှင့်အတူသက်ဆိုင်ရာ အချက်အလက်များအား ဖော်ပြနေမှာဖြစ်ပါတယ်။(ပုံ-၃)

ဇယားကွက်ရှိ status အောက်တွင်ဂိမ်းတစ်ခုသည် ok ဖြစ်ရမည့် အစား bad ဟုဖော်ပြနေပါက ဂိမ်း data ပြောင်းလဲကူးယူနေစဉ်အမှားအယွင်း တစ်ခုခုကြောင့်ဖြစ်ပြီး ပြန်လည်ကူးယူရန်လိုအပ်ပါတယ်။ ဂိမ်း data များကိုကောင်းမွန်စွာဖော်ပြနေရင်တော့ ကူးယူခြင်း၊ ဖျက်သိမ်းခြင်း၊ အမည်သစ်ပေးခြင်း၊ စသည်ဖြင့်

(ပုံ-၄)

Options အောက်မှတစ်ဆင့် အလိုရှိသည့်အတိုင်းပြုလုပ်နိုင်မှာဖြစ်ပါတယ်။

1.03 Mb ပမာဏရှိ USBUtil v2.0 ကို Google မှ အလွယ်တကူရှာဖွေနိုင်ပါတယ်။ Sony PS2 ဂိမ်းစက်တွေမှာဂိမ်းခွေအစား USB, HDD များဖြင့် တွဲဖက်သုံးစွဲလာပါတယ်။ဂိမ်းဆိုင်ဖွင့်လုစ်ထားကြသူများ အနေဖြင့် ကွန်ပျူတာဖြင့် Server စနစ်သုံး၍ Network ချိတ်ဆက်ကာအသုံးပြုရာတွင် မရှိမဖြစ်အသုံးပြုရမယ့်ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။

Sony PS2 ဂိမ်းဆိုင်များအနေ ဖြင့် Server စနစ်နှင့် ပတ်သက်၍အသေးစိတ်သိရှိလိုပါက Sony Game Network Service ဖုန်း-၀၉၄၃၀၇၅၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

Protected Cover for 8" Tablet

ဇအေးဖြူ
ရန်ကုန်၊ ဇူလိုင်

၈ လက်မအချွယ်အစားရှိတဲ့ Tablet တွေအတွက် ရော နာမည်ကြီး branded Tablet တွေအတွက်ကာကွယ်ပေးမယ့် ကာဗာဖြစ်ပါတယ်။ လှပတဲ့အရောင်အသွေးဒီဇိုင်းရှိပြီး အသားကောင်းတဲ့ဒီကာဗာမှာစာအုပ်အဖုံးပုံစံလေးနဲ့ မျက်နှာပြင်ကိုကာကွယ်ပေးထားမှာဖြစ်ပါတယ်။ သုံးစွဲတဲ့အခါအဲဒီအဖုံးလေးကိုခေါက်ပြီး တက်ဘလက်ကိုထောင်လျက်အနေအထားနဲ့သုံးစွဲနိုင်မှာဖြစ်ပါတယ်။ စျေးနှုန်း ၇,၃၀၀ ကျပ်ဖြင့် F@X Computer ဖုန်း-၃၈၉၃၇၇၊ ၀၂-၆၉၃၈၉ သို့ ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

အသံအရည်အသွေးအထူးကောင်းမွန်တဲ့ Dr Dre ရဲ့ Earphone မော်ဒယ်စုံ၀င်ရောက်

ဇအောင်အောင်
ရန်ကုန်၊ ဇူလိုင် ၈

Earphone တစ်ခုအနေနဲ့နားထဲမှာတပ်ဆင်နားထောင်နေပေမယ့် Studio ကြီးတစ်ခုထဲမှာလိုပြည့်ဝစုံလင်ကောင်းမွန်တဲ့ Stereo အသံထွက်စစ်စစ်ကိုနားဆင်နိုင်မယ့် အသံဖမ်းအင်ဂျင်နီယာ Dr.Dre ကိုယ်တိုင်ထုတ်လုပ်ထားသော Ear phone မျိုးစုံကို တာမွေအဝိုင်းထိပ်က Mobile King ဆိုင်မှာ၀ယ်ယူနိုင်ပြီဖြစ်ပါတယ်။Audio Output Earphone Jack ပေါက်ပါ၀င်တဲ့ဘယ်ပစ္စည်းနဲ့မဆိုတွဲဖက်အသုံးပြုနိုင်ပါတယ်။ နည်း ပညာမြင့်သုံး Apple product တွေဖြစ်တဲ့ iPad, iPhone တွေနဲ့ တွဲသုံးနိုင်တဲ့ မော်ဒယ်မြင့်တွေလည်းရှိပါတယ်။ 3.5 mm Jack နဲ့ဖြစ်ပြီး တေးဂီတသီချင်းနားထောင်ခြင်းအပြင် Handfree Headset အဖြစ်လည်းသုံးနိုင်တာမို့ဖုန်းတွေမှာလည်းတပ်ဆင်သုံးနိုင်ပါတယ်။ ကားမောင်းရင်း ဆိုင်ကယ်စီးရင်း သုံးနိုင်တဲ့အနေအထားရှိပါတယ်။ High Definition, High Perfor mance ရရှိနိုင်မယ်လို့သိရပါတယ်။ ပုံမှန်ရှိနှိုအပြင် in line mic ပေါ်၀င်ပြီး Volume control နဲ့ Track up down လုပ်နိုင်တဲ့မော်ဒယ်လည်းရရှိနိုင်ပါတယ်။ အရောင်အသွေးစုံလင်ပြီး စိတ်ကြိုက်ရွေးချယ်နိုင်မှာပါ။ အသုံးပြုလိုသူများအနေဖြင့် ဖုန်း-၅၄၂၀၀ သို့ ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

Mobile Battery

ဝေဝေ
ရန်ကုန်၊ ဇူလိုင် ၉

ကျပန်နိုင်ငံထုတ် ELECOM အမှတ်တံဆိပ် Mobile Battery တစ်မျိုးပြည့်တွင်းစျေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ခရီးသွားလာရာတွင် အလွယ်တကူသယ်ဆောင်နိုင်ပြီး Stick ဒီဇိုင်းပုံစံရှိမှာဖြစ်တဲ့အတွက် နေရာစားသက်သာစေမှာဖြစ်ပါတယ်။ အားသိုလှောင်သိမ်းဆည်းနိုင်မှုပမာဏ 3.7V/5200 mAh ရှိမှာဖြစ်ပြီး ဖုန်းတစ်လုံးကို ၂ ကြိမ်အားပြန်လည်သွင်းယူနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီအ၀င်ဗို့ 5V ရှိသလို အထွက်ဗို့အားအနေဖြင့်လည်း 5V ထွက်ရှိမှာဖြစ်ပါတယ်။ AC adapter ဖြင့်အားသွင်းမယ်ဆိုရင်၆နာရီမှ၇နာရီကြာမြင့်ပြီး USB ဖြင့် အားသွင်းမယ်ဆိုရင် ၆နာရီမှ ၁၁ နာရီအထိကြာမြင့်မှာဖြစ်ပါတယ်။ အားသွင်းနေချိန်မှာလည်း ဘက်ထရီအားပြည့်မပြည့်ကို LED မီးလုံးလေးများဖြင့် ပြသပေးမှာဖြစ်ပါတယ်။ ဘက်ထရီအလေးချိန် 142g သာရှိပါတယ်။ဒွေအိုအနက်ဆိုပြီး အရောင် ၂ မျိုးရှိမှာဖြစ်ပါတယ်။ စျေးနှုန်းကငှ၈၀၀ ကျပ်ဖြစ်ပါတယ်။ စိတ်ပါ၀င်စားသူများအနေဖြင့် Cyber Plus ဖုန်း-၂၂၇၅၉၃၊ ၂၂၁၇၉၂ သို့ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

Made in USA/Singapore Beats by Dr.Dre detox headphone များ၀ယ်ယူနိုင်

ကိုအောင်
ရန်ကုန်၊ ဇူလိုင် ၈

သီချင်းသီးသန့်နားထောင်ရန်အတွက် ထုတ်လုပ်ထားတဲ့ Beats by DrDre Headphone ကို Made in USA (Original) နှင့် Made in Singapore ဆိုပြီးနှေးချယ်၀ယ်ယူနိုင်မယ်လို့သိရပါတယ်။Made in USA (Original) က USD 530 ဖြစ်ပြီး Made in Singapore က USD 300 ဖြစ်ပါတယ်။ စိတ်ပါ၀င်စားသူများအနေဖြင့် ဖုန်း-၃၈၀၅၃၃၆၄၄ နှင့် ၀၉၈၆၂၂၇၄၄၄ သို့ဆက်သွယ်စုံစမ်း၀ယ်ယူအသုံးပြုနိုင်ပါတယ်။

SSK SIM Card Reader

ဇအေးဖြူ
ရန်ကုန်၊ ဇူလိုင် ၄

မိုဘိုင်း Sim Card ထဲက data တွေကိုထုတ်နိုင်မယ့် SIM CARD Reader ဖြစ်ပါတယ်။ Windows, Mac, Linux စတဲ့လူသုံးများတဲ့ OS တော်တော်များများနဲ့ကိုက်ညီမှုရှိပြီး ဖုန်းထဲက data တွေကို ကွန်ပျူတာထဲထည့်သိမ်းထားလို့ရတဲ့အတွက်အဆင်ပြေစေမှာဖြစ်တယ်။ စျေးနှုန်း ၅,၀၀၀ ကျပ်ဖြင့် F@X Computer ဖုန်း-၃၈၉၃၇၇၊ ၀၂-၆၉၃၈၉ သို့ ဆက်သွယ်စုံစမ်း၀ယ်ယူနိုင်ပါတယ်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

REVIEW The Last of US Video Game ရဲ့ Developer Naughty Dog ကို ကြားဖူးကြမှာပါ။ ဒီကုမ္ပဏီသည် အများစုက PlayStation 1 ခေတ်က Crash Bandicoot ဂိမ်းတွေနဲ့ ရင်းနှီးပြီးသား ဖြစ်မှာပါ။ Play Station 2 ခေတ်မှာတော့ Naughty Dog အနေနဲ့ပေါက်ဂိမ်းတွေအများကြီး မရခဲ့ပေမယ့် PlayStation 3 ခေတ်မှာ Sony ရဲ့ exclusive series တွေထဲက လူကြိုက်အများဆုံး Action Adventure ဂိမ်းဖြစ်တဲ့ Uncharted Series ကြောင့်လူသိများခဲ့ပါတယ်။ Naughty Dog အနေနဲ့ကလည်း PlayStation Generation တစ်ခုမှာ ဂိမ်းဇီးရီး တစ်မျိုးပဲ ထုတ်မယ်ရည်ရွယ်ထားသလား ထင်ရလောက်အောင် PS1 ခေတ်မှာ Crash Bandicoot Series နှင့် PS2 ခေတ်မှာ Jak & Dexter Series တို့ကိုပဲရေးဆွဲခဲ့ပါတယ်။ PS3 နှင့် PSVita ခေတ်မှာတော့ Uncharted ဂိမ်းတွေကိုရေးဆွဲပေးခဲ့ပေမယ့် Uncharted 1,2,3 ဂိမ်းသုံးခုနှင့် PSVita အတွက် Uncharted: Golden Abyss ဂိမ်းတစ်ခုတို့ရေးဆွဲပြီး ခိုန်မှာတော့ The Last of US အမည်ရသော Survival Horror ဂိမ်းသစ်ကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ၂၀၁၁ မှာ စတင်ကြော်ငြာခဲ့ပါတယ်။

The Last of US ဂိမ်းကိုရေးဆွဲရမှာ Best Graphics ဆုရရှိဖူးတဲ့ Uncharted 3 ဂိမ်းကိုရေးဆွဲရမှာ အသုံးပြုထားတဲ့ Naughty Dog ရဲ့ ကိုယ်ပိုင် In-house engine upgrade version ကို အသုံးပြုထားတဲ့အတွက် Uncharted စီးရီးနှင့် ဇာတ်လမ်းအသွားအလာနောက်ခံအဖြစ်အပျက်များ မတူညီပေမယ့် ကစားရမည့် gameplay နှင့် presentation ပိုင်းအနည်းငယ်ဆင်တူတဲ့ Adventure ဂိမ်းဖြစ်တဲ့အတွက် စိတ်ဝင်စားဖွယ် Cinematic gameplay တွေ platforming နှင့် shooting gameplay တွေအပြင် အထူးကောင်းမွန်တဲ့ graphics တွေပါဝင်မှာဖြစ်ပါတယ်။ The Last of US ဂိမ်းက အနာဂတ် Post apocalypse အခြေခိုန်ပတ်ဝန်းကျင်ရှိလမ်းများ၊ အဆောက်အဦများ ပျက်ဆီးပြီးခိုန်မှာ နေရာယူထားတဲ့အတွက် Will Smith ရဲ့ I Am Legend ရုပ်ရှင်ဇာတ်ကားကိုသတိရစေမှာဖြစ်ပါတယ်။ ဂိမ်းရဲ့ main character ကတော့ Joel အမည်ရလက်နက်ရောင်းဝယ်သူ တစ်ယောက်ဖြစ်ပြီး Ellie အမည်ရသ ငှ နှစ်အရွယ် ကောင်မလေးကို US Military လက်အောက် quarantine zone မှနေပြီး တော်လှန်ရေးတပ်ဖွဲ့ Fireflies ထံသို့ခေါင်ဆောင်သွားရမှာဖြစ်ပါတယ်။ အဆင့်မြင့် Motion Capture နည်းပညာတွေကို အသုံးပြုထားလို့ cutscenes တွင်သာမက ဂိမ်းကစားနေခိုန်မှာတောင် မျက်နှာအမူအရာနှင့်လှုပ်ရှားမှုများ အတွက် animation ပေါင်းများစွာအသုံးပြုထားခြင်းက ဂိမ်းရဲ့ဇာတ်လမ်းကို ပိုပြီးအသက်ပါစေပါတယ်။ လမ်းခရီးတစ်လျှောက်မှာ Fungus Zombie များ၊ ပစ္စည်းလုယက်မည့်သူများအပြင် US Military နဲ့ပါ ရင်ဆိုင်ရမှာပါ။

Cordyceps အမည်ရ Fungus မှိုရောဂါပိုးကူးစက်ခံထားရသည့် ရန်သူများကို mutation အဆင့်မြှင့်စုံဖြင့် ရင်ဆိုင်ရမှာဖြစ်ပြီး ပုံမှန် လူသားရုပ်များအပြင် ကြောက်မက်ဖွယ် သတ္တဝါများအတွင်း ကူးပြောင်းပြီးသား mutated zombie များဖြင့် ပါ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ရန်သူမျိုးစုံကိုရင်ဆိုင်ရာမှာ Third Person Shooter နှင့် Stealth/Action gameplay တို့ကို အသားပေးထားပြီး "Balance of Power" အမည်ရ AI စနစ်ကြောင့် ကစားသူရဲ့လှုပ်ရှားမှုများကို Computer A.I များကလေ့လာနိုင်ပြီး အကူအညီခေါ်ခြင်း၊ ကျည်ဖြည့်နေခိုန် ဝင်ရောက်တိုက်ခိုက်ခြင်းစသည်တို့ခွေးချယ်မှုများကိုဆောင်ရွက်နိုင်မှာပါ။ သာမန်လူသားရန်သူများ မိမိအပေါ် တိုက်ခိုက်ပုံ၊ zombie များတိုက်ခိုက်ပုံတွေ ကွဲပြားနေမှာဖြစ်ပြီး လူသားတစ်ယောက်နီးပါးတွေးခေါ်နိုင်တဲ့ A.I ရဲ့ လှုပ်ရှားမှုတွေက တစ်ခေါက်နှင့်တစ်ခေါက် တူညီမှာမဟုတ်လို့ level တူရင်တောင် ကစားရတဲ့အရသာကွဲပြားနိုင်မှာပါ။ အစပိုင်းမှာ Joel ကိုပဲကိုင်တွယ်ရပေမယ့် Ellie အနေနဲ့လည်း ဇာတ်လမ်းရဲ့အရေးပါတဲ့အပိုင်းမှာ ပါဝင်မှာဖြစ်သလို Bioshock Infinite ဂိမ်းက Elizabeth လိုပဲတိုက်ခိုက်မှုအပိုင်းမှာ လိုက်လံကူညီပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်ပိုင်းအချို့ mission တွေမှာလည်း Ellie နေရာက ဝင်ရောက်ကစားရဦးမှာပါ။

Single player ရော Multiplayer ရောပါဝင်ပေမယ့် Developer Naughty Dog အနေနဲ့ Single player ပိုင်းကိုပိုမိုအသားပေးထားတာတွေ့ရှိရပါတယ်။ story mode တစ်ခုလုံးကို အစမှအဆုံး စိတ်ဝင်စားဖို့ကောင်းတဲ့ တင်ဆက်မှုမျိုးစုံနှင့် အပြစ်ပြောစရာမရှိလောက်အောင်ရေးသားထားနိုင်တာတွေ့ရသလို Oscar ထူးချွန်ဆုများရရှိထားသော Composer Gustavo Santaolalla ရဲ့ Soundtrack ကလည်းကစားရတာအရသာရှိစေတဲ့အရေးပါတဲ့ပုံပြိုမှုတစ်ခုဖြစ်တာကိုမြင်တွေ့ရမှာပါ။ The Last of US ဟာခိုင်မာသည့်ဇာတ်အိမ်နှင့်စိတ်ဝင်စားဖွယ်ဇာတ်လမ်းလှည့်ကွက်များပါဝင်သလို Sony ရဲ့ လက်ရှိအခိုန်စိတ်ဝင်စားမှုအများဆုံး exclusive video game IP အသစ်တစ်ခုလည်း ဖြစ်တဲ့အတွက် PSVita နှင့် PS4 လိုစက်တွေမှာ နောက်ဆက်တွဲဂိမ်းတွေထွက်လာနိုင်ပါသေးတယ်။ လက်ရှိ PS3 ရဲ့ The Last of US ကတော့ graphics ပိုင်း၊ gameplay ပိုင်းအပြင် ဇာတ်လမ်းပိုင်းပါ အထူးကောင်းမွန်လို့ PS3 ပိုင်ရှင်များ ကစားသင့်တဲ့ဂိမ်းတစ်ခုဖြစ်သလိုလက်ရှိ PS3 မှာဂိမ်းကစားဖို့အခွင့်မသာသူများအနေနှင့်နောင်တစ်ခိုန်မှာ ကစားရန်သတိထားသင့်တဲ့ဂိမ်းတစ်ခုဖြစ်ကြောင်း တင်ဆက်လိုက်ရပါတယ်။

-နေအောင်လတ်
(mmgamers.com)

TOP Xbox 360 Game

Metro : Last Light
Release Date : May 14, 2013
Genre : Sci-Fi First-Person Shooter

BioShock Infinite
Release Date : Mar 26, 2013
Genre : Sci-Fi First-Person Shooter

Far Cry 3: Blood Dragon
Release Date : May 1, 2013
Genre : Modern First- Person Shooter

Dishonored : The Knife of Dunwall
Release Date : Apr 16, 2013
Genre : Modern Action Adventure

BattleBlock Theater
Release Date : Apr 3, 2013
Genre : 2D Platformer



Tomb Raider
Release Date : Mar 5, 2013
Genre : Modern Action Adventure

Tablet Game

Plant Vs Zombies 2

PopCap မှရေးသားထုတ်လုပ်ထားတဲ့ နာမည်ကြီးဂိမ်းတစ်ခုဖြစ်တဲ့ Plant Vs Zombies 2 Game ဖြစ်ပါတယ်။ Crack Application အနေဖြင့်သာထွက်ရှိထားပါတယ်။ Plant Vs Zombies 2 ကို Jailbreak Version များတွင်သာထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ ယခင်နှင့်မတူညီဘဲ ထူးခြားသည့် ပုံစံဒီဇိုင်းများပါဝင်လာမှာ ဖြစ်ပါတယ်။ Game Feature အသစ်များစွာကိုလည်း ထည့်သွင်းထားမှာဖြစ်ပါတယ်။ ရုပ်ထွက်ကောင်းမွန်စွာဖြင့် ဆော့ကစားနိုင်မှာဖြစ်ပြီး ထူးခြားသည့် ယှဉ်ပြိုင်မှုများ စွာပါဝင်လာတဲ့ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဂိမ်းထည့် သွင်းလိုသူများအနေဖြင့် iMotion ဖုန်း ၀၉-၅၀၁၅၄၈၇ သို့ ဆက်သွယ်နိုင်မှာဖြစ်ပါတယ်။

International

Kodak AZ361

Megapixel : 16.0
Zoom : 36x Optical
Sensor : CCD
LCD Display : 3.0 inch
Battery : Lithium

ဖွဲ့စည်းပုံခန်းသစ်ပြီး အကောင်းဆုံးပုံရိပ်များကို ထုတ်လုပ်ပေးမယ့် Kodak အမှတ်တံဆိပ် Auto Compact ကင်မရာဖြစ်ပါတယ်။ Zoom ခွဲအားအထူးမြင့်မားပြီး ခရီးဆောင်အသုံးပြုရန်ဖွေးချယ်သင့်တဲ့ကင်မရာပါ။ ခလုတ်များကိုစနစ်တကျဖွဲ့စည်းပေးထားပြီးလုပ်ဆောင်ချက်အချို့ကို Manual ဆောင်ရွက်နိုင်မှုဖြစ်ပါတယ်။ ကင်မရာဘော်ဒီအရောင်ကို စုံလင်စွာထုတ်လုပ်ပေးထားပါတယ်။

Sony DSC RX-100

Megapixel : 20.2
Zoom : 28-100 mm
Sensor : CMOS
LCD Display : 3.0 inch
Battery : Lithium

ဖွဲ့စည်းပုံဒီဇိုင်းရိုးရှင်းပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ professional စတိုင်ပုံဆရာအကြိုက် SonyRX-100 အိတ်ဆောင် Pro ကင်မရာဖြစ်ပါတယ်။ စျေးနှုန်းအနည်းငယ်မြင့်မားပေမယ့် စတိုင်ပုံဒီယိုကိုအကောင်းဆုံးအရည်အသွေးနဲ့ ရရှိမှာပါ။ လုပ်ဆောင်ချက်များကို Auto, Manual နှစ်မျိုးဆောင်ရွက်နိုင်ပြီး ခလုတ်များကိုစနစ်တကျဖွဲ့စည်းပေးထားပါတယ်။

Sony DSC RX-R

Megapixel : 24.0
Zoom : 35 mm Len
Sensor : CMOS
LCD Display : 3.0 inch
Battery : Lithium

နောက်ဆုံးပေါ်နည်းပညာများနဲ့ အကောင်းဆုံးထုတ်လုပ်ပေးထားတဲ့ Sony ရဲ့ စွမ်းဆောင်ရည်မြင့် ကင်မရာပါ။ အိတ်ဆောင် Professional ကင်မရာတစ်လုံး ဖြစ်ပြီး လုပ်ဆောင်ချက်များကို Manual အသုံးပြုနိုင်ပါတယ်။ ဘော်ဒီအရွယ်အစားသေးငယ်ပြီး Movie ကို FulHD ရရှိနိုင်တဲ့အပြင် စတိုပုံကို Raw File နဲ့မှတ်တမ်းတင်နိုင်ပါတယ်။ Zoom အတွက် 35mm မှန်ဘီလူးကို တွဲဖက်ပေးထားပြီး နောက်ထပ်လိုအပ်ပါက မှန်ဘီလူးပြောင်းလည်း တပ်ဆင်အသုံးပြုနိုင်ပါတယ်။

Olympus PEN E-P5

Megapixel : 16.1
Zoom : Lens Type
Sensor : CMOS
LCD Display : 3.0 inch
Battery : Lithium

အိတ်ဆောင်ခရီးဆောင် Professional ကင်မရာတစ်လုံးကဲ့သို့သွားလေရာယူဆောင်အသုံးပြုနိုင်မယ့် Olympus အမှတ်တံဆိပ်ကင်မရာပါ။ လုပ်ဆောင်ချက်ကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့အပြင် Auto Manual ဆောင်ရွက်နိုင်တဲ့ကင်မရာဖြစ်ပါတယ်။ ဒီကင်မရာကို လုပ်ငန်းခွင်အသုံးချမယ်ဆိုရင်လည်း အထူးအဆင်ပြေစေနိုင်ပြီး စတိုပုံကို Raw File နဲ့ထုတ်ယူရရှိနိုင်ပါတယ်။ ကင်မရာမှာ 3D နည်းပညာလည်းပါဝင်ပါတယ်။

Canon A-3500 IS

Megapixel : 16.0
Zoom : 5 x Optical
Sensor : CCD
LCD Display : 3.0 inch
Battery : Lithium

စွမ်းဆောင်ရည်မြင့်မားပြီး စျေးနှုန်းအသင့်တင့်နဲ့ဝယ်ယူရရှိနိုင်မယ့် Canon A-3500 Auto Compact ကင်မရာဖြစ်ပါတယ်။ Mega Zoom အထူးကောင်းမွန်ပြီး GPS စနစ်နဲ့ Wifi စနစ်တို့ပါဝင်တဲ့အပြင် အပျော်တမ်းလုပ်ဆောင်ချက်များစုံလင်စွာပါဝင်ပါတယ်။ Movie ကို HD အရည်အသွေးရရှိနိုင်ပြီး မိသားစုအသုံးပြုရန် ဖွေးချယ်သင့်တဲ့ ကင်မရာဖြစ်ပါတယ်။

Editor Choice

Canon SX-240 HS

လုပ်ဆောင်ချက်ကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ ပြည်တွင်း အသစ်ရောက် Canon အမှတ် တံဆိပ် Auto Compact ကင်မရာဖြစ်ပါတယ်။ Mega Zoom အထူးအားကောင်းပြီး မိသားစုအသုံးပြုရန်အတွက်သာမက အပျော်တမ်းခရီးဆောင်အသုံးပြုဖို့ ရွေးချယ်သင့်တဲ့ကင်မရာ တစ်လုံးဖြစ်ပါတယ်။ ဘော်ဒီဖွဲ့စည်းပုံထူးခြားပြီး အရွယ်အစားအသင့်တင့်ရှိတဲ့အပြင် ဘော်ဒီအရောင်ကို ရွေးချယ်ဝယ်ယူရရှိနိုင်မှုဖြစ်ပါတယ်။ ဒီကင်မရာရဲ့ လုပ်ဆောင်ချက်များကိုလည်း လွယ်ကူစွာနဲ့ကလေးလူကြီးမရွေးအဆင်ပြေစွာကိုင်ဆောင်အသုံးပြုနိုင်မှုဖြစ်တဲ့ အပြင်ပုံထွက်အရည်အသွေးကိုလည်း အထူးစိတ်ချနိုင်တဲ့ Auto Compact ကင်မရာတစ်လုံးဖြစ်ပါတယ်။

အားသာချက်

ပုံရိပ်ကြည်လင်ပြတ်သားမှုအတွက် စွမ်းဆောင်ပေးတဲ့ Megapixel ဟာ 12.1 Megapixels ပါဝင်ပါတယ်။ Zoom ခွဲအားကတော့အခြား Auto 20x Opitcal Zoom ရှိတာကြောင့်ပါ။ ဒါ့အပြင် BSI-CMOS Sensor ကို အသုံးပြုပေးထားတာတွေ့ရပါတယ်။ ဒါကြောင့် ပုံထွက်အရည်အသွေးကို အထူးစိတ်ချနိုင်ပါတယ်။ LCD Screen မှာ ၃ လက်မအရွယ်အစားရှိပြီး Movie ကို Full HD အရည်အသွေး နဲ့ မှတ်တမ်းတင်ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အလင်းအမှောင်အတွက် ISO ကို 3200 ထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကင်မရာမှာ Image Stabilization လည်းပါဝင်ပါတယ်။ ဒီကင်မရာရဲ့ ထူးခြားတဲ့ အားသာချက်ကတော့ GPS စနစ်ပါဝင်ခြင်းဖြစ်ပါတယ်။ နောက်ပြီးအပျော်တမ်းလုပ်ဆောင်ချက်များဖြစ်တဲ့ Exposuremode နဲ့ Scence Mode များစွာကို ထည့်သွင်းပေးထားပါတယ်။

အားနည်းချက်

ကင်မရာမှာ View Finder ပါဝင်ခြင်းမရှိပါဘူး။ နောက်ပြီးယခု လူကြိုက်များနေတဲ့ Wifi စနစ်တို့ ပါဝင်ခြင်းမရှိပါဘူး။ ဒါတွေကတော့ ဒီကင်မရာရဲ့ အဓိကအားနည်းချက်တွေဖြစ်ပါတယ်။ လုပ်ဆောင်ချက်ပိုင်းနဲ့ နည်းပညာပိုင်းမှာတော့ အားနည်းချက်မရှိပါဘူး။ အခြားအားနည်းချက်များကိုလည်း မတွေ့ရပါဘူး။

ဆုံးဖြတ်ချက်

ဒီကင်မရာဟာ အားနည်းချက် ထက်အားသာမှုများနဲ့ပိုမိုပြည့်စုံပါတယ်။ အခြား Auto Compact ကင်မရာများနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း အားသာမှုရှိတဲ့ Canon 5x240 HS ဖြစ်ပါတယ်။ စျေးနှုန်းအသင့်တင့်ရှိပြီး မိသားစု အသုံးပြုရန် ဖွေးချယ်သင့်တဲ့ ကင်မရာတစ်လုံးဖြစ်ပါတယ်။ ဒီကင်မရာကိုနောက်ဆုံးပေါ်နည်းပညာများနဲ့ အကောင်းဆုံးဖန်တီးထုတ်လုပ်ပေးထားပြီး အသုံးပြုသူများကို စိတ်ကျေနပ်မှုအပြည့်အဝ ပေးစွမ်းနိုင်မယ့် ကင်မရာဖြစ်တယ်လို့ သုံးသပ်ရမှာပါ။ စျေးနှုန်း ၂၄၀,၀၀၀ ကျပ်ဝန်းကျင်နဲ့ Royal Digital မှာ ဝယ်ယူရရှိနိုင်ပါတယ်။

ကျော်မျိုးဦး

Manfrotto 498RC2 Head

ပြည်တွင်းစျေးကွက်ထဲကို မကြာသေးခင်ကမှ အသစ်ရောက်ရှိလာတဲ့ Manfrotto အမှတ်တံဆိပ် Ball Head ဖြစ်ပါတယ်။ အရွယ်အစားအသင့်တင့်ရှိပြီး Professional ကင်မရာအလုံးကြီးများကို အဆင်ပြေစွာ တင်ဆောင်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Ball Head ကို သတ္တုနဲ့အရည်အသွေးကောင်းမွန်စွာထုတ်လုပ်ပေးထားပြီး Tripod အားလုံးနဲ့တွဲဖက်တပ်ဆင်အသုံးပြုနိုင်အောင် Ball Head သီးသန့်ရောင်းချပေးထားခြင်းဖြစ်ပါသည်။ Ball Head ကို အရမ်း Key သုံးခုနဲ့ဖွဲ့စည်းထားပြီး ဓင်တီမီတာအမှတ်အသားများ ထည့်သွင်းပေးထားပါတယ်။ စျေးနှုန်းမှာ ၁၆၅,၀၀၀ ကျပ်ဝန်းကျင်ရှိပြီး Royal Digital မှာ ဝယ်ယူ ရရှိနိုင်ပါတယ်။

SanDisk Micro SD Card

အရည်အသွေးကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ ပြည်တွင်းအသစ်ရောက် SanDisk အမှတ်တံဆိပ် Micro SD Card ဖြစ်ပါတယ်။ Mobile ဖုန်းမှာ Tablet များကင်မရာများစတဲ့ Micro SD Card သုံး Device များအတွက် အထူးဖန်တီးထုတ်လုပ်ပေးထားတဲ့ Hight Speed SD Card ပါ။ အချက်အလက်များကို 30MB/S နှုန်းနဲ့ လုပ်ငန်းစွမ်းဆောင်ပေးမှာဖြစ်ပါတယ်။ Memory 32GB ကို ဝယ်ယူရရှိနိုင်ပြီး SD Card Adapter နဲ့ တွဲဖက်ရောင်းချပေးထားတာကိုတွေ့ရပါတယ်။ လုပ်ဆောင်ချက်ကောင်းမွန်ပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ Micro SD ကတ်လိုအပ်သူများအတွက်အထူးအဆင်ပြေစေမှာပါ။ စျေးနှုန်း ၃၃,၀၀၀ ကျပ်ဝန်းကျင်နဲ့ Royal Digital မှာ ဝယ်ယူရရှိနိုင်ပါတယ်။

Rollei 4S 1080P

Full HD အရည်အသွေး Movie ရုပ်ထွက်များကို ထုတ်လုပ်ပေးနိုင်တဲ့ Rollei အမှတ်တံဆိပ် HD Movie Camera ဖြစ်ပါတယ်။ ပြည်တွင်းစျေးကွက်ထဲကို ပြီးခဲ့တဲ့အပတ်ကမှ အသစ်ရောက်ရှိလာတာဖြစ်ပြီး လျင်မြန်တဲ့လှုပ်ရှားမှုပုံရိပ်များကို အကောင်းဆုံးမှတ်တမ်းတင်ရိုက်ကူးနိုင်မှာဖြစ်ပါ တယ်။ Movie Resolution ကို 1080P ရရှိနိုင်ပြီး၊ လိုအပ်တဲ့အလင်းအားအတွက် 3LED မီးလုံးကို တပ်ဆင်ပေးထားပါတယ်။ ရေပေါ်ရေအောက်ရိုက်ကူးနိုင်ပြီး Remote Control ပါဝင်ပါတယ်။ Memory အတွက် Micro SD ကတ်ကို ထည့်သွင်းအသုံးပြုရမှာပါ။ ဘော်ဒီအရွယ်အစားသေးငယ်ပြီး Power အတွက် Lithium စတတ်ခဲကို အသုံးပြုထားပါတယ်။ စျေးနှုန်း ၂၉၀,၀၀၀ ကျပ်ဝန်းကျင် နဲ့ Royal Digital မှာ ဝယ်ယူရရှိနိုင်ပါတယ်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

အပြစ်အနာအဆာတင်းရှင်းသောကားများကိုသာ အဓိကရွေးချယ်တင်သွင်းတဲ့

Green Auto Services Centre

Green Auto Services ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလပိုင်းလောက်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အပြစ်အနာအဆာကင်းရှင်းတဲ့ကားတွေကိုအဓိကထားတင်သွင်းရောင်းချတဲ့အပြင် စာရွက်စာတမ်းစုံလင်စွာနဲ့ရောင်းချပေးဖို့ရည်ရွယ်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဈေးနှုန်းအနေနဲ့လည်း သင့်တင့်မျှတတဲ့ဈေးနှုန်းတွေနဲ့ရောင်းချပေးလျက်ရှိနေပါတယ်။ ကျပန်ကားအမျိုးအစားများကိုသာ အဓိကတင်သွင်းရောင်းချတာဖြစ်ပြီး တင်သွင်းတဲ့အခါမှာ 4 Wheel ကားအမျိုးအစားတွေကို များစွာတင်သွင်းပါတယ်။ လက်ရှိကား Services Centre မှာတော့ Saloon, Van စတဲ့ကားအမျိုးအစားတွေများပါတယ်။ ကားအနေနဲ့ကတော့ Land Cruiser, Kluger, Rav4, Double Cab, Mark X စတဲ့ကားတွေအများဆုံးဖြစ်ပြီး SkyLine R35 လိုကား မျိုးတွေကိုလည်း တင်သွင်းရောင်းချပေးပါတယ်။ ကားဝယ်ယူလိုသူတွေအနေနဲ့ ကျပန်ကတိုက်ရိုက်လေလံမှာယူချင်တယ်ဆိုရင်လည်း ဆောင်ရွက်ပေးပါတယ်။ Services Centre မှာတိုက်ရိုက်ကြည့်ရှုပြီး လာရောက်ဝယ်ယူချင်တယ်ဆိုရင်လည်း အဆင်ပြေဆုံးဖြစ်အောင်ဝန်ဆောင်မှုပေးပါတယ်။ ကားဟောင်းအပ်နှံစေလစ်ပေးပြီး ဝယ်ယူချင်သူတွေကိုလည်း စီစဉ်ဆောင်ရွက်ပေးပါတယ်။ Services Centre ကနေလာရောက်ဝယ်ယူသွားသူတွေအခြားကားပြောင်းလဲစီးချင်တယ်ဆိုရင် အလဲအလှယ်လုပ်ပေးပါတယ်။ ကာလပေါက်ဈေးနဲ့ပြန်လည်ဝယ်ယူပေးပြီး ဝယ်ယူသူလိုချင်တဲ့ကားအမျိုးအစားနဲ့အဆင်ပြေနိုင်အောင်စီစဉ်ဆောင်ရွက်ပေးပါတယ်။

Services Centre ကိုတော့အမှတ် ၁၁၅/ဘီ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှာဖွင့်လှစ်ထားပါတယ်။ ဖုန်းနဲ့မေးမြန်းချင်တယ်၊ ကားဝယ်ယူချင်တယ်ဆိုရင်တော့ ၀၉၅၀၄၇၆၄၇၊ ၀၉၅၀၆၆၈၀၀ သို့ဆက်သွယ်စုံစမ်းနိုင်မှာဖြစ်ပါတယ်။

Brand : Toyota Harrier
Model : 2004
Other : Camera (3), Original TV

Brand : Mark X
Model : 2010
Other : 2.5 Premium, Original TV, Back Camera

Brand : Land Cruiser
Model : 1999
Other : Original TV, High Control, Sun Roof

Brand : Toyota Cygnus
Model : 2000
Other : Original TV, High Control, Sun Roof

Brand : Nissan Skylins
Model : 2007
Other : Premium edition

Brand : Hilux Surf
Model : 2002
Other : 2 Wheel, 2.7 Pedrol

Brand : Prado
Model : 2003
Other : 2.7 Pedrol, TX Limited

Brand : Double Cab
Model : 1998
Other : LN 165, Diesel Auto

အထက်ပါကားများကို "Green Auto Services Centre" တွင် ဝယ်ယူရရှိနိုင်ပါသည်။

Week In Choice

Lincoln Navigator (2007)

Lincoln သည်နာမည်ကျော် America ကားထုတ်လုပ်သူကုမ္ပဏီကြီးဖြစ်ပြီး ၎င်းထုတ်လုပ်ထားတဲ့ကားတွေဟာ နိုင်ငံခြားနိုင်ငံကြွယ်ချမ်းသူတို့ကြောင့် အထူးနာမည်ရခဲ့ပါတယ်။ Lincoln ဒုယခင်က Saloon အမျိုးအစားကားများကိုသာ အဓိကထုတ်လုပ်လေ့ရှိသည်။ ဝဠုဂ္ဂ ပြည့်နှစ်ဘာလဒုစဉ်း Crossover SUV ခေါ် ဝိဝ်ခံလမ်းကြမ်းသုံး Wagon ကားများတို့ စထင်ဝိတ်ဆက်ထုတ်လုပ်ခဲ့ပါတယ်။ ၎င်းတို့အနက် Navigater မှာ အထူးနာမည်ရကျော်ကြားခဲ့တဲ့အပြင် သခုထတိယမျိုးဆက်အထိ အဓိကန်လမ်းမကြီးတွေပေါ် မှာမင်းမူခဲ့တာ အထင်အရှားဖြစ်ပါတယ်။ တတိယမျိုးဆက် Navigator တို့ ၂၀၀၇ ခုနှစ်မှာစတင်ထုတ်လုပ်ခဲ့တာဖြစ်ပြီး ထဝဝ် Model တွေထက်အထူးတောလန်မွန်တဲ့ပါဝင်မှုများအပြင် ခေတ်မီဒီဇိုင်းပြင်လည်းထုတ်လုပ်ခဲ့ပါတယ်။ Navigator, Navigator L ဆိုပြီး (၂) မျိုးရရှိနိုင်ကာ 8 seater, 7 seater တို့ရဲ့ version (၂) မျိုးဖြင့် ထုတ်လုပ်ထားပါတယ်။ အင်ဂျင်ကို 5.4L, V8 Engine စနစ်အသုံးပြုထားပြီး သာခန် SUV များထက် ပိုမိုကြီးခေခန်ညားစွာဖြင့်တည်ဆောက်ထားပါတယ်။ မြန်မာနိုင်ဝံစက္ကဝတ်မှာလည်း တလ်ဘောင်းအမျိုးအစားများထာအဓိကဂဇင်ဆရာက်ပြီး နာမည်ကျော် Land Cruiser, Land rover စတဲ့ Brand များထက် ပိုမိုနှစ်သက်စွာဝယ်ယူကြပါတယ်။ အဓိကပါဝင်ဂုဏ်သတ္တိများအနေနဲ့ Navigation Sytem, Rear Seat DVD, Entertainment System, Double Wishbone Suspension System စတာတွေပါဝင်ပါတယ်။ အသက်ကယ်လေထီတိ စ လုံးခန့်ပါဝင်တဲ့ အဆင့်မြင့် SUV Brand တစ်မျိုးပင်ဖြစ်ပါတယ်။ ထို့ကြောင့် ထားကြီး၊ ကားတောင်းနှစ်သက်သူများအတွက် King of Road တူ US မှတင်သွင်းကြတဲ့ 2007 Lincoln Navigator တိုဝယ်းနင်းတဲ့အခါမှာ သဘောကျကြမှာဖြစ်ပါတယ်။ (2007) Lincoln Navigator ကို ကျော်သိန်းဝဝဝ (ဥ) ရောင်းဖြင့် Friendship CarShowroom ဖုန်း ဝ၁-၈၆ဝ၃၂၇၇၊ ၈၆ဝ၃၂၁၈ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာဖြစ်ပါတယ်။

Car Accessories

TV Screen ပါတဲ့ကား DVD

ကိုတိန်း
ရန်ကုန်၊ ဇူလိုင် ၁၁

TV Screen အတွက်နေရာမပါသည့်ကားများ၊ နေရာမပေးလိုသူများအတွက် TV Screen ပါတဲ့လျက်ပါဝင်တဲ့ကား DVD ပါ။ နောက်ကြည့်ကင်မရာကိုလည်း TV Screen နဲ့ချိတ်ဆက်ပြီးအသုံးပြုနိုင်ပါတယ်။ Screen က LCD အမျိုးအစားပါ။ USB port, SD Card တွေကိုပါအသုံးပြုနိုင်ပါတယ်။ နောက်ကြည့်ကင်မရာနှင့် DVD စက်တွဲလျက်ကို ကျပ်၉၀,၀၀၀ ဝန်းကျင်ပါ။ တပ်ဆင်အသုံးပြုလိုသူများအနေဖြင့် ဝင်းမိသားစု ဖုန်း-၀၉၅၁၈၈၈၈၆၇၊ ၀၉၅၀၀၉၉၉၆၇၊ ၀၉၇၃၁၁၁၆၆၈ သို့ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

အင်ဂျင် Timing ကို Digital စနစ်နဲ့တိုင်းတာနိုင်တဲ့ Timing Tester

ကိုတိန်း
ရန်ကုန်၊ ဇူလိုင် ၁၁

ဒီဇယ်၊ စာတ်ဆီကားများအတွက် အင်ဂျင် timing ကို digital စနစ်နဲ့တိုင်းတာနိုင်တဲ့ timing tester ပါ။ Die sel & Petrol Digital Tester လို့ခေါ်ပါတယ်။ အင်ဂျင်ရဲ့ RPM, Vlolt တွေဘယ်လောက်ရှိတယ်။ မှန်လား၊ မမှန်ဘူးလား ဆိုတာတွေကိုတိုင်းတာနိုင်ပါတယ်။ ဒါ့အပြင် Distributor အမျိုးအစား pump အသုံးပြုအင်ဂျင်အမျိုးအစားတွေမှာဆီရဲ့ဖိအားမှန်၊ မမှန်ကိုလည်းတိုင်းတာနိုင်ပါတယ်။ ဈေးနှုန်းက ၂၅၀,၀၀၀ ကျပ်ဖြစ်ပါတယ်။ JTC & BANZI Auto tool ဖုန်း-၀၁-၅၁၇၂၂၀၊ ၀၉၅၄၀၂၇၆၃၊ ၀၉၈၆၅၀၁၉၅ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

ကားအင်ဂျင်ခန်းသန့်ရှင်းရေးလုပ်နိုင်တဲ့ Air Duster

ကိုတိန်း
ရန်ကုန်၊ ဇူလိုင် ၁၁

ကားအင်ဂျင်ခန်းတွေကို သန့်ရှင်းရေးလုပ်တဲ့အခါကြားထဲမှာရှိတဲ့ဖုန်တွေကိုမှုတ်ထုတ်နိုင်တဲ့လေမှုတ်ပစ္စည်းပါ။ Air Duster လို့ခေါ်ပါတယ်။ လက်မ ၂၀ ရှည်တဲ့အတွက် လက်ဖြင့်သန့်ရှင်းရေးမလုပ်နိုင်တဲ့နေရာတွေကို သေချာထိရောက်အောင်ပြုလုပ်နိုင်ပါတယ်။ ကားအတွင်းခန်းသန့်ရှင်းရေးလုပ်တဲ့အခါမှာလည်း အသုံးပြုနိုင်ပါတယ်။ လေမှုတ်စက်နဲ့တွဲ၍ အသုံးပြုနိုင်ပြီး ဈေးနှုန်းကတော့ ကျပ်၇၃၀၀ပါ။ JTC & BANZI Auto tool ဖုန်း-၀၁-၅၁၇၂၂၀၊ ၀၉၅၄၀၂၇၆၃၊ ၀၉၈၆၅၀၁၉၅ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

ကားအင်ဂျင်ဂျိုးတွေဆေးတဲ့အခါ ဒီဇယ်ဖြန်းပြီးဆေးနိုင်တဲ့ Engine Clean Gun

ကိုတိန်း
ရန်ကုန်၊ ဇူလိုင် ၁၁

ကားအင်ဂျင်ဂျိုးတွေဆေးတဲ့အခါ ဒီဇယ်ဖြန်းပြီးဆေးနိုင်တဲ့ပစ္စည်းပါ။ Engine Clean Gun လို့ခေါ်ပါတယ်။ ဒီဇယ်အပြင် ဆပ်ပြာရည်ရေတို့ဖြင့်ပဖြန်းပြီးဆေးနိုင်ပါတယ်။ Air Compressor ဖြင့်ခိုတ်ဆက်အသုံးပြုရမှာပါ။ ဈေးနှုန်းက ၁၅,၀၀၀ ကျပ်ဖြစ်ပြီး JTC & BANZI Auto tool ဖုန်း-၀၁-၅၁၇၂၂၀၊ ၀၉၅၄၀၂၇၆၃၊ ၀၉၈၆၅၀၁၉၅ သို့ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

Volvo C70



စကားဆန့်ကျင်

ကားအတွင်းခန်းမှာ အရည်အသွေးကောင်းမွန်တဲ့ပစ္စည်းတွေကိုအသုံးပြုထားပါတယ်။ ကားလှိုင်္ခံရေးစနစ်ပိုင်းကောင်းမွန်တဲ့အပြင် လိုက်ပါစီးနင်းသူတွေကိုသက်သောင့်သက်သာနဲ့ငြိမ့်ညောင်းတဲ့ခံစားမှုများရရှိစေပါတယ်။

ကားနည်းချက်

အခြားအမျိုးအစားတူကားတွေနဲ့ရိုင်းယှဉ်ရင် စျေးနှုန်းမြင့်ပါတယ်။ ကားရဲ့စတီယာရင်က အနည်းငယ်လေးတဲ့အတွက် ထိန်းချုပ်ရတာခက်ပါတယ်။ ကားအောက်ပိုင်းစနစ်အနည်းငယ်အားနည်းပါတယ်။

ဒီတစ်ပတ်ဖော်ပြပေးချင်တဲ့ကားကတော့ Volvo က ထုတ်လုပ်ထားတဲ့ကားတွေထဲက C70 လို့ခေါ်တဲ့ Coupe အမျိုးအစားကားပါ။ ထုတ်လုပ်တဲ့ခုနှစ်က ၂၀၀၂ဖြစ်ပြီး သူ့မှာ HT အမျိုးအစားတစ်မျိုးသာရှိပါတယ်။

ကားရဲ့အလျား 185.7 in၊ အနံ 71.5 in နဲ့ အမြင့် 55.7 in ရှိပါတယ်။ ဓါတ်ဆီကားအမျိုးအစားဖြစ်ပြီး ဂီယာက 5-Speed Manual ပါ။ ရွှေ့ဘီးယက်ကားအမျိုးအစားဖြစ်ပြီး အင်ဂျင်အရွယ်အစား 2.3L ရှိပါတယ်။ Cylinder အမျိုးအစားကတော့ Inline 5 ပါ။ 5400 rpm မှာ 236 hp အထိမောင်းနှင်နိုင်ပါတယ်။ ရွှေ့ဘီးမှာ Ventilated Disc ဘရိတ်တပ်ဆင်ပေးထားပြီး နောက်ဘီးမှာ Solid disc ဘရိတ်တပ်ဆင်ထားပါတယ်။ လျှပ်စစ်စနစ်နဲ့ ဘရိတ်ထိန်းချုပ်ပေးတဲ့စနစ်၊ အရေးပေါ်တွေ့ကြုံပါက ကားထဲမှအမြန်ဆုံးထွက်နိုင်တဲ့စနစ်၊ ကားအင်ဂျင်ကိုတည်ငြိမ်အောင်ထိန်းချုပ်ပေးမယ့် Engine Immobilizer စနစ်၊ ယာဉ်မောင်းသူနဲ့ လိုက်ပါစီးနင်းသူတွေရဲ့အသက်အန္တရာယ်ကိုကာကွယ်ပေးမယ့်လေအိတ်စနစ်တို့ပါဝင်ပါတယ်။ နေ့ဘက်ထွန်းမီးသီးနဲ့ကားသူခိုးရန်မှကာကွယ်ပေးတဲ့ အချက်ပြစနစ်၊ မြုံခွဲမီးသီးနှင့် လိုက်ပါစီးနင်းသူတွေရဲ့ဦးခေါင်းပိုင်းကို အဓိကထားကာကွယ်ပေးတဲ့စနစ်တို့ပါဝင်ပါတယ်။ ကားအတွင်းပိုင်းမှာ 240 Watts ရှိတဲ့ စပီကာစုစုပေါင်း ၁၀ လုံးတပ်ဆင်ပေးထားပါတယ်။ Power စနစ်အနေနဲ့ ရီမုတ်နဲ့ကားတံခါး အဖွင့်ပိတ်လုပ်နိုင်သလိုကားဘေးမှန်တွေကိုခလုတ်နဲ့အတင်အချုပ်လုပ်နိုင်ပါတယ်။ ဆီနည်းနေရင်အချက်ပြပေးမယ့်စနစ်၊ ပြင်ပအပူချိန်ကိုတိုင်းတာပေးတဲ့စနစ်တွေလည်းပါဝင်ပါတယ်။

-ကိုဟိန်း

မှတ်ပုံတင်မဲ့မော်တော်ယာဉ်များအားစီးနင်းခြင်း၊ ရောင်းဝယ်ခြင်းအစရှိသည်တို့ကိုစုံစမ်းသိရှိရပါကတိုင်ကြားနိုင်

ရန်ကုန်၊ ဇူလိုင် ၁၀

မှတ်ပုံတင်မဲ့မော်တော်ယာဉ်များအား စီးနင်းခြင်း၊ ရောင်းဝယ်ခြင်းနှင့် ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (အဝိုင်း) နှင့် ယာဉ်မှတ်ပုံတင်စာအုပ် ကမ-၃ အတုပြုလုပ်ကြောင်းစုံစမ်းသိရှိရပါက နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးဥာဏ်ကြားမှဦးစီးဌာနမှုံများ သို့သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေးကြေညာထားသည်။

မှတ်ပုံတင်မဲ့ယာဉ်များဖမ်းဆီးရရှိမှု ယာဉ်သက်သေခံလက်မှတ် (အဝိုင်း) နှင့်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) အတုအရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာထားခြင်းဖြစ်သည်။ မော်တော်ယာဉ်များအား အများပြည်သူဆိုင်ရာနေရာများတွင် မောင်းနှင်သွားလာနိုင်ရေးအတွက် မှတ်ပုံတင်ပေးရာတွင် ၁၉၆၄ ခုနှစ်မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ်မော်တော်ယာဉ်နည်းဥပဒေ ပုဒ်မ-၄၊ အခန်း-၁ အရ ပတ်ဗလီမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ပြဋ္ဌာန်းထားသော်လည်း နယ်စပ်ဝင်ပေါက်များမှတရားမဝင်ရောက်ရှိနေသော မှတ်ပုံတင်မဲ့ (Without) ကားများသည်မြန်မာနိုင်ငံအနှံ့အပြားတွင် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေပြီး က. ည. နတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသဲ့ဥပဒေမဲ့စီးနင်းသွားလာနေသည်ကိုတွေ့ရှိရကြောင်း သတင်းထုတ်ပြန်ထားသည်။

ထိုသို့စီးနင်းနေမှုများသည် ဥပဒေကိုမျက်ကွယ်ပြုခြင်း၊ သွင်းကုန် ပို့ကုန်ဥပဒေကိုခိုးဖောက်ခြင်းများဖြစ်ကြောင်း အဆိုပါမော်တော်ယာဉ်များဖြင့် တရားမဝင်မှောင်ခိုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ မူးယစ်ဆေးဝါးများသယ်ဆောင်ခြင်းများ၊ ဒုစရိုက်မှုခင်းများတွင်ပါဝင်ပတ်သက်မှုများရှိနေပြီး ကြဲရာနံ့ပါတ်များတပ်၍ ပြည်သူလူထုကြားခွဲ့ တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်ကိုတွေ့ရှိရကြောင်း သိရသည်။ ထိုမော်တော်ယာဉ်များစီးနင်းရာတွင် ယာဉ်အမှန်နှင့်ထင်ယောင်ထင်မှားရှိစေရန် အတုရောင်းချသူများမှပြင်ပကွန်ပျူတာစာစီစာရိုက်ကာလာမိတ္တူများတွင် သက်သေခံလက်မှတ်အတုကိုငွေကြေးပေး၍ က. ည. နမှုံမှထုတ်ပေးသောယောင်ရုံးဝင်း၊ မှုံရွှေ့များတွင်ချိန်းဆို၍ဆောင်ရွက်ပေးမှုများရှိကြောင်း စုံစမ်းရရှိသည်ဟုထုတ်ပြန်ချက်တွင်ဖော်ပြချက်အရသိရသည်။

ယခုအခါပြည်သူများ၏ သတင်းပေးပို့ချက်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍လည်းကောင်း လိုင်စင်မဲ့ယာဉ်များအား ရှောင်တခင်စစ်ဆေးမှုများပြုလုပ်ပြီး စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ လိုင်စင်မဲ့ယာဉ်များအား ဖမ်းဆီးစစ်ဆေးရာတွင် အထောက်အထားများအား တိကျမှန်ကန်စွာတင်ပြနိုင်မှုမရှိခြင်း၊ သက်သေခံလက်မှတ် (အဝိုင်း) နှင့်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) အားအတုပြုလုပ်ခြင်း၊ ကာလာမိတ္တူများဖြင့် တစ်ဆင့်ပွားခြင်း၊ Scan ဖတ်ခြင်းများဖြင့် တုပပြုလုပ်ထားခြင်းကြောင့် အစစ်နှင့်လုံးဝကွဲပြားသည်ကိုသိရှိနိုင်စေရန်အတွက် သက်ဆိုင်ရာနေရာများတွင် ခွဲခြားဖော်ပြထားရှိကြောင်း သိရသည်။

လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့် လူစီးမော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှုထုတ်ပြန်ထား

ရန်ကုန်၊ ဇူလိုင် ၁၀

လုပ်ငန်းသုံးမော်တော်ယာဉ်များနှင့်လူစီးမော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှုအား အများပြည်သူသိရှိရန်ထုတ်ပြန်ထားကြောင်းသိရသည်။

အကောက်ခွန်ဦးစီးဌာနမှ Extra Cub, Space Cab တံခါးနှစ်ပေါက် (2 Doors) မော်တော်ယာဉ်များအား လုပ်ငန်းသုံးယာဉ်များ (Pick up) အဖြစ်သတ်မှတ်ပြီး (HS 87.04) အရ အကောက်ခွန် (Customs Duty) ၃ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၅ ရာခိုင်နှုန်းဖြင့် စည်းကြပ်ကောက်ခံလျက်ရှိကြောင်း သိရသည်။ ဆလွန်း (Saloon) ကဲ့သို့လူစီးမော်တော်ယာဉ်များအား (HS 87.03) အရ Engine Power 2000 CC အထိ အကောက်ခွန် (Customs Duty) ၃၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၂၅ ရာခိုင်နှုန်းဖြင့် စည်းကြပ်ကောက်ခံလျက်ရှိကြောင်း သိရသည်။

၎င်းအပြင် အင်ဂျင်ပါဝါ 2000 CC အထက်မော်တော်ယာဉ်များအား အကောက်ခွန် (Customs Duty) ၄၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၂၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း စည်းကြပ်ကောက်ခံလျက်ရှိသည်ဟု ထုတ်ပြန်ထားသည်။ မောတော်ယာဉ်များအပေါ် အခွန်စည်းကြပ်ကောက်ခံမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာဝက်ဘ်ဆိုက်များမှတစ်ဆင့်ထုတ်ပြန်ထားကြောင်း သိရသည်။

'အ' အက္ခရာကားများကြိုတင်ဝယ်ယူမှုများရှိ

ကိုဟိန်း

ရန်ကုန်၊ ဇူလိုင် ၁၁

ယာဉ်အို ယာဉ်ဟောင်းအပ်ခ်ံမှုအရနောက်ထပ်အသစ်လက်ခံမည်ဖြစ်သည့် 'အ' အက္ခရာကားများကြိုတင်ဝယ်ယူမှုများရှိသည်ဟု ကားဈေးကွက်အတွင်းမှ သိရသည်။ 'သ' အက္ခရာကားများအသစ်လက်ခံနေသည်မှာ သုံးပတ်ခန့်သာရှိသေးသဖြင့် 'အ' အက္ခရာကားများအသစ်လက်ခံရန်မှာကြာမည်ဖြစ်သော်လည်း ဈေးကွက်တွင် အဝယ်လိုက်လျက်ရှိသည်။

"အ အက္ခရာကားတွေကို ကြိုတင်ဝယ်တဲ့သူတွေရှိတယ်။ အခုနေဝယ်ထားပြီး အသစ်လက်ခံတဲ့အခါ ဈေးတက်လာရင် ပြန်ရောင်းမယ်ဆိုတဲ့မျှော်မှန်းချက်နဲ့ဝယ်ကြတာပါ။ အရင် 'သ' အက္ခရာတုန်းက ၁၀ သိန်း၊ ၁၅ သိန်းလောက်မြတ်တာ 'အ' အက္ခရာတွေကိုကြိုတင်ဝယ်ကြတာပါ။ အဝယ်နည်း နည်းလိုက်တော့ ဈေးလည်း နည်း နည်းတက်လာတယ်။ ရောင်းတဲ့သူကတော့ နည်းတယ်။ 'သ' စလစ်ဈေးကတော့ နည်း နည်းကျလာတယ်။ ကားဈေးကွက်မှာတော့အရောင်းအဝယ်ပါနေတယ်" ဟု ကားဝယ်ရောင်းပြုလုပ်နေသူကိုအောင်မျိုးသူကပြောသည်။ 'အ' အက္ခရာကားများမှာဈေးကွက်တွင် ၈၂ သိန်းဝန်း ကျင်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်ဟုသိရပြီး 'သ' စလစ်ဈေးမှာ ၉၄ သိန်းဝန်းကျင်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်ဟုသိရသည်။

TechInside

INTERNET

ING GUIDE

Vol.14, No.27 | Thursday, July 18, 2013

Publishing : Kyaw Myo Oo (Cultural) | Editor : Myint Myint Sein | Writer : Sai Sai Wan Nwet | Illustrator : Min Min Soe | Model : Su Lay | Photographer : Htun Htun

Knowledge for All

Intel Haswell processor

အကြောင်း သိထားသင့်သမျှ ၀၁ - ၆၉

Article

မောက်စ်သာင်

Douglas Carl Engelbart

၀၇ - ၀၀

SUDOKU
ENTER TO WIN PRIZE
SMART ELECTRONIC
DICTIONARY

Guide

ဖုန်ခွင်ပဒေယျပိုင်များကို အပိုင်းလိုက်ခွဲခြားခြင်းနှင့် ပြန်လည်ပေါင်းစပ်ခြင်းများ ပြုလုပ်ခြင်း

၀၁ - ၆၀

HTC One

Android OS, v4.1.2 (Jelly Bean)
Qualcomm APQ8064T,
Snapdragon 600 Chipset
Quad-core 1.7 GHz Krait 300 CPU
Adreno 320 GPU
32GB (Internal Memory), 2GB RAM
4 MP Camera, 2688 x 1520 pixels,
autofocus, LED flash
Price - 638,000 Ks

Product Sponsor
KMD Co., Ltd

ASUS
Inspiring Innovation • Persistent Perfection

Phone နှင့် Tablet တို့၏ ပေါင်းစပ်ဖန်တီးထားသည့်ထူးခြားသစ်ဖြင့် ASUS fonepad

1-Year Warranty

ASUS fonepad
Fun & Call in One

Fone Pad ME371MG

Intel Atom Z2420 -1.2GHz | 1 GB | 8GB Storage | 3G Support | Front Cam(1.2M) | Rear Cam (3M)
Wi-Fi | Bluetooth 3.0 | G Senor | 7"Display(1280x800) | Android 4.1 (Jelly Bean) | Support GSM & WCDMA

intel

259,000 KS

Golden Power Technology Your Reliable Supplier

Internet Journal
Vol.14, No. [illegible] | Thursday, July 18, 2013

Silicon Power Stream S03

ရန်ကုန်၊ ဇူလိုင် ၁၀

Silicon Power Stream S03 Portable HDD ကတော့ USB 2.0 အပြင် USB 3.0 ပါ အသုံးပြုနိုင်ပြီး LED indicator က USB 2.0 နဲ့ USB 3.0 ဘာကို အသုံးပြုတယ်ဆိုတာ ခွဲခြားပေးနိုင်ပါတယ်။ Blue LED indicator က USB 3.0 ဖော်ပြပြီး Red LED Indicator က USB 2.0 ကိုဖော်ပြပေးပါတယ်။ Windows 7, Windows 8 Notebook တွေနဲ့လည်း သုံးရတာအဆင်ပြေပြီး အရောင်အဆင်းဖြင့် လက်ဗွေရာ မထင်တဲ့ Matte Black ကို သုံးပေးထားပါတယ်။ လက်ဗွေရာမထင်တဲ့အတွက် သုံးစွဲသူတွေကို ကျေနပ်မှုရရှိစေမှာပါ။ နှစ်နှစ်အာမခံပေးထားပြီး 500 GB, 1TB GB မိမိကြိုက်နှစ်သက်ရာဆန္ဒချယ်ယူနိုင်ပါတယ်။ Golden Power Technology ဖုန်း - ၂၂၆၆၆၇၊ ၂၁၀၉၄၃ နှင့် ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်ပါတယ်။ -သန္တာ

Vido Mini S Tablet

ရန်ကုန်၊ ဇူလိုင် ၉

ပြည်တွင်းစျေးကွက်အတွင်း Vido အမှတ်တံဆိပ် Mini S မော်ဒယ် Tablet တစ်မျိုး ဖြစ်ပါတယ်။ စကရင်အချယ်အစား ၇. ၈၅ လက်မရှိမှာဖြစ်ပြီး Resolution 768×976 အထိ အထောက်အပံ့ပေးထားမှာ ဖြစ်တယ်။ Processor အနေဖြင့် Quad-Core အမျိုးအစားကို အသုံးပြုထားမှာဖြစ်ပါတယ်။ RAM အနေဖြင့် 1GB ပါဝင်မှာဖြစ်ပြီး အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်မှုပမာဏ 8GB ကို ထည့်သွင်းပေးထားပြီး အချက်အလက်ကို 32GB အထိ ထပ်တိုးအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Android Version 4.1.1 ကို အထောက်အပံ့ပေးထားမှာ ဖြစ်ပါတယ်။ ကင်မရာအနေဖြင့် Dual Camera ပါဝင်မှာဖြစ်တဲ့အတွက် လိုသလိုရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ HDMI, Wi-Fi, TF Card စတာတွေ ပါဝင်မှာဖြစ်ပါတယ်။ စျေးနှုန်းကတော့ ၁၆၀,၀၀၀ ကျပ်ရှိမှာဖြစ်ပါတယ်။ အသေးစိတ်ကို T-Land IT, Digital, Mobile ဖုန်း - ၀၉ ၂၈၆၈ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်မှာဖြစ်ပါတယ်။ -ဝေဝေ

NEC VersaPro Type VB



ရန်ကုန်၊ ဇူလိုင် ၄

NEC VersaPro Notebook မှာ Intel Core i7-2637M အမျိုးအစား Processor ကို အသုံးပြုထားပြီး အမြန်နှုန်း 1.7GHz ရှိပါတယ်။ သိုလှောင်မှုအတွက် 320GB HDD ကိုထည့်သွင်းထားပြီး Memory 4GB RAM ရှိပါတယ်။ မြင်ကွင်းအကျယ် ၁၂. ၁ လက်မ ရှိပြီး WXGA အမျိုးအစား LED display ကို အသုံးပြုထားပါတယ်။ DVD-super Multi Burner 1000Base-T ပါဝင်မှာဖြစ်ပါတယ်။ ဘက်ထရီကတော့ 6 cell အမျိုးအစားကို တပ်ဆင်ထားပြီး Windows 7 Professional (32bit) ကို လိုင်စင်ဖားရှင်း ပါဝင်မှာဖြစ်ပါတယ်။ ဒီ Notebook ရဲ့တန်ဖိုးကတော့ ကန်ဒေါ်လာ 669 နဲ့ ညီမျှတဲ့ မြန်မာကျပ်ငွေဖြစ်ပြီး စိတ်ပါဝင်စားသူတွေအနေနဲ့ KMD မှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ -သူရ

Soul SL - 100 Headphone

ရန်ကုန်၊ ဇူလိုင် ၁၀

အမေရိကန်နိုင်ငံထုတ် Soul အမှတ်တံဆိပ် မော်ဒယ် SL - 100 အမျိုးအစား ဖြစ်ပါတယ်။ မည်သည့် Mobile Handsets, Tablet, iPad စတာတွေနဲ့ တွဲဖက်အသုံးပြုနိုင်မှာဖြစ်တယ်။ Headphone အသုံးပြုနေစဉ်မှာပဲ ပြင်ပကဆူညံသံတွေကို ဖယ်ရှားပေးမှာဖြစ်တယ်။ ကာလာအနေဖြင့် အရောင် ၁၅ ရောင် ရွေးချယ်ဝယ်ယူနိုင်မှာ ဖြစ်တယ်။ စျေးနှုန်း ၁၆၅,၀၀၀ ကျပ် ဖြင့် ecity (ဆိုင်ခွဲ) အားလုံး ဖုန်း - ၂၂၄၃၁၆၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

-အေးပြု

Portable Speaker

ရန်ကုန်၊ ဇူလိုင် ၁၀

ဂျပန်နိုင်ငံထုတ် ELECOM အမှတ်တံဆိပ် SP-SMP 100GN မော်ဒယ် Portable Speaker တစ်မျိုး ဖြစ်ပါတယ်။ iPhone, iPad တွေအပြင် အခြား Smart Phone, Tablet, Laptop များဖြင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ခရမ်းချဉ်သီး ပုံသဏ္ဌာန်နှင့်တူသည့် ဒီဇိုင်းဆန်း Speaker ဖြစ်ပါတယ်။ ဒီ Speaker ကို အားသွင်းပေးရန်မလိုဘဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အသံအရည်အသွေးအထူးကောင်းမွန်ပြီး Base အသံပါ ချိန်ညှိပေးထားမှာဖြစ်ပါတယ်။ Receiver နှင့်တွဲဖက်အသုံးပြုပါက အကောင်းဆုံး အသံအနေအထားကို ခံစားနားဆင်နိုင်မှာဖြစ်ပါတယ်။ စျေးနှုန်း ၁၈,၀၀၀ ကျပ်ရှိမှာဖြစ်ပါတယ်။ အသေးစိတ်ကို Cyber Plus ဖုန်း - ၂၂၇၅၉၃၊ ၂၂၁၇၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ -ဝေဝေ

ASUS Vivo Book S550CB - CJ190H

ရန်ကုန်၊ ဇူလိုင် ၁၀

ASUS S550CB - CJ190H Notebook ကတော့ Processor Corei7-3537U-2.0GHz ကို အသုံးပြုထားပြီး Memory 4GB DDR3/ 1600 (Up to 8GB) ပါဝင်ပါတယ်။ အချက်အလက်သိုလှောင်မှုအတွက် 750GB HDD အပြင်အချက်အလက်ကူးပြောင်းနှုန်း ပိုမြန်စွာ အသုံးပြုနိုင်ရန် 24GB SSD ပါဝင်ပါတယ်။ ဂရပ်ဖစ်ပိုင်းတွင်လည်း Nvidia GT 740M (2GB) အမြင့်ပိုင်း Graphic Card ကိုအသုံးပြုထားပါတယ်။ Display ကတော့ 15.6" လည်း Numeric Key ပါဝင်ပါတယ်။ Internet အသုံးပြုနိုင်မည့် Wi-Fi စနစ်၊ Sonic Master Speaker လည်း ပါဝင်မှာဖြစ်ပါတယ်။ စျေးနှုန်းကတော့ ကန်ဒေါ်လာ ၉၈၉ နဲ့ Golden Power Technology ဖုန်း - ၂၂၆၆၆၇၊ ၂၁၀၉၄၃ နှင့် ကွန်ပျူတာဆိုင်အများစုတွင် ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

-သန္တာ

FUJITSU

shaping tomorrow with you

LIFEBOOK LH772V

www.facebook.com/fujitsu.mm

အရည်အသွေး ၊ အရောင်အဆင်း ၊ စွမ်းဆောင်ရည် အာလုံးပြီးပြည့်စုံစွာ
အသုံးပြုချင်သူများအတွက် အကြမ်းဖမည့် Notebook

MADE IN JAPAN

ကွက်ဂဏန်းခလုတ်များအတွက် အဆင်ပြေမယ် Num-pad

တောင်မွန်သော အသံအရည်အသွေးနှင့် Onkyo Speaker Box

ဖိုင်းတော်ရည်အပြည့်အဝအတွက် nVidia Graphic 2GB

LIFEBOOK LH772V (i3)

- Intel Core™ i3 3120M(2.5GHz)
- 4GB DDR3 • 750GB HDD
- Nvidia GeForce GT640M DDR3 2GB
- 14" WXGA Display • DVD-RW
- USB 3.0 • 6 Cells battery(6-hrs)
- 1 Year International Warranty

$845

LIFEBOOK LH772V (i5)

- Intel Core™ i5 3210M(2.5GHz)
- 4GB DDR3 • 750GB HDD
- Nvidia GeForce GT640M DDR3 2GB
- 14" WXGA Display • DVD-RW
- Bluetooth 4.0 • 6 Cells battery(6-hrs)
- 1 Year International Warranty

$915

LIFEBOOK LH772V (i7)

- Intel Core™ i7 3612QM(2.1GHz)
- 4GB DDR3 • 750GB HDD
- Nvidia GeForce GT640M DDR3 2GB
- 14" WXGA Display • DVD-RW
- Bluetooth 4.0 • 6 Cells battery(6-hrs)
- 1 Year International Warranty

$999

Master Dealer For Upper Myanmar : MRS (မန္တလေး) - အမှတ် (၀၃၁)၊ ၃၁ လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာစံပြိုနယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ - ၆၄၉၇၇၊ ၆၄၉၇၈

Authorised Distributor : DCD
No.73, 75, 49th St., Pazundaung Township, Yangon
Tel: 296579, 291830, 297332

MAT 02-72579 | KING EMPIRE 01-398129 (YGN) | MyCom | @Ahlintann 074-21007 | mst 062-31009 | Technolabel 73024327 (YGN) | KMD 245180 02-60360 | Life Mark 01-391691 | NOTAR 38901

PROLiNK®
www.prolink2u.com

သင့်ရဲ့ လျှပ်စစ်ပစ္စည်းတွေ အတွက်
Power Backup လိုအပ်နေသလား ?

သင်လိုအပ်နေတာ *Tower Type* လား ? / *Rack Type UPS* လား ?

PROLINK Master Series များကို ထောင်လျက်၊
လဲလျက် ဒီဇိုင်းနှစ်မျိုးဖြင့် ရနိုင်ပါပြီ။

KEY FEATURES:

- True Online Double-Conversion topology
- Space saving with 2U height rack design
- Easy maintenance with hot-swappable battery design
- 2-IN -1 Rack or Tower design
- High Output power Factor of 0.9
- Stable Output voltage regulation
- User friendly LCD display
- Long back up time available
- Available from 1kVA to 10kVA capacities

PROLINK Master Series UPS အထောက်အကူပြုနိုင်သည့် ပစ္စည်းများ

- အိုင်တီသုံး ပစ္စည်းကိရိယာများ
- ဆက်သွယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ
- ဆေးဘက်ဆိုင်ရာ လုပ်ငန်းသုံး ပစ္စည်းကိရိယာများ

ယခုနေ ရနိုင်ပါပြီ

Line Interactive Series - 650VA to 3000VA
Inverter Series - 500VA to 5000VA
Solar Series - (Off/ On Grid) 300W to 10,000W

PC | Printer | Work-Stations | 19" Rack Mount

အထေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖော်ပြပါ ဖြန့်ဖြိုရောင်းချသူသို့ ဆက်သွယ်မှုစစ်နိုင်ပါသည်။

MRS Co., Ltd.
KMD Group of Co. Ltd.,
အမှတ် (၇၇-၇၉) (၅၁-၅၃)၊ ဘိုကလေးစေ့ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ် (၁၃၁) ၃၁လမ်း၊ ၇၆ နှင့် ၇၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း။ ၀၃၁-၃၉၉၂၂၇၇၊ ၃၉၂၂၇၉၉ ၃၉၂၂၇၈၈ ၀၂-၆၀၃၆၀၇၊ ၆၀၉၉၇၇
H Phone : ၀၉၅ ၉ ၅၁၃၃ ၈၄၄၂
၀၈၇၆၊ ၀၉၅ ၁ ၃၉၂၂၉၉
အီးမေး chawchawmyint@kmdcomputer.com
ဖိုဆေး mrssaleygn@gmail.com

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

Wireless Floating Pool Speaker

အသံထွက်အရည်အသွေးကောင်းကောင်းနဲ့အသုံးပြုနိုင်မယ့် ရေခိုးကန်နဲ့ရေကူးကန်တွင်းသုံး စပီကာပဲဖြစ်ပါတယ်။ 900Mhz frequency response ရှိတဲ့ ရေစိုခံစပီကာဖြစ်ပြီး အသံလိုင်းကို ပေ ၁၅၀ ခန့်အကွာအဝေးထိ ပို့ထုတ်လွှတ်ပေးနိုင်ပါတယ်။ RCA output ပါဝင်ပြီး iPod, computer စတာတွေနဲ့လည်း ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

Mobile Gaming System for Android

ပေါ့ပေါ့ပါးပါသွားလေရာ ယူဆောင်ကာအသုံးပြုနိုင်တဲ့ Mobile Game Controller ပါဖြစ်ပါတယ်။ Dual Analog Stick စနစ်သုံးအမျိုးအစားဖြစ်ပြီး Android ဂိမ်းတွေကို ကောင်းစွာဆော့ကစားနိုင်ဖို့ခလုတ်တွေပါဝင်ပါတယ်။ Bluetooth စနစ်ပါဝင်တဲ့အတွက် ကြိုးမဲ့ချိတ်ဆက် ဆော့ကစားရမှာဖြစ်ပါတယ်။

REVIEW...

Razer Blade 14

USD 1,799.99 | CNET

ပေမာ

အားသာချက်

RazerBlade 14 ကိုပါးလွာတဲ့ကိုယ်ထည်ဒီဇိုင်းနဲ့ထုတ်လုပ်ထားပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားကောင်းမွန်ဖို့အတွက် Intel ကုမ္ပဏီရဲ့ စတုတ္ထမျိုးဆက် quad-core ပရိုဆက်ဆာကို အသုံးပြုထားပါတယ်။ သက်ထရီသက်တမ်းလည်း အထူးကောင်းမွန်တာတွေ့ရပါတယ်။

အားနည်းချက်

Screen resolution အလွန်နည်းပါးပြီး touch screen စနစ်လည်း အသုံးပြုနိုင်ခြင်းမရှိပါဘူး။ Gaming laptop တစ်လုံးအတွက် ထည့်သွင်းပေးထားတဲ့ memory ပမာဏကလည်း လုံလောက်မှုနည်းပါပါတယ်။

အသေးစိတ်ဖော်ပြချက်

Razer Blade 14 gaming laptop ကို 2.2GHz Intel core i7-4702HQ ပရိုဆက်ဆာ ထည့်သွင်းထုတ်လုပ်ထားပြီး memory အနေနဲ့ 1,600MHz SDRAM DDR3 RAM 8GB ပါဝင်ပါတယ်။ ၁၄ လက်မအရွယ် display ကို 1600x900-pixel resolution နဲ့အသုံးပြုနိုင်မှာဖြစ်ပြီး Nvidia GeForce GTX 765M ဂရပ်ဖစ်2GB ကိုလည်း ထည့်သွင်းပေးထားပါတယ်။ အချက်အလက်နဲ့ဂိမ်းတွေသိမ်းဆည်းဖို့အတွက် 128GB SSD ပါဝင်ကာ optical drive တော့ ထည့်သွင်းထုတ်လုပ်ထားခြင်းမရှိပါဘူး။ Windows 8 (64-bit) operating system နဲ့အသုံးပြုနိုင်မှာဖြစ်ပြီး 802.11b/g/n Wi-Fi, Bluetooth 4.0 စတဲ့စနစ်တွေနဲ့ ကွန်ရက်ချိတ်ဆက်နိုင်မှာဖြစ်ပါ တယ်။ Port တွေအနေနဲ့ကတော့ USB 3.0 သုံးခုနဲ့HDMI တစ်ခုပါဝင်ပါတယ်။

ဒီဇိုင်း

RazerBlade 14 ကိုပါးလွာတဲ့ကိုယ်ထည်ဒီဇိုင်းနဲ့ ထုတ်လုပ်ထားပြီး ယခင်အသုံးပြုထားတဲ့ second-screen touch pad အစား အရွယ်ကြီးမားတဲ့ရိုးရိုးtouch pad ကို ပြောင်းလဲထည့်သွင်းထားပါတယ်။ Backlit ကီးဘုတ်ကို အသုံးပြုရအဆင်ပြေစေတဲ့ဒီဇိုင်းနဲ့ ပြုလုပ်ပေးထားပြီး စပီကာတွေကိုလည်း ကီးဘုတ်ရဲ့ဘေးတစ်ဖက်စီမှာ ထည့်သွင်းထုတ်လုပ်ထားပါတယ်။ စုစုပေါင်းအလေးချိန်၄. ၁ပေါင် ရှိပြီး အရွယ်အစားအနေနဲ့ကတော့ အလျား ၁၃. ၆လက်မ၊ အနံ ၉. ၃ လက်မနဲ့ ကိုယ်ထည်အထူ ၀. ၆၆ လက်မရှိပါတယ်။

ဆော်ဖ်ဝဲရီ

စွမ်းအင်သုံးစွဲမှုသက်သာစေတဲ့Haswell ချစ်ပ်ကိုအသုံးပြုထား တာကြောင့် ဘက်ထရီသက်တမ်းအလွန်ကောင်းမွန်တာတွေ့ရပါတယ်။ ၇ နာရီနဲ့ ၄၆မိနစ်ခန့် ဆက်တိုက်အသုံးပြုနိုင်ပါတယ်။

Remote Controlled Spy Plane

ဝေဟင်ကနေ ဗီဒီယိုကိုပုံသန်းရိုက်ကူးပေးနိုင်တဲ့စပိုင်လေယာဉ်ပုံလေးဖြစ်ပါတယ်။ ရီမုတ်စနစ် တွဲဖက်ပါဝင်ပြီး ရီမုတ်ခလုတ်မှာ ၃. ၅လက်မ အရွယ်အစား ကာလာမြင်ကွင်း တွဲဖက်ပါဝင်ပါတယ်။

Hand Crank Phone Charger

အချိန်မရွေး၊ နေရာမရွေး ကိုယ့်ရဲ့ ဖုန်းကို အားပြန်သွင်းနိုင်တဲ့ လက်လှည့် ဖုန်းအားသွင်းစက် ဖြစ်ပါတယ်။ တစ်မိနစ်ခန့် အားသွင်းရုံနဲ့ စကွန့်သုံးဆယ်ကြာ ဖုန်းခေါ်ဆိုမှုနဲ့ စာတိုပို့မှုတွေ ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ အားသွင်းစက်ထဲမှာ 2000 mAh ရှိတဲ့ Lithium ion ဘက်ထရီပါဝင်ပြီး USB ကနေ အလွယ်တကူ ပြန်လည်အားသွင်းနိုင်မှာ ဖြစ်ပါတယ်။

HDMI Pocket Projector

မြင်ကွင်းအကျယ်လက်မ ၆၀ ထိရရှိနိုင်တဲ့ အိတ်ဆောင်အရွယ်အစား ပရိုဂျက်တာ ဖြစ်ပါတယ်။ Portable အမျိုးအစား HDMI စနစ်သုံးဖြစ်ပြီး Resolution 1080p ထိထောက်ပံ့ပေးနိုင်ပါတယ်။ စပီကာနှစ်လုံးတွဲဖက်ပါဝင်ပြီး HDMI ကြိုးသုံးချောင်းလည်း တွဲဖက်ပါဝင်ပါတယ်။

Transformer 32GB USB Drive

ကျားသစ် ပုံစံပြောင်းလဲနိုင်တဲ့ USB Flash Drive လေးပဲဖြစ်ပါတယ်။ သိုလှောင်မှုပမာဏ 32GB ရှိပါတယ်။ USB 2.0 interface အမျိုးအစားဖြစ်ပြီး ဖန်စီကြိုက်နှစ်သက်သူတွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။

ကုန်စည်နှင့်ကားပြပွဲများ ကျင်းပမည်

ရန်ကုန်၊ ဇူလိုင် ၁၀

Monsoon Yangon Expo & Car Show ကုန်စည်ပြပွဲကြီးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှ ၂၃ ရက်နေ့အထိရန်ကုန်မြို့၊ ဥဒိဝိဇရလမ်းရှိ တပ်မတော်ခန်းမတွင်လည်းကောင်း၊ Monsoon Mandalay Expo & Car Show ကုန်စည်ပြပွဲအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် မှ ၂၄ ရက်နေ့ အထိ မန္တလေးမြို့တောင်ခန်းမကြီးတွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကိုပြခန်း (၁၇၀) ကျော်ဖြင့် နံနက် ၉နာရီမှ ည ၆နာရီအထိပြသရောင်းချသွားမည်ဖြစ်သည်။ ပြပွဲလာ ပြည်သူများကိုကံစမ်းမဲများ အခမဲ့ဝေပေးသွားမည်ဖြစ်ပြီး ပန်ကာ၊ မီးပူ၊ ထမင်းပေါင်း အိုး၊ ထီးနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုး (၁၀၀) ကျော်အားနေ့စဉ်ကံစမ်းမဲဖွင့်လှစ်ပေးသွားမည်ဟု ဆိုသည်။

ထို့အပြင် ငွေကျပ် ၁၀,၀၀၀ (ငွေကျပ်တစ်သောင်း) ဖိုးနှင့်အထက် ဝယ်ယူသူများအား TV၊ ရေခဲသေတ္တာ၊ DVD၊ အဝတ်လျှော်စက်နှင့် အခြားတန်ဖိုးရှိ စုမဲပေါင်းများစွာကို နေ့စဉ်ကံစမ်းမဲ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အထူးခြားဆုံးအစီအစဉ်အဖြစ် မော်တော်ကား ၁စီး၊ ဝယ်ယူလျှင် ကား ၁ စီး ကံစမ်းခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ပါဝင်ပြသရောင်းချလိုပါက ပြပွဲကျင်းပရေးကော်မတီ Smart Group ဖုန်း- ၀၁- ၆၅၆၈၇၅၊ ၀၉- ၇၃၀၁၄၇၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

SUDDEN ATTACK OFFICIAL LAUNCH CUP ပြိုင်ပွဲရက်ပြောင်းလွှ

ကိုဇော်အောင်

ရန်ကုန်၊ ဇူလိုင် ၁၂

ဇူလိုင်လ ၁၂ရက်မှ ၁၄ရက်နေ့အထိ ၃ရက်တိုင်တိုင်JunctionMawtin ShoppingMall တွင်ကျင်းပပြုလုပ်ရန်စီစဉ်ထားသည့် SUDDEN ATTACK OFFICIAL LAUNCH CUP ပြိုင်ပွဲကို ဩဂုတ်လအတွင်းသို့ပြောင်းရွှေ့လိုက်ကြောင်း Solutions Gateway Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ကျွန်တော်တို့အနေနဲ့ပြိုင်ပွဲကိုစည်စည်ကားကားဖြစ်အောင်လို့အစီအစဉ်တွေထပ်တိုးမှာကြောင့် ရယ်၊ ဂိမ်းကို Gamer တွေပိုမိုရင်းနှီးစေဖို့အတွက် Mini ဂိမ်းပြိုင်ပွဲလေးကို လုပ်ပေးချင်တာရယ်ကြောင့် ပြိုင်ပွဲကိုရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ပါတယ်" ဟုဒင်းမှ ဆက်လက်ပြောကြားသည်။ပြိုင်ပွဲတွင် PCG Dota Tournament နှင့် Sudden Attack Tournament ပြိုင်ပွဲများအပြင် အခြားသောအစီအစဉ်များဖြင့် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ထပ်မံသိရှိရသည်။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

တင်ဒါအောင်ထားသော ဆက်သွယ်ရေးကုမ္ပဏီများ၏ ၉၉ ရာခိုင်နှုန်း ဝန်ထမ်းများမှာ နောင် ၅ နှစ်ကျော်ပါက မြန်မာများသာ ဖြစ်မည်ဟုဆို

ကျော်ဇေယျ
ရန်ကုန်၊ ဇူလိုင် ၁၁

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တင်ဒါစနစ်ဖြင့် ခေါ်ယူခဲ့သော ကုမ္ပဏီများထဲမှဇွန်လ ၂၇ ရက်နေ့ က တင်ဒါအောင်ခဲ့သော နိုင်ငံခြားကုမ္ပဏီများဖြစ်သည့် Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီနှစ်ခုတို့၏ ၉၉ ရာခိုင်နှုန်းဝန်ထမ်းများမှာနောင် ၅ နှစ်ကျော်ကြာပါက မြန်မာအလုပ်သမားများသာဖြစ်မည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်ကပြောသည်။

ဇူလိုင်လ ၁၀ ရက်နေ့ ညနေပိုင်းကနေပြည်တော်ရှိဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီဌာနတွင်ကျင်းပပြုလုပ်သော ရှင်းလင်းပွဲတွင် ဝန်ကြီးက "နောင် ၅ နှစ်ကြာရင် ၉၉ ရာခိုင်နှုန်း ကမြန်မာတွေပဲဖြစ်သွားမှာ။ တံခါးစောင့်ကအစ ကားဒရိုင်ဘာ နောက်ပြီး အတတ်ပညာရှင်တွေကအစ အားလုံးမြန်မာတွေချည်း ဖြစ်လာမှာပါ" ဟု ဒုတိယဝန်ကြီးက သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းကုမ္ပဏီများနှင့် ဆက်သွယ်ရေး၏ သဘောတူညီချက်များအရ ပထမတစ်နှစ်တွင် ၂၅ ရာခိုင်နှုန်းမှာ မြန်မာဝန်ထမ်းများဖြစ်ပြီး ဒုတိယ ၂ နှစ်တွင် ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၇၅ ရာခိုင်နှုန်းဖြစ်ပြီး နောင် ၅ နှစ်ကြာပြီးပါက ကုမ္ပဏီ၏ ၉၉ ရာခိုင်နှုန်းမှာ မြန်မာဝန်ထမ်းများဖြစ်ရမည်ဟုပါရှိကြောင်း သိရသည်။ အဆိုပါကုမ္ပဏီများအနေဖြင့် တင်ဒါအောင်ခဲ့စဉ်က ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အလုပ်အာမခံကြေး ကန်ဒေါ်လာ ၂၅ သန်းပေးအပ်ခဲ့ရပြီး လိုင်စင်ရရှိပြီးပါက ထပ်မံ၍ ကန်ဒေါ်လာ သန်း ၂၀၀ ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ပေးအပ်ထားသော အလုပ်အာမခံငွေများနှင့် ပတ်သက်ပြီး ဝန်ကြီးက "သူတို့ (Telenor နှင့် Oordeoo) တွေ ပြောထားတဲ့ အာမခံချက်တွေရှိတယ်။ ဘယ်တော့ဘာလုပ်ပေးမယ်ဆိုတာတွေပေါ့။ အဲဒါတွေမလုပ်ပေးနိုင်ခဲ့ရင် ဒီအာမခံငွေထဲကနေ ကျွန်တော်တို့က နုတ်သွားမှာပါ" ဟုပြောကြားခဲ့သည်။ ယင်းကုမ္ပဏီများအား ဆက်သွယ်ရေးဥပဒေအတည်ပြုပြီးချိန်တွင် လိုင်စင်များထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေနန်းတော် Photo Model Contest ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပခဲ့

ရန်ကုန်၊ ဇူလိုင် ၁၃

ရွှေနန်းတော်၏ Photo Model Contest (Company Choice, Public Like) ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကိုတော့ ဇူလိုင်လ ၆ ရက်ကပြည်လမ်းမပေါ်ရှိ Junction Square Complex တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတွင် Mr.Company Choice ပထမဆုကိုမောင် Russell မှလည်းကောင်း၊ ဒုတိယဆုကို မောင်ဇေလူထက်မှ လည်းကောင်း၊ တတိယဆုကို မောင်ထက်လင်းမှလည်းကောင်း၊ Ms.Company Choice ပထမဆုကို မမြတ်ပုဏ္ဏာမိုဇိုမှလည်းကောင်း၊ ဒုတိယဆုကို မဟန်သီမှလည်းကောင်း၊ တတိယဆုကို မနန်းစန္ဒာလှထွန်းမှ လည်းကောင်း ရရှိခဲ့ကြပြီး Mr.Public Like ပထမဆုကို မောင်ဒန်းဒန်မှ လည်းကောင်း၊ ဒုတိယဆုကို မောင်လွင်မင်းဦးမှလည်းကောင်း၊ တတိယဆုကို မောင်စိုင်းစိုင်းမှလည်းကောင်း၊ Ms. Public Like ပထမဆုကို နန်းခေမိုမှလည်းကောင်း၊ ဒုတိယဆုကို ချိုလဲ့လဲ့လင်းမှလည်းကောင်း၊ တတိယဆုကို မမေမြတ်သိခိမ့်မှလည်းကောင်း ရရှိခဲ့ကြသည်။ အဆိုပါဆုများနှင့်အခြားသောစုစုပေါင်းသိမ့်ဆုများအပါအဝင် ဆု ၂၅ ဆုကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

Cyber Power မှ Accessories Promotion ပြုလုပ်မည်

ရန်ကုန်၊ ဇူလိုင် ၁၂

Promotion ကိုဇွန်လ ၂၄ ရက်မှဇူလိုင်လ ၂၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Mobile Power Pack (CP-BC2200), Mobile Power Pack (CP-BC5200), Car Charger, Notebook Surge Protector များကို ၁၀ ခုဝယ်ယူပါက တစ်ခုလက်ဆောင်ထပ်မံပေးအပ်မည်ဖြစ်သည်။ ပရိုမိုးရှင်း အစီအစဉ်နှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက ဖုန်း - ၃၇၆၈၈၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်မည်ဖြစ်သည်။

MEC ငွေဖြည့်တတ် ဖြည့်သွင်းမရခြင်းနှင့် တွေ့ကြုံ

မြင့်ကျော်လှိုင်

ရန်ကုန်၊ ဇူလိုင် ၁၂

၁၅၀၀ ကျပ်တန်ဖုန်းလိုင်းအတွက် ငွေဖြည့်သွင်းရာ၌ မိုဘိုင်းဖုန်းအတွင်းသို့ သတ်မှတ်ငွေမဝင်ရောက်ခြင်းနှင့် ကြုံတွေ့ခဲ့ရသည်ဟု ငွေဖြည့်ရောင်းချသူ အမျိုးသမီးတစ်ဦးက ဆိုသည်။ "သေသေချာချာရိုက်ပြီးထည့်တာပဲ။ မရဘူး။ နောက်ဆုံးနောက်တစ်ကတ်ကို ရိုက်ထည့်လိုက်မှ ရသွားတယ်။ ၅ ထောင်တန်ကတ်ပါ။ ဝယ်သူနဲ့ တစ်ယောက်တစ်ဝက် မျှခံလိုက်တယ်" ဟု ၎င်းကပြောသည်။ MEC အနေဖြင့် အသုံးပြုသူများအတွက် မပြေလည်မှုများကို ပြန်လည်ဖြေရှင်းပေးမည့် ဖုန်းလိုင်းထားရှိသော်လည်း အသုံးပြုသူအများစုမှာ ခေါ်ဆိုမရရှိခဲ့ကြောင်းပြောကြားသည်။

MCE မိုဘိုင်းဖုန်းများကိုငွေဖြည့်သွင်းရာ၌ သတ်မှတ်ငွေကြေးများ မိုဘိုင်းဖုန်းအတွင်းသို့ မရောက်ရှိသည်များကြုံတွေ့လာရသည့်အတွက် ငွေဖြည့်ကတ်ရောင်းချသည့် အခါကိုယ်တိုင်ငွေဖြည့်သွင်းပေးခြင်း များ မပြုလုပ်တော့ကြောင်း လှည်းတန်း၌ လက်ကားစနစ်ငွေဖြည့်ကတ်များ လာရောက် ဝယ်ယူသူတစ်ဦးက ပြောသည်။

"တစ်ခါတလေဖြစ်တတ်တယ်။ အဲဒီလိုဖြစ်ရင် ဈေးခေါ်အကြိမ်ပေါင်း များစွာသာ ရိုက်ထည့်လိုက်။ အဆင်ပြေသွားတာများပါတယ်။ အဲဒီလိုလုပ်ရင်။ ၁၅ ခါလောက် ရိုက်လိုက်ရင် ရသွားတတ်တယ်" ဟုလှည်းတန်း၌ငွေဖြည့်ကတ်လက်ကားရောင်းချသည့် မိုဘိုင်းဖုန်းဆိုင်မှဝန်ထမ်းက ပြောသည်။ GSM ဖုန်းများနှင့် CDMA (800,450) ဖုန်းလိုင်းများတွင် ငွေဖြည့်ကတ် ကုတ်နံပါတ်များကို ၅ ကြိမ်မှားယွင်းရိုက်ခဲ့ပိပါက ၂၄ နာရီ ငွေဖြည့်သွင်းခွင့် ပိတ်ပင်ခံရခြင်း၊ ၂၄ နာရီလိုင်းအဝင်အထွက် အပိတ်ပင်ခံရခြင်းများကြုံတွေ့ရသော်လည်း MEC ၏ CDMA မိုဘိုင်းဖုန်းလိုင်းများမှာငွေဖြည့်ကတ်ကုတ်နံပါတ်ကိုရိုက်ခဲ့ပိပါက အကြိမ်အရေအတွက်ကန့်သတ်မထားကြောင်း သိရသည်။

"ငွေမပါဘူးဆိုတာ မရှိပါဘူး။ စက်ရဲ့ကထွက်တယ် ဆိုတာစက္ကူပါပဲ။ ဆက်သွယ်ရေးက ဒါကိုGenerate လုပ်မှ ငွေဖြစ်တာပါ။ စက်ရဲ့ Error ကြောင့်ပဲဖြစ်ဖြစ်၊ အသုံးပြုသူမှားယွင်းမှုကြောင့် ပဲဖြစ်ဖြစ် ဖြစ်တတ်ပါတယ်။ ဒါက ကုမ္ပဏီနဲ့တော့ မဆိုင်ဘူး။ ကျွန်တော်တို့Date ကျော်သွားရင်လည်းပေးတယ်။ ခဲခြစ်ရင်းနဲ့ ပြဿနာတာမျိုးဆိုရင်လည်းပေးတယ်။ ကတ်ထဲမှာ ငွေမပါဘူး ဆိုတာက နားလည်မှုလွဲတာပါ" ဟု GSM နှင့် CDMA ဖုန်းလိုင်းများအတွက် ငွေဖြည့်ကတ်ရောင်းချနေသည့် Elite Tech ကုမ္ပဏီမှကိုအောင်ကပြောသည်။

Software ဆိုင်ဖွင့်လိုသူများအတွက်

1-Computer Software များကို ISO file များဖြင့် ရောင်းချပေးပါသည်။ DVD file 1800 ကျော်,CD file 2400 ကျော်ရှိပါသည်။ အားလုံးပယ်လိုသူများအတွက် အထူးအခွင့်အရေးရှိပါသည်။ တစ်ဖိုင်ချင်းပယ်လိုသူများအတွက်တော့DVD iso 1 file=400ks CD iso 1 file=200ksအသင့်ရောင်းနိုင်အောင်စီစဉ်ထားပါသည်။

2-Phone software [Firmware / Apps/..] MP3/4 များကို လည်းရောင်းချပေးနေပါပြီ။

from Internationalcd
www.internationalcd.yolasite.com

Ph; 09 448015085
mail; internationalcdygn@gmail.com

ကိုမျိုးမင်း LG

LCD, PLASMA, TV SALES & SEVICE CENTRE

* LG, SONY, PANASONIC, SAMSUNG, LCD, PLASMA များကို ဈေးနှုန်းချိုသာစွာဖြင့် အထူးပြုပြင်ပေးသည်။
* LCD, PLASMA များအတွက် အပိုပစ္စည်းများလည်းရရှိနိုင်ပါသည်။

အမှတ်(၁၇၂) မြေညီ ၊ ၃၇လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၇၀၀၃၀၆ ၊ ၀၉၇၃၀၈၅၅၁၉

NATIONAL CD

အသစ်အဆောင်းရလင့်စွာ ရနိုင်သောနေ့ရှင်နယ်စီဒီ

- Language & educational CDROM
- Installers & graphic softwares
- Reference, hobby and medical CDroms
- Latest PC Games and eBooks

အမှတ် ၃၇၅ ဒိုလိ်ဗျပ်အောင်ဆန်းလမ်း (လမ်း၃၀ထောင့်) ရန်ကုန် ဖုန်း ၇၀၈၂၂၅
အမှတ် ၁၆၁ (၃၄)လမ်း ဆထက် ကျောက်တံတား ရန်ကုန် ဖုန်း ၂၅၂၆၀၄၊၃၀၈၄၇၃၀
အမှတ် ၄၈၆ (၈၂)လမ်း (၃၅)နှင့်(၃၆)လမ်းကြား မန္တလေး ဖုန်း ၀၉-၉၁၀၀၂၅၇၂

Top Elite Engineering Group Service Center

အိမ်တိုင်ရာရောက် ဝင်းဒိုးတင်ခြင်း - ၃၀၀၀ ကျပ်

* Windows တင်ခြင်း၊ Software များနှင့်၊ Game များထည့်,သွင်းခြင်း။ Virus သတ်ခြင်း
* Mobile Phone ခြင့် Internet အသုံးပြုနိုင်အောင် ပြုလုပ်ခြင်း
* Local Area Network (LAN) စီတ်ဆက်ပေးခြင်း
* Internet နှင့်သက်ဆိုင်သော ADSL, WiMax, McWill, Wireless Router နှင့် သက်ဆိုင်သော Error များဖြေရှင်းခြင်း
* ပုန်းအမျိုးမျိုး Root လုပ်ပေးခြင်း၊ ဖြန့်မှုဖောင်ထည့်,သွင်းခြင်း၊ Phone များကို Jelly Bean အထိ Version မြှင့်ပေးခြင်း
* ပုန်း Hardware, Software Error အမျိုးမျိုး ဖြေရှင်းခြင်း

* PS2, PS3 Game Server တည်ဆောက်ပေးခြင်း (ဂိမ်းဒေ့ ၂၀၀ခန့်ကျော်ပါပြီး)
* PS2, PS3 Game များလာရောက်ထည့်,သွင်းပေးခြင်း
* PS2 စက်များတွင် IC လဲလှယ်ပေးခြင်း
* PS2, PS3 Game များ အစုံပွဲ,လိုက် ကစားနိုင်စေရန် Server ဖြုလုပ်ပေးခြင်း

အမှတ် (၁၂၃)၊ ၃၉၀လမ်း(အောက်)၊ ကျောက်တံတားမြို့,နယ်၊ ရန်ကုန်
PHONE: 09450056308, 0931448436, 0936045660

LF LIN Family

Computer Whole Sale, Retail & Service

ACER Laptop	HP Laptop	COMPAQ Laptop	DELL Laptop	TOSHIBA Laptop
14 inch CPU - i3 RAM - DDR3 2GB H.D.D - 320GB DVD R/W	14 inch CPU - i5 RAM - DDR3 2GB H.D.D - 500GB DVD R/W	14 inch CPU - i5 RAM - DDR3 2GB Graphic 1 GB H.D.D - 320GB DVD R/W	14 inch CPU - i3 RAM - DDR3 2GB HDD - 320GB DVD R/W	14 inch CPU - i5 RAM - DDR3 4GB Graphic 1 GB HDD 500GB DVD R/W
10 Gifts 340000	10 Gifts 370000	10 Gifts 399000	10 Gifts 340000	10 Gifts 435000

SAMSUNG Laptop	TOSHIBA Laptop	APPLE Mac	SONY Laptop	ACER Laptop Slim
14 inch CPU - i5 RAM - DDR3 4GB Graphic - 2GB H.D.D - 500GB DVD R/W	14 inch CPU - i3 RAM - DDR3 2GB H.D.D - 500GB DVD R/W	14 inch CPU - Core 2 Duo RAM - DDR2 2GB H.D.D - 160GB DVD R/W	14 inch CPU - i3 RAM - DDR3 2GB H.D.D - 320GB DVD R/W	14 inch CPU - i5 RAM - DDR3 4GB Graphic 1GB H.D.D - 500GB DVD R/W
10 Gifts 430000	10 Gifts 340000	10 Gifts 290000	10 Gifts 340000	10 Gifts 440000

အထူးလျော့ဈေး

PRICE LIST
HDD 500 GB = 52000
Laptop Original Adaptor = 19000 (1 year)
H61 Foxconn MB = 43000
Motherboard 865 = 23000
Motherboard G31 = 33500
Motherboard G41 = 37500
DVD R/W Liteon = 22500
Graphic 1 GB = 34000
Gaming Mouse = 5000 (1 Yr)
Head Phone (Philip) = 4900
Game Pad = 4500
Laptop second hand များကို 6 months Parts, 1 years services ပေးပါသည်။
ဆိုင်တွင်လာရောက်အားပေးသူများကို Laptop, Android နှင့် IOS Phone များတွင် Applications များ free ထည့်ပေးပါသည်။
MB, HDD, PS, UPS, Monitor တို့ကို ဈေးနှုန်းချိုသာစွာ ပြုပြင်ပေးနေပါသည်။

အမှတ် (၁၃၈)၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့,နယ်၊ ရန်ကုန်မြို့။ Ph: 0973187376, 095168593, 0973202223, 388537

FOREVER FRIENDS

Computer Service & Network Solution

လူကြီးမင်း၏ ကွန်ပျူတာ ကြောင့်စိတ်ညစ်နေပါသလား...
ပုန်းဆက်လိုက်ရုံဖြင့် အိမ်အရောက်ဝန်ဆောင်မှုပေးနေပါပြီ။

- Windows , Software , Game တင်ခြင်း၊ Virus သတ်ပေးခြင်းများ ၃၀၀၀/- ကျပ်နှုန်းဖြင့် အိမ်အရောက်ဝန်ဆောင်မှုပေးနေပါပြီ...
- GSM , CDMA , WCDMA ဖုန်းများကိုကွန်ပျူတာနှင့်ချိတ်ဆက်၍ အင်တာနက် အသုံးပြုနိုင်ပါပြီ...
- Wireless Router , ADSL , Mc Will , SkyNet MPS , Wi Max အင်တာနက် လိုင်းများ၏ Error များကိုကျွမ်းကျင်ပညာရှင်များက လိုက်လံဝန်ဆောင်မှုပေးနေပါပြီ

အမှတ် (၄၆)၊ ၁၂၄လမ်း ၊ ပထမထပ် ၊ မဂ်လာတောင်ညွန့်မြို့,နယ် ၊ ရန်ကုန်၊ (မဂ်လာဈေး အနီး)
Phone : 09 420016348 , 09 425372104 , 09 420016347

J-SAT

ビジネス日本語学校

ဩဂုတ်လ အတွက်သင်တန်းသားသစ်များလက်ခံနေပါပြီ။
သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်အမြန်လာရောက်၍ စာရင်းပေး သွင်းကြပါရန်။
ဂျပန်လူမျိုးဆရာ၊ဆရာမများကိုယ်တိုင်သင်ကြား ပေးမည့်လုပ်ငန်းခွင်သုံး
ဂျပန်ဘာသာသင်တန်း။ အခြေခံဘာသာစကားသက်သက်သင်ကြားခြင်းမျိုးမဟုတ်ဘဲ၊
ဂျပန်ကုမ္ပဏီ များတွင်ဝင်ရောက်လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းကိုပါတစ်ပါတည်းရရှိနိုင်မည်ဖြစ်သည်။
သင်တန်းအဝင်ရန် : အခန်း ၅၀၂၊ ၅လွှာ၊ B ဆောင်၊ ညောင်ပင်လေးပလာဇာ၊ လမ်းမတော်မြို့,နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉ ၃၁၆၃၆၄၇၀

သင်တန်းသားများအနေဖြင့် J-SAT ဂျပန်ဘာသာသင်တန်းကျောင်းတွင် သင်တန်းတစ်ခါအပ်ပါက J-SAT အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွင် အလိုအလျောက်စာရင်းပေးပြီးသားဖြစ်သွားမည်ဖြစ်ပြီး၊ သင်တန်းပြီးဆုံးသည့်အခါ မိမိအရည်အချင်းနှင့် ကိုက်ညီသည့်ပြည်တွင်းရှိ ဂျပန်ကုမ္ပဏီများတွင်ဝင်ရောက်လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းကိုပါတစ်ပါတည်းရရှိနိုင်မည်ဖြစ်သည်။

A.K Mobile Ko Myo San

ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်၊

Used iPhone / iPad / iPod / Samsung / Sony / HTC/ Huawei Nokia(Only Window 8 Phones)
Used All in one PC / Notebook / Netbook / UtlarBook / Laptop / Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)

အထူးဈေးကောင်းပေးဝယ်လိုသည်။

iPhone5. 4S. 4, 3GS, 3G iPod 5, 4, iPad 4,3,2 Mini Wifi & Wifi 3G & More
Samsung S2, S3, S4, Grand, Note 1, Note 2, Note 8.0 Any Samsung Tablet & More
Sony Xperiz Z, T, TX, Ion, S, SL, Acro S, J, P, U, E, V, Sola & More
HTC Butterfly, One, One X, One X Plus, XL, XE, Desire VC & More
HUAWEI Ascend D2, P1, U9508, U8951D, U8950, U8812D,U8825D, & More
Macbook Pro, Macbook Air, iMac, Any Laptop & More

PH : 09 4500 39844, 09 312 88077

အမှတ် (၁၂၄)၊ ၃၁ လမ်း(အလယ်)၊ ၃ လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

သတင်းကိစ္စများအတွက် ဆက်သွယ်လိုပါက - ထူ ၇၃၀ ၃၂ ၉၂၈

QUICK COMPUTER TRAINING CENTER

အရှေ့ပလာဇာ၊ဆိပ်ကမ်းသာ(အပေါ်လမ်း)ဝဲ့း ၂၅၆၆၈၆/၀၉-၇၃၀၀၇၃၉၃

❖Advanced Excel Course

အမျိုးအစားတူdataများကိုရွေးချယ်ခြင်း၊အလုံးအမြတ်သိရန်ရောင်းဈေးကြိုတင်ခန့်မှန်းတွက်ခြင်း၊နေ့စဉ်ဝင်ငွေ/ထွက်ငွေစာရင်းရေးသွင်းခြင်း၊ရရန်ရှိပေးရန်ရှိငွေစာရင်းရေးဆွဲခြင်း၊sheet dataများlinkချိတ်နည်း။

❖ EXCEL IN BUSINESS APPLICATION

Voucherရေးဆွဲနည်းLedgerရေးဆွဲနည်း၊ကုန်ပစ္စည်းလက်ကျန်ရေးဆွဲနည်း၊အလုံးအမြတ်ရေးဆွဲနည်း၊လက်ကျန်ရှင်းတမ်းရေးဆွဲနည်း၊Fileတစ်ခုနှင့်တစ်ခုLinkချိတ်နည်း။

Yay Set Group

Computer Programming & Computer နည်းပညာသင်တန်းများ

Programming နှင့် Java Language ကို Teaching Technology ဖြင့်ပေါင်းစပ်သင်ကြားနေသော Yay Set Group တွင်တက်ရောက်သင်ယူခြင်းဖြင့်မိမိကိုယ်တိုင်စူးစမ်းလုပ်ဆောင်ချင်စိတ်ကိုဖြစ်ပေါ် စေခြင်း၊ Teaching Technology ရဲ့စွမ်းအားကြောင့်ကျောင်းသား/သူများရဲ့လိုအပ်ချက်ကိုအမြန်ဆုံးသိရှိပြီး၊ပုံပိုးမှုများကိုလျင်မြန်စွာကူညီပေးနိုင်ခြင်း၊ IT နည်းပညာရပ်များကိုအခြေခံမှစသင်ယူစေပြီး၊အဆင့်မြင့်နည်းပညာရှင်တစ်ယောက်ဖြစ်ချင်အောင်စိတ်ပါဝင်စားမှုများကိုတစ်ဆင့်ပြီးတစ်ဆင့်မိမိကိုယ်တိုင်ယုံကြည်ချက်ရှိရှိဖြင့် ရှေ့တိုးလုပ်ဆောင်တတ်စေခြင်း၊စသည့် Teaching Technology ရဲ့ကောင်းကျိုးများစွာကိုအချိန်ယူလေ့လာပြီးမှသာကျွှသင်တန်းများကိုသင်ကြားလျက်ရှိပါသည်၊ဒါကြောင့် Basic Java နှင့် Advance Java ကို စတင်တက်ရောက်သင်ယူကြည့်လိုက်ပါ။ 16 Street (Middle) , Lanmadaw , Yangon.
Contact US : PH : 09421170193 , yaysetgroup@gmail.com

ကိုဘိုနိုး

SONY GAME

ပရဉ်းပျိုးစုံပြပြင်ရေးနှင့်ရောင်းဝယ်ရေး
Ph: 09 8622744, 09 73224989
01-380536
လိပ်စာ -အမှတ် (၂၅၉)၊ ဘားလမ်း (အထက်)၊
ကျောက်တံတား မြို့,နယ်၊ ရန်ကုန်မြို့။

Internet Journal
Vol.14, No.27 | Thursday, July 18, 2013

Ubuntu OS ကို အသုံးပြုပြီး ကွန်ပျူတာ အဟောင်းပေါ်တွင် File Server တစ်ခု ဖန်တီးပြုလုပ်ခြင်း

-သီဟ

သင့်မှာကွန်ပျူတာအဟောင်းလေးတစ်လုံး ရှိခဲ့မယ်ဆိုရင် အဲဒီကွန်ပျူတာကို UbuntuOS ကိုထည့်သွင်းပြီး File Server အနေနဲ့ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ အဲဒီကွန်ပျူတာမှာ UbuntuOS ကိုထည့်သွင်းရမှာဖြစ်ပါတယ်။ UbuntuOS ကိုထည့်သွင်းပြီးပြီဆိုတာနဲ့ပြုလုပ်သင့်တဲ့ Package တွေကို Update နဲ့ Upgrade တွေ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။

ဒီအဆင့်ပြီးသွားပြီဆိုရင်တော့ သင် File Server အဖြစ် အသုံးပြုမယ့် ကွန်ပျူတာပေါ်မှာ Samba ကို ထည့်သွင်းရမှာ ဖြစ်ပါတယ်။ Ubutu OS ပေါ်မှာ Network Sharing ပြုလုပ်ဖို့အတွက် Samba ကို Graphic Mode ကနေ ထည့်သွင်းမယ်ဆိုရင် ပထမဦးစွာ Ubuntu Software Centre ကို သွားရမှာ ဖြစ်ပါတယ်။ Ubuntu Software Centre ကိုရောက်ရင် Themes & Tweaks ဆိုတဲ့ Category အောက်ကို သွားရမှာ ဖြစ်ပါတယ်။ Themes & Tweaks အောက်ကိုရောက်ပြီဆိုရင် Samab ဆိုတာကို ကလစ်နှိပ်လိုက်ပါ။ ပြီးရင် Authenticate မှာ Password ကို ရိုက်ထည့်ပြီး Install ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် Graphic Mode ကနေ Install ပြုလုပ်မယ့်သူတွေက ဒီအဆင့်နဲ့တင် Samba ကို Install ပြုလုပ်ပြီးဖြစ်ပါတယ်။ ဒါဆိုရင်တော့ Graphic Mode ကနေ Install ပြုလုပ်မယ့်သူတွေက ဒီအဆင့်နဲ့တင် Samba ကို Install ပြုလုပ်ပြီး ဖြစ်ပါတယ်။ Command Line ကနေ ထည့်သွင်းမယ့်သူတွေအတွက်ကတော့ Terminal ကို Ctrl+Alt+T နှိပ်ပြီး ခေါ်ရမှာဖြစ်ပါတယ်။ Terminal ထဲကိုရောက်ပြီဆိုရင် "sudo apt-get install samba" ဆိုတဲ့ Command ကိုရိုက်ထည့်ပြီး Password ကိုရိုက်ထည့်ပေးလိုက်တယ်ဆိုရင် Samba ကို ဒေါင်းလုပ် ပြုလုပ်ပြီး ထည့်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒါဆိုရင် Samba ကို Command Line ကနေ ထည့်သွင်းပုံပြီးစီးပြီ ဖြစ်ပါတယ်။



Samba ကို ထည့်သွင်းပြီးပြီဆိုရင်တော့ Ubuntu အသုံးပြုသူတွေအနေနဲ့ Network ပေါ်မှာ File Sharing တွေကို စတင်ပြုလုပ်နိုင်ပြီဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ File Server ပြုလုပ်ဖို့အတွက် Configuration ကို ပြုလုပ်ရမှာဖြစ်ပါတယ်။ Gedit ကနေ ပြုလုပ်မှာ ဖြစ်တဲ့အတွက် အောက်ဖော်ပြပါ Command ကို အသုံးပြုပြီး ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုရမယ့် Command ကတော့ sudo gedit /etc/samba/smb.conf ဖြစ်ပါတယ်။ ဒါဆိုရင်တော့ smb ဆိုတဲ့ Configuration ဖိုင်ထဲကို ရောက်သွားမှာဖြစ်ပါတယ်။ Configuration ဖိုင်ကိုအောက်မှာဖော်ပြထားတဲ့အတိုင်း ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။

```
[ShareName]
comment = An optional description of your share.
path = /home/example/directory
browseable = yes
read only = no
guest ok = yes
guest only = yes
```

အပေါ်မှာ ဖော်ပြထားတဲ့ Share Name ဆိုတဲ့နေရာမှာတော့ သင် Share ပေးမယ့် ဖိုဒါနာမည်ကို ပေးရမှာ ဖြစ်ပါတယ်။ Comment နေရာနောက်မှာလည်း အမည်တပ်ပေးရမှာ ဖြစ်ပါတယ်။ အောက်က အဆင့်များကိုတော့ ပေးထားတဲ့အတိုင်း ထည့်သွင်းရမှာဖြစ်ပါတယ်။ ဒါဆိုရင်တော့ File Server တစ်ခုဖန်တီးပြီး ဖိုင်တွေကို Share ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ အခြားကွန်ပျူတာ တစ်လုံးကနေ အဲဒီ File Server ကို ချိတ်ဆက်မယ်ဆိုရင်တော့ smb://<IP address or hostname of your server>/<share name> ဆိုတဲ့ Command ကို အသုံးပြုပြီး ချိတ်ဆက်အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။

Ubuntu *Q&A*

ကျွန်တော့်ကွန်ပျူတာမှာ User Account နှစ်ခုဖြစ်နေလို့တစ်ခုကို ဖျက်ထုတ်ပစ်ချင်ပါတယ်။ ဘယ်လို ဖျက်ထုတ်ရမယ်ဆိုတာကို ဖော်ပြပေးစေလိုပါတယ်။

User Account တွေ ဖန်တီးဖို့အတွက်နဲ့ ဖျက်ထုတ်ဖို့အတွက် ဆိုရင် Unity User တွေကတော့ Super Key ကိုနှိပ်ပြီး Dash ကနေတစ်ဆင့် User ဆိုတဲ့ Keyword ကို ရိုက်ထည့်လိုက်ရင် User Account ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်။ User Accounts ကို တွေ့ရင် ကလစ်နှိပ်လိုက်ပါ။ User Accounts Box ကျလာရင် ညာဘက်ထောင့်မှာ Unlock ဆိုတာကို ကလစ်နှိပ်လိုက်ပါ။ Unlock ကို ကလစ်နှိပ်လိုက်ရင် Password Box ကျလာမှာ ဖြစ်ပါတယ်။ Password ကို ရိုက်ထည့်ပြီး Authenticate ကို ကလစ်နှိပ်လိုက်ရင် User Account အသစ်ကို စတင်ထည့်သွင်းနိုင်မှာ ဖြစ်ပါတယ်။ User Account ကို စတင်ထည့်သွင်းဖို့အတွက် User Account Box ရဲ့ အောက်ခြေမှာ + (Plus) Button လေးကို ကလစ်နှိပ်လိုက်ရမှာ ဖြစ်ပါတယ်။ Plus Button လေးကို ကလစ်နှိပ်လိုက်ရင် Create New Account ဆိုတဲ့ Box ကျလာမှာ ဖြစ်ပါတယ်။ Full Name မှာ နှစ်သက်ရာနာမည် Login ပြုလုပ်မယ့် Nick ကိုပေးရမှာဖြစ်ပါတယ်။ Account Type မှာ Standard နဲ့ Administrator ဆိုတာကို နှစ်သက်ရာ ရွေးချယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ မလိုအပ်တဲ့ အကောင့်ကို ဖျက်ချင်တယ်ဆိုရင်လည်း အထက်ပါနည်းအတိုင်း သွားလုပ်ရမှာဖြစ်ပြီး - Button နေရာမှာ ကလစ်နှိပ်ပြီး အကောင့်ကိုဖျက်ပစ်နိုင်မှာ ဖြစ်ပါတယ်။

Terminal ပေါ်ကနေ Command နဲ့ပြုလုပ်ချင်သူတွေအတွက် Ctrl+Alt+T ကိုနှိပ်ပြီး Terminal ကိုခေါ်ရမှာ ဖြစ်ပါတယ်။ sudo useradd username ဆိုပြီး ရိုက်ထည့်လိုက်ပါ။ Password ထည့်သွင်းချင်တယ် ဆိုရင် passwd ဆိုတဲ့ Command ကို အသုံးပြုပြီး မိမိနှစ်သက်ရာ Password ကို ထည့်သွင်းနိုင်ပါတယ်။ အကောင့်ကို ပြန်လည်ပယ်ဖျက်ချင်တယ်ဆိုရင် sudo userdel user name ကိုရိုက်ထည့်ပြီး ဖျက်ပစ်လို့ရမှာဖြစ်ပါတယ်။ Terminal ပေါ်ကနေ အကောင့်တွေ ဖန်တီး၊ ပြန်ဖျက်ပြီးပြီဆိုရင် User Accounts Box မှာ သင်ပြုလုပ်ထားတဲ့အတိုင်း မြင်တွေ့ရမှာ ဖြစ်ပါတယ်။

Ubuntu Corner ကဏ္ဍကို အင်တာနက်ကျွမ်းကျင်သူများနှင့် Ubuntu LoCo Team မှ ပူးပေါင်းတင်ဆက်သည်။

Ubuntu နှင့် ပတ်သက်သည့် မေးခွန်းများကို သိရှိလိုပါက ubuntuconer@gmail.com သို့ ဗဟုတူးနေ့နောက်ဆုံးထား၍ မေးခွန်းများပေးပို့နိုင်သည်။

GUIDE

ရုပ်ရှင်ဗီဒီယိုဖိုင်များကို အပိုင်းလိုက်ခွဲခြားခြင်းနှင့် ပြန်လည်ပေါင်းစပ်ခြင်းများ ပြုလုပ်ခြင်း

-သီဟ

ဖိုင်အရွယ်အစား ကြီးမားတဲ့ ရုပ်ရှင်ဗီဒီယိုဖိုင်တွေနဲ့အခြားသော ဖိုင်တွေကို အင်တာနက်ပေါ်တင်ပြီး ပြန်လည်ဝေမျှချင်တဲ့ အခါမှာ တစ်ဖိုင်တည်းကို တစ်ပေါင်းတစ်စည်းတည်းနဲ့ တင်မယ်ဆိုရင် အင်တာနက်ပေါ်မှ Hosting အများစုကလက်ခံမှာ မဟုတ်ပါဘူး။ Hosting တွေဟာ သူတို့သတ်မှတ်ထားတဲ့ ဖိုင်အရွယ်အစား အဝိုင်းအတာအတိသာ Data တွေကို တင်ခွင့်ပေးမှာဖြစ်ပါတယ်။ သင့်ရဲ့ ရုပ်ရှင်၊ ဗီဒီယိုတွေကိုအခြားသူတွေကြည့်ရှုဖို့ File Hosting တွေကနေ ပြန်လည်မျှဝေမယ်ဆိုရင်တော့ဖိုင်တွေကို ထုတ်ပေးခြင်းနဲ့ အခြားသူတွေအပိုင်းလိုက် တင်ထားတဲ့ဖိုင်တွေကိုပြန်လည်ပေါင်းစည်းမယ်ဆိုရင် အောက်မှာဖော်ပြထားတဲ့အတိုင်း လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

အရွယ်အစားကြီးမားတဲ့ ရုပ်ရှင်ဖိုင်တွေ အများအပြားရှိမှာ ဖြစ်ပါတယ်။ ဒီတဲ့မှာမှ Format Factory ကတော့ လူအများစုက Media File Format အတော်များများကို Convert ပြုလုပ်တဲ့အခါမှာ အသုံးပြုနိုင်မယ့် Application တစ်ခု ဖြစ်ပါတယ်။ HJ Split နဲ့ သင်ဟာဖိုင်တွေခွဲတော့မယ်ဆိုရင် အလွယ်တကူနဲ့ခွဲထုတ်နိုင်အောင် စီစဉ်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ Split ပြုလုပ်ချင်တဲ့သူတွေအတွက် Split ဆိုတဲ့ Button ကိုနှိပ်ပြီး Input File ဆိုတဲ့နေရာမှာ သင်အပိုင်းလိုက်ခွဲမယ့် ဖိုင်ရှိမယ့် နေရာလမ်းကြောင်းကို ထည့်သွင်းရမှာဖြစ်ပါတယ်။ Output File နေရာမှာတော့ ခွဲထုတ်လိုက်တဲ့ ဖိုင်တွေကို သိမ်းဆည်းမယ့်နေရာဖြစ်ပါတယ်။ Split File Size နေရာမှာ သင်ဟာ ဘယ်လောက်ဖိုင်ဆိုဒ်နဲ့ ထားမယ်ဆိုတာကိုသတ်မှတ်ပေးရမှာဖြစ်ပါတယ်။ သတ်မှတ်တဲ့နေရာမှာလည်း Kilobyte နဲ့ Megabyte ဆိုပြီး နှစ်မျိုးခွဲခြားထားပါတယ်။ ဒီမှာကတော့ Hosting အများစုက သတ်မှတ်ထားတဲ့ 200MB လောက် သတ်မှတ်ပြီး Start Button ကို နှိပ်လိုက်တာနဲ့ ဖိုင်တွေကို စတင်ခွဲထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ Output အနေနဲ့ တွက်ရှိလာတဲ့ဖိုင်ကတော့ .001, .002, .003 အစရှိတဲ့ Extension တွေနဲ့ တွက်ရှိလာမှာ ဖြစ်ပါတယ်။

Join ပြုလုပ်ချင်တဲ့သူတွေ အနေနဲ့လည်း အင်တာနက်ပေါ်က Download လုပ်ယူထားတဲ့ .001, .002 အစရှိတဲ့ဖိုင်တွေကို တစ်နေရာတည်းမှာ စုစည်းထားရပါမယ်။ ပြီးသွားပြီဆိုရင် HJ Split ဖိုင်ကို ဖွင့်ပြီး Join ဆိုတဲ့ Button ကို နှိပ်ရမှာ ဖြစ်ပါတယ်။ Join ကို နှိပ်လိုက်တယ်ဆိုရင် ဖိုင်အကုန်လုံးကိုထည့်သွင်းပြီး Join လုပ်စရာမလိုပါဘူး။ ပထမဆုံး Download ပြုလုပ်ထားတဲ့ .001 ဖိုင်ကို ထည့်သွင်းထားလိုက်ရင် HJ Split က ဖိုင်တွေကို အလိုအလျောက်ဆွဲယူပြီး Join လုပ်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါကတော့ အရွယ်အစားကြီးမားတဲ့ ဖိုင်တွေကို ခွဲထုတ်ခြင်းနဲ့ ခွဲထုတ်ထားတဲ့ ဖိုင်တွေကို ပေါင်းစပ်ပြီး အသုံးပြုပုံပဲ ဖြစ်ပါတယ်။

WORD

Softphone

နောင်နောင်

Software နဲ့ telephone တို့ကိုပေါင်းစပ်ထားတဲ့ softphone ဆိုတာကတော့ computing device တွေကနေ voice over Internet Protocol (VoIP) နဲ့သုံးနိုင်တဲ့ application program တစ်ခုဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းမှာတော့ softphone ကို soft client တွေအနေနဲ့ တစ်ခါတစ်ရံ ရည်ညွှန်းသုံးနှုန်းပါတယ်။

Softphone application အများစုဟာ headset နဲ့ microphone တစ်ခု၊ အထူးပြုလုပ်ထားတဲ့ VoIP phone နဲ့ပေါင်းစပ်ထားပါတယ်။ Analog telephone adapter လို့ခေါ်တဲ့ device တစ်ခုကိုအသုံးပြုပြီး စံသတ်မှတ်ထားတဲ့ telephone handset ကနေ VoIP ခေါ်ဆိုမှုပြုလုပ်နိုင်ပါတယ်။

Softphone တွေဟာ mobile နဲ့ home user အများစုကအသုံးပြုကြတယ်လို့ဆိုပေမယ့်လည်း ရုံးဝန်ထမ်းတွေကလည်း သာမန် ရုံးသုံးဖုန်းတွေအစား softphone တွေကိုရွေးချယ်အသုံးပြုကြပါတယ်။ Softphone တွေဟာ network တစ်ခုမှာ traffic အများအပြားဖြစ်ပေါ်စေနိုင်တာကြောင့်ဒီအချက်ဟာ network administrator များအတွက် အခက်အခဲ ဖြစ်စေနိုင်ပါတယ်။

ဘို့ အယ်ဒီတာ

Huawei T8620 အတွက် CWM ဘယ်မှာ ရှာရမလဲ။

Huawei T8620 အတွက် CWM ကို http://anawarhuawei.wordpress.com မှာ ရယူနိုင်ပါတယ်။ Download link က http://www.mediafire.com/download/moa65a20505v8gu/One+Click+Recovery.exe ဖြစ်ပါတယ်။

ကျွန်တော်စက်က hibernate button ပျောက်သွားလို့ပါခင်ဗျာ၊ အဲဒါ control panel ထဲရော registry ထဲမှာ ရှာကြည့်တော့လည်း မလုပ်တတ်လို့ပါခင်ဗျာ။ တစ်ချက်လောက် ပြောပြပေးစေချင်ပါတယ်ခင်ဗျာ၊ ကျေးလူးတင်ပါတယ်။

Hibernate ကိုenabel လုပ်နိုင်တဲ့နည်းလမ်း ၃ မျိုးရှိပါတယ်။ ပထမနည်းလမ်းကတော့ command prompt ကိုဖွင့်ပါ။ powercfg -h on ဟု ရိုက်ပါ။ Enter နှိပ်ပါ။ ဒုတိယနည်းလမ်းကတော့ registry က enable လုပ်တဲ့နည်းပါ။ Search box မှာ regedit ဟုရိုက်ပါ။ Enter နှိပ်ပါ။ HKEY_LOCAL_MACHINE\SYSTEM\CurrentControlSet\Power ကိုသွားပါ။ Power Key ရဲ့ညာဘက်မှာ HibernateEnabled ကို double-click နှိပ်ပါ။ Value data မှာ 1 ကို ထည့်ပါ။

နောက်ဆုံးနည်းလမ်းကတော့ Power Options ကနေ enable လုပ်တာပါ။ Control Panel ထဲက Power Options ကိုသွားပါ။ Power Plan မှာ Change plan settings ကိုနှိပ်ပါ။ Change advanced Power Settings ကိုဖွင့်ပါ။ Hibernate ရဲ့အောက်မှာ hibernation အဖြစ်ပြောင်းလဲမယ့်မိနစ်ကိုရွေးပါ။ OK ကိုနှိပ်ပါ။

ဒါဆိုရင် hibernate button ကို Start menu မှာမြင်တွေ့ရပါပြီ။

HTC Butterfly မှာ screenshot လုပ်နည်းလေး သိချင်လို့ပါ။

HTC Butterfly မှာ screenshot ကို နည်းလမ်းသုံးမျိုးနဲ့လုပ်လို့ရပါတယ်။

ပထမနည်းလမ်းက Power button နဲ့ volume down button ကို တစ်ပြိုင်နက်နှိပ်ပြီး နှစ်စက္ကန့်လောက်ဖိထားရတာဖြစ်ပါတယ်။

ဒုတိယနည်းလမ်းက Power button နဲ့ home button ကို တစ်ပြိုင်နက်နှိပ်ပြီး နှစ်စက္ကန့်လောက်ဖိထားရတာဖြစ်ပါတယ်။

တတိယနည်းလမ်းကတော့ Motion နဲ့လုပ်ရတာပါ။ Menu>Settings>Motion ကိုသွားပါ။ Hand Motion ရဲ့အောက်မှာ Plam swipe to Capture ကို အမှန်ခြစ်ရွေးပါ။ ပြီးရင် လက်ဖဝါးကို screen မှာထင်ပြီး ညာဘက်ကနေ ဘယ်ဘက်ကို swipe လုပ်ပါ။ Screen ပေါ်မှာ အဖြူရောင်လိုင်းပေါ်လာပြီး shutter အသံပေါ်လာပြီဆိုရင် screenshot ဖမ်းလိုက်ပြီပါပြီ။

ထွန်းကားထွန်းကားနည်းဥာဏ်နဲ့ ပထ်ထက်သည့် စေးနွန်းချောထို့ ဆိုရှိလိုပါက ijeditorial@informationmatrix.com သို့ အဝတ်စင်ဂုဏ်ထူးနေနောက်ဆုံးထား၍ စေးနွန်းချောပေးပို့နိုင်ပါသည်။

PC Auto Shutdown

-သီဟ

PC Auto Shutdown ဆိုတဲ့ဆော့ဖ်ဝဲကတော့ ကွန်ပျူတာနဲ့သင့်ရဲ့တစ်နေ့တာနေ့ာက်ဆုံးလုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်များကိုစောင့်ကြပ်ပြီး ကွန်ပျူတာကိုပိတ်ဖို့ မစောင့်နိုင်တော့တဲ့အချိန်တွေမှာ အသုံးဝင်မယ့် Application တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် သင့်ကွန်ပျူတာထဲမှာရှိတဲ့ မလိုအပ်တဲ့ Cache တွေကိုလည်းရှင်းလင်းဖယ်ရှားပေးနိုင်တာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

PC Auto Shutdown ဆိုတဲ့ဆော့ဖ်ဝဲဟာ သင့်ကွန်ပျူတာပိတ်ခိုက်ကို အချိန်ဇယားနဲ့အတိအကျသတ်မှတ်ပြီး ပိတ်ခိုင်းနိုင်တဲ့ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ Shutdown သာမက Restart, Hibernate အစရှိတာတွေကိုပါစီမံခန့်ခွဲပြီး လုပ်ဆောင်နိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ PC Auto Shutdown မှာ များပြားလှတဲ့ အသုံးဝင်တဲ့ Feature တွေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

PC Auto Shutdown ရဲ့ သွင်ပြင်ဟာ သုံးစွဲသူတွေ လွယ်လင့်တကူ သုံးစွဲနိုင်ဖို့အတွက် ရိုးရှင်းတဲ့ဒီဇိုင်းကိုအသုံးပြုထားတာကိုတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲဟာ သင့်ကွန်ပျူတာအတွင်းမှာရှိတဲ့မလိုအပ်တဲ့ Temp File တွေ Cache တွေကို ရှင်းလင်းပေးနိုင်တာကိုလည်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လုံခြုံရေးအပိုင်းနဲ့ပတ်သက်ပြီးတော့လည်း သင့်ကွန်ပျူတာအတွင်းမှာရှိတဲ့အချက်အလက်အချို့ကို အခြားသူတွေ ဝင်ရောက် သုံးစွဲခွင့်မရှိအောင်လည်း Password နဲ့ ကာကွယ်ပေးထားနိုင်တဲ့ Feature ပါဝင်ပါတယ်။ သင့်ကွန်ပျူတာကိုပိတ်မယ့် အချိန်တွေနဲ့ အခြားသော Application တွေကိုပိတ်ဖို့အတွက် အချိန်သတ်မှတ်ချက်ဇယားတွေကိုလည်းဆွဲထားနိုင်သလို သင်က Shutdown မပြုလုပ်ဘဲ လက်ရှိအနေအထားနဲ့ ကွန်ပျူတာကို ပိတ်မယ်ဆိုရင် Hibernate ကိုလည်း ရွေးချယ်ပြီး ပြုလုပ်ထားနိုင်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲကိုရယူအသုံးပြုမယ်ဆိုရင်တော့ http://download.cnet.com/PC-Auto-Shutdown/3000-2344_4-103993335.html ဆိုတဲ့ ဝက်ဘ်ဆိုက်လိပ်စာမှာ သွားရောက် Download လုပ်ယူနိုင်မှာ ဖြစ်ပါတယ်။ Download ပြုလုပ်ရမယ့်ဖိုင်အရွယ်အစားကလည်း 848.12 KB သာရှိပါတယ်။ ဖိုင်အရွယ်အစားကတော့ အလွန်သေးငယ်ပြီး လုပ်ဆောင်နိုင်တဲ့လုပ်ဆောင်ချက်တွေများပြားတာနဲ့ လုပ်ဆောင်နိုင်တဲ့ စွမ်းရည်ကလည်း အလွန်တရာကောင်းမွန်တာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။

PC Auto Shutdown ဆော့ဖ်ဝဲဟာ Windows 2000/ XP/ Windows 7 နဲ့ Windows 8 တို့ကို အထောက်အပံ့ပေးထားတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ PC ကို Shutdown ပြုလုပ်ပေးနိုင်ရုံသာမက မလိုအပ်တဲ့ Cookie ဖိုင်တွေနဲ့ Temp ဖိုင်တွေကိုရှင်းလင်းပေးနိုင်တဲ့အတွက် Auto Shutdown ဆော့ဖ်ဝဲတွေထဲမှာတော့ ကောင်းမွန်တဲ့ဆော့ဖ်ဝဲတစ်ခု ဖြစ်ပါတယ်။

i Touch Mobile
Good Second Hand Phone & Loptops များကို ရောင်းသည်၊ ဝယ်သည်၊ အလဲအထပ်လုပ်ပေးသည်။
iphone, ipod, ipad, SAMSUNG, Sony, HTC & HUAWEI, Macbook Pro, Dell, ASUS, & Acer Handsets နှင့် Laptops ပစ္စည်းသန့်များကို အထူးရေးကောင်းပေးဝယ်သည်။
Apple & Android Handsets များကို အထူး Change down ပြုလုပ်ပေးသည်။
Quality ပြည့်ဝသော Handset များကို ရွေးနှုန်းချိသာစွာရောင်းချပေးနေပါသည်။
GSM, CDMA, WCDMA and MEC Sim Card များကို အထူးရေးကောင်းပေးဝယ်လိုသည်။
ပစ္စည်းသန့်လျှင် အခြားသူထက် ဈေးအကောင်းဆုံးပေးဝယ်မည်။
☆ Samsung Galaxy Note II Gray Colour with orginal Box & Accessories. Price - 3xx,xxx Ks
☆ iPhone 5G 32GB with Box & Accessories colour (Black) Price - 5xx, xxx Ks
☆ Samsung Galaxy S3 with Box & Accessories Colour (Pebble Blue), Price - 2xx, xxx Ks
☆ iPhone 4G 16GB Black Colour with Box & Accessories 99% like a new. Price - 2xx, xxx Ks
☆ iPhone 4G 32GB Black Colour with Box & Accessories 99% like a new. Price - 2xx, xxx Ks
Address - No.178, 1st Fl, Between of 33th St, Anawyahta Road, Kyauktada Tsp.
To Buy - 09 44 8002976 To Sell - 09 31327111

Download

http://download.cnet.com/PrivaZer/3000-18512_4-75740405.html

PrivaZer
(Free)

ဆော့ဖ်ဝဲအမျိုးအစား - Maintenance&Optimization
ဗားရှင်း - 1.14
ဖိုင်အရွယ်အစား - 4.75MB
အသုံးပြုနိုင်သည့် OS - Windows XP/Vista7/8

PrivaZer ဟာ အခမဲ့အသုံးပြုနိုင်တဲ့ cleaner tool တစ်ခုဖြစ်ပြီး အိမ်နဲ့ ရုံးလုပ်ငန်းခွင်တွေမှာ မိမိရဲ့လုံခြုံရေးနဲ့ လွတ်လပ်မှုကို အပြည့် အဝအသုံးပြုနိုင်စေပါတယ်။ ကွန်ပျူတာအသုံးပြုမှုလမ်းကြောင်းတွေ ကို အခြားသူတွေကြည့်ရှုနိုင်ခြင်းမရှိအောင် ကာကွယ်ပေးမှာဖြစ်ပြီး အသုံးပြုသူရဲ့ ကွန်ပျူတာနဲ့ storage device တွေမှာ နောက်ဆုံးအသုံး ပြုတဲ့လမ်းကြောင်းတွေကို ပြန်လည်ရှာဖွေနိုင်ခြင်းမရှိအောင် လုံးဝ ရှင်းလင်းပေးနိုင်ပါတယ်။ ဒါ့အပြင် ကွန်ပျူတာကိုလည်း အခြားသူတွေ ရဲ့စောင့်ကြည့်စစ်ဆေးခြင်းကနေ အပြည့်အဝကာကွယ်နိုင်ပြီး လုံခြုံမှု ရှိစွာ အသုံးပြုနိုင်ပါတယ်။ ရုံးမှာဖြစ်စေ၊ အိမ်မှာဖြစ်စေမိမိရဲ့ကွန်ပျူ တာအသုံးပြုမှုကို စစ်ဆေးစောင့်ကြည့်ခြင်းကို မနှစ်သက်သူတွေအ တွက် PrivaZer က အကောင်းဆုံးကာကွယ်ပေးမှာ ဖြစ်ပါတယ်။

http://download.cnet.com/Hybrid-Portable-32-bit/3000-2141_4-75813424.html

Hybrid Portable (32-bit)
(Free)

ဆော့ဖ်ဝဲအမျိုးအစား - Music Management Software
ဗားရှင်း - 2013.07.03.1
ဖိုင်အရွယ်အစား - 49.82MB
အသုံးပြုနိုင်သည့် OS - Windows XP/2003/Vista/7

Hybrid ဟာ multi platform Qt tool တစ်ခုဖြစ်ပြီး လုပ်ဆောင် ချက်တွေကို အထူးကောင်းမွန်စွာပြုလုပ်ပေးနိုင်ပါတယ်။ မည်သည့် အသံဖိုင်အမျိုးအစားကိုမဆို x264, Xvid, VP8+AC3, OGG, MP3, AAC, FLAC စတာတွေအဖြစ် ပြောင်းလဲနိုင်ပါတယ်။ MP4, M2TS, MKV, WEBM, MOV, AVI, Blu-ray နဲ့ AVCHD စတဲ့ဖိုင်တွေကိုလည်း အဆိုပါ format တွေအဖြစ် အဆင်ပြေစွာပြောင်းလဲနိုင်ပြီး audio, video, filter profile တွေအဖြစ် သီးခြားစီပြုလုပ်နိုင်သလို audio-video profile တွေအဖြစ်လည်းပေါင်းစပ်ဖန်တီးနိုင်ပါတယ်။ MPEG-4 ASP(Xvid), MPEG-4 AVC, VP8, ProRes စတဲ့ video output format တွေ၊ DTS, AC3, OGG, MP3, AAC, FLAC, PCM အစရှိတဲ့ audio out-put format တွေကိုထောက်ပံ့ပေးနိုင်ပါတယ်။



http://download.cnet.com/AppCleaner/3000-2086_4-75453148.html

AppCleaner
(Free)

ဆော့ဖ်ဝဲအမျိုးအစား - Diagnostic Software
ဗားရှင်း - 2.1
ဖိုင်အရွယ်အစား - 1.01MB
အသုံးပြုနိုင်သည့် OS - Windows XP/Vista/7/8

AppCleaner ဟာ အခမဲ့အသုံးပြုနိုင်တဲ့ diagnostic tool တစ် ခုဖြစ်ပြီး ကွန်ပျူတာထဲမှာရှိနေတဲ့ဖိုင်အဝိုတွေကို ရှင်းလင်းဖယ်ရှားပေး နိုင်ပါတယ်။ Temporary file, history, cookies, internet log စတဲ့ ရေရှည်မလိုအပ်တဲ့ဖိုင်တွေကို အလွယ်တကူရှင်းလင်းဖယ်ရှားပေးနိုင် ပြီး ကွန်ပျူတာရဲ့လုံခြုံရေး စနစ်နဲ့စွမ်းဆောင်ရည်ကိုလည်း ပိုမိုကောင်း မွန်အောင် ကာကွယ်ကူညီပေးနိုင်ပါတယ်။ Disk တွေမှာ ဒေရာစား သက်သာစေပြီး စွမ်းဆောင်ရည်လည်း ပိုမိုကောင်းမွန်လာစေပါ တယ်။ App Cleaner ဟာ လုံခြုံရေးစနစ်ကို ကောင်းမွန်ပြည့်စုံစေရဲ့ သာမက ကွန်ပျူတာကို လေးလံစေတဲ့ ဖိုင်အဝိုတွေဖြစ်တဲ့ browsing history နဲ့ cookies လို မျိုး browser ဖိုင်တွေကိုလည်းရှင်းလင်းဖယ် ရှားပေးမှာဖြစ်ပါတယ်။ ကွန်ပျူတာကိုလျင်မြန်စွာ အသုံးပြုနိုင်စေပြီး မလိုအပ်တဲ့ဖိုင်တွေကို ရှင်းလင်းပေးနိုင်ပါတယ်။

အင်္ဂလိပ်စာကို အခြေခံကျကျ လေ့လာလိုသူတွေအတွက်

{ http://www.learnenglish.de/ }



အင်္ဂလိပ်စာဘာသာစကားကို အခြေခံကျကျလေ့လာလိုသူတွေ အတွက် သွားရောက်ကြည့်ရှုသင့်တဲ့ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ အင်္ဂလိပ်စာကို အခြေခံကနေ စတင်လေ့လာသင်ယူမယ့်သူများ အတွက် Grammar, Vocabulary, Pronuciation, Test, Quizzes, Fun and Games အစရှိတာတွေကို ကဏ္ဍများခွဲခြားပြီး တင်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါ တယ်။ ဒါ့အပြင် အခြားသူများနဲ့ လေ့လာဖလှယ်နိုင်ဖို့အတွက်လည်း Forum ကို စီစဉ်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အင်္ဂလိပ်စာကို အခြေခံကနေစတင်လေ့လာလိုသူများအတွက် အသုံးဝင် မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပါတယ်။

Android HD Game တွေကို ရယူလိုသူများအတွက်

{ http://androidclub4u.blogspot.com/ }

Android OS သုံးဖိုဘိုင်းဖုန်းများ မှာ HD Game တွေကိုဆော့ကစားလို သူများအတွက် HD Game တွေကို ရယူနိုင်မယ့် ဝက်ဘ်ဆိုက်တစ်ခုဖြစ် ပါတယ်။ ဒီဆိုက်မှာ HD Game တွေရဲ့ Data File တွေနဲ့ Apk ဖိုင်တွေ ကို အခမဲ့ ရယူ အသုံးပြုခွင့်ရရှိမှာ ဖြစ်ပါတယ်။ Data ဖိုင်တွေကို အပိုင်း လိုက်ခွဲတင်ပေးထားပြီး အပိုင်းလိုက် Download မချချင်သူများ အတွက် Torrent ဖိုင်များကိုလည်း စီစဉ်ပေးထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် HD Game များကို ဆော့ကစားလိုသူများအတွက် အလွယ်တကူနဲ့ Download ပြုလုပ်နိုင်တဲ့ ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်ပါ တယ်။

Website

မြန်မာနိုင်ငံပထမဆုံးမိုဘိုင်းဖုန်းပြုပြင်နည်းသင်တန်း
Since 2008
SOFTWARE COURSE + HARDWARE COURSE = 2 MONTHS (ALL LEVEL) + TRAINNING (1 MONTH) LEVEL 1 - 10AM TO 12PM LEVEL 2 - 1PM TO 4PM LEVEL3 - 4.30PM TO 7PM (TUE TO FRI DAY)
iOs ၊ Samsung ၊HTC ၊ China ၊Nokia၊ Sony ericsson & SONY ဖုန်းများတစ်မျိုးခြင်းသီးသန့်အပြန်သင်တန်းများ ကို အချိန်မပေးနိုင်သူများအတွက် တစ်ခုချင်းသီးသန့်ရွေးချယ်နိုင်တတ်ရောက်နိုင်ပါပြီ...။
သင်အမှန်တကယ်တတ်မြောက်လိုလျှင် လာခဲ့ပါ။ သူများနောက်မှလိုက်လုပ်တဲ့ငါးပွက်ရာငါးစာချ သင်တန်းမျိုးမဟုတ်ပါ။ တစ်တန်းတွင် ၆ ဦးသာလက်ခံပါသည်။ မြန်မာနိုင်ငံမှာမိုဘိုင်းဖုန်းနဲ့ပတ်သက်လို့ပထမဦးဆုံးအကောင်းဆုံးအဆင့် မြင့်သင်တန်း နှင့် မိုဘိုင်းဖုန်းပြုပြင်ဆင်ပေးနိုင်တဲ့ Mobile Fun Group ဖြစ်ပြီး မြန်မာနိုင်ငံပထမဆုံး မိုဘိုင်းဖုန်းမဂ္ဂဇင်းကိုလည်းအောင်မြင်စွာထုတ်ဝေလျှက်ရှိပါသည်။ စုံစမ်းမေးမြန်းမှုများ လူကိုယ်တိုင် လာရောက်ပြီးစိတ်ကြိုက်ပြုလုပ်နိုင် သည်။မည်သည့် သင်တန်းနှင့်မဆိုယှဉ်နိုင်ပါသည်။စာအုပ်ကိုင် စာဖတ်ပြပြီးမသင်ပါ မသိတာမေးလို့ ပြန်မဖြေနိုင်ခြင်းဝေလေကြောင်ပတ်လုပ်နေခြင်းများမရှိပါသူများသင်ရိုးများခိုးယူပြီးမသင်ပါ။ တတ်ယောင်ကား သင်တန်းများတွင်တက် ရောက်ပြီးဒုက္ခရောက်ကြရသောလူငယ်များ များပြားလာသဖြင့် သင်တန်းဖွင့်လှစ်ပေးထားရခြင်းသာဖြစ်ပါသည်။သင်တန်းစုံစမ်းလျှင်လူကိုယ်တိုင်စုံစမ်းမှုပြည့်စုံသိရပါမည်။ငွေကြေးကွာခြားမှုတစ်ခုတည်းတွင်ဆုံးဖြတ်ပါကမှားပါလိမ့်မည်။
-MOBILE FUN GROUP - No.196 A2 1st flr.50th st upper. Ph; 09-5129260.01-297550, 09 420112596
July 9 July 23 .2013 ကျောင်းအပ်လက်ခံပါပြီ။

Winter Root Computer

Laptop Computer (Sales & Service)

Everyday On SALES

FUJITSU FMV - S8225
Core Solo 1.7GHz
RAM - 1GB
HDD - 60GB
DVD-RW
VGA - 256MB
Lan-USB-Wi-Fi
145,000/-Ks

FUJITSU E8220
Core Duo 1.7GHz
RAM - 1GB
HDD - 40GB
COMBO (DVD-R+CD-RW)
VGA - 256MB
Lan-USB-IR
LCD- 14"
159,000/-Ks

Brand New ASUS X45A
Intel Cel: 1.8GHz
RAM - 4GB
HDD - 500GB
DVD-RW
VGA - 1696MB
LCD- 14"
$ 379

Brand New lenovo G485
ရှင်းလင်းမှုကြောင့် အန္တရာယ်ရှိသော PSI Level မှအဆိပ်သင့်သော အခြေအနေကိုကျော်ဖြတ်ကာ BCA 2013 ရှိရာ ၄ လွှာနှင့် ၅ လွှာ(၂)ထပ်ကိုရောက်ရောက်ချင်း Sony ၏ 4K Workshop ကိုပြေးရသည်။ ရှင်းလင်းပြောကြားသူ Mr.Alister Chapman မှာဗြိတိန်နိုင်ငံမှ ရုပ်ရှင်ဓာတ်ပုံဒါရိုက်တာ၊ ထုတ်လုပ်ရေးမှူးတစ်ဦးဖြစ်ပြီး 4K ၏ ချွင်းနင်းဝင်ရောက်မှုကို ၂၀၁၁ ကတည်းက F65 နှင့် ယှဉ်တွဲဟောပြောခဲ့သူဖြစ်သည်။ ယခုနှစ်တွင် 4K Line-Up ကင်မရာ (၄) လုံးဖြစ်သော FS-700, F5, F55, F65 တို့၏ အားသာချက်များကို ပရိသတ်အာရုံစိုက်မိစေရန်အသေးစိတ်ရှင်းလင်းသွားသည်။ NEX-FS700 ၏ Firmware 3.0 အသစ်ကိုအဆင့်မြှင့်တင်ခြင်းဖြင့် Sony ၏ AXS-R5 Raw Recorder ဖြင့် 4K Raw ဖမ်းယူနိုင်သော်လည်း Monitoring/Viewing Function တွင်အတားအဆီးအချို့ရှိနေသည်။ AXS (Access Memory Card) က 512GB ကိုဒေါ်လာ (၂,၀၀၀) စျေးရှိသည်။ ထူးခြားသည်က Sony က သော်၎င်းကင်မရာအမျိုးအစားတစ်ခုတည်းဖြင့်သာ တွဲသုံးနိုင်ပြီး အခြားကင်မရာများအတွက် သီးသန့်စက်တစ်ခုစီ Firmware ဝယ်သွင်းရမည်။ ကင်မရာမျိုးစုံရှိသော စတူဒီယိုများအတွက် တစ်ခုလျှင် ဒေါ်လာ (၉၀၀) တန် Firmware ကိုမဝယ်ဘဲ Online ပေါ်မှဘတ်နေ့ဒေါ်လာ (၅၀) နေ့တွက်ဖြင့်ငှားရမ်းသုံးနိုင်ခြင်းကိုလည်း အထူးအဆန်းတွေ့ရသည်။ (စာရေးသူအနေဖြင့် Firmware ကိုနေ့တွက်ဖြင့်ငှားရမ်းသုံးနိုင်ခြင်းကို ပထမဆုံးကြားဖူးခြင်းဖြစ်သည်။) FS-700 ကို 4K ရရှိရန်အတွက်လည်းဒေါ်လာ (၄၀၀) ကျော်ထပ်မံအကုန်အကျခံအဆင့်မြှင့်တင်ရန်လိုအပ်သည်။ (Work-shop တွင် ကြေငြာသော အသစ်ထွက်ရှိ FS-700 ကိုင်တွယ်ရိုက်ကူးနေသူများဖြစ်သော ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဒါရိုက်တာစိုင်းကျောက်လုံးနှင့် စိန်ဌေးရုပ်ရှင်ပိုင်ရှင် ဦးဝင်းကြည်တို့ကို သတိရမိသေးသည်။) ၎င်းတို့အနေဖြင့် FS-700 ဖြင့် 4K အရည်အသွေးမြင့်ရုပ်ရှင်ရိုက်ကူးလိုပါက FS-700 ကို Firmware မြှင့်တင်ခြင်းအတွက် ဒေါ်လာ (၄၀၀) Odyssey 7Q က ဒေါ်လာ (၂,၃၀၀) FS-700 အတွက် 7Q Firmware ဒေါ်လာ (၉၀၀) စုစုပေါင်းဒေါ်လာ (၃,၆၀၀) ထပ်မံကုန်ကျဦးမည်ဖြစ်သည်။ နည်းပညာခေတ်တွင် အစစအရာရာတန်ဖိုးကြီးသည် မဟုတ်ပါလား။ (4K နည်းပညာ DSLR နိုင်းယှဉ်ချက်များကို သီးသန့်ရေးသားပါမည်။)

ထို့နောက် နယ်သာလန်မှ Aerialtronics Research and Development ကုမ္ပဏီကိုလိုက်ရှာတာငင်းတို့၏ကောင်းကင်ရိုက်ကူးရေးယာဉ်ပျံ ALTURAV2 ကို

ကောင်းမွန်သည်ကိုတွေ့ရသည်။ မြန်မာပြည်ပွဲရိုက်ကူးရေးနယ်ပယ်တွန်အလွန်ရှားပါးသော Radio Talk Back System များကိုလည်း စေ့ပေါပေါဖြင့်ဝယ်ယူနိုင်ကြောင်း တွေ့ရသည်။

နာမည်ကျော် GoPro က (၄) လွှာအဝင်နေရာကို အရယူကာ ခမ်းခမ်းနားနားပြသထားသည်။ သို့သော်၎င်း၏ပြစရာပစ္စည်းကား Hero-3 နှင့် ဆက်စပ်ပစ္စည်းများနှင့် နိုင်ငံတကာမှ ရိုက်ကူးထားသော ဗီဒီယိုများသာဖြစ်ပါသည်။ စင်ကာပူ GoPro ကိုယ်စားလှယ်က မိမိတို့မှာမြန်မာနိုင်ငံမှဖြစ်ကြောင်း လည်ဆွဲတွင်မြင်သွားသည်နှင့်မြန်မာနိုင်ငံအတွက် အရောင်းကိုယ်စားလှယ်အလိုရှိနေပါသဖြင့် လုပ်နိုင်မည့်သူများရှိပါက ၎င်းကိုဆက်သွယ်ပါရန်ပြောလာသည်။ စာရေးသူတို့ကမိမိတို့မှာကောင်းကင်ရိုက်ကူးရေးအတွက် သုံးစွဲခြင်းသာဖြစ်ပါကြောင်း၊ Hero-3 ၏ Wi-Fi Signal အားနည်းခြင်းကြောင့် Phone ပေါ်မှာ GoPro App ဖြင့်ကွန်ထရိုးလုပ်ရသည်မှာအခက်အခဲရှိပါကြောင်းပြန်ပြောရာ၎င်းက မကြာမီ Firmware Upgrade ထွက်လာမည်ဖြစ်ပြီး၎င်းတွင် Wi-Fi Singal ပိုမိုအားကောင်းလာမည်ဖြစ်ပြီး Phone ၏ GoPro App ပေါ်မှ Play Black ပြန်လုပ်နိုင်မည့် Function တိုးချဲ့မှုများပါကောင်းလာနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေသိမ့်သည်။ Action Camera သုံးစွဲမှုကို GoPro က စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး သည့်နောက် ယခုအခါ Contour, Sony AS-15, JVC Adixxion စသော Action Camera များအပြိုင်း အရိုင်းစေ့ကွက်တင်ရောင်းချလာသည်ကိုတွေ့ရသည်။ တစ်ခုနှင့်တစ်ခုကိုယ်စီကိုယ်စီအား နည်းချက်အားသာချက်များရှိကြသော်လည်း ဝယ်ယူသူများ ရွေးချယ်ပိုင်ခွင့်ပိုမိုရရှိလာသည်က ဝမ်းသာစရာဖြစ်သည်။

ARRI မှ LED Fresnel Lighting အသစ်များစွာပွဲထုတ်ပြသပေးထားသဖြင့် LED မီးလုံးများ၏ စွမ်းပကားကိုစောင့်ကြည့်စရာဖြစ်လာသည်။ Remote Crane, Remote Slider များပိုမိုခေတ်စားကာ စေ့းသက် သာလာသည်။ ANGENIEUX, Zeiss, Fujinon, Tokina အစရှိသောမှန်ဘီလူးသီးသန့်ကုမ္ပဏီများစွာဝင်ရောက်ပြသသည်။ အကြမ်းခံ၍ Pitch ဆေးငယ်သေးတက်ခုန်၍ရသော LED Wall များ၊ ALADIN MK 2 ကဲ့သို့သော Wireless Focus & Iris control stick, Dolby မှထုတ်လုပ်သော Professional Reference Moniton ORAD Rear Projection ကဲ့စမ်းမဲဖောက်ပေးရာတွင်၎င်းလိုချင်သည့် Sennhiser နားကြပ်မဲ့မပေါက်ဘဲ Santosa တွင်ကျင်းပသည့် Voca People ဖျော်ဖြေပွဲကြည့်လက်မှတ် (၂) စောင်ကဲ့စမ်းမဲပေါက်သဖြင့် ပြုံးရခက်မဲ့ရခက်။ နှစ်စဉ်ဇွန်လရောက်တိုင်းပုံမှန်ကျင်းပလေ့ရှိသည့် Broadcast Asia ပွဲသို့တက်ရောက်ရန် စာရေးသူတို့ရန်ခုန်ပျော်ရွှင်နေကျမဟုတ်ပါလား။

-ထဏ္ဍကျော် (Miracle Post)

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

NEW TECH

စမတ်ဖုန်းများအတွက် ကမ္ဘာအပါးလွှာဆုံး full-HD LCD panel ကို LG Display မိတ်ဆက်

LCD panel များကိုထုတ်လုပ်သည့် ကမ္ဘာအကြီးဆုံး ကုမ္ပဏီ LG Display က စမတ်ဖုန်းများအတွက် ကမ္ဘာအပါးလွှာဆုံး full-HD LCD panel ကိုပွဲထုတ်မိတ်ဆက်ပေးခဲ့သည်။

အဆိုပါ panel သည် ၅. ၂ လက်မအချယ်ရှိပြီး ၎င်းသည်စမတ်ဖုန်းထုတ်လုပ်သူများအားပါးလွှာသည့် full-HD စမတ်ဖုန်းများကို ထုတ်လုပ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။ Panel ၏အထူမှာ ၂. ၂မီလီမီတာသာရှိသည်။Bezel မှာ ၂. ၃ မီလီမီတာသာရှိသည့်အတွက်၎င်း panel သစ်သည်မိုဘိုင်းထုတ်ကုန်များအတွက်အပါးလွှာဆုံးနှင့် bezel အကျဉ်းဆုံး panel ဖြစ်ကြောင်း၊ အလေးချိန်မှာလည်း ပေါ့ပါးသည့်အတွက် device ကို ကိုင်တွယ်ရာတွင်လည်း သက်သောင့်သက်သာရှိစေမည်ဖြစ်ကြောင်း ကုမ္ပဏီမှ ပြောကြားခဲ့သည်။

LG Display ၏အိုင်တီနှင့်မိုဘိုင်းဖွံ့ဖြိုးမှုအဖွဲ့မှ ဒုဥက္ကဋ္ဌဖြစ်သူ Dr. Byeong-Koo Kim ကကုမ္ပဏီမှမိတ်ဆက်ပေးခဲ့သည့် ကမ္ဘာအပါးလွှာဆုံး Full-HD LCD panel မှာ စွမ်းဆောင်ရည်မြင့် စမတ်ဖုန်းအတွက် စိတ်လှုပ်ရှားဖွယ်တိုးတက်မှုတစ်ရပ်ဖြစ်သည်ဟုပြောကြားခဲ့သည်။

အဆိုပါ panel တွင် LG က Advanced One-Glass-Solution (OGS) နည်းပညာကိုအသုံးပြုထားကြောင်း၊ panel နှင့် touch film ကြားတွင် Optical Clear Resin ဟုခေါ်သည့် တိုက်ရိုက်ဆက်သွယ်မှုစနစ်ကို အသုံးပြုထားကြောင်း၊ ထို့အပြင် panel နှင့် touch film ကြားတွင် dual Flexible Printed Circuits ကိုအသုံးပြုထားသည့်အတွက် panel ပေါ်ရှိလိုင်းအရေအတွက်ကို ၃၀ ရာခိုင်နှုန်းကျော် လျော့ချထားကြောင်းသိရသည်။

-နောင်နောင်၊ Ref: NDTV

NEW PRODUCT

iPhone နှင့်ဆင်တူသည့် Android ဖုန်းကို Techdy မိတ်ဆက်

Techdy ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၁၉၉ ဖြင့်ရောင်းချမည့် iPhone နှင့်ဆင်တူသော စမတ်ဖုန်းတစ်မျိုးကိုမိတ်ဆက်ကြေညာခဲ့သည်။

Basic Bear ဟုခေါ်သော Android operating system အသုံးပြုစမတ်ဖုန်းတွင် 1136x640 pixel နဲ့ဖော်ပြပေးနိုင်တဲ့ ၄ လက်မ IPS display ကိုအသုံးပြုထားသည်။Processor မှာ Qualcomm Snapdragon 600 1.7GHz quad-core processor ဖြစ်သည်။2GB RAM နှင့် 16GB onboard သိုလှောင်မှုစနစ်ကိုထောက်ပံ့ပေးထားပြီး operating system အနေဖြင့် Android 4.2.1 ကို အသုံးပြုထားသည်။LTE နှင့်ကြိုးမဲ့အားသွင်းစနစ်တို့ပါဝင်လာခြင်းမရှိပေ။

Basic Bear ကိုဇူလိုင်လ ၃၁ ရက်တွင်တင်ပို့ရောင်းချမည်ဟုသိရသည်။

-နောင်နောင်
Ref: CNET Asia

APPLE

E-book များ ဈေးနှုန်းပြင်ဆင်ရောင်းချမှုတွင် Apple ဦးဆောင်နေကြောင်း စစ်ဆေးတွေ့ရှိ

အွန်လိုင်းမှဝယ်ယူဖတ်ရှုရသည့် e-book များအား ဈေးနှုန်းပြင်ဆင်ရောင်းချခြင်းပြုလုပ်ရာတွင် Apple ကုမ္ပဏီက အဆိုပါပူးပေါင်းကြံစည်မှုကို ဦးဆောင်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းအတွက် နာမည်ကျော်နည်းပညာကုမ္ပဏီကြီးအား ရှင်းလင်းဖြေရှင်းခွင့်မပေးဘဲ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ဒဏ်ငွေပေးဆောင်ရန် အမေရိကန်တရားရုံးက အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရက်သတ္တပတ် သုံးပတ်ကြာတရားခွင်စစ်ဆေးမှုများအပြီးတွင် Apple ကုမ္ပဏီသည် အမေရိကန်နိုင်ငံ၏ anti-trust ဥပဒေကိုချိုးဖောက်ပြီး ပုံနှိပ်ထုတ်ဝေသူများအား ၎င်းတို့၏ e-book တန်ဖိုးများကို ပြင်ဆင်ခွင့်ပေးထားကြောင်း တွေ့ရှိခဲ့သည်။ ခရိုင်တရားသူကြီးတစ်ဦးဖြစ်သူ Denise Cote က လည်း ယခုကိစ္စတွင် Apple သည် e-book ဈေးနှုန်းများ ပြင်ဆင်ရန် ပူးပေါင်းကြံစည်မှုတွင် အဓိကဦးဆောင်သူဖြစ်ကြောင်း သက်သေများပြည့်စုံသည်ဟု ပြောကြားခဲ့သည်။ Apple သည် စာအုပ်ထုတ်ဝေသူများအား ဈေးနှုန်းများပြင်ဆင်ခွင့်ပြုထားပြီး Amazon ကဲ့သို့သော အွန်လိုင်းလက်လီစတိုးပင်လျှင် အမေရိကန်ဒေါ်လာ ၉. ၉၉ ဖြင့် ရောင်းချလျက်ရှိသည့် e-book များအား Apple ထံမှ သဘောတူညီချက်ရရှိပြီးနောက် အဆိုပါစာအုပ်ဈေးနှုန်းများကို အမေရိကန်ဒေါ်လာ ၁၂. ၉၉ မှ ၁၄. ၉၉ အထိ ဈေးနှုန်းများမြှင့်တင်ရောင်းချခဲ့ကြောင်းသိရသည်။

Apple ကုမ္ပဏီသည် ယခုနှစ် ကုန်ပိုင်းတွင် အဆိုပါ anti-turst ဥပဒေကို ချိုးဖောက်ခြင်းအတွက် ပေးဆောင်ရမည့်ဒဏ်ငွေပမာဏကို သတ်မှတ်ဆုံးဖြတ်ပေးမည့် အခြားတရားခွင်တစ်ခုကိုဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ပြီး ၎င်းကမူ အဆိုပါများယွင်းစွပ်စွဲမှုအတွက် ဆက်လက်ငြင်းဆိုသွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူကဆိုသည်။ Apple နှင့် ပူးပေါင်းကြံစည်ခဲ့သည်ဟု သံသယရှိသည့် ပုံနှိပ်ဖြန့်ခိုင်းနေကုမ္ပဏီငါးခုကမူ တရားခွင်မဝင်မီကပင် တရားရုံးတွင် ဒဏ်ငွေပေးဆောင်ပြီးဖြစ်ကြောင်းသိရသည်။

-ဟေမာ၊ Ref: Telegraph

NEW PRODUCT

Moto X ဈေးကွက်ရရှိရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ အသုံးပြုရန် Google စီစဉ်



Google ကုမ္ပဏီပိုင်Motorola Mobility မှ ပထမဦးဆုံးအကြိမ်မိတ်ဆက်ဖြန့်ချိမည့် Moto X စမတ်ဖုန်းသစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ အကုန်အကျခံပြီး ဈေးကွက်ရှာဖွေရန် ကုမ္ပဏီက စီစဉ်ထားကြောင်းသိရသည်။

Moto X စမတ်ဖုန်းသစ်နှင့်ပတ်သက်၍ Google က အလွန်မျှော်လင့်ထားပြီး အမေရိကန်နှင့် နိုင်ငံခြားဈေးကွက်များသို့ တင်ပို့မည်ဖြစ်သည်။ ၎င်းကို AT&T, Sprint, T-Mobile နှင့် Verizon Wireless ကွန်ရက်များမှ ယခုနှစ်ဆောင်းရာသီတွင် စတင်ဖြန့်ချိရန် စီစဉ်ထားကြောင်း Wall Street ဂျာနယ်တွင်ဖော်ပြထားသည်။ အသုံးပြုသူများအဆင်ပြေစေရန်နှင့် စိတ်ကြိုက်ဖြစ်စေရန်အတွက် ကုမ္ပဏီမှရည်ရွယ်ထားပြီး carrier များ၏ bloatware app နှင့် ဝန်ဆောင်မှုများ ကြိုတင်ထည့်သွင်းရောင်းချခြင်းကိုလည်း ကန့်သတ်သွားမည်ဖြစ်သည်။ ထို့ပြင် ဖုန်း၏ ကျောဘက်အဖုံးအရောင်ကို ဝယ်ယူသူများ၏ စိတ်ကြိုက် ချွေးချယ်နိုင်ကာ ၎င်းအပေါ်တွင် အမည်နှင့် ရေးထိုးလို သည့်စာသားများကိုလည်း စိတ်ကြိုက်ပုံဖော်ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

Motorola ကုမ္ပဏီသည်Verizon ကွန်ရက်နှင့် အကျိုးတူပူးပေါင်းထားသော်လည်း ၎င်း၏ Android စမတ်ဖုန်းရောင်းအားသည် ကျဆင်းလျက်ရှိသည်။ Google အနေဖြင့်လည်း Moto X ဖုန်းသစ်ဖြင့် Motorola ကို နေရာပြန်လည်ရရှိလာရန်မျှော်လင့်ထားသည်။ အသုံးပြုသူများ စိတ်ကြိုက်မှာယူနိုင်မည့် Moto X sign-up page ကို ယခုလအစောပိုင်းက ပြုလုပ်ပေးခဲ့ပြီး ဖုန်းထုတ်လုပ်မှုပိုင်းအတွက် ဝန်ထမ်းအင်အားလည်း ထပ်မံတိုးချဲ့မည်ဖြစ်ကြောင်း Motorola မှပြောကြားခဲ့သည်။

-ဟေမာ
Ref: CNET

SERVICE

မိုဘိုင်းဖုန်းများအတွက် Google Maps ဗားရှင်းသစ်ကိုမိတ်ဆက်

Navigation tool သစ်များထပ်မံဖြည့်စွက်ထားသည့် Google Maps မိုဘိုင်းဗားရှင်းသစ်ကို Android ဖုန်းများအတွက် ကုမ္ပဏီမှ စတင်မိတ်ဆက်လိုက်ကြောင်းသိရသည်။

အဆင့်မြင့်တင်မှုများပြုလုပ်ထားသည့် အဆိုပါ Google Maps ဗားရှင်းသစ်ကို နောက်ဆုံးပေါ် Android OS ပေါ်တွင် Google Now နည်းတူ ဆန်းသစ်စွာအသုံးပြုနိုင်သည်။ အနီးပတ်ဝန်းကျင်ရှိ ကော်ဖီဆိုင်၊ စားသောက်ဆိုင်များ၏ အချက်အလက်များကိုဖော်ပြထားသည့် card များကို ကွန်ပျူတာတွင်မြင်တွေ့ရသည့်နည်းတူ အသုံးပြုနိုင်မည်ဖြစ်ပြီး အသုံးပြုသူ၏ တည်နေရာနှင့်ရှာဖွေမှုပေါ်တွင်မူတည်ကာ ဒေသတွင်းရှိ စားသောက်ဆိုင်များနှင့် အခြားစိတ်ဝင်စားဖွယ်ရာနေရာဒေသများကို အလိုအလျောက်ဖော်ပြပေးနိုင်သည်။ Android OS သုံး tablet များတွင်လည်း အဆိုပါ Google Maps ဗားရှင်းသစ်ကို download ပြုလုပ်အသုံးပြုနိုင်မည်ဖြစ်ပြီး iPad ကဲ့သို့သော iOS device များအတွက်ကိုမူ မကြာမီအချိန်အတွင်း ပြုလုပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

Google Maps on Android app ဗားရှင်းသစ်ကို Google Play store တွင် မကြာမီအချိန်အတွင်း စတင် download ပြုလုပ်နိုင်မည်ဖြစ်ပြီး Android 4.0.3 နှင့်အထက် ဖုန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

-ဟေမာ
Ref: NBCNews

MAKE it POSSIBLE

HUAWEI

Ultimate expression of thinness

HUAWEI Ascend P6

Elegance with Edge

မယုံကြည်နိုင်ဖွယ်ကောင်းအောင်ပါးလွှာမှု

- 6.18mm ရှိပြီးချောမွေ့တောက်ပြောင်သော metal နှင့်ပြုလုပ်ထားသောဖုန်းဟိုကိုယ်ထည်

လှပကောင်းမွန်သောပုံရိပ်များပေးစွမ်းနိုင်သောရှေ့ကင်မရာ

- မယုံကြည်နိုင်အောင်ကောင်းမွန်သော 5MP ရှိသောရှေ့ camera ၏စွမ်းဆောင်ချက်

4cm ထိအနီးကပ်ပြတ်သားစွာရိုက်ကူးနိုင်မှု

- 4cm အကွာမှရိုက်သော်လည်းကြည်လင်ပြတ်သားဆုံးသောရုပ်ပုံကိုပေးစွမ်းနိုင်မှု

သုံးရလွယ်ကူသော Emotion UI

- သုံးစွဲသူများစိတ်ကြိုက်လုပ်ဆောင်ပေးနိုင်သည့် Huawei ၏ Emotion UI

Catch up with us on facebook
facebook.com/huawei device myanmar

http://consumer.huawei.com

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

MEDIA

PCWorld မဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေမှုရပ်ဆိုင်း

နှစ်ပေါင်း ၃၀ ကျော်အကြာ ပုံနှိပ်ထုတ်ဝေခဲ့သည့် PCWorld မဂ္ဂဇင်း ထုတ်လုပ်မှုကို ဩဂုတ်လ ထုတ်မဂ္ဂဇင်းဖြန့်ချိမှုအပြီးတွင်ရပ်ဆိုင်းမည်ဖြစ်ပြီး website နှင့်ဒစ်ဂျစ်တယ်ထုတ်လုပ်မှုများတွင်သာ အာရုံစိုက်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း PCWorld မှကြေညာခဲ့သည်။

လစဉ်ကြေးပေးသွင်းကာ ဖတ်ရှုသူ ၃၃၉,၀၀၀ ရှိသည့် PCWorld မဂ္ဂဇင်းကိုဒစ်ဂျစ်တယ်ဗားရှင်းဖြင့် ဖတ်ရှုလိုသူများသည် အွန်လိုင်းတွင်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအပြောင်းအလဲသည် PCWorld ဝန်ထမ်းများအပေါ်တွင် သက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ PC World U.S edition ကိုပုံနှိပ်ထုတ်ဝေခြင်းအစား ဒစ်ဂျစ်တယ်ထုတ်ဝေမှုသို့ပြောင်းလဲခြင်းသာဖြစ်ကြောင်း IDG ကုမ္ပဏီက ပြောကြားခဲ့သည်။

နည်းပညာဆိုင်ရာ သုံးစွဲသူများနှင့်စေ့ကွက်ရှာဖွေသူများမှာ ပုံနှိပ်မှ အွန်လိုင်းသို့ပြောင်းလဲသွားသည့်အတွက် နှစ် ၃၀ အကြာ PCWorld ပုံနှိပ်ထုတ်လုပ်မှုကိုရပ်ဆိုင်းရခြင်းဖြစ်ကြောင်း၊ အမေရိကန်ရှိ PCWorld မှလုပ်ဖော်ကိုင်ဖက်များမှာ interative multimedia များကို high resolution နှင့်ဖော်ပြထားသည့် ပထမဦးဆုံးဒစ်ဂျစ်တယ်ဗားရှင်းအတွက် အာရုံစိုက်လုပ်ဆောင်နေကြောင်း IDG Communications မှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Bob Carrigan ကဆိုသည်။

အဆိုပါ PCWorld ဒစ်ဂျစ်တယ် ဗားရှင်းကို Kindle Fire, iPad နှင့် iPhone များအပါအဝင် iOS နှင့် Android ထုတ်ကုန်များပေါ်၌ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

-နောင်နောင်
Ref: FolioMag

SERVICE

Instagram မှ ဓာတ်ပုံနှင့် ဗီဒီယိုများကို embed ပြုလုပ်နိုင်

ဓာတ်ပုံနှင့် ဗီဒီယို ဝေမျှသည့် ဝန်ဆောင်မှုတစ်ခုဖြစ်သော Instagram မှ ၎င်း၏အကြောင်းအရာများကို အခြားဝက်ဘ်ဆိုက်များတွင် ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် web embedding စနစ်ကို ထပ်မံပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဝန်ဆောင်မှုကို web browser များမှတစ်ဆင့် စတင်အသုံးပြုနိုင်ပြီဖြစ်သည်။ Instagram ဓာတ်ပုံနှင့် ဗီဒီယို page တွင် share ခလုတ်သစ်ကို ထည့်သွင်းပေးထားပြီး အဆိုပါခလုတ်ကိုနှိပ်လိုက်သည့်အခါတွင် ဓာတ်ပုံနှင့် ဗီဒီယိုများ၏ embed code ကို မြင်တွေ့ရမည်ဖြစ်သည်။ ၎င်းကို copy ပြုလုပ်ပြီး မိမိထည့်သွင်းအသုံးပြုလိုသည့် ဘလော့ဂ်၊ ဆောင်းပါးနှင့် ဝက်ဘ်ဆိုက်တို့တွင် paste ပြုလုပ်ထည့်သွင်းနိုင်ကြောင်း သိရသည်။ ထို့နောက် publish ခလုပ်ကို ထပ်မံနှိပ်လိုက်သည့်အခါတွင် ထည့်သွင်းလိုက်သည့် ဓာတ်ပုံနှင့် ဗီဒီယိုများကို မြင်တွေ့နိုင်မည်ဖြစ်ကြောင်း Instagram ဘလော့ဂ်တွင်ဖော်ပြထားသည်။ သို့သော် အဆိုပါ embedding option ကို Instagram post များအား private ပြုလုပ်ထားသူများ အသုံးပြုနိုင်မည်မဟုတ်ကြောင်း သိရသည်။

Instagram ၏ ပြိုင်ဘက်ဝန်ဆောင်မှုဖြစ်သော Vine တွင် ၎င်း၏ ဗီဒီယိုများကို အခြားဝက်ဘ်ဆိုက်များတွင် embed ပြုလုပ်ခွင့်ပေးထားသည်။

-ဟေမာ
Ref: IBNLive

NEW PRODUCT

Samsung Ultra HDTV မော်ဒယ်သစ်များကို အာမေရိကန်စျေးကွက်သို့ ဩဂုတ်လတွင် တင်ပို့မည်

Samsung ကုမ္ပဏီမှ ၆၅ လက်မနှင့် ၅၅ လက်မအရွယ် F9000 UHD တီဗွီများကို အာမေရိကန်စျေးကွက်တွင် ဩဂုတ်လ၌ စတင်ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

တန်ဖိုးအနေဖြင့် အာမေရိကန်ဒေါ်လာ ၇,၄၉၉ နှင့် ၅,၄၉၉ အသီးသီး သတ်မှတ်ထားပြီး ကြိုတင်အမှာစာများလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ ဩဂုတ်လအစောပိုင်းတွင် စတင်စျေးကွက်တင်ရန် မျှော်လင့်ထားသည်။ Samsung ကုမ္ပဏီသည် ၎င်း၏ Ultra HD တီဗွီများကို ပြည်တွင်းရှိသာဉီးစွာ ရောင်းချပြီး နောက်ပိုင်းမှသာ အခြားစျေးကွက်များသို့ တင်ပို့ရောင်းချလေ့ရှိသည်။ ယခု F9000 အမျိုးအစားတီဗွီများတွင် ကုမ္ပဏီ၏ နောက်ဆုံးပေါ်နည်းပညာနှင့် feature များကို ထည့်သွင်းအသုံးပြုထားပြီး 3D, Micro Dimming Ultimate LED display, Wi-Fi, embedded ကင်မရာတို့အပြင် UDH နည်းပညာသစ်များဖြင့် အဆင့်ပြေစွာအသုံးပြုနိုင်မည့် Evolution Kit ကိုလည်း အဆင့်မြှင့်တင်ထောက်ပံ့ပေးထားသည်။

-ဟေမာ
Ref: Engadget

NEW PRODUCT

နှစ်တစ်သန်းကျော်အထိ အချက်အလက်များကို သိမ်းဆည်းနိုင်မည့် 360TB Disc



လူသားသက်တမ်းထက်ပိုမိုရှည်လျားပြီး သမိုင်းအချက်အလက်များကို ကောင်းမွန်စွာသိမ်းဆည်းပေးမည့် glass storage medium တစ်မျိုးကို သိပ္ပံပညာရှင်များက တီထွင်ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ storage medium တွင် အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်မှုပမာဏ 360TB ရှိပြီး အလွန်ပြင်းထန်သည့် အပူချိန် ၁,၈၃၂ ဖာရင်ဟိုက်ကိုလည်း ခံနိုင်ရည်ရှိသည်။ အလွန်လျင်မြန်သည့် femtosecond laser ၏ စွမ်းအင်ဖြင့် သုတေသီများသည် အဆိုပါကြာရှည်ခံ storage medium ပေါ်တွင် 300KB အချက်အလက်များကို ရေးနိုင်၊ ဖတ်နိုင်မည်ဖြစ်သည်။ ၎င်း femtosecond laser သည် အလွန်တိတောင်းပြီး စွမ်းအင်ပြည့်ဝသည့် အလင်းများကို ထုတ်လုပ်ပေးနိုင်ကာ အချက်အလက်များကို encode ပြုလုပ်ပေးပြီး ၅ မိုက်ခရိုမီတာစီသာကွာဝေးသည့် ဖန်သားအတွင်းမှ အလွှာသုံးလွှာတွင် အလွန်သေးငယ်သည့်အစက်ငယ်များအဖြစ် သွားရောက်သိမ်းဆည်းပေးမည်ဖြစ်သည်။ ထို့ပြင် အချက်အလက်များကို အရွယ်အစားနှင့် ပုံသဏ္ဌာန်ပေါ်မူတည်ပြီး ၅ ဘက်မြင်ပုံများအဖြစ်ရေးသားသိမ်းဆည်းပေးနိုင်ကြောင်း သုတေသီများ၏ အဆိုအရသိရသည်။

Southampton တက္ကသိုလ်ရှိ Optoelectronics Research Center နှင့် Eindhoven နည်းပညာတက္ကသိုလ်မှ သိပ္ပံသုတေသီများ ပူးပေါင်းဖန်တီးထားသည် အဆိုပါနည်းပညာသစ်ကို 5D Data Storage Nanostructuring in Glass ဟူသောအမည်ဖြင့် Lasers and Electro-Optics Conference တွင် စာတမ်းတင်သွင်းထားသည်။

-ဟေမာ Ref: CNET

ASIA NEWS

၂၀၁၇ တွင် အိန္ဒိယ developer အရေအတွက် အမေရိကန်ထက် ကျော်လွန်ဖွယ်ရှိ

၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ software developer အရေအတွက်သည် အမေရိကန်နိုင်ငံထက်ကျော်လွန်ဖွယ်ရှိကြောင်း စစ်တမ်းတစ်ရပ်အရသိရသည်။

Evans Data Corp. မှထုတ်ပြန်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ developer အရေအတွက်စစ်တမ်းအရ ကမ္ဘာတစ်ဝန်းတွင် software developer ၁၈. ၂ သန်း ရှိကြောင်း၊ ၎င်းအရေအတွက်မှာ ၂၀၁၉ ခုနှစ်တွင် ၂၆. ၄ သန်းအထိမြင့်တက်လာနိုင်ကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် software developer ၃. ၆ သန်းရှိပြီး developer အများဆုံးရှိသည့် နိုင်ငံအဖြစ် ဦးဆောင်နေသည်။ အိန္ဒိယနိုင်ငံတွင် software developer ဦးရေ ၂. ၇၅ သန်းရှိသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်၌ အိန္ဒိယနိုင်ငံ၏ developer ဦးရေမှာ ၉၀ ရာခိုင်နှုန်းမြင့်တက်ကာ ၅. ၂ သန်းရှိလာနိုင်ပြီး အမေရိကန်နိုင်ငံတွင် ၂၅ ရာခိုင်နှုန်းသာမြင့်တက်ကာ ၄. ၅ သန်းသာရှိနိုင်ကြောင်း Evans Data မှဖော်ပြခဲ့သည်။

ထို့အပြင် ၂၀၁၈ ခုနှစ်၌တရုတ်နိုင်ငံတွင် programmer အရေအတွက် ၁. ၉ သန်းခန့်ရှိလာပြီး ရုရှားတွင် ၁. ၃ သန်းရှိလာနိုင်ကြောင်း Evans Data ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

-နောင်နောင်
Ref: ComputerWorld

APPLE

အွန်လိုင်းလေလံပွဲတစ်ခုတွင် Apple 1 ကို အမေရိကန်ဒေါ်လာ ၃၈၇,၅၅၀ ဖြင့်ရောင်းချခဲ့ရ

Apple ကုမ္ပဏီ၏ မူလပထမကွန်ပျူတာများထဲမှတစ်ခုဖြစ်ပြီး ၁၉၇၆ ခုနှစ်က Steve Jobs ၏ မိဘများပိုင်ဆိုင်သော ကားဂိုဒေါင်ထဲတွင် တီထွင်ဖန်တီးခဲ့သည့် Apple 1 ကွန်ပျူတာကို Christie အွန်လိုင်းလေလံပွဲတွင်အမေရိကန်ဒေါ်လာ ၃၈၇,၅၅၀ ဖြင့် ဆုံးရရှိကာ ရောင်းချခဲ့ရကြောင်း သိရသည်။

Apple 1 ကိုရောင်းချခဲ့သည့် တန်ဖိုးသည် အထက်ပါအွန်လိုင်းလေလံပွဲတွင်ရောင်းချခဲ့သည်များအနက် ဒွေးကြေးအဖြင့်ဆုံး ရရှိခဲ့သည့်ပစ္စည်းဖြစ်သည်။ ယခုရောင်းချခဲ့သည့် Apple 1 ကွန်ပျူတာသည် ကုမ္ပဏီမှ ပထမဦးဆုံးထုတ်လုပ်ခဲ့သည့် Apple 1 ကွန်ပျူတာ ၂၅ လုံးအနက်မှ တစ်လုံးဖြစ်ပြီး serial number 01-0025 ကို အနက်ရောင်မင်ဖြင့် ရေးသားထားသည်။ Steve Wozniak က ဒီဇိုင်းဖန်တီးထားသည့်အဆိုပါ Apple 1 ကွန်ပျူတာသည် မော်နီတာမပါရှိသော်လည်း အသုံးပြုနိုင်သေးကြောင်း Christie မှပြောကြားခဲ့သည်။

Apple 1 အပြင် Christie လေလံဝက်ဘ်ဆိုက်တွင် Apple Lisa, Macintosh နှင့် Mac Portable နမူနာပုံစံငယ်တို့ကိုလည်း ထည့်သွင်းလေလံဆွဲခဲ့သည်။ မေလက ဂျာမန်လေလံပွဲတစ်ခုဖြစ်သည့် Breker တွင်ရောင်းချခဲ့ရသည့် Apple 1 ကွန်ပျူတာ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၇၁,၄၀၀ ရရှိခဲ့ပြီး ၎င်းတွင်မူမော်နီတာပါဝင်ခဲ့ကြောင်း သိရသည်။

-ဟေမာ
Ref: CNET

SERVICE

LTE စနစ်အသုံးပြုနိုင်သည့် မြို့များကို T-Mobile ကြေညာ

မြန်နှုန်းမြင့် LTE ကွန်ရက်စနစ်ကို လူပေါင်း ၁၅၇ သန်း အဆင်ပြေစွာအသုံးပြုနိုင်သည့် မြို့ ၁၁၆ မြို့အား T-Mobile မှ ထုတ်ဖော်ကြေညာခဲ့ကြောင်း သိရသည်။

T-Mobile LTE စနစ် အသုံးပြုနိုင်သည့်မြို့ပေါင်း ၁၁၆မြို့တွင် ယင်းမြို့များ၏ ၇၅ မှ ၈၀ ရာခိုင်နှုန်းသည် အဆိုပါကွန်ရက်စနစ်ကို ကောင်းမွန်စွာအသုံးပြုနိုင်ကြသည်။ T-Mobile ၏ LTE အသုံးပြုနိုင်သည့်မြို့များကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြပေးထားပြီး နယူးယောက်၊ လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ ဘော့စတွန်နှင့် Denver, Seattle စသည့် လူဦးရေထူထပ်သောမြို့ကြီးများ၏ မြေအောက်မီးရထားရုံများတွင်ပါ အသုံးပြုနိုင်ကြောင်းသိရသည်။ T-Mobile LTE စနစ်ကို လူဦးရေသိပ်သည်းသည့် မြေအောက်မီးရထား ဘူတာရုံ ၇၃ ရာခိုင်နှုန်းတွင် အဆင်ပြေစွာအသုံးပြုနိုင်သည်။ T-Mobile ၏ LTE ကွန်ရက်မြို့ ၁၁၆ မြို့တွင် တစ်ဝက်ခန့်မှာ 10x 10 LTE ဟုခေါ်ဆိုသည့် 20MHz မြန်နှုန်းကိုအသုံးပြုနိုင်ပြီး အခြားသောတစ်ဝက်မှာ 5x5 ဖြင့် အသုံးပြုနိုင်ကြောင်း သိရသည်။ ထို့ပြင် ကုမ္ပဏီအနေဖြင့် ၎င်း၏ HSPA+ ကွန်ရက်ကိုလည်း အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိသည်။ မကြာမီအချိန်အတွင်း T-Mobile ကွန်ရက်မှ CDMA ဖုန်းများကိုလည်း စတင်ရောင်းချတော့မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ တွဲဘက်ဥက္ကဋ္ဌ Jason Young ကပြောကြားခဲ့သည်။

-ဟေမာ
Ref: PCMag

SECURITY

Skype နှင့် အီးမေးလ်တို့ကို NSA အား လျှို့ဝှက်စုံစမ်းခွင့်မပြုခဲ့ကြောင်း Microsoft ငြင်းဆို

Edward Snowden ထံမှရရှိခဲ့သည့် ထိပ်တန်းလျှို့ဝှက်ဖိုင်အရ Microsoft ကုမ္ပဏီသည် ၎င်း၏ အီးမေးလ်၊ cloud ဖိုင်များနှင့် Skype အချက်အလက်တို့ကို NSA အား လျှို့ဝှက်စုံစမ်းခွင့်ပြုခဲ့သည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း အဆိုပါကုမ္ပဏီမှ ငြင်းဆိုပြောကြားလိုက်ကြောင်းသိရသည်။

Microsoft ကုမ္ပဏီကဂျင်းတို့အနေဖြင့် တရားဥပဒေကြောင်းအရသာ အသုံးပြုသူများ၏ အချက်အလက်များကို အခြားသူများအားကြည့်ရှုခွင့်ပေးထားပြီး မည်သည့်အစိုးရအဖွဲ့ကိုမှ SkyDrive, Outlook.com, Skype နှင့် အခြား Microsoft ထုတ်ကုန်များ၏ အချက်အလက်များကို ရယူအသုံးပြုခွင့်၊ ကြည့်ရှုခွင့်ပေးမထားကြောင်း ပြောကြားခဲ့သည်။ ယခုငြင်းဆိုမှုသည့် အဆိုပါကုမ္ပဏီ၏ တစ်ပတ်အတွင်း ၎င်းတို့ထုတ်ကုန်များ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် လုံခြုံရေးပိုင်းကို အလျဉ်းသင့်သလို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်းလည်း ကုမ္ပဏီမှပြောကြားခဲ့သည်။

-ဟေမာ
Ref: BusinessInsider

MARKET

စမတ်ဖုန်းနှင့်အင်တာနက်အသုံးပြုမှုနှုန်းတွင် Samsung က Apple ထက်သာလွန်ခဲ့

ကမ္ဘာတစ်ဝန်းရှိစမတ်ဖုန်းသုံးစွဲသူများ၏ အင်တာနက်အသုံးပြုမှုနှုန်းတွင် Samsung စမတ်ဖုန်းသုံးစွဲသူများက Apple ထုတ်ကုန်သုံးစွဲသူများထက် သာလွန်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်အရသိရသည်။

StatCounter မှဖော်ပြချက်အရ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် Apple iPhone နှင့် iPod Touch အသုံးပြုသူများသည် Nokia ဖုန်းအသုံးပြုသူများထက် အင်တာနက်အသုံးပြုမှုနှုန်းပိုမိုခဲ့ကြောင်း၊ သို့ရာတွင် ဇွန်လ၌ Samsung ထုတ်ကုန်များမှ တစ်ဆင့် အင်တာနက်အသုံးပြုခြင်းက Apple ထက်သာလွန်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကွာဟမှုပမာဏကြီးမားခြင်းမရှိဘဲ Samsung ထုတ်ကုန်များဖြင့် အင်တာနက်အသုံးပြုမှုနှုန်းမှာ ၂၅. ၅ ရာခိုင်နှုန်း ရှိကာ Apple မှာ ၂၅. ၁ ရာခိုင်နှုန်းရှိကြောင်း Nokia မှာ ၂၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ Research in Motion ၏ BlackBerry ထုတ်ကုန်များဖြင့် အင်တာနက်အသုံးပြုမှုနှုန်းမှာ ၃. ၆ ရာခိုင်နှုန်း ရှိပြီး စတုတ္ထနေရာ၌ရပ်တည်လျက်ရှိသည်။

အဆိုပါလေ့လာတွေ့ရှိချက်အတွက် StatCounter က Web page ၁၇. ၅ဘီလီယံကိုတွက်ချက်လေ့လာခဲ့ပြီး ၎င်းအဆင့်သတ်မှတ်ချက်များတွင် tablet နှင့်ကြည့်ရှုမှုနှုန်းမပါဝင်ကြောင်း သိရသည်။

-နောင်နောင်
Ref: CNET

Int'l News Round Up

05 July ဆန်ဖရန်စစ္စကိုမြို့တွင် ဇူလိုင်လ ၄ ရက်နေ့က NSA ၏ လျှို့ဝှက်စောင့်ကြည့်နေအစီအစဉ်နှင့်ပတ်သက်ပြီး လူသုံးရာခန့် ခီတက်ဆန္ဒပြခဲ့ကြကြောင်းသိရသည်။

06 July Apple ကုမ္ပဏီမှပြုလုပ်သည့် iWatch မူပိုင်ခွင့်နှင့်ပတ်သက်ပြီး အမေရိကန်ဖြိုတိန်ဥရောပအချို့နေရာများနှင့် တရုတ်တို့တွင် အခြားကုမ္ပဏီများကမူပိုင်ခွင့်ပြုလုပ်ထားသည်ဖြစ်သနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

07 July Google မှ ဝက်ဘ်အသုံးပြုမှုပိုမိုလျင်မြန်စေရန်အတွက် WebP animated graphic format ကိုပြုလုပ်ပေးခဲ့သော်လည်း ၎င်းသည် လက်တွေ့တွင် အဆင်ပြေကောင်းမွန်မှုမရှိကြောင်း Google Chrome ဖန်တီးသူများကဆိုသည်။

08 July Facebook မှ ၎င်း၏လူမှုကွန်ရက်တွင် ရှာဖွေမှုများပိုမိုကောင်းမွန်လာစေရန်အတွက် Graph Search ဝန်ဆောင်မှုကို တရားဝင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

09 July စမတ်ဖုန်း app ကုမ္ပဏီတစ်ခုဖြစ်သည့် Shazam သည် ၎င်း၏လုပ်ငန်း၌ TV app များဖန်တီးထုတ်လုပ် ရန်အတွက် မက်ဆီကန် ဘီလီယံနာတစ်ဦးဖြစ်သည့် Carlos Slim ထံမှ အမေရိကန်ဒေါ်လာ သန်း ၄၀ ထောက်ပံ့မှုရရှိခဲ့သည်။

10 July App Store ၏ ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားအဖြစ် နာမည်ကျော် iTunes app နှင့် ဂိမ်းအချို့ကို အခမဲ့ download ပြုလုပ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

11 July Android ဖုန်းများအတွက်ပြုလုပ်ပေးထားသည့် Facebook Home feature တွင် folder တည်ဆောက်နိုင်မည့် စနစ်ကို အထောက်အပံ့ပေးခဲ့ကြောင်း သိရသည်။

Gadget

ဖုန်းအားသွင်းနိုင်မည့် CulCharge

ဖုန်းအားကုန်တဲ့ ပြဿနာကို အလျင်မြန်ဆုံး ဖြေရှင်းပေးနိုင်မယ့်အရွယ်သေးငယ်တဲ့ USB အားသွင်းကြိုးတစ်ချဖြစ်ပါတယ်။ အရှည် ၆ စင်တီမီတာသာရှိတဲ့အတွက်သော့ချိတ်မှာတပ်ဆင်ထားနိုင်ပါတယ်။ အနီးအနားမှာရှိတဲ့ USB port တစ်ခုမှာတပ်ဆင်ရုံနဲ့ဖုန်းကိုအားသွင်းပေးနိုင်ပါတယ်။ CulCharge ကို multiple connector တွေနဲ့ရနိုင်ပါတယ်။ MicroUSB, MiniUSB, MiniUSB, 30-pin iPhone connector, Lightning connector စတာတွေနဲ့ခွဲခြားထုတ်လုပ်ထားပါတယ်။ တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၁၅ ဖြစ်ပါတယ်။

-နောင်နောင်
Ref: Coolest-Gadgets

Edifier Extreme Connect portable speaker

ကြည်လင်ပြတ်သားတဲ့အသံကိုထုတ်လွှင့်ပေးနိုင်တဲ့ဝူမ်းဆောင်ရည်မြင့် portable speaker ဖြစ်ပါတယ်။ ဒါ့အပြင် hands-free ဖုန်းပြောကြားမှုကိုလည်း ပြုလုပ်နိုင်ပါတယ်။ Bluetooth အသုံးပြုနိုင်တဲ့ စမတ်ဖုန်းတွေ၊ tablet တွေ၊ ကွန်ပျူတာတွေနဲ့ချိတ်ဆက်သုံးနိုင်ပါတယ်။ အားပြန်သွင်းနိုင်တဲ့ ဘက်ထရီကို အသုံးပြုထားပြီး ၁၂ နာရီကြာသီချင်းနားထောင်နိုင်ပါတယ်။ MicroSD memory card slot မှာ 32GB အထိထောက်ပံ့ပေးထားပြီး USB streaming နဲ့လည်းသုံးနိုင်ပါတယ်။ ၃. ၅မီလီမီတာနားကြပ်ပေါက်တစ်ခုပါဝင်ပါတယ်။ အနက်၊ အပြာ၊ အဝါ၊ မီးခိုးစတဲ့အရောင်များနဲ့ရရှိနိုင်ပြီးတန်ဖိုးက အမေရိကန်ဒေါ်လာ ၉၉. ၉၉ ပါ။

-နောင်နောင်
Ref: Coolest-Gadgets

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

NEW TECH

Touch-sensing နည်းပညာသစ်ကို NTU မိတ်ဆက်ပြသခဲ့

စင်ကာပူနန်ယန်နည်းပညာတက္ကသိုလ်(NTU)သည်STATINA ဟုခေါ်သောtouch-sensingနည်းပညာသစ်ကို ပွဲထုတ်မိတ်ဆက်ပြသခဲ့သည်။ အဆိုပါ နည်းပညာကို အရွယ်ကြီးမားသော မျက်နှာပြင်များကို စေ့နှုန်းသက်သာသော touchscreen များအဖြစ် ပြောင်းလဲစေနိုင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

လျှပ်စစ် sensor များပါဝင်သောသာမန် capacitive touch-screenများနှင့်မတူသည့်STATINA တွင်စေ့နှုန်းသက်သာသောတုန်ခါနိုင်သည့် sensor များနှင့် Web-cam များကိုအသုံးပြုထားခြင်းဖြစ်သည်။ သုံးစွဲသူမှ screen ကို ထိတွေ့လိုက်သည့်အခါတုန်ခါမှုများဖြင့် သိရှိနိုင်မည်ဖြစ်သည်။ Webcam မှာ multi-touch နှင့် လှုပ်ရှားမှုတို့ကို ခြေရာခံပေးမည်ဖြစ်သည်။ STATINA ကိုအရွယ်အစားချိန်ညှိနိုင်သည့် အတွက် screen အရွယ်အစားအမျိုးမျိုးတွင် အလွယ်တကူလိုက်လျောညီထွေအသုံးပြုနိုင်မည်ဖြစ်သည်။

SATAINA ကိုကွဲပြားခြားနားသောအရွယ်ကြီးမားသည့် မျက်နှာပြင်များဖြစ်သည့် သစ်သားစားပွဲ၊ အလူမီနီယံ၊ သံမဏိနှင့် ပလတ်စတစ်မျက်နှာပြင်များပေါ်တွင်အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်းသိရသည်။ ထို့အပြင် tracking စနစ်မှာလည်း capacitive touch-screen အများစုကဲ့သို့တိကျမှုရှိကြောင်း၊ SATAINA မှာ ၅၀ လက်မနှင့်အရွယ်ကြီးမားသည့် Screen များအတွက်ကုန်ကျစရိတ်အသက်သာဆုံး နည်းပညာဖြစ်ကြောင်း NTU မှ သုတေသီများက ပြောကြားခဲ့သည်။

STATINA ကိုလေ့နှစ်အတွင်းစီးပွားဖြစ်ရောင်းချရိုင်ရန်မျှော်လင့်ထားကြောင်းသိရသည်။

-နောင်နောင်

Ref: CNET Asia

LAWSUIT

Apple နှင့် Amazon တို့၏ app store အမည်အသုံးပြုခွင့်ပြဿနာပြီးဆုံး

Apple ကုမ္ပဏီနှင့် Amazon.com ကုမ္ပဏီတို့ ရင်ဆိုင်လျက်ရှိသည့် app store ဟူသောအမည်ကို အသုံးပြုခွင့်ပြုသနာနှင့်ပတ်သက်ပြီး ကုမ္ပဏီနှစ်ဖက်စလုံး၏တောင်းဆိုချက်ဖြင့် ရုပ်သိမ်းပြီးဆုံးလိုက်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံ၊ Oakland ခရိုင်ပြည်နယ်တရားသူကြီး Phyllis Hamilton က ဩဂုတ်လ ၁၈ ရက်နေ့တွင်ချိန်းဆိုထားသည့် တရားခွင်ကို ကုမ္ပဏီများ၏တောင်းဆိုချက်ဖြင့် ပယ်ဖျက်ပေးခဲ့သည်။ App store ဆိုသည့်အမည်ကို ကုမ္ပဏီနှစ်ခုစလုံးက ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ Apple ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် App Store ဝန်ဆောင်မှုကို စတင်ပြုလုပ်ခဲ့ပြီး၎င်းဝန်ဆောင်မှုမှတစ်ဆင့် မိုဘိုင်းထုတ်ကုန်များအတွက် application များ စတင်ရောင်းချခဲ့သည်။ Amazon ကမူ ၂၀၁၁ ခုနှစ်၊ မတ်လတွင် Android အတွက် Amazon Appstore ကိုစတင်လွှင့်တင်ခဲ့ပြီး ထိုအချိန်မှစ၍ Apple ကုမ္ပဏီက စတင်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

Apple ကုမ္ပဏီက တရားစွဲဆိုခြင်းကို ဆက်လက်မပြုလုပ်တော့ဘဲ Amazon ကို appstore ဆိုသည့်အမည်အား လွတ်လပ်စွာအသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူ Kristin Huguet က ဆိုသည်။ Amazon ၏ပြောရေးဆိုခွင့်ရှိသူ Mary Osako ကလည်း ၎င်းတို့အနေဖြင့် အသုံးပြုသူများနှင့် developer များအတွက်အကောင်းဆုံး appstore အတွေ့အကြုံများကို ဆက်လက်ပြုလုပ်ပေးရန် အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

-ဟေမာ Ref: Reuters

SECURITY

Android လုံခြုံရေးချို့ယွင်းချက်ပြင်ဆင်မှုကို OEM များအတွက် Google ပြုလုပ်ပေးခဲ့

Bluebox Security မှ ရှာဖွေတွေ့ရှိခဲ့သည့် Android လုံခြုံရေးချို့ယွင်းချက်ကို Google ကုမ္ပဏီမှပြင်ဆင်ပေးခဲ့ပြီး ၎င်းကို OEM များအတွက် ဖြန့်ချိပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

Android စနစ်တွင်တွေ့ရှိရသည့် လုံခြုံရေးအားနည်းချက်မှာ ဟက်ကာများက application များ၏ ၉၉ ရာခိုင်နှုန်းကို Trojan malware များအဖြစ် ပြောင်းလဲနိုင်ခြင်းဖြစ်သည်။ Bluebox Security ၏ CTO ဖြစ်သူ Jeff Forristal က ၎င်းချို့ယွင်းချက်ကို Android 1.6 စတင်ဖြန့်ချိသည့်အချိန်ခန့်ကပင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ လေးနှစ်ကာလအတွင်း Android ဖုန်းအလုံးရေသန်း ၉၀၀ ခန့်တွင် အဆိုပါလုံခြုံရေးချို့ယွင်းချက် ရှိနိုင်ကြောင်းပြောကြားခဲ့သည်။ Android application များတွင် လုံခြုံရေးစနစ်အဖြစ် cryptographic signature ကို ထည့်သွင်းထားသော်လည်း ယခုတွေ့ရှိရသည့် လုံခြုံရေးချို့ယွင်းချက်သည် အဆိုပါစနစ်ကိုကျော်လွန်ပြီး application များ၏ content များကို ဟက်ကာများအား ပြောင်းလဲနိုင်ခြင်းဖြစ်သည်။

Google ကုမ္ပဏီ၏ Android Communications Manager, Gina Scigliano က ၎င်းတို့အနေဖြင့် အဆိုပါချို့ယွင်းချက်အတွက် patch ပြုလုပ်ပေးပြီးဖြစ်ကာ OEM များအတွက်လည်း ဖြန့်ချိပေးပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုကိစ္စနှင့်ပတ်သက်ပြီး Android အသုံးပြုသူများကလည်း အလွန်စိုးရိမ်ရန်မလိုကြောင်းသိရသည်။

-ဟေမာ Ref: ZDNet

ASIA NEWS

တရုတ်နိုင်ငံတွင် ပြည်တွင်းဖြစ်ဂိမ်းစက်များ ပြန်လည်ရောင်းချွင့်ပြုခဲ့ဟုဆို

တရုတ်နိုင်ငံတွင် ၁၃ နှစ်ကြာတားမြစ်ပိတ်ပင်ထားခဲ့သည့် ပြည်တွင်းဖြစ်ဗီဒီယိုဂိမ်းစက်များ ထုတ်လုပ်ရောင်းချခြင်းကိုပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း South China Morning Post ၏ အဆိုအရသိရသည်။

တရုတ်နိုင်ငံရှိ ဗီဒီယိုဂိမ်းစက်ကုမ္ပဏီများတွင် Nintendo Co. နှင့် Sony Corp. ကဲ့သို့သောနိုင်ငံခြားကုမ္ပဏီများလည်းပါဝင်သော်လည်း ၎င်းတို့ကို ရှန်ဟိုင်းရှိ free-trade zone သစ်တွင် ထုတ်လုပ်ခြင်းကြောင့် ထည့်သွင်းတားမြစ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ဂိမ်းစက်များကို တရုတ်နိုင်ငံတွင်ပြန်လည်ရောင်းချရိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ထောက်ခံမှုပါရှိရမည်ဖြစ်ကြောင်း SCMP သတင်းစာတွင်ဖော်ပြထားသည်။ တရုတ်နိုင်ငံတွင် ဂိမ်းစက်များရောင်းချခြင်းကို ၂၀၀၀ ခုနှစ်၊ ဇွန်လတွင် စတင်၍ တားမြစ်ပိတ်ပင်ခဲ့ပြီး ယင်းကဲ့သို့ပြုလုပ်ရခြင်းမှာ ကြမ်းတမ်းပြင်းထန်ပြီး ကျန်းမာရေးနှင့်မညီညွတ်သည့် game content များသည် လူငယ်များကို အဇ္ဈရာယ်ဖြစ်စေနိုင်သည့် အလားအလာရှိသောကြောင့်ဖြစ်ကြောင်း သတင်းစာတွင်ဖော်ပြထားချက်အရ သိရသည်။

တရုတ်နိုင်ငံတွင် ဂိမ်းစက်အချို့ကို မြောင်ခိုစေ့နွှက်များမှတင်သွင်းလျက်ရှိသည်။ Apple ကုမ္ပဏီထုတ် iPad နှင့် iPhone ကဲ့သို့သောtouchscreen ကွန်ပျူတာနှင့် စမတ်ဖုန်းများကိုမူ ဂိမ်းနှင့်ပတ်သက်သည့်ထုတ်ကုန်ဟုမယူဆဘဲ တရားဝင်အသုံးပြုခွင့်ပေးထားသည်။ Sony ကုမ္ပဏီက တရုတ်နိုင်ငံတွင် ၎င်း၏ဂိမ်းစက်များရောင်းချရန် အစီအစဉ်မရှိသေးကြောင်းပြောကြားခဲ့ပြီး Nintendo ကုမ္ပဏီကမူ ၎င်းတို့အတွက် အခွင့်အရေးများရရှိလာနိုင်ကြောင်းဆိုသည်။

-ဟေမာ

Ref: BusinessWeek

NEWS IN BRIEF

- Impossible Studios မှ စီစဉ်ရေးဆွဲလျက်ရှိသည့် Infinity Blade Dungeons ဂိမ်းကို တရားဝင်ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ဇွန်ဖောဝါရီလက Impossible Studios ကိုပိတ်သိမ်းခဲ့ပြီးနောက် အဆိုပါ studio မှရေးဆွဲလျက်ရှိသည့် Infinity Blade Dungeons ဂိမ်းကိုလည်း ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ၎င်း studio မှ အတည်ပြုပြောကြားခဲ့သည်။ အဆိုပါဂိမ်းအကြောင်းကို ၂၀၁၂ ခုနှစ်၊ မတ်လတွင် Apple event ၌ စတင်မိတ်ဆက်ခဲ့ပြီး နောင့်နေးမှုများဖြစ်ပေါ်ခဲ့ကာ ယခုကဲ့သို့ တရားဝင်ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။
- နာမည်ကျော်ဆော့ဖ်ဝဲကုမ္ပဏီကြီး Microsoft မှ ၎င်း၏ကုမ္ပဏီအတွင်း ပိုမိုဆန်းသစ်တီထွင်မှုများဖြစ်ပေါ်လာစေရန်အတွက် ကုမ္ပဏီဖွဲ့စည်းပုံကိုပြင်ဆင်ရေးဆွဲခဲ့ကြောင်း သိရသည်။ ၎င်းပြင်ဆင်ဖွဲ့စည်းမှုတွင် စည်းမျဉ်းစည်းကမ်းများ ပိုမိုကောင်းမွန်လာစေရန် အလေးထားပြုလုပ်ထားပြီး အင်ဂျင်နီယာကဏ္ဍာပိုင်းတွင် ပိုမိုလျင်မြန်စွာတိုးတက်လာစေရန် ပြင်ဆင်ထားသည်။ အဆိုပါ ကုမ္ပဏီဖွဲ့စည်းပုံပြောင်းလဲသည့်သတင်းကြောင့် Microsoft ၏ရယ်ယာများသည် ၂.၈ ရာခိုင်နှုန်းမှ ၃၇.၆၉ ရာခိုင်နှုန်းတို့တဟုန်ထိုးတိုးတက်လာခဲ့သည်။
- ဒုတိယမြောက် Firefox OS အသုံးပြုစမတ်ဖုန်းကို Deutsche Telekom ကုမ္ပဏီ၏ ဌာနခွဲ T-Mobile Poland မှ ဇူလိုင် ၁၅ ရက်တွင် စတင်ဈေးကွက်တင်ရောင်းချခဲ့သည်။ ပိုလန်ဈေးကွက်တွင်စတင်ရောင်းချခြင်းဖြစ်ပြီး လာမည့်ဆောင်းရာသီတွင် ဂျာမနီ၊ ဟန်ဂေရီနှင့်ဂရိဈေးကွက်တို့တွင်DT နှင့်၎င်း၏လက်ခွဲကုမ္ပဏီများက ဆက်လက်ဈေးကွက်ချဲ့ထွင်မည်ဖြစ်ကြောင်း သိရသည်။ ပထမဦးဆုံး Firefox OS အသုံးပြု ZTE Open စမတ်ဖုန်းကို စပိန်တွင်စတင်ရောင်းချခဲ့ပြီး ယခု ဒုတိယမြောက်ဖုန်းဖြစ်သည့်Alcatel One TouchFire ကိုပိုလန်တွင်တစ်ဒေါ်လာအောက်တန်ဖိုးဖြင့် ရောင်းချမည်ဖြစ်သည်။

WORLD'S No.1
PC Vendor in Year 2012

lenovo FOR THOSE WHO DO

THE NEW SLIM FIT

25% slimmer and more powerful

Dolby® Home Theater®v4

ကြည်လင်ပြတ်သားသောသံစဉ်များကို
နားဆင်ခံစားနိုင်တဲ့ Sound System

Back Light Keyboard

အရောင်ထဲတွင် Key များကို
ရှင်းလင်းလွယ်ကူစွာမြင်နိုင်ယဉ် Back-lit Keypad

NVIDIA®Geforce®graphics (2GB)

အကောင်းဆုံးဂိမ်းဂရပ်ဖစ်များကို
ခံစားနိုင်တဲ့ Graphic

$ 729

LENOVO IDEAPAD® Z400

- Intel® Core™ i5 Processor 3230M
  (2.6Ghz up to 3.20GHz/1600MHz/ 3MB L3 Cache)
- 4GB DDR3 · 1TB HDD
- DVD-RW (Multi burner Drive)
- Nvidia GeForce GT645M 2GB
- 14" HD LED Display
- CardReader · Webcam · Bluetooth
- 2-years International warranty

ideaPad U410

ပေါ့ပါးပြီး စတိုင်ကျလှပသော U410 Notebook ကို
သင့်လုပ်ငန်းအတွက် ယုံကြည်စွာ သုံးစွဲကြည့်လိုက်ပါ။

- 3rd Generation Intel Core™ i5-3317U
  (1.7GHz up to 2.6GHz/ 1600MHz/ 3MB Cache)
- 4GB SDRAM · 750GB HDD
- nVidia Geforce G610M 1GB
- 14.1" WXGA LED Display
- 720p Web Camera + CardReader
- HDMI + USB 3.0 + Bluetooth V4.0
- 1 Year International warranty

THIN & LIGHT · 1 SECOND RESUME · LONG LIFE BATTERY · SMART UPDATE

~~$ 669~~ $ 629

DIAMOND PARTNER

Technoland ③-73024327, 91024812	③-216484 215353	IDEA LINK ③-376212, 73026840	RADIANCES ③-380220, 385267
③-382979, 374544	KMD ③-245180, 02-60360	KING EMPIRE ③-398129, 386925	NEO TECH ③-710752, 398199
INNWA ③-385183, 02-71108	③-398037 246837	UNIQUE ③-391789, 0973171212	

PLATINUM PARTNER

EASTERN ③-398224	Double H ③-057 21217	CyberSpace ③-0952 12924	KING POWER ③-398008
INet System ③-02 - 69322	MAT ③-09 2015503	mst ③-082 - 31009	LINN ③-067 - 22984
MRJ ③-392259	MyCom ③-02 - 69303	TZN(Meiktila) ③-064 - 23232	Greendays ③-02 - 73417

GOLD PARTNER

ME ③-02 - 74322	Century ③-071 - 23233
Minn Nwe ③-5342716	Top World ③-09 47051606
Magic Eye ③-09 2300358	

Sole Distributor : KMD Co., Ltd. - Tel: 385177, 245180, 503511, 503522

Internet Journal
Vol.14, No.27 | Thursday, July 18 , 2013

1
ONE TABLET ONLY
500 mg

မိသားစုတိုင်းပြုံးပျော်မှာ တစ်လုံးတည်းပါ ... ဖူဂါကာ

Trademark
Fugacar
mebendazole

သင့်မိသားစုလည်း သူတို့လို ...

လုံခြုံစိတ်ချမှုရှိရဲ့လား ... ?

သင့်မိသားစု သန်ကောင်၊ တုတ်ကောင်ရောဂါ ကင်းဝေးစေရန်
Fugacar တစ်လုံးကို ၆ လတစ်ကြိမ် သောက်ပါ။

ချောကလက်အရသာ
ငှက်ပျောအရသာ
သီးစုံအရသာ

janssen

အိမ်သားတစ်ဦးဦးတွင် သန်ကောင်၊ တုတ်ကောင်ရှိလျှင် မိသားစုအားလုံး ကုသမှုခံယူပါ။

Internet Journal
Vol.14, No.27| Thursday, July 18, 2013

ရွေးချယ်စရာ iTunes အစားထိုး Software များ

MobileGo for iOS

http://www.wondershare.com/ios-manager



iTunes အစားထိုး software များအနက် Wondershare MobileGo for iOS ဟာ အရေးပါတဲ့ feature တွေ ပါဝင်တဲ့ software ဖြစ်ပါတယ်။ MobileGo for iOS ဟာ iPhone, iPad နဲ့ iPod တို့ရဲ့ data တွေကို အလွယ်ကူဆုံး နည်းလမ်းနဲ့ စီမံကိုင်တွယ်နိုင်စေမှာ ဖြစ်ပါတယ်။ နောက်ပြီး iPhone, iPod နဲ့ iPad ပေါ်က သီချင်းတွေကိုလည်း iTunes နဲ့ ကွန်ပျူတာမှာ export လုပ်နိုင်ပါတယ်။

သီချင်း၊ ဗီဒီယိုနဲ့ ဓာတ်ပုံများကိုလည်း iPhone, iPod နဲ့ iPad ကနေ Mac နဲ့ Windows PC များထဲ ရွှေ့ပြောင်းထား နိုင်ပါတယ်။ ဒါ့အပြင် Mac နဲ့ Windows PC ပေါ်က သီချင်း၊ ဗီဒီယိုနဲ့ ဓာတ်ပုံတွေကိုလည်း iPhone, iPad နဲ့ iPod မှာ ထည့်သွင်းပေးနိုင်ပါတယ်။ Compatible မဖြစ်တဲ့ အသံဖိုင်နဲ့ ဗီဒီယိုဖိုင်တွေကိုလည်း convert လုပ်ပြီး iPhone, iPad နဲ့ iPad မှာ ထည့်သွင်းပေးပါတယ်။ ဒီ software ကို Windows နဲ့ Mac အတွက် ဖြန့်ချိထားပြီး iPhone 5, iPad mini နဲ့ iPod Touch 5 အပါအဝင် Apple device များစွာနဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။

Mac version မှာတော့ iTunes ထဲ playlist နဲ့ video တွေကိုရွှေ့ပြောင်းမှုများကို မပြုလုပ်နိုင်ပါဘူး။ နောက်ပြီး contact တွေ၊ SMS နဲ့ playlist တွေကို စီမံကိုင်တွယ်နိုင်ခြင်းမရှိပါဘူး။ ဒါ့အပြင် iPhone, iPad နဲ့ iPod အကြား ဖိုင်တွေကို ရွှေ့ပြောင်းနိုင်ခြင်းမရှိပါဘူး။

MediaMonkey

http://www.mediamonkey.com



MediaMonkey ကို Standard (Free) နဲ့ Gold ဆိုပြီး version နှစ်မျိုးနဲ့ ရနိုင်ပါတယ်။ iPod နဲ့ iPhone အပြင် MP3 player များစွဲ့ သီချင်းတွေကို စီမံကိုင်တွယ်ပေးပါတယ်။ AAC, FLAC စတဲ့ သီချင်း format တွေကို အထောက် အပံ့ပေးပါတယ်။ ဒါ့အပြင် MediaMonkey မှာ auto-tag နဲ့ auto-organize တို့လိုမျိုးအဆင့်မြင့် feature တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။

> iOS device သုံးစွဲသူများ အနေနဲ့ iTunes နဲ့ ချိတ်ဆက်ပြီး app တွေ media ဖိုင်တွေကို စီမံကိုင်တွယ်တဲ့ အခါမှာ အခက်အခဲအချို့နဲ့တွေ့ကြုံနိုင်ပါတယ်။ အထူးသဖြင့် jailbreak ပြုလုပ်ပြီး iTunes နဲ့ ချိတ်ဆက် အသုံးပြုတဲ့အခါတွေမှာအခက်တွေ့နိုင်ပါတယ်။အခုဖော်ပြပေမယ့် Softwareတွေကတော့ iTunesအစားထိုး software တွေဖြစ်ပြီး iPad, iPhone နဲ့ iPad တို့ကို အလွယ်တကူစီမံကိုင်တွယ်နိုင်စေမှာဖြစ်ပါတယ်။

Free TransPod

http://www.wondershare.com/mac-free-transpod



FreeTranPodကတော့ Appledeviceတွေနဲ့ Mac/iTunesအကြား သီချင်းတွေကို ရွှေ့ပြောင်းပေးမယ့် software ဖြစ်ပါတယ်။ Device ကို Mac မှာ ချိတ်ဆက်ပြီးနောက် သီချင်းဖိုင်တွေကို drag and drop ပြုလုပ်ရုံနဲ့ ရွှေ့ပြောင်းနိုင် ပါတယ်။ ဒါ့အပြင် iPhone, iPad နဲ့ iPod ပေါ်က သီချင်းတွေကိုလည်း Mac/iTunes မှာ back up ပြုလုပ်ပေးနိုင် ပါတယ်။ သီချင်းတွေကို ရွှေ့ပြောင်းတဲ့အခါမှာ လျင်မြန်စွာနဲ့ ရွှေ့ပြောင်းပေးနိုင်ပါတယ်။ Mac operating system ပေါ်မှာသာသုံးနိုင်ပါတယ်။

iFunbox

http://www.i-funbox.com

iFunBoxဆိုတာကတော့ iPhone, iPad, iPodတို့အတွက် FileManagerတစ်ခုဖြစ်ပါတယ်။ဖိုင်တွေကို Windows FileExplorerလိုမျိုးအလွယ်တကူစီမံကိုင်တွယ်နိုင်ပါတယ်။ .ipapackageတွေကိုစိတ်ချစွာ installပြုလုပ်နိုင်ပြီး app sandbox အတွင်း ဖိုင်တွေနဲ့ resource တွေကို အလွယ်တကူရှာဖွေနိုင်ပါတယ်။ သီချင်းတွေ၊ ဗီဒီယိုတွေနဲ့ ဓာတ်ပုံ တွေကို စံသတ်မှတ်ထားတဲ့ iOS app များမှာ ထည့်သွင်းနိုင်ပါတယ်။ ဒါ့အပြင် PC ပေါ်ကိုလည်း export လုပ်နိုင်သလို backup copy လည်း လုပ်ထားနိုင်ပါတယ်။ ပါဝင်တဲ့ feature တွေကတော့ One-stop App Install and Backup, Hi-Speed General Purpose Storage, Access App sandbox without Jailbreak, Wallpaper Function နဲ့ Export Music and Movie တို့ ဖြစ်ပါတယ်။

iTools

http://itools.hk/en_index.htm



iToolsဟာ iPad, iPhoneနဲ့ iPod Touchသုံးစွဲသူများအတွက် ရိုးရှင်းတဲ့စွမ်းဆောင်ရည်မြင့် toolတစ်ခုဖြစ်ပါတယ်။ ဗီဒီယာဖိုင်တွေနဲ့ ဓာတ်ပုံတွေအပြင် အခြားဇသာဖိုင်တွေကို အလွယ်တကူစီမံကိုင်တွယ်နိုင်တဲ့အပြင် iBooks ထဲကို လည်း ebook တွေ ထည့်သွင်းပေးနိုင်ပါတယ်။ App တွေကို install, uninstall, backup ပြုလုပ်နိုင်ပါတယ်။ Jailbreak လုပ်ထားတဲ့ deviceတွေရော jailbreakမလုပ်ထားတဲ့ deviceတွေနဲ့ပါသုံးနိုင်ပါတယ်။ ဗီဒီယာဖိုင်တွေအနေနဲ့ သီချင်း၊ ဗီဒီယိုတို့အပြင် Ringtone, Podcastနဲ့ iTunes Uတို့ကိုပါအထောက်အပံ့ပေးပါတယ်။ iBooksအထောက်အပံ့အနေနဲ့ PDF/Epubဖိုင်တွေကို import/exportလုပ်နိုင်ပါတယ်။ဓာတ်ပုံနဲ့အယ်လ်ဘမ်တွေကိုလည်း import/exportလုပ်နိုင် ပါတယ်။

Internet Journal
Vol.14, No.27| Thursday, July 18, 2013

Internet Journal
Vol.14, No.27| Thursday, July 18, 2013

Android OS သုံး မိုဘိုင်းဖုန်းများအတွက် PC Suite များ

Mobiledit

Mobiledit ဆိုတဲ့ PC Suite ဆော့ဖ်ဝဲကတော့ သင့်ဖုန်းထဲမှာရှိတဲ့ အချက်အလက်တွေနဲ့ တင်ပုံတွေ၊ ဗီဒီယိုဖိုင်တွေနဲ့ အခြားသောသိမ်းဆည်းမှုမျိုးများကို Backup ပြုလုပ်နိုင်၊ ပြန်လည်ထည့်သွင်းနိုင်သော ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲဟာ Android ဝန်ဆောင်မှုပံ့ပိုးပေးမှုများကို ဖိုတ်ဆက်အသုံးပြုနိုင်အောင်ဖီလ်တာများကိုပါ သင့်ကွန်ပျူတာကနေ အလွယ်တကူနဲ့ထည့်သွင်းနိုင်ပြီး SMS ဖိုင်တွေနဲ့ Contact ဖိုင်တွေကိုပါ သင့်ကွန်ပျူတာထဲကို Export ထုတ်ပြီးလည်း ထည့်သွင်းသိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ အဝင်အထွက်စနစ်ခုခုကြောင့် သင့်ဖုန်းဝဲက အရေးကြီးတဲ့ဖုန်းစာအုပ်၊ SMS တွေ၊ ပုံတွေ၊ ဗီဒီယိုတွေ ပျောက်ဆုံးသွားပါက အလွယ်တကူနဲ့ပြန်လည်ပြီး Restore ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ Application များကိုလည်း ထည့်သွင်းနိုင် ပြန်လည် ပြုတ်ချနိုင်မှာဖြစ်ပါတယ်။



ဖိုင်အရွယ်အစား - 38.97 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7/ 8

Android PC Premium

PC Suite အမျိုးအစား ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ သင့်ရဲ့ Android OS သုံးဖိုဘိုင်းဖုန်းနဲ့ကွန်ပျူတာကို ဖိုတ်ဆက်ပြီး တတ်ပုံတွေနဲ့ အခြားသောသီရင်း၊ ဗီဒီယိုဖိုင်တွေကို ကွန်ပျူတာထဲကနေ အလွယ်တကူနဲ့ဖုန်းထဲ ကိုထည့်သွင်းနိုင်သလို ဖုန်းထဲကနေနည်းတူနဲ့ပျူတာထဲကိုအလွယ်တကူနဲ့ထည့်သွင်းသိမ်းဆည်းထားနိုင်မှာဖြစ်ပါတယ်။ သင့်ရဲ့ဖိုဘိုင်းဖုန်းကို ကွန်ပျူတာနဲ့ချိတ်ဆက်လိုက်တဲ့အရိန်မှာ Android PC Premium ဆော့ဖ်ဝဲက သင့်ဖုန်းအတွင်းပါဝင်တဲ့ Hardware အစိတ်အပိုင်းများ၊ Model Number များနဲ့အခြားသောရန်းတွင်းရှိ Phone Info များကိုဖော်ပြပေးနိုင်မှာဖြစ်ပါတယ်။ SMS နဲ့ Contact List များကို Backup ပြုလုပ်ပေးထားနိုင်ပြီးပြန်လည် Restore ပြုလုပ်ရပ်ပါကလည်း အလွယ်တကူနဲ့လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

ဖိုင်အရွယ်အစား - 1.3 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7

Mobisynapse

Mobisynapse ကတော့ ဗီဒီယိုဒေသွင်ပြင်ပရုံရှင်းစေအောင်စီစဉ်ထားပြီး သုံးစွဲသူတွေ့အလွယ်တကူနဲ့အသုံးပြုနိုင်အောင် စီစဉ်ထားတဲ့ PC Suite ဆော့ဖ်ဝဲတစ်ခုမျိုးဖြစ်ပါတယ်။ သင်အသုံးပြုတဲ့ Android OS သုံးဖိုဘိုင်းဖုန်းမှာရှိတဲ့အချက်အလက်တွေကို ကွန်ပျူတာပေါ်ကနေ အလွယ်တကူနဲ့ထိန်းချုပ်ဖို့အတွက်ကတော့ Mobisynapse ဆော့ဖ်ဝဲက ကူညီပေးနိုင်မှာဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲဟာသင့်ရဲ့ ဖိုဘိုင်းဖုန်းနဲ့ ကွန်ပျူတာကို ဖိုတ်ဆက်တဲ့အခါမှာ USB ကြိုးနဲ့မဖိုတ်ဆက်ပဲ WiFi ကို အသုံးပြုပြီးလည်းဖိုတ်ဆက်နိုင်မှာဖြစ်ပါတယ်။ Mobisynapse ဆော့ဖ်ဝဲဖြင့် WiFi Connection ကိုအသုံးပြုပြီး ကွန်ပျူတာနဲ့ ဖိုဘိုင်းဖုန်းကို Sync လုပ်ကာ ဖိုတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဖိုင်အရွယ်အစား - 8.8 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7

Android Commander

Android Commander ဆိုတဲ့ဆော့ဖ်ဝဲကတော့ ဖိုင်ဆိုက်အရွယ်အစားမေ့သေးငယ်ပြီးခွင့်မဆောင်ရည် အားကောင်းတဲ့ PC Suite ဆော့ဖ်ဝဲဖြစ်ပါတယ်။ Android Commander ဟာ ဖိုဘိုင်းဖုန်းထဲကအရာရာကိုအလွယ်တကူနဲ့ စီမံခန့်ခွဲနိုင်ရုံသာမက Shell Command တွေနဲ့ ဇုန်းကို Flash ပြုလုပ်နိုင်အောင်လည်းစီစဉ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ Android PC Suite ထဲမှာ Advance User တွေအသုံးများတဲ့ ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ တတ်ပုံတွေ၊ သီရင်းတွေနဲ့ ဗီဒီယိုဖိုင်တွေကို စီမံခန့်ခွဲထိန်းချုပ်နိုင်ပြီး အခြားသော SMS နဲ့ Contact List တွေကိုပါ Backup ပြုလုပ်ပေးထားနိုင်မှာဖြစ်ပါတယ်။ Backup ပြုလုပ်သိမ်းဆည်းထားတဲ့ဖိုင်တွေကိုလည်း အလွယ်တကူနဲ့ Restore ပြုလုပ်နိုင်မှာလည်းဖြစ်ပါတယ်။



ဖိုင်အရွယ်အစား - 1.4 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7 / 7 64bit

MobileGo

Wondershare MobileGo လို့ လူသိများတဲ့ Android OS သုံး PC Suite ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ MobileGo ကို ဖွင့်ပြီး သင့်ရဲ့ Android စနစ်သုံးဖိုဘိုင်းဖုန်းနဲ့ချိတ်ဆက်လိုက်ပါက သင့်ဖုန်းရဲ့အချက်အလက်တွေ ကိုဖော်ပြပေးမှာဖြစ်ပါတယ်။ ဖုန်းအတွင်းမှာရှိတဲ့ Data တွေကိုအလွယ်တကူနဲ့ Manage ပြုလုပ်နိုင်ရုံသာမက ဖုန်းအတွင်းရှိတူညီနေတဲ့ဖိုင်များ ရှိရင်လည်း ရှာဖွေပြီးဖျက်ပစ်နိုင်မှာဖြစ်ပါတယ်။ သီရင်းတွေကိုလည်း Convert ပြုလုပ်နိုင်သလို ဗီဒီယိုဖိုင်တွေကိုလည်း Convert ပြုလုပ်ပြီး ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ Outlook Express မှာရှိတဲ့ Contact List များကိုလည်း Backup အနေနဲ့သိမ်းဆည်းထားနိုင်မှာလည်းဖြစ်ပါတယ်။ Application တွေကို အလွယ်တကူနဲ့ Install ပြုလုပ်နိုင်မှာဖြစ်သလို Export ပြန်ထုတ်လုပ်ပါကလည်း အလွယ်တကူနဲ့ ပြန်လည်ထုတ်ယူနိုင်မှာဖြစ်ပါတယ်။

ဖိုင်အရွယ်အစား - 25.52 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7 / 8

91 PC Suite

91 PC Suite ကတော့ တရုတ်နိုင်ငံထုတ် PC Suite ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ Mobile Phone Manager တွေထဲမှာ ရေးနိုးအစားဆုံး PC Suite ဆော့ဖ်ဝဲတစ်ခုလည်းဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲမှာ အခြေခံအသုံးပြုမြဲတဲ့သူတွေကနေ အဆင့်မြင့် အသုံးပြုကြတဲ့ Mobile User တွေအထိ အလုပ်ဝင်တွေလုပ်ဆောင်နိုင်ဖို့ Feature တွေအများအပြားထည့်သွင်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ 91 PC Suite မှာ Themes Application တွေကိုပါ Download ပြုလုပ်နိုင်မယ့် Feature ပါဝင်ပြီး Free Wallpaper တွေကိုလည်း Download ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် Ringtone, Themes, Game နဲ့ Ebook တွေကိုလည်း ထိန်းချုပ် စီမံပေးနိုင်မှာဖြစ်ပါတယ်။ လူသုံးများတဲ့ PC Suite ဆော့ဖ်ဝဲဖြစ်ပြီး Android OS အတွက်သာမက iOS အတွက်ပါထုတ်လုပ်ဖြန့်ချိပေးပါတယ်။

ဖိုင်အရွယ်အစား - 33.7 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7 / 7 64bit

QtaDB

QtaDB ဆိုတဲ့ ဆော့ဖ်ဝဲဟာ Android User တွေအတွက် ကွန်ပျူတာပေါ်ကနေ သင့်ဖိုဘိုင်းဖုန်းကိုချိတ် ဆက်ပြီး သင့်ဖုန်းထဲကအချက်အလက်တွေဖြစ်တဲ့ ရုပ်ရှင်၊ ဗီဒီယိုတွေနဲ့ သီရင်းတွေ၊ တတ်ပုံတွေ၊ eBook တွေကို ကွန်ပျူတာပေါ်ကနေအလွယ်တကူနဲ့ စီမံခန့်ခွဲနိုင်မယ့် ဆော့ဖ်ဝဲတစ်ရုပ်ဖြစ်ပါတယ်။ Mobile Phone App တွေကို အလွယ်တကူနဲ့ Backup ပြုလုပ်ထားနိုင်မှာဖြစ်သလို အသုံးမလိုတဲ့ Application များရှိပါကလည်း ကွန်ပျူတာပေါ်ကနေ ဖိုဘိုင်းဖုန်းကိုရိတ်ဆက်ပြီး အလွယ်တကူ Uninstall ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒီဖိုင်းထွင်ပြင်ဂကလည်းရှိုးရှင်းတဲ့ အတွက်အသုံးပြုသူတွေ ပြုလုပ်ချင်တဲ့အရာတွေကို အလွယ်တကူနဲ့ရွေးချယ်ပြုလုပ်နိုင်မှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် သင်ထည့်သွင်းထားတဲ့ Application တွေရဲ့ Information တွေကိုလည်း ဒီဆော့ဖ်ဝဲမေါ်ကနေ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။



ဖိုင်အရွယ်အစား - 8.45 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7

Android Sync Manager

ဓာတ်ပုံတွေကို တစ်ခါတည်းကြည့်ရှုနိုင်ယဲ့ ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ Android Sync Manager ဟာ သင့်ရဲ့ ဖုန်းကို PC နဲ့ဖိုတ်ဆက်လိုက်တာနဲ့ တစ်ခါတည်း Sync ပြုလုပ်ပေးပြီး သင့်ဖုန်းထဲကဖိုင်တွေကို အလွယ်တကူနဲ့ ပြန်ပြင်ဆန်းစစ်ခဲ့ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအလိုက်ကိုခွဲခြားပေးထားတဲ့အတွက် အသုံးပြုသူတွေအနေနဲ့သင်အလုပ်လုပ်ချင်တဲ့နေရာကိုရွေးချယ်ပြီးအလွယ်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ တတ်ပုံတွေကိုလည်း Album အလိုက်ပြသပေးထားတဲ့အတွက် သင်ရှာဖွေချင်တဲ့ဓာတ်ပုံတွေကိုအလွယ်တကူနဲ့ရှာဖွေပေးနိုင်မှာဖြစ်ပါတယ်။ Android Sync Manager ဟာ ဓာတ်ပုံနဲ့ သီရင်း ရုပ်ရှင်စိုင်တွေကိုသာဦးစားပေး ရှာဖွေနိုင်အောင် စီစဉ်ထားတဲ့ Android OS သုံး ဖိုဘိုင်းဖုန်းနဲ့ PC ကိုဖိုတ်ဆက် တဲ့ PC Suite တစ်ခုလည်းဖြစ်ပါတယ်။

ဖိုင်အရွယ်အစား - 19.55 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7

FutureDial Suite

PC Suite တွေထဲမှာတော့ အဝေးသုံးစွဲပြီတော့ရရှိမှာ မဟုတ်ပါဘူး။ FutureDial Suite ဟာ ဖိုဘိုင်းဖုန်း ထဲက Data တွေကို အလွယ်တကူနဲ့ ရွေးပြောင်းနိုင်၊ ထိန်းသိမ်းနိုင်ဖို့နဲ့ စီမံခန့်ခွဲနိုင်တဲ့ဆော့ဖ်ဝဲတစ်ခုဖြစ်ပါတယ်။ FutureDial Suite ဟာ Nomal User တွေအတွက် အသုံးပြုရတာအဆင်ပြေစေမယ့်ဖိုဘိုင်းကို စီစဉ်ပေးထား တာဖြစ်ပြီး Music, Ringtone, Photo, Video နဲ့ Text Message တွေကို ထိန်းသိမ်းပေးမှာဖြစ်ပါတယ်။ ဆော့ဖ်ဝဲရဲ့ ဗီဒိုင်းသွင်ပြင်ပဟာလည်း အသုံးပြုသူကို ခွဲခေတ်နိုင်စေမယ့်ဖိုဘိုင်းကိုအသုံးပြုထားတာဖြစ်ပါတယ်။



ဖိုင်အရွယ်အစား - 45.91 MB
အသုံးပြုနိုင်သည့် Operating System – Windows XP/ Vista/ 7

Android OS သုံးဖိုဘိုင်းဖုန်းတွေကို ကွန်ပျူတာပေါ်ကနေ ဖိုင်တွေစီမံခန့်ခွဲဖို့အတွက် PC Suite များကို အသုံးပြုပြီး ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ PC Suite များနဲ့ သင့်ရဲ့ ဖိုဘိုင်းဖုန်းကိုရိတ်ဆက်ပြီးအသုံးပြုချင်ရဲ့ အားသာချက်များကတော့ ဖိုဘိုင်းဖုန်းထဲမှာရှိတဲ့တတ်ပုံတွေ သီရင်းတွေနဲ့ ဗီဒီယိုဖိုင်တွေကို ကွန်ပျူတာပေါ်ကနေ အလွယ်တကူနဲ့စီမံခန့်ခွဲနိုင်မှာဖြစ်သလို၊ သင့်ဖိုဘိုင်းဖုန်းထဲမှာထည့်သွင်းထားတဲ့ Application တွေရဲ့ မူရင်း APK ဖိုင်များမရှိတော့ပါကလည်း ပြန်လည်ပြီး Backup အနေနဲ့ APK ဖိုင်ကိုပြန်ထုတ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် SMS နဲ့ Contact List များကိုလည်း ကွန်ပျူတာထဲမှာ ထည့်သွင်းသိမ်းဆည်းနိုင်မှာဖြစ်ပါတယ်။ Android OS သုံး ဖိုဘိုင်းဖုန်းများအတွက် PC Suite များစွာရှိတဲ့အထဲက လူသုံးများတဲ့ PC Suite အချို့ကို ရွေးချယ်တင်ပြလိုက်ပါတယ်။